www.burmeseclassic.com

# မင်းမြတ်သူရ



ဆရာမှုလင်းမင်းအောင်နှင့်ထင်းရှူး [illegible]

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင်နှင့်ထင်းရှူးမင်းသမီး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၁၄၀၀၂၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၁၀၁၉၇၀၂၁၀

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
မင်းမြတ်သူရ
ဆားပုလင်းမင်းအောင်နှင့်ထင်းရှူးမင်းသမီး/မင်းမြတ်သူရ၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၁၉၈-စာ၊ ၁၂×၁၈ စင်တီ။
၁) ဆားပုလင်းမင်းအောင်နှင့်ထင်းရှူးမင်းသမီး

www.burmeseclassic.com

www.burmeseclassic.com

၂၄။ ဆင်ဖြူရှင်
၂၅။ ဆားပုလင်းမင်းအောင်နှင့် မိုးမျှော်သိမ်တိုက်
၂၆။ စကြာရှင်
၂၇။ မိုးကြိုးတံခွန်
၂၈။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၂၉။ အတုမရှိစည်တော်
၃၀။ ဗိဝနိုးရွှေလှိုဏ်ဂူ
၃၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၃၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၃၃။ ဘာမထီဘွား
၃၄။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်
၃၅။ မိုးမြေသစ္စာ
၃၆။ လနတ်သမီး
၃၇။ တစ်ကျွန်းစံ
၃၈။ ကျမဒါမင်းထင်နှင့် သေမင်းနာရီစင်
၃၉။ ရွှေနတ်တောင်
၄၀။ ပြည်လုံးကျော်
၄၁။ ယက္ခညီနောင်
၄၂။ ထိမ်ကြာမင်းခေါင်
၄၃။ နဝရတ်ကိုးသွယ်
၄၄။ လျှို့ဝှက်တော်ဇော
၄၅။ လေးကျွန်းမောင်ကြီး
၄၆။ မနောစကြာ
၄၇။ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်
၄၈။ ကျောက်စိမ်းအမိန့်တော်



ညက မိုးဖွဲဖွဲရွာလိုက်သဖြင့် နောက်တစ်နေ့နံနက် မှိုတွေပေါက်တော့မည်ဟု တစ်ရွာလုံး သိလိုက်ကြ၏။ သူတို့တစ်ရွာလုံး နံနက်မိုးသောက် အလင်းရောက်သည်နှင့် အလုံအယက် မှိုခူးထွက်ကြတော့မည်။

ရွာအစွန်ကတဲမှာ နေထိုင်သော ကိုဖိုးအေးနှင့် မအေးစိန်တို့ လင်မယားလည်း နှစ်စဉ် မှိုခူးထွက်နေကြဖြစ်၏။

မအေးစိန်တစ်ယောက် တစ်ညလုံး အိပ်မပျော်ဘဲ နောက်တစ်နေ့နံနက် မှိုခူးထွက်မည့်အရေးကိုတွေး၍ စိတ်လှုပ်ရှားနေမိ၏။

———— စေတနာတာပေ ————

www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယားသည် နှစ်စဉ် သူများထက်ဦးအောင် တောထဲသို့ ဝင်လေ့ရှိ၏။ သည်နှစ် မှိုတွေများများရလျှင် လင်မယား နှစ်ယောက်အတွက် လိုအပ်တာတွေ ဝယ်ရဦးမည်။

မအေးစိန်တစ်ယောက် တစ်ညလုံးအိပ်မပျော်ဘဲ ဟိုသည် လူးလွန့်နေကာ နံနက်အရုဏ်တက်သည်နှင့် ထမင်းအိုးတစ်လုံးကို တည်လေ၏။

ထမင်းအိုးကျက်သည်နှင့် အိပ်ရာမှမထသေးဘဲ ဖိမ်ယူနေသော ကိုဖိုးအေး၏ပခုံးကို လှုပ်နှိုးကာ

"ထ…ထ၊ နောက်ကျရင် မှိုတွေ သူများဦးသွားဦးမယ်"

ဟု နှိုးလေရာ ကိုဖိုးအေးတစ်ယောက် အိပ်ရာမှ လူးလဲ ထ၍ ကိုယ်လက်သန့်စင်လေ၏။

မယားဖြစ်သူ မအေးစိန်က ထမင်းထုပ်ထုပ်ပြီးသည်နှင့် ကိုဖိုးအေးကလည်း ပလိုင်းနှင့် ဓားမကိုကိုင်ကာ မှိုရှာထွက်ရန် အသင့်ပြင်လေ၏။

ရွာပြင်သို့ရောက်တော့ သူတို့ရွာရှိလူများ မှိုရှာထွက်ရန်





ပြင်ဆင်နေဆဲဖြစ်ကြောင်း တွေ့ရ၏။ သူတို့လင်မယားသည် ခြေလှမ်း ကို သွက်သွက်လှမ်းကာ တောထဲသို့ ဝင်ခဲ့လေ၏။

မှိုတွေကို တစ်ရွာလုံးထက်ဦးအောင်ခူး၍ အများဆုံး ရယူရ ပေတော့မည်။ သို့မှသာ ဆင်းရဲနွမ်းပါးသော သူတို့လင်မယား အတွက် လိုအပ်တာလေးတွေ ပြည့်စုံနိုင်မည်ဖြစ်၏။

လိုအပ်တာတွေမှ အများကြီးဖြစ်၏။ ကိုဖိုးအေးတစ်ယောက် မှတ်စုစာအုပ်လေးတစ်ကိုင်ကိုင်ဖြင့် မှိုကျင်းများကို ရှာဖွေလေရာ ကံကောင်းထောက်မစွာဖြင့် မှိုကျင်းတစ်ကျင်းပြီးတစ်ကျင်းတွေ့ပြီး မှိုတွေ အများကြီးရလေ၏။

မှိုတို့၏သဘာဝမှာ နှစ်စဉ်ပေါက်နေကျနေရာ၌ ပြန်လည် ပြီး ပေါက်လေ့ရှိ၏။ ထို့ကြောင့် မှိုကျင်းတစ်ကျင်းတွေ့လျှင် မှတ်စု စာအုပ်၌ မှတ်ထားရ၏။

နောက်နှစ် မှတ်စုစာအုပ်ကိုဖွင့်၍ ထိုနေရာသို့ ပြန်ရှာလျှင် မှိုကျင်းကို ပြန်ရှာတွေ့တတ်၏။

ထိုသဘောကို နားလည်သော ကိုဖိုးအေးသည် နှစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



မှိုကျင်းအသစ်တွေတိုင်း မှတ်စုစာအုပ်၌ သေချာစွာ ရေးမှတ်ထား၏။

ထို့ကြောင့်ပင် သူတစ်ပါး ရွာသားများထက် သူတို့ လင်မယား မှိုများကို ပိုမိုခူးဆွတ်နိုင်လေ၏။

ယနေ့နံနက်လည်း သူတို့နှစ်ယောက် ဝီရိယကောင်းလွန်း၍ မှိုကျင်းများ သူတစ်ပါးလက်သို့ရောက်မသွားခဲ့ချေ။ ကိုဖိုးအေးသည် ဝီရိယကောင်းသော ဇနီးသည် မအေးစိန်ကို စိတ်ထဲမှ ကျိတ်ပြီး ကျေးဇူးတင်နေမိ၏။

ညက စိတ်လှုပ်ရှားလွန်းသဖြင့် မအေးစိန်တစ်ယောက် တစ်ညလုံး အိပ်မပျော်ကြောင်း ကိုဖိုးအေး မသိချေ။

မှိုတွေများများရလျှင် သူတို့လင်မယားအတွက် လိုအပ်သော ခြင်ထောင်လေးတစ်လုံးနှင့် မိမိအတွက် ပဒုမ္မာအင်္ကျီပိတ်စလေး ဝယ်ရမည်။

သည်ထက်ပို၍ ကံကောင်းလျှင်တော့ ကိုဖိုးအေးအတွက် ပင်နီတိုက်ပုံတစ်ထည်ပင် ဝယ်ရဦးမည်။ ကိုဖိုးအေးသည် မှိုကျင်းများ တစ်ကျင်းပြီးတစ်ကျင်းခူးယူရင်း မှိုများကို ပလိုင်းထဲသို့





ထည့်လေရာ ပလိုင်းတစ်လုံး ပြည့်လုနီးပါး ဖြစ်နေလေ၏။

ကိုဖိုးအေးသည် မှိုများကို ဝမ်းသာအားရ ဆုပ်ကိုင်၍

" မှိုတွေ အများကြီးရနေပြီဟေ့၊ ရွာစရာ မှိုကျင်းမရှိတော့ဘူး၊ လျှိုထဲက မှိုကျင်းကိုခူးဖို့ပဲ ကျန်တော့တယ် "

ဟု ပြောလေ၏။ ထိုအခါ မအေးစိန်က ဝမ်းသာအားရဖြင့်

" လျှိုထဲမှာ မှိုတွေအများကြီးရဦးမယ်၊ ဒီနှစ်တော့ ကျွန်မတို့လင်မယား ကံကောင်းတယ် "

ဟု တီးတိုးပြောလေ၏။

သူတို့လင်မယားသည် တောတွင်းတစ်နေရာရှိ လျှိုကြီးအနီးသို့ လျှောက်လှမ်းခဲ့လေ၏။ လျှိုကြီးထဲသို့ဆင်းရန်လမ်းကို သူတို့ လင်မယားကလွဲလို့ မည်သူမျှ မသိချေ။

လွန်ခဲ့သောနှစ်က ကိုဖိုးအေးတို့သည် လျှိုကြီးထိပ်ရှိ ခြုံထဲသို့ တိုးဝင်သွားသော ပဒက်ကြီးတစ်ကောင်နောက်သို့လိုက်ရင်း လျှိုကြီးထဲသို့ဆင်းရန် လွယ်ကူသောလမ်းကြောင်းရှိကြောင်း တွေ့ရှိခဲ့၏။

ထိုစဉ်က လင်မယားနှစ်ယောက် စမ်းတဝါးဝါးဖြင့် လျှိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ လျှောဆင်းခဲ့ရာ လှိုဏ်ထဲ၌ မှိုတွေအများကြီးပေါက်နေကြောင်း တွေ့ခဲ့၏။

တောထဲ၌ တွေ့သမျှမှိုကျင်းများအနက် လှိုဏ်ကြီးထဲ၌ ရှိသော မှိုကျင်းက အကြီးဆုံးဖြစ်၏။ ယခုနှစ်လည်း မှိုတွေ အများကြီးတွေ့မှာ သေချာ၏။

သူတို့လင်မယားသည် မျှော်လင့်ချက်ကြီးစွာဖြင့် လှိုဏ်ကြီးထဲသို့ ဆင်းခဲ့လေ၏။ လှိုဏ်ထဲသို့ရောက်သောအခါ သူတို့ထင်မှတ်ထားသကဲ့သို့ မှိုတွေ ဖွေးခနဲတွေ့ရှိသဖြင့် နှစ်ယောက်သား ဝမ်းသာအားရ အော်ဟစ်လိုက်လေ၏။

သူတို့နှစ်ယောက် မှိုများကို ဝမ်းသာအားရခူးဆွတ်၍ ပလိုင်းထဲသို့ ထည့်ကြ၏။

ထိုအခါ ပလိုင်းပင်ပြည့်မောက်ပြီး ထည့်ရန်မတတ်နိုင်တော့သဖြင့် ကိုဖိုးအေးသည် အသင့်ပါလာသော ပဆိုးကို သိုင်းလွယ်၍ မှိုများကို ထည့်ရ၏။

လင်မယားနှစ်ယောက် မှိုများကို အားပါးတရ ခူးဆွတ်ပြီး





ပင်ပန်းသဖြင့် လှိုဏ်ထဲ၌တစ်ခဏမျှ အနားယူလေ၏။ ပြီးနောက် ကိုဖိုးအေးသည် လှိုဏ်ထဲ၌ လှည့်လည်ကြည့်ရှုပြီး တစ်နေရာသို့ ရောက်လျှင် မျက်မှောင်ကြုတ်လိုက်ကာ

" ရှင်မရေ... ဒီမှာ လာကြည့်စမ်းဟေ့၊ လှိုဏ်ထဲကို ရှာထဲက လူတွေဆင်းတာ သေချာနေပြီ "

ဟု ပြောလေ၏။

ကိုဖိုးအေး၏စကားကြောင့် မအေးစိန်သည် ထိုနေရာသို့ လာရောက်ကြည့်ရှုလေရာ လှိုဏ်၏တစ်နေရာ၌ မြေကြီးများတူးဆွထားသော အမှတ်အသားကို တွေ့ရလေ၏။

သောက်လက်စ ဆေးလိပ်တိုနှစ်တိုကိုလည်း တွေ့ရ၏။

ကိုဖိုးအေးသည် ဆေးလိပ်တိုကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

"ဒါဟာ သူကြီး ဦးတိမ်ညွန့်တို့လူစုသောက်တဲ့ ဆေးလိပ်ပဲ"

ဟု ပြောလေ၏။ ကိုဖိုးအေးသည် မြေကြီးများ တူးဆွထားရာကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" လျှို့ထဲကို လူဆင်းပြီး ဒီနေရာမှာ တစ်ခုခုမြှုပ်ထားတာ ဖြစ်မယ်၊ ငါတို့ တူးကြည့်ရအောင် "

ဟု ပြောလေရာ မအေးစိန်ကလည်း သဘောတူသဖြင့် သံတူရွင်းဖြင့် တူးဆွကြည့်လေ၏။

ခဏကြာလျှင် မြေကြီးထဲမှ ကြေးသေတ္တာတစ်လုံး၏ အနိုင် အယောင်ကို မြင်ရ၏။

ကိုဖိုးအေးသည် ကြေးသေတ္တာကို မြေကြီးထဲမှ မယူ၍

" အထဲမှာ ဘာတွေများဖြစ်နိုင်မလဲ၊ အဖိုးတန်ပစ္စည်းတွေ များလား "

ဟု ရေရွတ်လေ၏။ မအေးစိန်က စိတ်လှုပ်ရှားသော အမူအရာဖြင့်

" တော် လေရှည်မနေစမ်းပါနဲ့၊ မြန်မြန်ဖွင့်ကြည့်စမ်းပါ တော် "

ဟု လောဆော်လေ၏။

ကိုဖိုးအေးသည် ကြေးသေတ္တာကလေးကို ဖွင့်လိုက်၏။





ထိုအခါ ကြေးသေတ္တာအတွင်း၌ ပြိုးပြိုးပြက်ပြက် ဝင်းလက် တောက်ပနေသော လက်ဝတ်ရတနာမျိုးစုံကို တွေ့လိုက်ရ၏။

လင်မယားနှစ်ယောက်စလုံး လက်ဝတ်ရတနာများကို အံ့သြစွာ ကြည့်ရှုလိုက်ပြီး မအေးစိန်က

" အမလေး··· လက်ဝတ်ရတနာတွေမှ မနည်းပါလား၊ ဒီလောက်များတဲ့ လက်ဝတ်ရတနာတွေကို ဘယ်သူကများ တောထဲ ကို လာမြှုပ်ထားပါလိမ့် "

ဟု ပြောလေ၏။

ကိုဖိုးအေးသည် လက်ဝတ်ရတနာများကို အရောင်တလက် လက် တောက်ပနေသော မျက်လုံးဖြင့် စူးစိုက်ကြည့်၍ တစ်စုံတစ်ရာ ကို တွေးမိသွားပြီး

" ငါသိပြီ၊ ဒီရတနာတွေဟာ ဘယ်သူ့ပစ္စည်းတွေဆိုတာ ငါသိပြီ၊ လွန်ခဲ့တဲ့ သုံးလလောက်က ငါတို့ရွာအနားမှာ ချစ်တီး လှည်းကို ဓားပြတိုက်ခံရတာ မှတ်မိပြီလား၊ ဒါ ချစ်တီးတွေရဲ့ ပစ္စည်းတွေပဲ ဖြစ်မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ မအေးစိန်က ခေါင်းတဆတ်ဆတ်ညိတ်၍

" ရှင်ပြောတာ ဖြစ်နိုင်တယ်၊ ဓားပြတွေက ပစ္စည်းတွေကို မထုခွဲသေးဘဲ တောထဲက လှိုဏ်ကြီးထဲမှာ လာမြှုပ်ထားတာဖြစ်မယ် "

ဟု ပြောလေ၏။

ကိုဖိုးအေးသည် ရတနာသေတ္တာကိုကြည့်၍ လောဘဇောများ ပူးကပ်လာပြီး တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

" ဒီရတနာတွေကို ငါတို့ယူသွားကြမယ်၊ လှိုဏ်ကြီးထဲမှာ ဓားပြတွေမြှုပ်ထားတယ်ဆိုပေမဲ့ ငါတို့နဲ့ထိုက်လို့ ငါတို့ရတာပဲ "

ဟု ပြောလေ၏။ ကိုဖိုးအေး၏စကားကြောင့် မအေးစိန်သည် ထိတ်လန့်သွားပြီး

" ဓားပြတွေက သူတို့ပစ္စည်းတွေကို ကျွန်မတို့ယူသွားတာ သိသွားရင် ဘယ်လိုလုပ်မှာတုန်း "

ဟု မေးမြန်းလေ၏။ ကိုဖိုးအေးက အံကိုကြိတ်၍

" ငါ့မှာ အကြံရှိပါတယ် ရှင်မရယ်၊ သူတို့မသိအောင်





ကြံရမှာပေါ့၊ နောက်ပြီးတော့ ဒီပစ္စည်းတွေဟာ ငါတို့မြန်မာဆင်းရဲသားတွေရဲ့ ပစ္စည်းတွေပါ၊ ချစ်တီးကုလားတွေဟာ မြန်မာ့မြေပေါ်မှာ ကျူးကျော်ပြီး မြန်မာ့ရတနာတွေကို မတရားတဲ့အတိုးကြီးတွေနဲ့ သိမ်းပိုက်ထားတာ၊ ဒါတွေကို ပုလိပ်လက်အပ်လိုက်ရင်လည်း ကိုလိုနီပုလိပ်တွေနဲ့ ချစ်တီးဟာ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲ၊ ဒါကြောင့် ရတနာသေတ္တာကို ငါတို့ယူသွားကြမယ် "

ဟု ပြောလေ၏။

ကိုဖိုးအေး၏စကားကြောင့် မအေးစိန်သည် ထိတ်လန့်သော အမူအရာဖြင့်

" အို… ဓားပြတွေထားတဲ့ပစ္စည်းကို ကျွန်မတို့ယူလို့ ဘယ်ဖြစ်ပါ့မလဲ၊ တော်ကြာ ဓားပြတွေသိသွားလို့ ကျွန်မတို့မိသားစုကို ရန်လာရှာရင် ဘယ်လိုလုပ်မလဲ "

ဟု မေးမြန်းလေ၏။ လောဘဇောကပ်နေသော ကိုဖိုးအေးက လက်သီးဆုပ်၍

" အိုကွာ… ငါတို့လှို့ဝှက်ထားရင် ရပါတယ်၊ မင်းနဲ့ငါ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်လုံပြီးတော့ ရွာထဲမှာ ဝိဝိရိရိနေမယ်ဆိုရင် ဘယ်သူသိမှာလဲ၊ အရေးကြီးတာက ကျိုလင်မယားနှစ်ယောက် နှုတ်လုံပြီး အနေအထိုင် ဝိနိုင်ဖို့ပဲ၊ ပြောနေကြတာတယ်ကွာ၊ ရတနာသေတ္တာကို ယူသွားကြမယ်၊ ပလိုင်းထဲက မှိုတွေကို ထုတ်မယ် ”

ဟု ပြောရင်း ၄င်းတို့ပင်ပန်းကြီးစွာရှာဖွေခဲ့သော မှိုများကို ပလိုင်းထဲမှ သွန်ချလိုက်လေ၏။

မအေးမိန်လည်း ယောက်ျားဖြစ်သူကို ပြောမရသဖြင့် ငြိမ်သက်နေလိုက်ရ၏။ မားပြများပိုင်ဆိုင်သော လက်ဝတ်ရတနာများကို ယူဆောင်ချင်စိတ်မရှိတာ အမှန်ပင်ဖြစ်၏။

ကိုဖိုးအေးသည် ပလိုင်းထဲသို့ ကြေးသေတ္တာလေးကို ပုဆိုးဖြင့်ပတ်၍ ထည့်လိုက်၏။ အပေါ်မှ မှိုများကို ဟန်မပျက် ဖုံးဖိထားလိုက်၏။ ပြီးနောက် မအေးစိန်ဘက်သို့လှည့်၍

“ ရှင်မရေ... ဒီနေ့ကစပြီး ငါတို့နှစ်ယောက် သူဌေးဖြစ်ပြီလို့ မှတ်လိုက်ဟ ”

ဟု အားတက်သရော ပြောလိုက်၏။





မအေးစိန်က စိတ်အားတက်ကြွနေသော ကိုဖိုးအေးကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

“ ရှင်ကတော့ သူဌေးဖြစ်ပြီဆိုပြီး ပြောနေ၊ ကျွန်မကတော့ အရမ်းရင်တွေ ထိတ်နေတယ် ”

“ ဘာမှမထိတ်ပါနဲ့ ရှင်မရယ်၊ လူကြံရင် ဘာမဆိုဖြစ်ပါတယ်၊ ငါတို့အိမ်ကိုပြန်ပြီး ခေါင်းအေးအေးနဲ့ စဉ်းစားကြမယ်၊ ရွာထဲ ကိုဝင်ရင် ဟန်မပျက်စေနဲ့နော် ”

ထို့နောက်တွင် လင်မယားနှစ်ယောက်သည် ရွာထဲသို့ ပြန်လည်ဝင်ရောက်ခဲ့လေ၏။ တောတွင်းတစ်နေရာ၌ ၄င်းတို့ကဲ့သို့ မှိုခူးထွက်သော ရွာသူရွာသားအချို့နှင့် တွေ့လေ၏။

မှိုခူးထွက်သူအချင်းချင်း တောထဲ၌တွေ့လျှင် ရင်းရင်းနှီးနှီး နှုတ်ဆက်မြဲဖြစ်၏။ ကိုဖိုးအေးတို့လင်မယားကို မြင်သောအခါ ဦးတောကျော်ဆိုသော အဘိုးကြီးက

“ ဖိုးအေးတို့ မှိုတွေ တော်တော်ရသလားဟေ့၊ မင်းတို့ လင်မယားကတော့ ဝီရိယကောင်းတယ် ဒါကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်တိုင်း မင်းတို့နှစ်ယောက် မှို့တွေအများဆုံးတွေ့တာပဲ၊ ဒီနှစ် ဘယ်လိုလဲ ”

ဟု ပြောလေရာ ကိုဖိုးအေးက မျက်နှာကိုမပျက်အောင် ထိန်းသိမ်း၍

“ ဒီနှစ်တော့ အရင်နှစ်လို မှိုတွေ များများစားစား မရပါ ဘူးဗျာ၊ ကျုပ်တို့သွားတော့မယ် ”

ဟု ပြောလေ၏။ ကိုဖိုးအေး၏စကားကြောင့် ဦးတောကျော်က

“ မှိုရတဲ့မျက်နှာဆိုတဲ့ စကားရှိတာပဲ၊ မှိုတွေရရင် ပျော်ရ တာပါပဲကွာ၊ ပျော်ပျော်ပါးပါး အကြမ်းနဲ့ထန်းလျက်ခဲလေး စားရ အောင် လာပါဦးကွ ”

ဟု ဖိတ်ခေါ်လေ၏။

ကိုဖိုးအေးတို့လင်မယားသည် ဦးတောကျော်၏စကား ကြောင့် ရင်ထိတ်သွားလေ၏။ ဦးတောကျော်သည် ရွာထဲ၌ အလွန် စပ်စပ် စုစုနိုင်သော အဘိုးကြီးဖြစ်၏။

၎င်း၏အနီးမှာထိုင်၍ အကြမ်းအိုးသောက်လျှင် ဦးတော





ကျော်ကြီးက ပလိုင်းထဲရှိမှိုများကို လှန်လှောကြည့်ရှုပေလိမ့်မည်။

ကိုဖိုးအေးတို့လင်မယားသည် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်လိုက်ပြီး ကိုဖိုးအေးက

“ မအေးစိန် ဗိုက်နာလာလို့ စောစောပြန်တာပါ ဦးတော ကျော်ရယ်၊ နောက်တော့မှ အကြမ်းသောက်ပါမယ် ”

ဟု ပြောရင်း ဦးတောကျော်ကြီးကို စကားဖြတ်၍ ထိုနေရာ မှ အမြန်ထွက်ခဲ့လေ၏။

တောထဲ၌ ၎င်းတို့ကဲ့သို့ မှိုရှာထွက်သူများနှင့် တွေ့ခဲ့ပြန်၏။ ထိုသူများက ဖိတ်ခေါ်ပြန်၏။ ကိုဖိုးအေးတို့လင်မယားသည့် အကြောင်းအမျိုးမျိုးပြ၍ ငြင်းဆန်ပြန်၏။

ကိုဖိုးအေးတို့သည် ခါတိုင်းနှစ်များကဆိုလျှင် တောထဲ၌ ပျော်ပျော်ရွှင်ရွှင် နေထိုင်စားသောက်ပြီးမှ ပြန်လေ့ရှိ၏။

၎င်းတို့ ရွာထဲသို့ရောက်သောအခါ ရွာသားများက မှိုရသော မျက်နှာကို လာကြည့်သည် ဆို၏။ ကိုဖိုးအေးတို့ လင်မယားသည် ပလိုင်းထဲ၌ ဖွက်ထားသော ရတနာသေတ္တာကို ရွာသားများတွေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးသဖြင့် ကမန်းကတန်း နှုတ်ဆက်ပြီး ပြန်ခဲ့၏။

ရွာသားများ ၄င်းတို့အနောက်သို့ လိုက်လာကြပြန်၏။

နှစ်ယောက်သား တဲထဲသို့ရောက်သောအခါ ပလိုင်းထဲရှိ ရတနာသေတ္တာကိုထုတ်၍ ဆန်အိုးထဲ၌ ဖွက်ထားရ၏။ ၄င်းတို့ လင်မယား ဆန်အိုးထဲ၌ ရတနာသေတ္တာကို လက်မတင်လေး ဖွက်ထားလိုက်နိုင်၏။

ရွာသားများသည် ၄င်းတို့ရရှိသော မှိုများကို လာရောက်ကြည့်ရှုပြီး တစ်ယောက်တစ်ပေါက် ပြောဆိုကြ၏။

ကိုဖိုးအေးသည် မှိုများကို ရွာဦးကျောင်းသို့ ဦးဦးဖျားဖျား သွားရောက်ကပ်လှူလေ၏။ ပြီးနောက် ၄င်းတို့ရရှိသော မှိုများကို ရွာသားများကို ပြန်ရောင်းလေ၏။

ကိုဖိုးအေးတို့လင်မယားသည် မှိုများကို ဟန်မပျက်ရောင်းချနေသော်လည်း မျက်လုံးထဲတွင် ရတနာသေတ္တာကိုသာ မြင်ယောင်နေလေ၏။

ရွာသူရွာသားများပြန်သွားသောအခါ လင်မယားနှစ်ယောက်





သားတဲနောက်သို့ ဝင်၍ ဆန်အိုးကိုဖွင့်ရန်ကြ၏။

ဆန်အိုးထဲသို့ လက်နှိုက်ရုံရှိသေးသည်။ အိမ်ရှေ့မှ လူသံကြားရ၍ ကမန်းကတန်း ထကြည့်ရ၏။ ထိုအခါ ရွာထဲရှိ ဒေါ်ဂျမ်းတုတ်ဆိုသော အဘွားကြီးဖြစ်၏။

ဒေါ်ဂျမ်းတုတ်ကြီးသည် အိမ်ရှေ့မှ

" ဖိုးအေး... ဖိုးအေး "

ဟု အော်ခေါ်၍ တဲအတွင်းသို့ဝင်လာ၏။ ဆန်အိုးအနီး ထိုင်နေသော ဖိုးအေးတို့ကို တွေ့လေရာ ဒေါ်ဂျမ်းတုတ်ကြီးက

" ဟဲ့... လင်မယားနှစ်ယောက်စလုံး ဆန်အိုးသားမှာ ဘာနှိုက်နေတာလဲ၊ ငါ့အထင်တော့ နင်တို့နှစ်ယောက် တောထဲက ဥစ္စာစောင့်သိုက်ကို ရလာပြီထင်တယ် "

ဟု ပြောလေရာ လင်မယားနှစ်ယောက်စလုံး အထိတ်တလန့် ဖြစ်သွားလေ၏။ မအေးစိန်က မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်

" ဘယ်ကလာ ဥစ္စာစောင့်သိုက်တွေ့ရမှာလဲ ဒေါ်ဂျမ်းတုတ် ရယ်၊ ဒေါ်ဂျမ်းတုတ် မှိုဝယ်မလို့လား၊ မှိုတွေ သိပ်မရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အလကားပဲ ယူသွားဝေတော့ ”

ဟု ပြောလေ၏။ ဒေါ်ဂျမ်းတုတ်သည် မှိုများကို အလကား ရလိုက်သဖြင့် သဘောကျပြီး ပြန်သွား၏။

ငှင်းတို့လင်မယားသည် ဒေါ်ဂျမ်းတုတ်ပြန်သွားပြီးနောက် တဲအတွင်းရှိ ရတနာသေတ္တာကို ဖွင့်မကြည့်ရဲတော့ဘဲ ညသို့ရောက်ရန်သာ စောင့်စားနေလေ၏။

ငှင်းတို့သည် တောထဲမှရရှိသော မှိုများကို ချက်ပြုတ်စားသောက်သော်လည်း နှစ်ယောက်စလုံး မြိန်ရည်ယှက်ရည် စားဝင်ခြင်း မရှိချေ။

ညသို့ရောက်သောအခါ အိမ်တံခါးကိုပိတ်၍ ခြင်ထောင်ကို ထောင်ကာ ခြင်ထောင်အတွင်းသို့ ရတနာသေတ္တာကို သယ်ဆောင်ခဲ့လေ၏။

ခြင်ထောင်ထဲ၌ မီးခွက်ကိုထွန်း၍ ရတနာသေတ္တာကို ဖွင့်လေ၏။ ထိုအခါ သေတ္တာအတွင်း၌ လက်စွပ်၊ လက်ကောက်၊ ခြေကျင်း စသည်ဖြင့် လက်ဝတ်ရတနာမျိုးစုံကို တွေ့ရ၏။





မအေးစိန်သည် လက်ဝတ်ရတနာများကို လက်ဖြင့်ဆုပ်ကိုင်၍ မျက်လုံးများ ဝင်းလက်လာပြီး

“ ဒီရတနာတွေကို ထုခွဲရောင်းချလိုက်ရင် ကျွန်မတို့ မိသားစုရဲ့ ဆင်းရဲနွမ်းပါးမှုတွေ အဆင်ပြေသွားမှာပဲ၊ မြို့မှာရောက်နေတဲ့ ကျွန်မတို့သမီးလေးကိုလည်း အိမ်ပြန်ခေါ်လို့ရပြီ ”

ဟု လေသံတိုးတိုးပြောလေ၏။ ကိုဖိုးအေးတို့လင်မယား နှစ်ယောက်၌ မသူဇာဆိုသော သမီးလေးတစ်ယောက်ရှိ၏။

မသူဇာလေးသည် အသက်ငါးနှစ်အရွယ်ရှိပြီး မြို့ပေါ်၌ နေထိုင်သော ဒေါ်ရွှေမြဆိုသော အဘွားကြီးက သူမကို မွေးစားထားလေ၏။

ငှင်းတို့လင်မယား ဆင်းရဲလွန်းသဖြင့် သမီးကလေး အနေအစား ဆင်းရဲမည်စိုးသဖြင့် စိတ်ကောင်းရှိသော ဒေါ်ရွှေမြထံတွင် ပေးအပ်ထားခြင်း ဖြစ်၏။

ဒေါ်ရွှေမြကြီးသည် ပင်စင်စားကျောင်းအုပ်ဆရာမကြီးဖြစ်ပြီး သမီးလေး မသူဇာကို လွန်စွာချစ်ခင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးအေးတို့လင်မယား၏ အဓိကရည်မှန်းချက်မှာ စီးပွားရေးအဆင်ပြေအောင်ကြိုးစားပြီး မသူဇာလေးနှင့် အတူ နေထိုင်ရန်ဖြစ်၏။

ကိုဖိုးအေးသည် ရတနာများကို လက်ဖြင့်ဆုပ်ကိုင်၍

" ဟုတ်တယ်၊ ရတနာတွေကို ထုခွဲပြီး သမီးလေးနဲ့အတူနေရအောင် ပြန်ကြိုးစားရမယ်၊ ဒီအတွက် အချိန်ယူပြီး ငါတို့ကြံဆရမယ် "

ဟု ပြောလေ၏။ မအေးစိန်က လက်ဝတ်ရတနာများကို ယူ၍ ကြည့်ရှုပြီး

" ချစ်တီးလှည်းကနေ ရတနာတွေကို ဓားပြတိုက်တာဘယ်သူတွေဖြစ်မယ် ထင်လဲ "

"ဓားပြတွေဟာ ဘယ်သူဖြစ်နိုင်မလဲဆိုတော့ ငါ့အထင်သူကြီး ဦးတိမ်ညွန့်နဲ့ ပတ်သက်နိုင်တယ်၊ ဦးတိမ်ညွန့်ဟာ လူမိုက်တွေ မွေးထားတယ်၊ နောက်ပြီးတော့ ဦးတိမ်ညွန့်ဆီမှာ နှစ်လုံးပြူးသေနတ်အပြင် လုပ်သေနတ်တွေလည်း ရှိတယ်ကွ၊ တောထဲက





လှိုဏ်ထဲမှာ ဦးတိမ်ညွန့်တို့ တပည့်လက်သားတွေ သောက်လက်စရှိတဲ့ ပွတ်ချွန်းဆေးလိပ်တိုနှစ်တို တွေ့တယ်၊ ဒါဟာ ဦးတိမ်ညွန့်နဲ့ ရတနာသေတ္တာ ပတ်သက်နေတယ်ဆိုတဲ့ အဓိကအကျဆုံး သဲလွန်စပဲ".

"ဟင်… ဒါဆိုရင် ဦးတိမ်ညွန့်က သူကြီးအမည်ခံပြီး ဓားပြဖြစ်နေပြီပေါ့ "

" ငါ့အထင်တော့ ဓားပြစစ်စစ်တစ်ယောက်တော့ မဟုတ်ဘူး၊ ရွာအနီးကို ချစ်တီးလှည်းဖြတ်မယ်ဆိုတဲ့ သတင်းရတဲ့အတွက် ခါတော်မီဓားပြတိုက်တာလည်း ဖြစ်နိုင်မယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့လက်ထဲကို ရတနာသေတ္တာရောက်လာတာ လျှို့ဝှက်ထားဖို့ သိပ်အရေးကြီးတယ်၊ ရွာထဲက တစ်ယောက်ယောက်သိသွားရင် ငါတို့အသက်ပေးရလိမ့်မယ် "

ကိုဖိုးအေးတို့လင်မယားသည် တောထဲမှ ရတနာသေတ္တာကို ရသည့်အချိန်မှစ၍ လောဘဇောကြောင့် လွန်စွာပင်ပန်းဆင်းရဲရ၏။

၄င်းတို့သည် ရတနာသေတ္တာကို တဲအနောက်ရှိ မြေကွက်



www.burmeseclassic.com

www.burmeseclassic.com



လပ်၌ လျှို့ဝှက်ပြီး မြှုပ်နှံလိုက်လေ၏။ ထိုနေရာသို့ စဥ့်အိုးကြီး တစ်လုံးနှင့် ဖုံးဖိထားလိုက်၏။

ထိုအချိန်မှစ၍ ကိုဖိုးအေးသည် လယ်အလုပ်ကို ကောင်းစွာ မလုပ်နိုင်တော့ဘဲ ရတနာသေတ္တာကို ပိုင်ပိုင်နိုင်နိုင်ရရှိရေးအတွက် နေ့စဥ် စဥ်းစားဆင်ခြင်နေလေ၏။

မအေးစိန်လည်း ကိုဖိုးအေးနည်းတူ ရတနာသေတ္တာကြောင့် စိုးရိမ်သောက ရောက်ရလေ၏။ ကိုဖိုးအေးသည် ရတနာသေတ္တာ ရရှိပြီး သုံးရက်မြောက်သောနေ့တွင် အကောင်းဆုံး အကြံတစ်ခုကို ရ၏။

ထိုအကြံကို ဇနီးဖြစ်သူအား ပြောပြရန် ဆုံးဖြတ်လိုက်ပြီး

" ရှင်မရေ… ငါတို့ အကြံရပြီ "

ဟု ပြောလိုက်ရာ မအေးစိန်သည် မျက်မှောင်ကြုတ်၍

" ဘာအကြံလဲ ပြောပါဦးတော်၊ ကျွန်မတော့ ခေါင်းတွေ ခြောက်နေပြီ "

ဟု ပြောလေ၏။ ထိုအခါ ကိုဖိုးအေးက ဇနီးဖြစ်သူကို





အနီးသို့ခေါ်၍ လေသံတိုးတိုးဖြင့်

" ဒီလို ရှင်မရဲ့၊ ရတနာသေတ္တာကို သူကြီးရဲ့လူတွေဟာ မကြာခဏ သွားကြည့်မှာပဲ၊ ငါ့အထင်တော့ သူကြီးကိုယ်တိုင်တောင် သွားကြည့်ဦးမယ်၊ ဒါကြောင့် သူတို့ပစ္စည်းတွေ မရှိတော့ဘူးဆိုတာ မကြာမီ သိမှာပဲ "

ဟု ပြောလေရာ မအေးစိန်သည် ထိတ်လန့်သောမျက်နှာဖြင့်

" ဟင်… ဒါဆိုရင် ရတနာတွေကို ကျွန်မတို့ယူတာ သူကြီးသိသွားမှာပေါ့၊ ဒါတွေကို ကျွန်မတို့ ဘယ်လောက်ကြာကြာ ဖုံးဖိထားနိုင်မှာလဲ "

ဟု ပြောလေ၏။ ကိုဖိုးအေးက ခေါင်းညိတ်၍

" ဟုတ်တယ်၊ ငါတို့ ဒီရွာမှာနေလို့ကတော့ တစ်နေ့နေ့မှာ ငါတို့လက်ထဲမှာ ရတနာတွေရှိတယ်ဆိုတာ သူကြီးသိသွားမှာပဲ၊ နောက်ပြီးတော့ ရွာမှာနေရင် ဒီပစ္စည်းတွေကို ထုခွဲရောင်းချဖို့ ဘယ်တော့မှမဖြစ်နိုင်ဘူး၊ ငါတို့ ဒီရွာကနေ ခွာမှဖြစ်မယ် "

ဟု ပြောလေ၏။ ကိုဖိုးအေး၏စကားကြောင့် မအေးစိန်



www.burmeseclassic.com

www.burmeseclassic.com



သည် သက်ပြင်းချလိုက်ပြီး

" ရှင်နဲ့ ကျွန်မက ဒီရွာစာတိဆိုပေမဲ့ ရွာကနေ ထွက်သွားဖို့ မခက်ပါဘူး၊ ဒါပေမဲ့ ရွာကနေထွက်သွားပြီး၊ကျွန်မတို့ ဘယ်ကိုသွားမှာလဲ၊ ကျွန်မတို့ ဘာအလုပ်မှ လုပ်မစားတတ်ဘူး "

" ညံ့ပါ့ ရှင်မရယ်၊ ငါတို့လက်ထဲမှာ ရတနာတွေရှိမှတော့ အခုလို ဆင်းဆင်းရဲရဲ လုပ်စားစရာ လိုမလားကွ၊ တနယ်တကြေးကိုသွားပြီး ,သူဌေးလုပ်နေလို့ရတာပဲ "

" ဒါဆိုရင် ကျွန်မတို့ ဘယ်ကိုသွားမှာလဲဟင် "

" ငါတို့သမီးလေးရှိတဲ့မြို့ကို လိုက်သွားပြီး သမီးလေးကိုမွေးစားထားတဲ့ ဆရာမကြီး ဒေါ်ရွှေမြနဲ့ တိုင်ပင်မယ် "

" သမီးလေးရှိတဲ့မြို့ကိုသွားမယ် ဟုတ်လား၊ သိပ်ကောင်းတာပေါ့ရှင်၊ ကျွန်မလည်း သမီးလေးကို လွမ်းလှပြီ၊ ဒါပေမဲ့ ချစ်တီးတွေရဲ့ ရတနာတွေကို ဆရာမကြီးမသိအောင် လျှို့ဝှက်ထားမှဖြစ်မယ် "

မအေးစိန်၏စကားကြောင့် ကိုဖိုးအေးက ခေါင်းညိတ်၍





" ဆရာမကြီးက လူရိုးလူဖြောင့်ကြီးကွ၊ ဒါကြောင့် ရတနာသေတ္တာကို ဖွင့်လို့မဖြစ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဆရာမကြီးကို ဘယ်လိုပြောရမယ်ဆိုတာ ငါစဉ်းစားပြီးပြီ၊ မင်းရဲ့ယောက်ျား ငါ့ရဲ့အကြံဉာဏ် ဘယ်လောက်ကောင်းတယ်ဆိုတာ မင်းသိရမယ်၊ မင်းသေသေချာချာ နားထောင်၊ ချစ်တီးတွေဆီမှာပေါင်ထားတဲ့ ငါတို့လယ်ကို ပြန်မရွေးတော့ဘူး "

ကိုဖိုးအေး၏စကားကြောင့် မအေးစိန်သည် အလိုမကျဟန်ဖြင့်

"ဘာပြောတယ်ရှင့်၊ ချစ်တီးတွေဆီမှာပေါင်ထားတဲ့ ကျွန်မတို့ရဲ့လယ်ကို ပြန်မရွေးတော့ဘူး၊ ဟုတ်လား၊ ကျွန်မတို့မှာ ရွေးစရာ ငွေရှိတာပဲ၊ ချစ်တီးရဲ့အတိုးတွေ ကြီးလွန်းလို့ ဒီနှစ်မှာ မရရအောင် ပြန်ရွေးမယ်ဆိုပြီး ချစ်တီးဆီမှာ ဘာလို့အဆုံးခံရမှာလဲ"

ဟု ပြောလေ၏။ ကိုဖိုးအေးသည် မအေးစိန်၏အမူအရာကို ကြည့်၍ တီးတိုးရယ်မော၍

" မင်း. တော်တော်ဒုံးဝေးတဲ့ မိန်းမပဲကွ၊ ချစ်တီးမှာ



www.burmeseclassic.com

www.burmeseclassic.com



လယ်တွေယာတွေ အဆုံးခံလိုက်ပြီး အိမ်ခြေယာခြေမဲ့ဘဝနဲ့ ငါတို့လင်မယား ရွာက ထွက်သွားမယ်၊ ဒါဆိုရင် ရွာကထွက်သွားဖို့ အကြောင်းပြချက် ကောင်းကောင်းရပြီ၊ သူကြီးနဲ့ သူ့လူတွေရဲ့ အံ့သြယကင်းရှင်းသွားလိမ့်မယ် ”

ဟု ပြောလေ၏။

မအေးစိန်သည် ကိုဖိုးအေး၏စကားကို နားထောင်ပြီး သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

“ ရှင့်ရဲ့အကြံ သိပ်ကောင်းတာပဲ၊ ဒါဆိုရင် ရတနာသေတ္တာကို ကျွန်မတို့ရတာယ်လို့ ဘယ်သူမှယုံနိုင်မှာမဟုတ်တော့ဘူး၊ ရွာက ထွက်သွားဖို့ အကြောင်းပြချက်ကောင်းကောင်းလည်း ရသွားတာပေါ့၊ ဒါပေမဲ့ ကျွန်မတို့ရဲ့လယ်တွေ ချစ်တီးလက်မှာ အဆုံးခံလိုက်ရတာ နှမြောစရာရှင် ”

ဟု ပြောလေ၏။ ကိုဖိုးအေးက စိတ်အားတက်ကြွဟန်ဖြင့်

“ ငါတို့လယ်တွေဆုံးသွားပေမဲ့ ရတနာတွေ အများကြီး ရထားတာပဲ၊ ဘာနှမြောစရာရှိလဲ၊ အရေးကြီးတာက ငါတို့သမီးလေးနဲ့ အတူနေရဖို့ပဲ၊ သမီးလေးလည်း ငါတို့ကို လွမ်းနေမှာ သေချာတယ် ”

ဟု ပြောလေရာ လင်မယားနှစ်ယောက်စလုံး သမီးလေး မသူဇာ၏အကြောင်းကိုတွေးကာ တိတ်ဆိတ်ငြိမ်သက်သွားလေ၏။







www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးအေးတို့လင်မယား ရတနာသေတ္တာကိုရှိပြီး တစ်ပတ်ခန့်အကြာ၌ သူကြီးဦးတိမ်ညွှန့်သည် မိမိတို့ရှိထားသော ရတနာများ ပျောက်ဆုံးသွားသည်ဟု အိပ်မက်မက်လေ၏။

တိုအိပ်မက်ကြောင့် လှိုဏ်ထဲ၌ဖွက်ထားသော ရတနာများကို စိုးရိမ်ပြီး တပည့်ဖြစ်သူ မောင်မောင်တုတ်ကိုခေါ်ကာ တောထဲသို့ ထွက်ခဲ့လေ၏။

တောထဲသို့ရောက်လျှင် လှိုဏ်ထဲသို့ဆင်းရန် ပြင်ကြ၏။ မောင်မောင်တုတ်သည် လှိုဏ်ထဲသို့မဆင်းမီ မျက်မှောင်ကြုတ်လိုက်ပြီး

" သူကြီး··· လှိုဏ်ထဲကို လူတွေဆင်းခဲ့တယ်နဲ့တူတယ်၊





ဟောဒီမှာ လှိုဏ်ထိပ်ကခြံကို ရှင်းလင်းထားတဲ့ လက်ရာခြေရာတွေ မြင်တွေ့ရတယ် "

ဟု အလောတကြီး ပြောလေ၏။

သူကြီးသည် မောင်မောင်တုတ်ပြရာကို ကြည့်လိုက်ပြီး စိတ် လှုပ်ရှားစွာဖြင့်

" လှိုဏ်ထဲကို အမြန်ဆုံးဆင်းဟေ့ "

ဟု ဆိုကာ ရှေ့မှဦးဆောင်ဆင်းလေ၏။

လှိုဏ်ထဲသို့ရောက်သောအခါ ၄င်းတို့စိုးရိမ်သကဲ့သို့ ရတနာသေတ္တာကို မမြင်ရတော့ချေ။ သူကြီး ဦးတိမ်ညွှန့်သည် ဒေါသတကြီး တက်ခေါက်လိုက်ပြီး

" တောက်··· သူခိုးလက်က သူဝှက်လုတယ်ကွာ၊ ရွာထဲက တစ်ယောက်ယောက်လက်ချက်ပဲဟေ့၊ ငါ့အထင်တော့ မှိုရှူးထွက်တဲ့ကောင်တွေပဲ ဖြစ်မယ်၊ ဒီသတင်းကို မင်း အမြန်ဆုံး စုံစမ်းစမ်း၊ ရတနာသေတ္တာကို ငါတို့မရရအောင် ပြန်ယူရမယ်၊ လိုအပ်ရင် အသက်ပေးရင် ပေးရလိမ့်မယ်၊ ကတုံးပေါ် ထိပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ နာတယ်ကွာ ”

ဟု ကြုံးဝါးလေ၏။

သူကြီး ဦးတိမ်ညွန့်သည် မျိုးရိုးစဉ်ဆက်သူကြီးဖြစ်ခဲ့ပြီး စီးပွားရေးအင်အား တောင့်တင်းသူဖြစ်၏။ ဦးတိမ်ညွန့်သည် မိမိ၏ လက်ထက်၌ မိဘဘိုးဘွားများထက်ပင် လက်နက်လူသူအင်အား တောင့်တင်းရမည်ဟူသော အယူအဆရှိ၏။

ထို့ကြောင့် သူ၏လက်ထက်၌ တပည့်တပန်းများစွာကို မွေးမြူထား၏။ သူသည် လယ်ယာမြေများစွာကို ပိုင်ဆိုင်သဖြင့် ငွေကြေးအင်အားတောင့်တင်းပြီး လက်နက်လူသူအင်အားများပြား၏။

ဦးတိမ်ညွန့်ရှိသောရွာသို့ မည်သည့်လူဆိုးဓားပြမျှ ကျူးကျော် ရန်စဝံ့ခြင်းမရှိချေ။ ဦးတိမ်ညွန့်သည် မိမိ၏ဩဇာအာဏာ ကြီးမားခြင်းကို ဂုဏ်တစ်ခုလို မှတ်ယူ၏။

ဦးတိမ်ညွန့်၏ရွာအနီးသို့ ချစ်တီးအပွားများ၏လှည်းဖြတ်မည် ဟူသောသတင်းကို မမျှော်လင့်ဘဲ ရရှိလိုက်၏။

ဦးတိမ်ညွန့်သည် မျိုးချစ်စိတ်ပြင်းထန်လွန်းသူမဟုတ်သော်



လည်း မြန်မာလယ်သမားများအပေါ် အနိုင်ကျင့်လွန်းသော ချစ်တီးများကို မုန်းတီး၏။

ထို့ကြောင့် ချစ်တီးကုလားများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထိခိုက်အောင်ပြုလုပ်ရန် ကြံ၏။ ထိုစိတ်ကူးကြောင့်ပင် ချစ်တီးလှည်း ကို ဓားပြတိုက်ခဲ့ခြင်းဖြစ်၏။

ဦးတိမ်ညွန့်၏တပည့်တပန်းများသည် ချစ်တီးလှည်းကို အောင်မြင်စွာ ဓားပြတိုက်နိုင်ခဲ့၏။ ၎င်းတို့ မမျှော်လင့်ဘဲ ချစ်တီးများ ထံမှ ရတနာသေတ္တာတစ်လုံးကို ရရှိလိုက်၏။

ထိုရတနာများသည် မြန်မာဆင်းရဲသားနင်းပြားများ ပိုင်ဆိုင် သော ရတနာများဖြစ်ကြောင်း သိ၏။ ထို့ကြောင့် ချစ်တီးများထံမှ ရရှိသောအခါ မြှုပ်နှံသိမ်းဆည်းထားပြီး အခါအခွင့်ကြုံလျှင် ရပ်ရွာ အကျိုးအတွက် အသုံးပြုရန် ကြံစည်၏။

ယခု မိမိတို့ လျှို့ဝှက်စွာ သိမ်းဆည်းထားသော ရတနာ သေတ္တာသည် ထူးဆန်းစွာ ပျောက်ဆုံးသွားချေပြီ။ ရတနာသေတ္တာ ကို မည်သူရရှိသွားသနည်း။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ရွာသားထဲမှ တစ်ဦးတစ်ယောက်ရရှိမှာ သေချာ၏။ အခြားအရပ်မှလူများ ရတနာသေတ္တာကို ရရှိမည် မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် ဤတော ဤတောင်ထဲ၌ အများဆုံး သွားလာနေသူများမှာ မိမိတို့ရွာသားများပင် ဖြစ်၏။

သူကြီး ဦးတိမ်ညွန့်သည် ရတနာသေတ္တာရရှိသူ၏သတင်းကို မရရအောင် စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်၏။

လအနည်းငယ်ကြာသောအခါ ချစ်တီးလှည်း ရွာသို့ရောက်ရှိလာပြီး အကြွေးများကို သိမ်းလေ၏။ ထိုအခါ ကိုဖိုးအေးတို့လင်မယားသည် ချစ်တီး၏ငွေများကို အတိုးရော အရင်းပါ မဆပ်နိုင်တော့ကြောင်း ကြေညာလိုက်လေ၏။

ချစ်တီးများသည် ဝမ်းသာအားရဖြင့် ကိုဖိုးအေးတို့၏ လယ်များကို သိမ်းရန်ကြံလေ၏။ ရွာသူရွာသားများသည် ထိုသတင်းကို ကြားသောအခါ စိတ်မကောင်းစွာဖြင့် ကိုဖိုးအေးတို့ထံသို့ လာရောက်မေးမြန်းကြ၏။

သူကြီးကတော် ဒေါ်စိန်လှက





" ဘယ်လိုဖြစ်တာလဲ ဖိုးအေးရယ်၊ နင်တို့လယ်တွေ ဒီနှစ်ပြန်ရွေးနိုင်ပြီထင်ထားတာ "

ဟု မေးမြန်းလေ၏။ မအေးစိန်က တရှုံ့ရှုံ့ငိုယို၍

" ကျွန်မတို့လည်း ဒီနှစ်ပြန်ရွေးနိုင်မယ်လို့ မျှော်လင့်ထားတာ၊ ဘယ်လိုမှမတတ်နိုင်ဘူး သူကြီးကတော်ရယ် "

ဟု ပြောလေရာ ရွာသူရွာသားများသည် စိတ်ကောင်းရှိသူများဖြစ်၍ ကိုဖိုးအေးတို့လင်မယား၏အဖြစ်ကို များစွာ ကရုဏာသက်ကြ၏။

သို့သော် စပါးဈေးကျပြီး တစ်ရွာလုံး ဆင်းရဲဒုက္ခရောက်နေချိန်ဖြစ်သဖြင့် တောင်မင်းကို မြောက်မင်းမကယ်နိုင်သောဘဝ ဖြစ်နေလေ၏။

ကိုဖိုးအေးတို့သည် ၎င်းတို့ပိုင်ဆိုင်သော လယ်များကို ချစ်တီးသူဌေး၏လက်သို့ အပ်လိုက်ရလေ၏။ ထိုနေ့မှာပင် ချစ်တီးသူဌေး၏ နွားလှည်းသည် ချူသံတလွင်လွင်ဖြင့် ရောက်ရှိလာပြီး ချစ်တီးသူဌေး၏ကိုယ်စားလှယ်က



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားတို့လယ်ကို ကျုပ်တို့က မလွှဲသာ မရှောင်သာ သိမ်းလိုက်ရပေမဲ့ ကျုပ်တို့က မရိုင်းပါဘူး၊ လယ်မှာ ပြန်ပြီး အငှားလုပ်ခွင့်ပေးမယ် "

ဟု ပြောလေ၏။ ကိုဖိုးအေးတို့လင်မယားသည် အကြံရှိသူများဖြစ်သဖြင့်ချစ်တီးသူဌေး၏လယ်လုပ်ခွင့်ကိုငြင်းပယ်လိုက်လေ၏။

ချစ်တီးသူဌေး၏ကိုယ်စားလှယ် ပြန်သွားပြီးနောက် ကိုဖိုးအေးက ရွာသားများအား မိမိတို့လင်မယား မြို့တက်ပြီး ရှေ့ကြည့်ရာ မြက်နုရာ ရှာဖွေစားသောက်တော့မည်ဖြစ်ကြောင်း ပြောဆိုလေ၏။

မအေးစိန်ကလည်း ဝင်ရောက်၍

" ကျွန်မတို့သမီးလေးကို မြို့မှာပို့ထားတယ်၊ သမီးလေးနဲ့ နှစ်တွေအကြာကြီး မခွဲနိုင်တော့ဘူး၊ သမီးလေးရှိတဲ့ မြို့ကို လိုက်သွားတော့မယ်၊ မြို့ကိုရောက်မှ ကြုံရာကျပန်း လုပ်ကိုင်စား သောက်တော့မယ် "

ဟု ပြောလေရာ ရွာသူရွာသားများသည် ကိုဖိုးအေးတို့အဖြစ်





ကို များစွာကရုဏာသက်ပြီး ဝမ်းနည်းကြောင်း ပြောဆိုကြလေ၏။

ကိုဖိုးအေးတို့သည် အစစအရာရာ ပြင်ဆင်ပြီးဖြစ်သဖြင့် မြို့သို့ တက်ခဲ့လေတော့၏။ ကိုဖိုးအေးတို့ မြို့တက်သောနေ့၌ တစ်ရွာလုံး ရွာထိပ်သို့ လိုက်လံနှုတ်ဆက်လေ၏။

ကိုဖိုးအေးတို့လင်မယားသည် မြို့သို့တက်ကာနီး၌ သူကြီး ထံသို့ သွားရောက်နှုတ်ဆက်လေ၏။ သူကြီး ဦးတိမ်ညွန့်သည် ကိုဖိုးအေးတို့လှည်းကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

" ဖိုးအေးတို့လင်မယား သနားစရာပဲ၊ တစ်ရွာမကောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားရှိပေမဲ့ သေချင်တဲ့ကျား တောပြောင်းဆိုတဲ့ စကားလည်းရှိတယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့သံသယရှိတဲ့ လူတွေထဲမှာ သူတို့လင်မယားကို ထုတ်လိုက်ပြီ "

ဟု ပြောလေရာ ဦးတိမ်ညွန့်၏လက်ရုံးတပည့် မောင်မောင်တုတ် က

" ကျုပ်ကတော့ ဟိုးအရင်ကတည်းက သူတို့လင်မယား ကို သံသယရှိတဲ့လူစာရင်းက ထုတ်ထားပြီးသား၊ ဖိုးအေးတို့



www.burmeseclassic.com

www.burmeseclassic.com



လင်မယားက သိပ်ရိုးတာဗျ၊ တောထဲမှာ ရတနာသေတ္တာတွေ့ရင် သူကြီးဆီကို အမြန်ဆုံးလာအပ်ကြမှာပဲ ”

ဟု ပြောလေ၏။ မောင်မောင်တုတ်၏စကားကြောင့် သူကြီး ဦးတိမ်ညွန့်က မျက်မှောင်ကြုတ်၍

“ ဒါဆိုရင် ရွာထဲမှာ မင်းသံသယအရှိဆုံးလူက ဘယ်သူလဲ ”

ဟု မေးမြန်းလေ၏။ မောင်မောင်တုတ်က အဝေးကိုငေး ကြည့်၍

“ ဘယ်သူရှိရမှာလဲဗျာ၊ ထန်းတောက မျိုးကြီးပဲဗျ၊ မျိုးကြီး က အဲဒီနေ့က တောထဲမှာ မှိုရှာထွက်တယ်၊ မှိုတွေလည်း အများကြီး ရတယ်ဆိုတဲ့ သတင်းရတယ်၊ မျိုးကြီးဟာ ဒီအချိန်ကစပြီး မူပျက် နေတယ်လို့ ကျုပ်ထင်တယ် ”

“ ဘယ်လိုမူပျက်တာလဲကွ၊ ပြောစမ်းပါဦး ”

“ မျိုးကြီးဟာ တောထဲကပြန်လာပြီးတဲ့နောက်မှာ ထန်းတောမှာ မယ်မယ်ရရ ထန်းမတက်တော့ဘူး၊ ရွာရိုးကိုးပေါက်





လျှောက်ပြီး အလေလိုက်နေတာများတယ် ”

“ ဒါဆိုရင် မျိုးကြီးဟာ မသင်္ကာစရာအကောင်းဆုံးလူ ဖြစ်နေပြီ၊ လူယုတ်မာကောင်ကို မျက်ခြေမပြတ် စောင့်ကြည့်ကွာ”

သူကြီး ဦးတိမ်ညွန့်သည် ရတနာသေတ္တာပျောက်ဆုံးခြင်း အတွက် အလွန်ဒေါသဖြစ်နေလေတော့၏။

ကိုဖိုးအေးတို့ ဓနီးမောင်နှံသည် မြို့ပေါ်သို့တက်ပြီး သမီးလေး မသူဇာရှိရာသို့ သွားလေ၏။ သမီးလေး မသူဇာကို ခေါ်ယူမွေးစားထားသော ဆရာမကြီး ဒေါ်ရွှေမြသည် လွန်စွာ စိတ်သဘောထား ကောင်းမွန်၏။

ရွာ၌ စားဝတ်နေရေးမပြေလည်၍ မြို့ပေါ်တက်လာသည် ဆိုသောအခါ ဒေါ်ရွှေမြက

“ မင်းတို့လင်မယားရဲ့ကံကလည်း ဆိုးလိုက်တာကွယ်၊ ဘာပဲဖြစ်ဖြစ် မြို့ပေါ်ကိုတက်လာမှတော့ အဒေါ်မြတို့ ရှိပါတယ်၊ အားမငယ်ပါနဲ့၊ မင်းတို့နေဖို့ စားဖို့ ဘာမှမပူနဲ့၊ အဒေါ်မြရဲ့အိမ်မှာပဲ နေ၊ မရှိအတူ ရှိအတူပေါ့ကွယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

သမီးလေး မသူဇာသည် မိဘများ ရောက်ရှိလာသဖြင့် အလွန်ပျော်ရွှင်နေလေ၏။ မသူဇာလေးသည် ခေါ်ရွှေမြကို အသွား အရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်ကြင်နာသော်လည်း မိဘရင်းခြာများကို အစဉ်အမြဲသတိရလွမ်းဆွတ်နေလေ၏။

ကိုဖိုးအေးတို့သည် ဆရာမကြီး ခေါ်ရွှေမြ၏အိမ်ကလေး၌ပင် လောလောဆယ် နေထိုင်လေ၏။ ကိုဖိုးအေးသည် ၎င်းတို့ထံတွင် ချစ်တီးတိုက်မှရရှိသော ရတနာများရှိနေသော်လည်း ၎င်းတို့ရောက်ရှိ နေသော မြို့သည် ရွာနှင့်အလှမ်းမကွာဝေးသဖြင့် သူကြီးတို့လူစု ရိပ်မိမှာစိုး၏။

ထို့ကြောင့် ရတနာများကိုရောင်းချ၍ သူဌေးသူကြွယ် မလုပ်သေးဘဲ ကြောင်လက်သည်းဖွက်သကဲ့သို့ နေထိုင်ရန်ကြံစည်၏။

ကိုဖိုးအေးက ဇနီးဖြစ်သူကို မြို့ရွှန်ဘုရားသို့ ခေါ်ဆောင်၍

" ရှင်မရေ… လက်ဝတ်လက်စားတွေကို ထုခွဲပြီး ဒီမြို့မှာ သူဌေးလုပ်နေလို့ရတယ်၊ ဒါပေမဲ့ နေချင်းညချင်း ငါတို့ သူဌေး





ဖြစ်သွားရင် သူကြီးတို့လူစု ရိပ်စားမိသွားမယ်၊ လောလောဆယ် ငါတို့ သူဌေးလုပ်လို့မရသေးဘူး၊ ကိုယ့်ဒူးကိုယ်ချွန်ပြီး လုပ်ကိုင်စားသောက်ရဦးမယ် "

ဟု ပြောလေ၏။

ဤသို့ဖြင့် ကိုဖိုးအေးတို့လင်မယားသည် မြို့ပေါ်သို့တက်၍ နေထိုင်ရင်း စီးပွားရေးလုပ်ရန် အခွင့်အလမ်းကို စောင့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဆရာမကြီး ဒေါ်ရွှေမြသည် သူမ၏ ထင်းရှူး သေတ္တာမှ ထင်ရှူးသားတစ်ချပ် ကွာကျနေကြောင်း တွေ့ရ၏။ ထို့ကြောင့် တူနှင့်သံကိုယူ၍ ထင်းရှူးသေတ္တာကို ပြန်ရိုက်ပေး လေ၏။

ဒေါ်ရွှေမြ၏ ထင်းရှူးသေတ္တာ သပ်သပ်ရပ်ရပ် ရှိသွားပုံကို ကြည့်၍ ကိုဖိုးအေးသည် စီးပွားရေးလုပ်ကိုင်နိုင်မည့် အခွင့်အရေး ကို မြင်တွေ့သွားပြီး

" ရှင်မရေ... ဒီအချိန်ကစပြီး ငါ ဘာလုပ်ရမယ်ဆိုတာ သိပြီ၊ ငါ ထင်ရှူးသားတွေဝယ်ပြီး ထင်းရှူးသေတ္တာပုံးတွေ လုပ်





ရောင်းမယ်၊ မြို့ပြင်မှာ ထင်းရှူးသားတွေ ဝယ်လို့ရတာ ငါ သိတယ်"

ဟု ပြောလေရာ မအေးစိန်က မျက်မှောင်ကြုတ်၍

" ရှင်က ထင်းရှူးသေတ္တာ လုပ်တတ်လို့လား "

" မခက်ပါဘူး ရှင်မရယ်၊ ငါ လူပျိုဘဝတုန်းက ရွာမှာ လက်သမားလုပ်ခဲ့ဖူးတာပဲ၊ ထင်းရှူးသေတ္တာ ကောင်းကောင်းလုပ် တတ်တာပဲ၊ ထင်းရှူးသေတ္တာလုပ်ပြီး အိမ်မှာထိုင်ရောင်းလည်းရ တယ်၊ ဘူတာမှာ သွားရောင်းလည်းရတယ်၊ ဆယ့်နှစ်ပွဲဈေးသည် တွေနဲ့ လိုက်ရောင်းလို့လည်းရတယ် "

ဟု ပြောလေ၏။

ထိုနေ့မှစ၍ ကိုဖိုးအေးသည် ထင်းရှူးသားများကိုဝယ်၍ ထင်းရှူးသေတ္တာတစ်လုံးပြီးတစ်လုံး သပ်ရပ်စွာ လုပ်ကိုင်လေ၏။

ကိုဖိုးအေးသည် ထင်းရှူးသေတ္တာ၏ ရောင်းဈေးကိုလည်း အတတ်နိုင်ဆုံး ချိုသာစေပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစား၍ လုပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိပြုလုပ်ပြီးသော ထင်းရှူးသေတ္တာပုံးများကို ခြံရှေ့သို့ ထုတ်၍ ထင်းရှူးသေတ္တာရောင်းသည်ဟူသော ဆိုင်းဘုတ်တစ်ခုကိုလည်း ကိုယ်တိုင်ရေးလေ၏။

ကိုဖိုးအေး၏ထင်းရှူးသေတ္တာပုံးများကို လူများလာရောက်ကြည့်ရှုပြီး ဈေးနှုန်းချိုသာခြင်း၊ သပ်ရပ်ကောင်းမွန်ခြင်းတို့ကြောင့် ဝယ်ယူသွားလေ၏။

ကိုဖိုးအေး၏ ရင်းနှီးဖော်ရွေသော အမူအရာကို သဘောကျ၍လည်း ဝယ်ယူကြလေ၏။

ဤသို့ဖြင့် ကိုဖိုးအေးတို့မိသားစုလေးသည် ထင်းရှူးသေတ္တာရောင်းချသောအလုပ်ဖြင့် စီးပွားဖြစ်ထွန်းလေ၏။ ကိုဖိုးအေးတို့၏ သမီးလေး မသူဇာသည် ကိုဖိုးအေး ထင်းရှူးသေတ္တာများပြုလုပ်သည့်အခါ အနီးသို့လာ၍ စိတ်ဝင်တစား ကြည့်ရှုလေ၏။

သူမသည် ထင်းရှူးသေတ္တာပုံးများကို ချစ်ခင်၏။

ကိုဖိုးအေးသည် ၎င်းတို့၏သမီးလေး မသူဇာကို မြို့ပေါ်ရှိ ဆရာချစ်ကျောင်း၌ ကျောင်းတက်စေ၏။ ဆရာချစ်သည် မြန်မာ





ဆရာကြီးတစ်ဦးဖြစ်သော်လည်း ခေတ်ဆန်သဖြင့် အင်္ဂလိပ် မြန်မာ နှစ်ဘာသာ နိုင်နင်း၏။

မသူဇာသည် စာတော်သော ကလေးတစ်ယောက်ဖြစ်၏။ အတယ်ကြောင့်ဆိုသော် မသူဇာအား ဒေါ်ရွှေမြကြီးက အိမ်၌ ရှေ့နှင့် စာသင်ပေးလေ၏။

ကိုဖိုးအေးတို့သည် ဆရာမကြီး ဒေါ်ရွှေမြ၏အိမ်၌ ကပ်ရပ်၍ နေထိုင်ရင်း တစ်နှစ်ခွဲခန့်ကြာသောအခါ ထင်းရှူးသေတ္တာလုပ်ရင်း စီးပွားဖြစ်လာပြီး အနီးပတ်ဝန်းကျင်ရှိ ပျဉ်ထောင်အိမ်ကလေးတစ်လုံးကို ဝယ်ရန်ကြံ၏။

ဆရာမကြီးသည် သဘောကောင်းမွန်သူဖြစ်သောကြောင့်

"နင်တို့လင်မယား ငါနဲ့ပဲ အတူနေပါလားဟယ်၊ ဘာလို့ အိမ်ဝယ်ရတာလဲ၊ ဒီအိမ်ကို ငါသေသွားရင် နင်တို့မိသားစုပဲရမှာ၊ ငါ့မှာလည်း ဆွေမျိုးရင်းခြာရှိတာ မဟုတ်ဘူး"

ဟု ပြောလေ၏။

ကိုဖိုးအေးတို့သည် ဆရာမကြီး၏အိမ်၌ နေထိုင်ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထားခြင်းမရှိသဖြင့် အိမ်ဝယ်ရန်ကြံခြင်းဖြစ်၏။ ၎င်းတို့ဝယ်သော အိမ်မှာ ဆရာမကြီးအိမ်နှင့် နှစ်အိမ်သာခြား၏။

ကိုဖိုးအေးသည် ထိုအိမ်၌နေထိုင်ပြီး ထင်းရှူးသေတ္တာများကို ဆက်လက်ရောင်းချလေ၏။ သူသည် ထင်းရှူးသေတ္တာများကို စီးပွားဖြစ်ရောင်းချနေရင်း ထိုအလုပ်ကို လေးစားမြတ်နိုးပြီး တန်ဖိုးထားလာ၏။

ထို့ကြောင့် ပိုမိုအလေးအနက်ထားပြီး ပြုလုပ်ရောင်းချလေ၏။ မိမိ၏လက်ဖြင့်ပြုလုပ်ပြီး သေသပ်ကျနသော ထင်းရှူးသေတ္တာလေးတစ်လုံး ဖြစ်ပေါ်လာလျှင် လွန်စွာဝမ်းသာပီတိဖြစ်၏။

မသူဇာလေးသည် ကျောင်းအားသည့်အချိန်၌ ကိုဖိုးအေးတို့ လင်မယား၏နေအိမ်သို့ ရောက်ရှိနေတတ်၏။

ညသို့ရောက်သောအခါ ဆရာမကြီး ဒေါ်ရွှေမြ၏အိမ်သို့ ပြန်ပြီး နှစ်အိမ်တစ်အိမ်ပြုလုပ်ပြီး ပျော်ရွှင်စွာ နေထိုင်လေ၏။

ဤသို့ဖြင့် မြို့ကလေး၌ ထင်းရှူးသေတ္တာပုံးများ ပြုလုပ်ရောင်းချပြီး အသက်မွေးခဲ့သည်မှာ နှစ်နှစ်တိတိ ရှိခဲ့ပေပြီ။





တစ်နေ့သ၌ မသူဇာသည် ထင်းရှူးသေတ္တာပုံးများအနီးရှိ သစ်ပင်ရိပ်အောက်၌ စာကျက်နေလေ၏။ ထိုသို့စာကျက်ရင်း အနီးရှိ သစ်ကိုင်းပေါ်သို့ ချိုးကလေးတစ်ကောင် လာနား၏။

မသူဇာသည် ချိုးငှက်ကလေးကိုကြည့်ရင်း သူ၏လက်ထဲရှိ ဖောင်တိန်ဖြင့် ချိုးကလေး၏ပုံကို ထင်းရှူးသေတ္တာပေါ်၌ ရေးသားမိ လျှက်သားဖြစ်သွားလေ၏။

ထိုအခိုက်မှာပင် ထင်ရှူးသားများဝယ်၍ ပြန်လာသော ကိုဖိုးအေးသည် ထင်းရှူးသေတ္တာပေါ်ရှိ ငှက်ရုပ်ကလေးကိုကြည့်ကာ မျက်လုံးပြူးသွားပြီး

" ကြည့်စမ်း… ငါ့သမီးဆွဲထားတဲ့ ငှက်ရုပ်ကလေးက လှလိုက်တာ၊ ဒီနေ့ကစပြီး အဖေ့ထင်ရှူးသေတ္တာပေါ်မှာ ငါ့သမီး ရေးတဲ့ ငှက်ရုပ်လေးတွေ တံဆိပ်လုပ်ပြီးသုံးရမယ်၊ ထင်းရှူးသေတ္တာ တွေမှာ ငှက်ရုပ်လေးတွေ အမှတ်တရ ရှိနေတာပေါ့ "

ဟု ပြောလေ၏။

ထိုအချိန်မှစ၍ ကိုဖိုးအေးသည် ၎င်းပြုလုပ်သော ထင်းရှူး



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာပုံများ၏ ဒေါင့်တစ်နေရာ၌ ငှက်ရုပ်ကလေးတစ်ရုပ်ကို တံဆိပ်အဖြစ် ရေးဆွဲခဲ့လေ၏။

ထိုငှက်ရုပ်ကလေးကိုကြည့်၍ ထင်းရှူးသေတ္တာပုံးများကို ပြုလုပ်သူမှာ ကိုဖိုးအေးဖြစ်ကြောင်း လူအများသိကြလေ၏။

ထို့ကြောင့် ထင်းရှူးသေတ္တာဝယ်လိုသူအချင်းချင်း

" ငှက်ရုပ်တံဆိပ် ထင်းရှူးသေတ္တာကို ဝယ်ကြကွ၊ သူ့ရဲ့ လက်ရာ သိပ်ကောင်းတယ် "

ဟု ချီးမွမ်းခန်းဖွင့်ကြ၏။

ကိုဖိုးအေးသည် ထင်းရှူးသေတ္တာ၌ အနက်ရောင်ဆေးဖြင့် ငှက်ရုပ်ရေးဆွဲပြီးသည့်နောက်ပိုင်း ထင်းရှူးသေတ္တာများ ပိုမိုရောင်းချရလေ၏။

ငင်း၏လက်ရာကို ပိုမိုလူသိများ ထင်ရှားလာခဲ့၏။

ကိုဖိုးအေးသည် သမီးလေး မသူဇာကို အလွန်ချစ်၏။ ထို့ကြောင့် မသူဇာ၏ အားလပ်ရက်များ၌ မြို့ပြင်ရှိ ရေကန်ကြီးသို့ လိုက်လံပို့ဆောင်ပေး၏။





ထိုရေကန်ကြီးသည် သစ်ရိပ်ဝါးရိပ်များနှင့် အေးမြနေသော တော၏အလယ်မှာ ရှိ၏။

မသူဇာသည် ရေကန်ကြီး၌ ရေချိုးခြင်းကို အလွန်နှစ်သက်၏။ ထို့ကြောင့် ကျောင်းအားရက်တိုင်း ဖခင်ဖြစ်သူအား ရေကန်ကြီးသို့ လိုက်လံပို့ဆောင်ခိုင်း၏။

ကိုဖိုးအေးသည် ရေကန်ကြီးသို့ရောက်သည့်အခါတိုင်း ဂန္ထလောကမဂ္ဂဇင်းစာအုပ်ကိုဖတ်ကာ ရေချိုးနေသော မသူဇာကို စောင့်လေ့ရှိ၏။

မသူဇာသည် ရေကန်ကြီး၌ ရေချိုးပြီးနောက် သရက်တောကြီးသို့သွားကာ ဖခင်အား သရက်သီးများ ခူးခိုင်း၏။ သရက်သီး ခူးပြီးသောအခါ ခွဲစိတ်၍ ထိုနေရာ၌ပင် စားသောက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကိုဖိုးအေးသည် မသူဇာအား လက်ဆွဲ၍ မြို့ပြင်ရေကန်ကြီးသို့ ရောက်ခဲ့လေ၏။ ရေကန်ကြီး၌ မသူဇာ ရေချိုးနေစဉ် ဂန္ဓလောကမဂ္ဂဇင်းဖတ်ရင်း အိပ်ပျော်သွားလေ၏။

ကိုဖိုးအေး အိပ်ရာမှနိုးလာသောအခါ မသူဇာလေးက မိမိကို လှုပ်နှိုးနေကြောင်း တွေ့ရ၏။

မသူဇာက အထိတ်တလန့်ဖြင့်

“ အဖေ… အဖေ ဟိုမှာကြည့်ပါဦး၊ အစ်မကြီးတစ်ယောက် ရေကန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်ဆိုပြီး





ဘုရား ဆုတောင်းနေတယ်၊ မြန်မြန်လာပါ အဖေ၊ အဲဖေနောက်ကျရင် အစ်မကြီး ရေကန်ထဲကို ခုန်ဆင်းတော့မယ် ”

ဟု ပြောလေ၏။

ကိုဖိုးအေးသည် သမီးငယ်၏စကားကြောင့် အိပ်မှုန်စုံမွှားဖြစ်နေသော မျက်လုံးများကိုပွတ်၍ ရေကန်ရှိရာသို့ ကြည့်လိုက်၏။

ထိုအခါ ရေကန်ထဲသို့ခုန်ဆင်းရန် ကြံစည်နေသော မိန်းမပျိုတစ်ဦးကို တွေ့လိုက်ရလေ၏။ ကိုဖိုးအေးသည် မိန်းမပျို၏ အမူအရာကြောင့် ထိတ်လန့်သွားပြီး လူ့အသက်တစ်ချောင်းကို ကယ်တင်မည်ဟု ဆုံးဖြတ်ကာ သူမ၏အနီးသို့ ပြေးသွားလေ၏။

ကိုဖိုးအေးသည် မိန်းမပျိုကို လက်မတင်လေး ကယ်တင်နိုင်၏။ မိန်းမပျိုသည် ရေကန်ထဲသို့ ခုန်ဆင်းရန် မျက်စိတစ်မှိတ်သာ လိုတော့၏။

မိန်းမပျိုသည် သူမ၏လုပ်ကြံမှု မအောင်မြင်သောအခါ ကိုဖိုးအေး၏ ချုပ်ကိုင်ထားခြင်းကို ရုန်းကန်၍

“ ကျွန်မကိုလွှတ်ပါ၊ ကျွန်မ သေချင်လို့ပါ၊ သေပါရစေ၊

စေတနာစာပေ

www.burmeseclassic.com

ကျွန်မဘဝက အစီပွါယ်မရှိတော့ဘူး ”

ဟု ပြောလေ၏။ ကိုဖိုးအေးက မိန်းမပျိုကို ချုပ်ကိုင်၍

“ မလုပ်ပါနဲ့ ညီမရယ်၊ ညီမအသက်အရွယ် ငယ်ငယ်လေး ရှိပါသေးတယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ အဖန် ငါးရာ ငါးကမ္ဘာခံရတယ်၊ ဘာဖြစ်လို့ လောကကို လွယ်လွယ်နဲ့စိတ် လျှော့ချင်ရတာလဲ၊ ဘယ်လိုအခက်အခဲရှိနေလို့လဲ ”

ဟု မေးမြန်းလေ၏။ မိန်းမပျိုက ရှိုက်ငို၍

“ လွန်ခဲ့တဲ့နှစ်ကပဲ ကျွန်မဖခင်ဟာ တောထဲမှာ မြွေကိုက်ခံရပြီး သေဆုံးခဲ့တယ်၊ မိခင်ကတော့ သမီးကိုစောင့်ရှောက်မဲ့ အစား အင်းသူကြီးရဲ့တပည့် လူမိုက် ဝင်းစိုးဆိုတဲ့လူနဲ့ ယူလိုက် တယ်၊ ဝင်းစိုးဟာ လူမိုက်ပီပီ အင်မတန်ယုတ်မာတယ်၊ သူဟာ အမေနဲ့ ယူပြီးနောက်ပိုင်း ကျွန်မကို ထိကပါး ရိကပါးလုပ်ဖို့ ကြိုးစားတယ်၊ ကျွန်မကို အဓမ္မပြုကျင့်ဖို့ကြိုးစားတာ မအောင်မြင် တဲ့အဆုံး အမေနဲ့ကျွန်မကို ရန်တိုက်ပေးတယ်၊ အမေဟာ သူ့လင်လူယုတ်မာရဲ့ စကားကိုယုံပြီး ကျွန်မကို ဆဲဆိုကြိမ်း





မောင်းတယ်၊ အမေ့ကို စိတ် မနာပေမဲ့ လူ့လောကကြီးမှာနေရတာ ကျွန်မမပျော်တော့ဘူး၊ အမေဟာ ကျွန်မရဲ့ တစ်ခုတည်းသော အားကိုးရာဖြစ်တယ်၊ အမေသာ မရှိရင် ကျွန်မ ဘယ်လိုနေရမှာလဲ၊ အမေနဲ့ကျွန်မဟာ နှစ်ကိုယ်တစ်စိတ် ဖြစ်သင့်ပါတယ်၊ အမေ ကျွန်မကို အိမ်ပေါ်ကမောင်းချတာ မခံနိုင်ဘူး၊ ဒါကြောင့် လူ့ လောကကြီးမှာ အသက်ရှင်မနေတော့ဘူးလို့ ဆုံးဖြတ်ပြီး ကိုယ့် ကိုကိုယ် အဆုံးစီရင်ခဲ့တာပဲ ”

ဟု ပြောလေ၏။

ကိုဖိုးအေးသည် စိတ်ကောင်းရှိသူပီပီ တရှုံ့ရှုံ့ငိုယိုနေသော မိန်းမပျိုကိုကြည့်၍ များစွာ ကရုဏာသက်မိ၏။

ထို့ကြောင့် မိန်းမပျိုကို အိမ်သို့ခေါ်ဆောင်လာရန် ဆုံးဖြတ် လိုက်၏။ ကိုဖိုးအေးသည် မိန်းမပျိုအား ချော့မော့ပြီး မိမိ၏အိမ်ရှိရာ သို့ ခေါ်ဆောင်လာခဲ့လေ၏။

မိန်းမပျို အိမ်သို့ရောက်သောအခါ တအံ့တသြကြည့်ရှုနေ သော မအေးစိန်ကို အကျိုးအကြောင်းပြောပြလေ၏။ မအေးစိန်သည်

www.burmeseclassic.com



အကျိုးအကြောင်းသိရလျှင် မိန်းမပျိုကို ကရုဏာသက်သွားပြီး

" မကြီးကောင်းမစည်ရာ ညီမရယ်၊ ဘဝမှာ စိတ်ညစ်စရာ ဆိုတာ လူတိုင်းမှာရှိတာပေါ့၊ ဘာလို့ လွယ်လွယ်နဲ့အရှုံးပေးရတာလဲ၊ လောကမှာ လူတိုင်း အခက်အခဲရှိတာပဲ၊ အချိန်တန်ရင် ပြေလည်အောင် ဖြေရှင်းနိုင်မှာပါ"

ဟု အားပေးစကား ပြောလေ၏။

မိမိကိုယ်မိမိ သေကြောင်းကြံသော မိန်းမပျိုသည် တရှုံ့ရှုံ့သာ ငိုယိုနေလေ၏။ မအေးစိန်သည် မိန်းမပျို၏ပခုံးလေးကို ပွတ်သပ်၍ ချော့မြူလေ၏။

ထိုသို့ချော့မြူရင်း မအေးစိန်က

" ဘာမှစိတ်မညစ်နဲ့ ညီမ၊ ဒီနေ့ကစပြီး အစ်မကို ကိုယ့်သွေးမျိုးအရင်းလို သဘောထား၊ အစ်မလည်း ညီမကို မြင်မြင်ချင်း ကိုယ့်ညီမလေးလို ခင်မိပါတယ်၊ အစ်မတို့နဲ့ အေးအေးဆေးဆေး နေပါ၊ လူ့အသက်တစ်ချောင်းဆိုတာ ရခဲပါတယ် ညီမရယ်၊ လောကကို ဘယ်တော့မှ လွယ်လွယ်နဲ့အရှုံးမပေးရဘူး "





ဟု အားပေးစကား ပြောလေ၏။

စိတ်ကောင်းရှိသော ကိုဖိုးအေးကလည်း ဝင်ရောက်၍

" ဟုတ်ပါတယ် ညီမရယ်၊ အစ်ကိုတော့ လူ့အသက်တစ်ချောင်းကို ကယ်ခွင့်ရလို့ အရမ်းဝမ်းသာတာပဲ၊ ညီမမှာဖြစ်နေတဲ့ စိတ်ညစ်စရာတွေကိုမေ့ထား၊ အစ်ကိုတို့နဲ့ပဲ ဝိုင်းလုပ်ဝိုင်းစားနေ၊ ဟုတ်လား "

ဟု ဝင်ရောက်ချော့မော့ပြန်၏။

ထိုသို့ချော့မြူရင်း မိန်းမပျိုသည် တဖြည်းဖြည်း ရှိုက်ငိုနေရာမှ တိတ်ဆိတ်သွားလေ၏။ မအေးစိန်သည် မိန်းမပျိုကို အိပ်စက်ရန် နေရာစီစဉ်ပေးလေ၏။

မိန်းမပျိုသည် အိပ်စက်ပြီး ညနေစောင်းသောအခါ အိပ်ရာမှ လန့်နိုးလာ၏။ ထိုအချိန်၌ မိန်းမပျိုသည် အနည်းငယ်တည်ငြိမ်နေပြီ ဖြစ်၏။ မိမိကိုယ်မိမိ ထိန်းသိမ်းလာနိုင်ပုံရ၏။

ထိုအခါမှပင် ကိုဖိုးအေးတို့သည် ချော့မော့၍ သူမ၏အမည်ကို မေးမြန်းလေ၏။ မိန်းမပျိုက ညှိုးငယ်သော အမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မနာမည် ခင်မေရီလို့ ခေါ်ပါတယ်၊ ဘာဖြစ်လို့လဲ မသိဘူး၊ အစ်ကိုကြီးတို့လင်မယားနဲ့တွေ့ပြီး ကျွန်မရင်ထဲမှာ အေးချမ်းသွားတယ်၊ လောကကြီးကို အရှုံးပေးပြီး ထွက်သွားချင်စိတ်လည်း မရှိတော့ဘူး၊ အစ်ကိုကြီးတို့နဲ့ မတွေ့ခင်က စိတ်ညစ်တာမှ ပြောမပြတတ်အောင်ပဲ "

ဟု ပြောလေ၏။ ထိုအခါ မအေးစိန်က ရယ်မော၍

" အေးချမ်းသွားတယ်ဆိုတာ ဝမ်းသာလိုက်တာ၊ ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှဒုက္ခမပေးတော့ပါဘူးလို့ အစ်မကို ကတိပေးစမ်း "

ဟု ပြောလေရာ မိန်းမပျိုက တွေဝေခြင်းမရှိဘဲ မိမိကိုယ် မိမိ ဒုက္ခမပေးတော့ပါဟု ကတိပေးလေ၏။

မအေးစိန်သည် မိန်းမပျိုအား စားကောင်းသောက်ဖွယ်များ ဝယ်ယူ၍ ချက်ပြုတ်ကျွေးမွေးလေ၏။

မသူဇာကလေးကလည်း မိန်းမပျိုကို အစ်မတစ်ယောက်သဖွယ် ခင်မင်သောအမူအရာဖြင့် ဆက်ဆံလေ၏။





ဤသို့ဖြင့် ခင်မေရီဆိုသော မိန်းမပျိုသည် ကိုဖိုးအေးတို့၏ နေအိမ်၌ သောင်တင်ခဲ့လေ၏။ ကိုဖိုးအေးတို့လင်မယားသည် စိတ်နှလုံးကောင်းမွန်သူများဖြစ်၍ ခင်မေရီကို ညီမအရင်းသဖွယ် ချစ်ခင်ကြင်နာ၏။

လူအများကမေးမြန်းလျှင် ခင်မေရီကို ညီမလေးဟူ၍သာ ပြောဆို၏။ ခင်မေရီသည် မအေးစိန်နှင့်အတူ အိမ်မှုကိစ္စများကို ဝိုင်းဝန်းလုပ်ကိုင်၏။

မအေးစိန်သည် သူမအတွက် အဝတ်တစ်ထည်ဝယ်ပေ
အခါ ခင်မေရီအတွက်လည်း အဝတ်တစ်ထည်ဝယ်၏

သနပ်ခါးတုံး၊ မျက်နှာချေအခဲ စသည်တို့ဝယ်
၌လည်း ထိုသို့ပင်ဖြစ်၏။ ကိုဖိုးအေးသည် သူ၏ထ
များကို ဆယ့်နှစ်ပွဲဈေးရွာန်းများ၌ သွား၍ရောင်းရ

ထိုသို့ရောင်းချသည့်အခါ မအေးစိန်ကို အဖော်
သွားတတ်၏။

တစ်နေ့သ၌ ခင်မေရီသည် ကိုဖိုးအေးတို့နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



မြသလွန် ဘုရားပွဲတော်သို့ လိုက်ချင်သည်ဆို၏။ ထိုအခါ ကိုဖိုးအေးသည် သမီးလေး သူဇာကို ဒေါ်ရွှေမြကြီး၏နေအိမ်၌ အပ်နှံ၍ မအေးစိန်နှင့် ခင်မေရီကိုခေါ်ကာ ဘုရားပွဲသို့ သွားလေ၏။

ဘုရားပွဲတော်၌ နေထိုင်စားသောက်ရခြင်းသည် ပင်ပန်းဆင်းရဲလှသဖြင့် သမီးလေးကို မြို့မှာပင် ထားရှိ၏။

ဘုရားပွဲတော်သို့ရောက်သောအခါ ကိုဖိုးအေးသည် ထင်းရှူးသေတ္တာများကို ရောင်းချလေ၏။ မအေးစိန်နှင့် ခင်မေရီလည်း ကိုဖိုးအေးနှင့်အတူ ကူညီရောင်းချလေ၏။

ကတိပေး ၃်သို့ဈေးရောင်းရင်း ခင်မေရီသည် အပျိုအရွယ် မိန်းမရွယ်

ဟု ပြင်ဆင်လေ၏။

မိမိ ဒုက္ခမဖော့ပြင်ဆင်သည့်အခါ ကာလသားများသည် ခင်မေရီကို

မအေးလို့ဟာ ထင်းရှူးသေတ္တာပုံးများကို ဝင်ရောက်ကြည့်ရှု

ဝယ်ယူ၍ ၎

ထိုအခါ ခင်မေရီက အမူပိုပိုဖြင့် ထင်းရှူးသေတ္တာပုံးများကို သဖွယ်ငှ်အောင် ရောင်းလေ၏။

——— စေတနာတာပေ ———



ထိုအခါ ထင်းရှူးသေတ္တာပုံးများ ပိုမို၍ ရောင်းထွက်လေ၏။ ထင်းရှူးသေတ္တာပုံးများ ရောင်းချရ၍ ကိုဖိုးအေးသည် ပျော်ရွှင်ပြီး

" ငါ့ညီမအစွမ်းကြောင့် ထင်းရှူးသေတ္တာတွေ ပိုရောင်းရတယ်၊ ဒါကြောင့် ဈေးပွဲတော်ကြီးပြီးရင် ငါ့ညီမအတွက် ပဒုမ္မာပိတ်စနဲ့ စူရတီလုံချည် ဝယ်ပေးရမယ် "

ဟု ပြောလေရာ ခင်မေရီသည် သဘောကျဟန်ဖြင့် တခစ်ခစ်ရယ်မောနေလေ၏။

ကိုဖိုးအေး ၏ဇနီးဖြစ်သူ မအေးစိန်ကမူ ရင်၌ ဝဲတွင် အမျိုးအမည်မသိသော ဝေဒနာတစ်မျိုးကို ခံစားလိုက်ရ၏။

မိမိ၌ ခင်မေရီကဲ့သို့ အချည်အချင်းမရှိဟူ၍ သိမ်ငယ်စိတ်ကလေးလည်း ဝင်ရောက်ခဲ့၏။ မအေးစိန်သည် ခင်မေရီကို ညီမလေးတစ်ယောက်ကဲ့သို့ ချစ်သော်လည်း ကိုဖိုးအေး၏ မျက်နှာသာပေးမှုကို နှစ်သက်ခြင်း မရှိချေ။

ထိုနေ့ညနေသို့ရောက်သောအခါ ခင်မေရီသည် ရေချိုးဆိပ်သို့ ရေချိုးပြီး အလှအပပြင်ဆင်ကာ ပွဲခင်းထဲ၌ လှည့်လည်နေ၏။

——— စေတနာတာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ခင်မေရီသည် ပွဲခင်း၌ အတန်ကြာအောင်လှည့်လည်ပြီး မှောက်စီရျက်နှာပျက်ကာ ပြန်ရောက်လာ၏။ မအေးစိန်သည် ခင်မေရီကို ဆီးကြို၍

" ဘာဖြစ်လာတာလဲ ညီမ "

ဟု မေးမြန်းလေ၏။ ထိုအခါ ခင်မေရီက အနောက်သို့ လက်ညှိုးညွှန်ပြ၍

" ဟိုလူတွေ ညီမကို နောက်ကတကောက်ကောက်လိုက်ပြီး နှောင့်ယှက်နေတယ်၊ သူတို့ကြောင့် ညီမသိပ်ရှက်တာပဲ "

ဟု ပြောလေရာ အနီး၌ထိုင်နေသော ကိုဖိုးအေးသည် ခင်မေရီ၏စကားကိုကြားပြီး ဒေါသတကြီး တက်ခေါက်ကာ

" ငါ့ညီမကို ဘယ်သူတွေလိုက်နှောင့်ယှက်တာလဲ၊ မိုက်ရိုင်းလှချည်လား၊ မိမဆုံးမ ဖမဆုံးမ သားတွေလား "

ဟု ရေရွတ်လေ၏။ ကိုဖိုးအေး၏စကားမဆုံးမီ ပွဲခင်းထဲသို့ လူသုံးယောက် ရောက်ရှိလာ၏။

ထိုသူများကိုကြည့်ပြီး ခင်မေရီက အထိတ်တလန့်ဖြင့်





" ဟိုမှာ ညီမကိုနှောင့်ယှက်တဲ့သူတွေ လိုက်လာပြီ "

ဟု ပြောလေ၏။

ကိုဖိုးအေးသည် ခင်မေရီကို ညီမအရင်းသဖွယ် သဘောထားသဖြင့် သူမအား လိုက်လံနှောင့်ယှက်သူများကို ဒေါသတကြီး ဆီးကြို၍

" ဟောကောင်တွေ... ငါ့ညီမကို ဘာလို့လိုက်နှောင့်ယှက်တာလဲ၊ မင်းတို့မှာ ယဉ်ကျေးမှုမရှိဘူးလား "

ဟု ကြိမ်းမောင်းလေ၏။

ထိုအခါ ခင်မေရီကိုနှောင့်ယှက်သူများသည် မိုက်မိုက်ကန်းကန်းသမားများဖြစ်၍ ကိုဖိုးအေးအား မထီမဲ့မြင် အမူအရာဖြင့်

" အဖိုးကို လူဖိုးလိုက်တာ ဘာဆန်းလဲ ယောက်ဖကြီးရ၊ ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသပုန်ထရတာလဲ၊ ယောက်ဖကြီးလည်း နောက်ပိုးရှုးမလုပ်ဖူးဘူးလား "

ဟု ပြောလေရာ ကိုဖိုးအေးသည် ရိုးသားသူတစ်ဦးဖြစ်သော်လည်း သူ၏စိတ်ကို မထိန်းနိုင်တော့ဘဲ ကာလသားတစ်ဦးကို



www.burmeseclassic.com

www.burmeseclassic.com



စတင်ထိုးကြိတ်ရာမှ ရန်ပွဲဖြစ်ပွားလေ၏။

ဆယ့်နှစ်ပွဲဈေးသည်များက ရန်ပွဲကို ဝင်ရောက်ဖြန်ဖြေကြ၏။ ကိုဖိုးအေးကတစ်ယောက်၊ ကာလသားများက သုံးယောက်ဖြစ်သဖြင့် ကိုဖိုးအေးသည် ထိခိုက်ဒဏ်ရာများစွာ ရရှိလေ၏။

မအေးစိန်သည် ခင်မေရီကြောင့် ကိုဖိုးအေး ဒဏ်ရာရသဖြင့် မကျေမချမ်းဖြစ်သွားပြီး ခင်မေရီကို မျက်နှာတည်တည်ဖြင့် ကြည့်၍

" ငါ့ညီမ… နောက်ဆိုရင် ပွဲခင်းထဲကို တစ်ယောက်တည်း မလျှောက်နဲ့တော့၊ အစ်ကိုဟာ မင်းကြောင့် ရန်ဖြစ်ရပြီ၊ သူ့တစ်သက်မှာ တစ်ခါမှ ရန်ဖြစ်ဖူးတာမဟုတ်ဘူး "

ဟု ပြောလေ၏။

ခင်မေရီသည် မအေးစိန် စိတ်ဆိုးသွားမှန်းသိ၍ နောက်တစ်ကြိမ် ပွဲခင်းထဲသို့မထွက်ပါဟု ကတိပြုလေ၏။ ခင်မေရီသည် ဒဏ်ရာရသွားသော ကိုဖိုးအေးကို စိတ်မကောင်းဟန်ဖြင့် ကြည့်၍

" ဖြစ်မှဖြစ်ရလေ အစ်ကိုကြီးရယ်၊ ညီမကြောင့် လူရမ်းကားတွေနဲ့ ရန်ဖြစ်တာ စိတ်မကောင်းလိုက်တာ "





ဟု ပြောကာ ဒဏ်ရာကို ဆေးထည့်ပေးလေ၏။

မအေးစိန်သည် ထိုမြင်ကွင်းကိုကြည့်၍ ရင်ထဲတွင် ဝေဒနာတစ်မျိုး ခံစားရပြန်၏။

ဆယ့်နှစ်ပွဲဈေးမှပြန်လာသောအခါ ခင်မေရီသည် မအေးစိန်တို့ လင်မယားထက် သူ့ဇာလေးနှင့်သာ ဆော့ကစားနေလေ၏။

သူမသည် သူ့ဇာကိုခေါ်၍ မြို့ပြင်ရေကန်ကြီးသို့ သွားတတ်၏။ သူ့ဇာသည် ရေကန်ကြီး၌ အလွန်ပျော်ရွှင်၏။

တစ်ခါတစ်ရံ မြို့လယ်ခေါင်ဈေး၌ လှည့်လည်သွားလာနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကိုဖိုးအေးသည် ထင်းရှူးသားများဝယ်ရန် အနီးအနားမြို့သို့ ခရီးထွက်ရန် ကြံစည်၏။ ကိုဖိုးအေးသည် ခရီးသွားခါနီးသောအခါ မအေးစိန်၏ပခုံးကိုဖက်၍

" ထင်းရှူးသားတွေ အများကြီးဝယ်ရမယ်ကွ၊ ဒီတစ်ခါ ထင်းရှူးသေတ္တာတွေ နောက်ဆုံးလုပ်ရောင်းတာပဲ၊ ထင်းရှူးသားတွေ ကုန်ရင် မရောင်းတော့ဘူး၊ တောထဲက, ငါတို့ရထားတဲ့ ရတနာတွေကို ထုခွဲပြီး အညာဆန်လှေကြီးတစ်စီးထောင်မယ် "

ဟု ပြောလေရာ မအေးစိန်သည် ကိုဖိုးအေး၏အကြံအစည်





ကို သဘောကျသွားပြီး

" ရှင့်အကြံကောင်းတယ် ကိုဖိုးအေး၊ ကျွန်မတို့ တောထဲကနေ မြို့တက်လာတာလည်း သုံးနှစ်လောက်ရှိပြီ၊ ကျွန် ဘို့ကို ဘယ်သူမှ မရိပ်မိတော့ပါဘူး "

ဟု ပြောလေ၏။

ထိုအခါ ၎င်းတို့၏စကားကို နားစွင့်နားဖျားကြားသော ခင်မေရီသည် အနီးသို့ရောက်လာပြီး

" ဟင်... အစ်ကိုကြီးက ထင်းရှူးသေတ္တာလုပ်မရောင်းတော့ဘဲ လှေကြီးတစ်စီးဝယ်ပြီး အလုပ်လုပ်မယ် ဟုတ်လား၊ လှေကြီး တစ်စီးဝယ်မယ်ဆိုတော့ ငွေတွေအများကြီးလိုမှာပဲ၊ အဲဒီငွေတွေ ဘယ်ကရမှာလဲ "

ဟု မေးမြန်းလေ၏။

ကိုဖိုးအေးတို့လင်မယားသည် ခင်မေရီကို ညီမအရင်းကဲ့သို့ ခင်မင်၏။ တစ်နေ့နေ့ တစ်ချိန်ချိန်၌ ချစ်တီးများထံမှ ရတနာသေတ္တာ အကြောင်းကို ဖွင့်ပြောရန် ကြံစည်ထား၏။



www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ် ခင်မေရီအား အမှန်အတိုင်းပြောရန် မဖြစ်နိုင်သေးချေ။ ထို့ကြောင့် ကိုဖိုးအေးက

" အစ်ကိုကြီးတို့မှာ လှေဝယ်နိုင်မဲ့နည်းလမ်းရှိပါတယ် ညီမလေးရယ်၊ လောလောဆယ် ရှင်းမပြသေးဘူး၊ နောက်တော့မှ ဘယ်လိုလှေဝယ်မယ်ဆိုတာ ရှင်းပြမယ် "

ဟု ပြောလေရာ ခင်မေရီသည် ဆက်လက်၍မေးနေခြင်း မရှိတော့ဘဲ တိတ်ဆိတ်သွားလေ၏။

ကိုဖိုးအေးသည် ခရီးထွက်ကာနီး သမီးလေးသူဇာကို ပွေ့ချီ၍

" သူဇာ... သမီးလေး၊ အဖေပြန်လာရင် ဘာလိုချင်လဲ"

ဟု မေးမြန်းလေရာ သူဇာက

" စွန်လည်ပုံ မျက်နှာချေမှုန့် "

ဟု ပြောလေ၏။ ကိုဖိုးအေးက ရယ်မော၍

" ဟား ဟား ဟား... သမီးက စွန်လည်ပုံ မျက်နှာချေမှုန့်တောင် လိုချင်နေပြီဆိုတော့ အပျိုကြီးလုပ်ချင်နေပြီပေါ့ "





ဟု နောက်ပြောင်လေ၏။

ထို့နောက်တွင်မှ ကိုဖိုးအေးသည် ထင်းရှူးသားများဝယ်ရန် သင်္ဘောဆိပ်သို့ ဆင်းသွားလေ၏။

ကိုဖိုးအေးမရှိသောအခါ မအေးစိန်သည် ထင်းရှူးသေတ္တာများကို မိမိကိုယ်တိုင် ရောင်းချရလေ၏။ ထိုသို့ ထင်းရှူးသေတ္တာ ရောင်းနေစဉ် ခင်မေရီသည် မအေးစိန်၏အနီးသို့ကပ်၍

" အစ်ကိုပြန်လာရင် အညာဆန်လှေဝယ်မယ်ဆိုတော့ အစ်မတို့မှာ ပိုက်ဆံတွေရှိလို့ပေါ့နော် "

ဟု မေးမြန်းလေ၏။

မအေးစိန်သည် ခင်မေရီ၏မေးခွန်းကြောင့် ဖြေဆိုရန် ခက်ခဲသွားလေ၏။ ၎င်းတို့ ချစ်တီးများထံမှရရှိထားသော ရတနာသေတ္တာ၏အကြောင်းကို ဖွင့်ပြောရနိုး ဖြစ်နေလေ၏။

ခင်မေရီက မအေးစိန်၏မျက်နှာကို ကြည့်၍

" ပြောပါ အစ်မရယ်၊ ညီမ သိချင်လို့ပါ၊ အစ်မတို့ အညာဆန်လှေကြီးဝယ်တော့မယ်ဆိုတော့ ကျွန်မ သိပ်ဝမ်းသာသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ **အစ်မတို့**ကို ညီမက ကိုယ့်မောင်နှမအရင်းအခြာတွေလို **သဘောထား**တယ်ဆိုတော့ အစ်ကိုကြီး တစ်သက်လုံး ပင်ပင်ပန်းပန်း ထင်းရှူးသေတ္တာတွေ လုပ်ရောင်းရမှာမကြည့်ရက်ဘူး၊ အစ်မတို့ အခုလို အညာဆန်လှေကြီးဝယ်နိုင်တော့မယ်ဆိုတာသိရတော့ ဝမ်းသာ သွားတယ်၊ ဘာလဲ… အစ်မတို့လင်မယား ထီတွေ ဘာတွေ ပေါက်ထားလို့လား ”

ဟု မေးမြန်းပြန်၏။

မအေးစိန်သည် ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်၏။ ခင်မေရီ၏ စေတနာသန့်သန့်နှင့် မေးမြန်းသည်ဟူလည်း ယုံကြည်၏။

ထို့ကြောင့် သူမတို့ဇနီးမောင်နှံ မှိုခူးထွက်ရင်း ရရှိထားသော ရတနာများအကြောင်းကို ပြောရန်ကြံ၏။ သို့သော် ထိုသို့ပြောရန် ကြံပြီးကာမှ ကိုဖိုးအေးမျက်နှာကိုမြင်မိပြီး ယောက်ျားဖြစ်သူ ပြန် လာမှ ပြောမည်ဟု ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် သိချင်စိတ် ပြင်းပြနေသော ခင်မေရီ၏ပခုံးကို ဖက်၍





“ ဒီအကြောင်းတွေကို အချိန်တန်ရင် ညီမသိရမှာပေါ့ ကွယ်၊ ညီမဝမ်းသာအောင် အစ်မတို့ ပြောပြမှာပါ၊ အစ်ကိုကြီး ပြန်လာအောင် စောင့်လိုက်နော်၊ သူပြန်လာရင် ပြောပြတော့မယ် ”

ဟု ပြောလေရာ ခင်မေရီက မျက်နှာရှုံ့မဲ့၍

“ အကိုကြီး မနက်ဖြန် သဘက်ခါဆို ပြန်လာတော့မှာ ပဲ၊ အစ်မ အခုပဲ ပြောပြလိုက်ပါ၊ အစ်ကိုကြီးပြောပြတာထက် အစ်မပြောပြတာကို ပိုနားထောင်ချင်ပါတယ် ”

ဟု ပြောလေရာ မအေးစိန်သည် မိမိ၏ယောက်ျား ပြောပြခြင်းက ပိုမိုကောင်းမွန်မည်ဟု ယူဆလိုက်၏။

သူမ၏ရင်ထဲတွင် ကိုဖိုးအေးက ခင်မေရီကို ညီမလေး တစ်ယောက်ကဲ့သို့ အရေးတယူပြုခြင်းကို မနှစ်မြို့ချင်သလို ရှိ၏။ ထို့ကြောင့် ရတနာသေတ္တာ၏လျှို့ဝှက်ချက်ကို ပြောပြရန် ဆုံးဖြတ် လိုက်၏။

မအေးစိန်သည် အေးဆေးတည်ငြိမ်စွာဖြင့် တောထဲမှ ရတနာများရရှိခြင်းကို ပြောပြနေလေ၏။ ခင်မေရီသည် အံ့ဩဟန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် **စိတ်ဝင်တစား** နားထောင်နေလေ၏။

မအေးစိန်၏စကားအဆုံး၌ ခင်မေရီက

“ အစ်မတို့အဖြစ်က ဆန်းလိုက်တာ၊ ကံလည်း တော်တော်ကောင်းတယ်နော်၊ ချစ်တီးတွေဆီက ရတနာသေတ္တာကို သူကြီးနဲ့ သူ့လူတွေက အသက်ပေးပြီး ပင်ပင်ပန်းပန်း ခိုးပြတိုက်တယ်၊ ရတနာသေတ္တာကိုရတော့ အစ်မတို့လင်မယားက ရသွားတယ် ”

ဟု ပြောလေရာ မအေးစိန်က သက်ပြင်းချ၍

“ အစ်မတို့လင်မယားမှာ ကြီးပွားချမ်းသာစေတဲ့ ကံကြမ္မာပါလို့ ဖြစ်မှာပေါ့ကွယ်၊ ဒါပေမဲ့ ဒီရတနာတွေကို အစ်မတို့လင်မယား မောင်ပိုင်မစီးပါဘူး၊ အများအကျိုးရှိတဲ့နေရာတွေမှာ လှူဖို့တန်းဖို့လည်း ဆုံးဖြတ်ထားပါတယ် ”

ဟု ပြောလေရာ ခင်မေရီက ခေါင်းတဆတ်ဆတ်ညိတ်၍

“ အစ်မတို့ရဲ့ စေတနာ သဒ္ဓါတရားထက်သန်ပုံကို သာဓုခေါ်ပါတယ်ရှင်၊ ဒါနဲ့ မေးပါဦး ရတနာသေတ္တာကို ဘယ်မှာဖွက်ထားတာလဲ ”





ဟု မေးမြန်းလေ၏။

မအေးစိန်သည် ခင်မေရီ၏အနီးသို့ တိုးကပ်၍ လေသံတိုးတိုးဖြင့်

“ ရတနာသေတ္တာကို အိမ်အနောက်က မဲဇလီပင်အောက်မှာ မြှုပ်ထားတယ် ”

ဟု ပြောလေရာ ခင်မေရီသည် အံ့သြဟန်ဖြင့် မျက်လုံးများဝိုင်းလက်သွားလေ၏။

၎င်းတို့နှစ်ဦး ပြောဆိုနေခြင်းကို အိပ်ခန်းထဲမှ နားထောင်နေသော သူစာလေးသည် အလွန်အံ့သြသွားပြီး

“ အဖေနဲ့ အမေဟာ တောထဲက ရတနာသေတ္တာကိုရပြီးတော့ ငါတို့အိမ်နောက်က မဲဇလီပင်ကြီးအောက်မှာ မြှုပ်ထားတာပေါ့၊ မဲဇလီပင်အောက်မှာ ငါ အမြဲကစားပြီး ရတနာသေတ္တာမြှုပ်ထားတာ မသိဘူး ”

ဟု တွေးတောနေလေ၏။

သူစာသည် တစ်ညလုံး မဲဇလီပင်အောက်မှာမြှုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ရတနာသေတ္တာအကြောင်းကို တွေးပြီး အိပ်မပျော်နိုင်ဘဲ ရှိလေ၏။

သူဇာသည် အိပ်ရာထဲ၌ ဟိုသည်လူးလွန့် အိပ်ပျော်နိုင်အောင် ကြိုးစားလေ၏။

ထိုအခိုက်မှာပင် အိမ်၏နံဘေးမှ အသံကြားရ၍ ထရံကြားမှ ချောင်းကြည့်လိုက်သောအခါ မီးအိမ်ကိုင်ဆွဲထားသော လူတစ်ဦး အိမ်အနောက်သို့ တိတ်တဆိတ်သွားလာနေကြောင်း တွေ့ရ၏။

သူဇာသည် ထိုသူကို အလင်းရောင်ဖြင့် သေချာစွာကြည့်ရှုသောအခါ ခင်မေရီဖြစ်နေကြောင်း တွေ့ရ၏။ ခင်မေရီသည် အိမ်အနောက်သို့ ဦးတည်ပြီးသွားနေ၏။

မဲလီပင်အောက်သို့ရောက်သောအခါ မီးအိမ်ကို မြေပေါ်၌ချ၍ သံတူရွင်းတစ်လက်ဖြင့် မဲဇလီပင်အောက်ရှိ ရတနာသေတ္တာကို တူးဆွနေကြောင်း တွေ့ရ၏။

အစ်မ ခင်မေရီသည် အဘယ်ကြောင့် မဲဇလီပင်အောက်ရှိ ရတနာသေတ္တာကို တူးဆွနေသနည်း။ မိဘများရယူထားသော ရတနာသေတ္တာကို ရယူချင်စိတ်ကြောင့် တူးယူခြင်းပေလော။

———— ဓေဘာနာဘာဓေ ————



သူဇာလေးသည် ကလေးသာသာပင်ဖြစ်သော်လည်း မိဘများ ပင်ပန်းကြီးစွာ ရယူထားသော ရတနာသေတ္တာဆုံးရှုံးသွားမှာ စိုးရိမ်နေမိ၏။

ထို့ကြောင့် အနီး၌အိပ်ပျော်နေသော မိခင်ဖြစ်သူကို လှုပ်ယှ ကာ

" အမေ... အမေ၊ အစ်မ ခင်မေရီလေ၊ မဲဇလီပင်ကြီးအောက်ကို သံတူရွင်းနဲ့တူးနေ တွေ့ ချ

ဟု တိုင်ကြားလိုက်လေ၏။ ကောင်း ရတနာတွေ ကြောင့်

မအေးစိန်သည် ရုတ်တရက် ဂ ပြောလေရာ မအေး ကို စိမ်း

စကားကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ချ ပဲဆိုပြီး အကွက်ဆင်ခဲ့တာပဲ၊

ကတန်းထ၍ အိမ်အနောက်သို့ သင်မယားဟာ ကိုယ့်ကိုယ်ကိုယ်

မဲဇလီပင်အောက်သို့ရော သွေးနားထင်ရောက်နေတယ်၊

ရတနာသေတ္တာပင် ရောက်ရှိနေလေပြီ။ ဒါ ငတို့ဟာ သူတစ်ပါး အသက်

အံ့ဩဟန်ဖြင့် ကြည့်၍ စွည်းတွေကို အချောင်လိုချင်တဲ့ အချောင်

" ခင်မေ ပဲ "

———— ဓေဘာနာဘာဓေ ————

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဒီအောက်တောင် လောဘကြီးရတာလဲ၊ ညည်းကို ရတနာသေတ္တာရဲ့လျှို့ဝှက်ချက်ကို ပြောမိတာ သိပ်မှားသွားပြီ ”

ဟု ပြောလေ၏။

ထိုအခါ ခင်မေရီက မအေးစိန်ကိုကြည့်၍ ခေါင်းခါယမ်း

ချောင်းကြည့်၊
ဘာကြီးတော ကျွန်မမဟုတ်ဘူး၊ ရှင်တို့လင်မယား
အိမ်အနောက်သို့
ကစ်ပါး အသက်နဲ့လဲပြီး ရထားတဲ့ ရတနာ
သည် ဝ
ကပ်ပြီး အပိုင်စီးထားတယ်၊ တကယ်တော့
ရှုသေ မေရီဖြ
က်သောအခါ ခင် ကျွန်မရှင်၊ ချစ်တီးလှည်းကို ဦးဆောင်ပြီး
အိမ်အ
မအေးစိန်သည် တောင် မောင်မောင်တုတ်ဆိုတာ ကျွန်မ
မဲလပင်အောက်သို့
ကို ရှင်တို့ခိုးမှာ မထားခဲ့နိုင်ဘူး ”
၍ သံတူရွင်းတစ်လက်ဖြင့် မဲ
းစိန်သည် ခင်မေရီကိုကြည့်၍ အလွန်
တူးဆွနေကြောင်း တွေ့ရ၏

အစ်မ ခင်မေရီသည် ဒေ
းရှိလို့ ကျေးစွမ်းလိုက်တယ်
ရတနာသေတ္တာကို တူးဆွနေသနည်း။
လဲ၊ သတိရဦး ”
ရတနာသေတ္တာကို ရယူချင်စိတ်ကြောင့် တူး



ဟု ပြောလေ၏။ မအေးစိန်၏စကားကြောင့် ခင်မေရီက သဘောကျပြာန်ဖြင့် ရယ်မော၍

“ဟား ဟား ဟား… ရှင်တို့လင်မယားက ကျွန်မအသက်ကို ကယ်ထားတယ်ဆိုပြီး ဟုတ်လှပြီ အောက်မေ့နေတယ်၊ တကယ်တော့ ရတနာသေတ္တာကို ရှင်တို့လင်မယားရသွားတယ်ဆိုတာ တစ်ရွာလုံးမရိပ်မိပေမဲ့ ကျွန်မကတော့ ရိပ်မိတယ်၊ ဒီရွာနေ ချစ်တီးကြွေးမဆပ်နိုင်ဘူးဆိုပြီး လယ်တွေ ချစ်တီးလက်ထဲ ထွက်သွားတာ သံသယဖြစ်စရာ သိပ်ကောင်းတယ်၊ ဒါကြောင့် ရှင်တို့လင်မယားနဲ့ အနီးကပ်နေပြီး ရတနာသေတ္တာအကြောင်းကို စုံစမ်းချင်လို့ ကျွန်မဘာသာ ရေထဲခုန်ချမယ်ဆိုပြီး အကွက်ဆင်ခဲ့တာပဲ၊ ဒါကို သဘောမပေါက်တဲ့ ရှင်တို့လင်မယားဟာ ‘ကိုယ့်ကိုယ်ကိုယ် ကျွန်မရဲ့ကယ်တင်ရှင်ကြီးတွေဆိုပြီး သွေးနားထင်ရောက်နေတယ်၊ အခုတော့ ကျွန်မတွက်ကိန်းမှန်နေပြီ၊ ရှင်တို့ဟာ သူတစ်ပါး အသက်နဲ့လဲပြီး ရယူထားတဲ့ ပစ္စည်းတွေကို အချောင်လိုချင်တဲ့ အချောင်သမား လင်မယားပဲ ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ရွတ်ခဲ့လေ၏။

မအေးစိန်သည် မိမိတို့လင်မယားအပေါ် အကွက်ဆင် ချောက်ရှိလာသော ခင်မေရီကို မကျေမချမ်းဖြစ်သွားပြီး

" ညည်း... တော်တော်ယုတ်မာကောက်ကျစ်တဲ့ မိန်းမပဲ၊ ဘာပဲဖြစ်ဖြစ် ရတနာသေတ္တာကို-ညည်းလက် ထည့်မပေးနိုင်ဘူး၊ ပြန်ပေးစမ်း "

ဟု တောင်းလေ၏။ ခင်မေရီက ခေါင်းခါယမ်း၍

" မပေးနိုင်ဘူး၊ ဒါဟာ ရှင်တို့နဲ့ မဆိုင်ဘူး "

" ငါတို့နဲ့ထိုက်လို့ ငါတို့ရတာဟဲ့၊ တောထဲမှာ စွန့်ပစ်ထား တဲ့ ရတနာတွေကို ငါတို့လင်မယားပဲ ပိုင်သင့်တယ်၊ အခုချက်ချင်း ရတနာသေတ္တာကို ပြန်ပေးစမ်း "

ထိုအခါ ခင်မေရီသည် ရတနာများကိုယူ၍

" မပေးဘူး "

ဟု ငြင်းဆန်ကာ ထိုနေရာမှ ထွက်ပြေးရန် ကြံ၏။ မအေးစိန်သည် အနီးသို့ကပ်၍ ရတနာသေတ္တာကို ပြန်လု၏။

——— စေတနာစာပေ ———



ထိုအခိုက်မှာပင် သူစာသည် အနီးသို့ပြေးလာပြီး ငိုယိုပြီး တားဆီးလေ၏။

ခင်မေရီသည် ရတနာသေတ္တာကို လုယူရန်ကြိုးစားနေသော မအေးစိန်ကိုကြည့်၍ တက်ခေါက်လိုက်ပြီး

" ဒီမိန်းမကြီး သေချင်နေပြီ၊ ဒီလောက်တောင်မြစ်တာ သေပေတော့ "

ဟု ဆိုကာ မအေးစိန်၏ရင်ဝကို အသင့်ဆောင်ထားသော ဓားမြှောင်ဖြင့် ဆောင့်ထိုးလိုက်လေ၏။

မအေးစိန်သည် အားခနဲအော်၍ မြေပေါ်သို့ လဲကျသွားလေ ၏။ သူစာလေးသည် မိခင်ကို စိုးရိမ်ကြီးစွာဖြင့်

" အမေ့ကို ဓားနဲ့ထိုးသွားပြီ၊ လုပ်ကြပါဦး "

ငိုယိုပြောဆိုလေ၏။

ထိုအချိန်၌ ခင်မေရီသည် ရတနာသေတ္တာကိုပိုက်၍ အိမ်မှ ထွက်ပြေးသွားလေ၏။ သူစာလေးသည် သွေးအိုင်ထဲ၌ လဲကျနေ သော မိခင်ကိုဖက်၍ ငိုယိုပြီး ကျန်ရစ်ခဲ့လေ၏။

——— စေတနာစာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့နံနက် အရုဏ်တက်အချိန်မှာပင် ထင်းရှူးသားများဝယ်ရန် ခရီးထွက်သွားသော ဖခင်ပြန်ရောက်လာပြီး မအေးစိန်၏အဖြစ်ဆိုးကို သိရလေ၏။

သူဇာသည် ငိုယိုပြီး ခင်မေရီ၏လုပ်ရပ်များကို ပြောပြလေ၏။ ကိုဖိုးအေးသည် ရတနာသေတ္တာကိုဆုံးရှုံးပြီး ဇနီးဖြစ်သူအသက် ဆုံးကြောင်း သိရသောအခါ အရူးအမူး ခံစားရလေ၏။

မကြာမီ ပုလိပ်များလာရောက်စုံစမ်းသောအခါ ကိုဖိုးအေးသည် ချစ်တီးများ၏ရတနာသေတ္တာကို ချန်လှပ်၍ မိမိတို့ပိုင်ပစ္စည်းများကို ခိုးယူ၍ ဇနီးဖြစ်သူကိုသတ်သွားကြောင်း ပြောလေ၏။

ပုလိပ်များသည် ခင်မေရီ၏သတင်းကို အမြန်ဆုံး စုံစမ်းပေးမည်ဟု ပြောလေ၏။ ကိုဖိုးအေးနှင့် သူဇာသည် မအေးစိန်အတွက် များစွာဝမ်းနည်းကြေကွဲခဲ့လေ၏။

ကိုဖိုးအေးသည် မိမိ၏လောဘကြောင့် ဇနီးဖြစ်သူ သေဆုံးရသည်ဟု ယူဆပြီး ပို၍ကြေကွဲလေ၏။ ဒေါ်ရွှေမြကြီးသည် ဝမ်းနည်း ကြေကွဲနေသော ကိုဖိုးအေးတို့သားအဖကို နှစ်သိမ့်လေ၏။





ဒေါ်ရွှေမြသည် ၄င်းတို့သားအဖကို သူမ၏နေအိမ်၌ပင် နေထိုင်စေ၏။ ကိုဖိုးအေးသည် ထိုအချိန်မှစ၍ သူ၏မျှော်လင့်ချက်များ ပျက်သုန်းသွားသည်ဟု ခံစားရပြီး မည်သူနှင့်မျှ စကားမပြောဘဲ နေလေ၏။

ထင်းရှူးသေတ္တာအလုပ်ကိုလည်း မလုပ်တော့ချေ။

ထို့ကြောင့်ပင် သမီးလေးသူဇာကို ဒေါ်ရွှေမြကြီး စောင့်ရှောက်ရ၏။ ဒေါ်ရွှေမြကြီးသည် အစားအသောက်စိမ်းစိမ်း ကိုဖိုးအေးကို ဂရုစိုက်၍ ကျွေးမွေး၏။

သို့သော် ခေါင်းမာသော ကိုဖိုးအေးသည် အစားအသောက်ကိုလည်း မစား၊ မည်သူနှင့်မျှလည်း စကားမပြောဘဲနေ၏။ သူ၏ဆံပင်များကိုလည်း ညှပ်ခြင်းမရှိတော့ချေ။

မုတ်ဆိတ်မွေး၊ ပါးပြိုင်းမွေးများလည်း ရှည်သည်ထက်ရှည်လာ၏။ သူသည် တစ်ခါတစ်ရံ တစ်ကိုယ်တည်း စကားပြော၍ နေလေ၏။

၄င်းတို့အကြောင်းကို သိသူများသည် ထင်းရှူးသေတ္တာပုံး



www.burmeseclassic.com

www.burmeseclassic.com



များအကြားၖ ထိုင်၍ တစ်ကိုယ်တည်းစကားပြောဆိုနေသော ကိုဖိုးအေးကို ကရုဏာသက်ကြ၏။

ကိုဖိုးအေးအနီးတွင်ထိုင်၍ ဖခင်ကို ငေးမောကြည့်ရှုနေသော သူဇာကိုမြင်လျှင် ပိုမို၍ ကရုဏာသက်ကြ၏။

သူဇာသည် ငယ်ရွယ်နုနယ်သူဖြစ်သော်လည်း မိခင်ဖြစ်သူ အသက်ရက်စက်စက် သတ်ဖြတ်သွားသော ခင်မေရီကို အမုန်းကြီး ၏။

ကိုဖိုးအေးသည် အစားအသောက်မမှန်သဖြင့် တဖြည်းဖြည်း ပိန်ချုံးလာ၏။ သူသည် ဖနီးဖြစ်သူအတွက် ကြေကွဲဝမ်းနည်းစိတ်ဖြင့် စိတ်ဝေဒနာ ခံစားနေရပုံရ၏။

နောက်ဆုံး၌ ကိုဖိုးအေး အိပ်ရာထဲသို့ လဲလေတော့၏။ ကိုဖိုးအေးကို ကျေးရွာရှင် ဒေါ်ရွှေမြကပင် ပြုစုရ၏။ ကိုဖိုးအေးအား မြို့ပေါ်ရှိ ကုလားဆရာဝန်ကြီးကို ကုဖို့ပင့်လေ၏။

ကုလားဆရာဝန်ကြီးသည် ဆေးတစ်လုံးထိုး၍ ခေါင်းခါ ယမ်းကာ





" စိတ်ကဖြစ်နေတဲ့ရောဂါကို ကျွပ်ကုလို့မရဘူး "

ဟု ပြောကာ ကိုဖိုးအေးအား လာရောက်ကြည့်ရှုခြင်း မရှိ တော့ချေ။

ကိုဖိုးအေးသည် တစ်ချိန်လုံး

" ငါမှားပြီ၊ ငါမှားပြီ "

ဟု ရေရွတ်နေလေ၏။

သူ၏သမီးလေး သူဇာကိုလည်း မှတ်မိပုံမရဘဲ စိမ်းစိမ်း ကြည့်၍သာ နေလေ၏။ ကိုဖိုးအေးသည် ကုလားဆရာဝန်ကြီး ကြည့်ရှုပြီး လေးရက်မြောက်သောနေ့၌ ကွယ်လွန်သွားရှာ၏။

သူကွယ်လွန်ကာနီး နောက်ဆုံးအချိန်၌

" ရတနာတွေ… ရတနာတွေ "

ဟု ရေရွတ်သွားလေ၏။

ဆရာမကြီး ဒေါ်ရွှေမြသည် ကိုဖိုးအေးကို သနားကရုဏာ သက်စွာကြည့်၍

" ဝဋ်ကျွတ်သွားရှာပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ဒေါ်ရွှေမြသည် တရှုံ့ရှုံ့ငိုယိုနေသော သူဇာလေး၏ခေါင်းကို ပုတ်၍

" မငိုပါနဲ့ သမီးရယ်၊ သမီးရဲ့မိဘတွေမရှိတော့ပေမဲ့ မေမေကြီး ရှိပါတယ် "

ဟု နှစ်သိမ့်လေ၏။

သူဇာလေးကငိုယို၍

" ခင်မေစီ လူယုတ်မာမကြီး သူကြောင့် သမီးရဲ့ အဖေနဲ့ အမေ သေရတာ၊ သမီးကြီးလာရင် ဒီမိန်းမကြီးကို လိုက်ရှာပြီး သတ်မယ် "

ဟုကြိမ်းဝါးလေရာ ဒေါ်ရွှေမြသည် ယော်ရွယ်နုနယ်သော ကလေးတစ်ယောက်၏ ရင်ထဲရှိသောအမုန်းတရားကို အံ့သြသွားလေ၏။

ဒေါ်ရွှေမြသည် သူဇာ့ကို ဆရာကြီးဦးဘချစ်ကျောင်း၌ ဆက်လက်၍ ပညာသင်ကြားစေ၏။



ထိုအချိန်မှစ၍ သူဇာသည် စာကြိုးစားပြီး သင်ယူလေ၏။ သူဇာသည် မိဘနှစ်ပါးကို သတိရသည့်အခါတိုင်း ၎င်းတို့၏ အဖြစ်ဆိုးကို မြင်ယောင်၏။

ထိုအခါ သူဇာ့ရင်ထဲရှိအမုန်းမီးတောင်သည် ပိုမိုကြီးထွား

" လူယုတ်မာမကြီး ရှင့်ကို မတွေ့တွေ့အောင် ရှာမယ်၊ ရှင်ကတော့ စည်းစိမ်ဥစ္စာတွေနဲ့ ကြွယ်ဝချမ်းသာနေပြီပေါ့ "

ဟုတစ်ကိုယ်တည်း ရေရွတ်ပြောဆိုတတ်၏။

သူဇာ၏ အမုန်းတရားကို ရိပ်စားမိသော ဒေါ်ရွှေမြက

" မကောင်းတဲ့သူဟာ မကောင်းတဲ့လမ်းကို ပြန်ခံရလိမ့်မယ် သမီးရဲ့မိဘတွေဟာ ရှေးဘဝက ဝဋ်ကြွေးပါလို့ ခံရတယ်လို့ပဲ သဘောထားလိုက်ပါ သမီးလုပ်ရမှာက ကျောင်းမှာစာကို ကြိုးစားပြီးတော့ မေမေကြီးလို ဆရာမကြီးဖြစ်အောင်လုပ်ပါ "

ဟုပြောလေ၏။

ဒေါ်ရွှေမြက မည်သို့ပင်နားချစေကာမူ သူဇာ၏ ရင်ထဲရှိ အမုန်းတရားကို ပြေပျောက်အောင်မလုပ်နိုင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့တစ်ချိန်ချိန် ခင်မေရီကို လိုက်ရှာ၍ လက်စားချေမည်

ဟု ကြုံးဝါးမိလေ၏။

ကို ပုဝ



ဤသို့ဖြင့် သူစာလေးသည် တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်ခဲ့လေ၏။

သူစာသည် ချောမောလှပခြင်း၊ စာတော်ခြင်း တို့ကြောင့် ဆရာကြီးဦးဘချစ်ကျောင်း၌ ထင်ရှားကျော်ကြားလေ၏။

ထို့ကြောင့် ဆန့်ကျင်ဘက် ယောကျ်ားတို့၏ စိတ်ဝင်စားခြင်း ခံရ၏။

ထိုလူငယ်များထဲ၌ ကုန်သည်ကြီး ဦးလှဝ၏သား အေးသိန်းသည် အဆိုးဆုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



[illegible]သည် သူတို့မြို့ပေါ်၌ နောက်ပိုးရှူးအသန်ဆုံးဖြစ်၏။ [illegible] မိန်းမလှမှန်လျှင် အေးသိန်း နောက်မပိုးဘူးသူရှားလှ၏။

အေးသိန်းသည် ဆရာဦးဘချစ်ကျောင်းမှ အတန်းမအောင်သဖြင့် ကျောင်းတွင်းကြီး ကုန်သည်ယောင်ယောင်လုပ်နေ၏။

သို့သော် မိဘ၏ခြေရာကို နင်းနိုင်ဖို့ဝေးစွ ယနေ့အထိ အမြတ်အစွန်း တစ်ပြားတစ်ချပ်မျှပင် မရှာနိုင်ခဲ့ချေ။ အေးသိန်းသည် သူဌေးသားပီပီ တပည့်တပန်းများရှိ၏။

ထိုသူများထဲတွင် အေးသိန်းကို တပ်ဖားရပ်ဖားလုပ်၍ ညာဝါးစားသောက်နေသူမှာ အာတီးဝင်းစိုး ဖြစ်၏။

အာတီးဝင်းစိုးဟု အမည်တွင်ခြင်းမှာ ရောက်လေရာနေရာ၌ အာကိုရင်း၍ မြှောက်ပင့်စားသောက်တတ်သူ ဖြစ်သဖြင့် အာတီးစိုးဝင်းဟု အမည်တွင်၏။

အေးသိန်းသည် မိန်းမလိုက်စားခြင်းအယူတို အလွန်ဝါသနာ ထုံ၏။

အေးသိန်းသည် အမေအရွယ်၊ အစ်မအရွယ် ကိုပင်မရှောင်





မိန်းမမှန်လျှင် တွေ့ရာလူကိုအရကြံ၏။ အေးသိန်း ခြေတော်တင်သော မိန်းကလေးစာရင်းကို အာတီးဝင်းစိုးက အတိအကျမြဲစု မြင်လျှင်

ထိုစာရင်းအရ တဏှာရူး အေးသိန်းသည် မိန်း သုံးဆယ့်ငါးယောက်တိတိ ခြေတော်တင်ပြီးဖြစ်၏။

ထိုမိန်းကလေးများသည် ရိုးသားသော မိကောင်းဖခင် သမီးများဖြစ်၏။ အေးသိန်းသည် မြို့ကြီးများသို့သွား၍ ကြေး ပြည့်တန်ဆာများနှင့်လည်း ပျော်ပါးလေ့ရှိ၏။

ထိုသို့ပျော်ပါးရာ၌ မိန်းမချောမိန်းမလှများကို အလွယ်ရရှိ စေရန် ပြည့်တန်ဆာခေါင်းများကို ငွေကြေးအမြောက်အမြားပေးပြီး စည်းရုံးထား၏။

အေးသိန်းသည် မြို့ပေါ်ရှိ မိန်းမလှများအနက် တဟုန်ထိုး အလှသွေးကြွယ်လာသော မသူဇာကို အကြီးအကျယ် မျက် မိ၏။

မြို့ပေါ်ရှိ အလှူကြီးတ[illegible]နေသော အေးသိန်းဘက်သို့ မီးဝင်းဝင်း မြင်မိပြီး ရူးမတတ်ဖြစ်[illegible] ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" တက်လက်မှာ မသူဇာနဲ့သာ နေခွင့်ရရင် သေပျော်ပါပြီ ကွာ"

မြို့ဈေး... ဟုကြွေးဝါးလေရာ အာတီးစိုးဝင်းက

ဆရာကရဲဗျာ မသူဇာက ချောအလှဆိုပေမဲ့ ဆရာ့ သ်အေးသိန်းက မြို့တကာနယ်တကာလှည့်ပြီး ချောပေ့လှပေ့ဆိုတာလေး ၃ကို ပျော်ခဲ့တာပဲမဟုတ်လား၊ မသူဇာက နုပါသေးတယ် အမြန်ရာရယ်၊ ဆရာ့ရဲ့ အစွမ်းတွေကို အသုံးချပြီး နူးနပ်လိုက်ရင် ့ကောင်မလေး ဆရာ့ကို ကျသွားမှာသေချာပါတယ် "

ဟု မြှောက်ပင့်ပေးလေ၏။

တထှာရှုးအေးသိန်းသည် အာတီးဝင်းစိုး၏ မြှောက်ပင့်ပေးမှု ကြောင့် သွေးနထင်ရောက်သွားပြီး

" အာတီး ပြောတာမှန်တယ် ငါ့ရဲ့ အချစ်မိုက်ကွန်ယက်ထဲမှာ အမည်တွဲလား ရုန်းမထွက်နိုင်စေရဘူး "

အေး...ကြွေးဝါးလေ၏။

ထုံ၏။ ...ားဈေးပြန်ကို ဂျစ်ကားဖြင့်သွား

အေးသိန်းသည် အမေအရွယ်၊ အေးသိန်းနှင့်အတူ အာတီးနှင့်





တပည့်များပါ၏။

ဈေးအရှေ့၌ အေးသိန်း၏ ဂျစ်ကားရပ်ထားခြင်းကို မြင်လျှင် စိတ်ကောင်းရှိသူများက တက်ခေါက်၍

" တောက်... မိကောင်းဖခင် အမျိုးသမီးတွေတော့ စော်ကားခံရတော့မယ် "

ဟု ပြောဆိုလေ၏။

အေးသိန်းသည် ဈေးမှပြန်လာသော သူဇာ၏ နောက်သို့ တကောက်ကောက်လိုက်၍ ဆုတအရှက်မရှိသော နောက်ပိုးရှုးတို့၏ ထုံးစံအတိုင်း လူပျို့စကားပြောဆိုလေ၏။

သူဇာသည် ဆရာကြီးဦးဘချစ် ကျောင်းသူဖြစ်သဖြင့် မြို့ပေါ်ရှိ မိန်းမပျိုများကို ဖျက်ဆီးနေသော တထှာရှုးအေးသိန်း အကြောင်း ကောင်းကောင်းသိ၏။

အေးသိန်းကို လွန်စွာရွံရှာမုန်းတီး နေမိလေ၏။ ထို့အပြင် သူမကို လူပျို့စကားပြောဆိုနေသော အေးသိန်းဘက်သို့ မီးဝင်းဝင်း တောက်သော မျက်လုံးဖြင့် ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" တဏှာရှူးကြီး မြဲမြဲမှတ်ထား ရှင့်လို လူယုတ်မာမျိုးကို ယူခဲ့ [illegible] ဈေးထိပ်က ခွေးနက်ကြီးကိုပဲ အမြီးဖြတ်ပြီးယူလိုက်မယ် နှမချင်းမစာနာတဲ့လူကြီး "

ဟု ပြောလိုက်လေရာ တဏှာရှူး အေးသိန်းသည် မျက်နှာ ရှုံ့မဲ့သွားပြီး

" မင်းတော်တော် မိုက်ရိုင်းတဲ့ ကောင်မလေးပါလား၊ လောကမှာ အေးသိန်း ကြံရင်မပေါက်တဲ့ မိန်းမဆိုတာ တစ်ယောက်မှ မရှိဘူး၊ မင်းကို မရရအောင် ယူပြမယ့် "

ဟု ကြုံးဝါးပြန်၏။

ထိုအခါ သူဇာသည် အေးသိန်းကို မုန်းတီးစိတ် ဝင်နေသူ ဖြစ်၍ စီးလက်စဖိနပ်ကို ချွတ်ကာ

" ဟောဒီဖိနပ်ကို သေသေချာချာကြည့်ထား ပါးမရွေးဘူး နော် ရွှေဆက်ပြီး နှောင့်ယှက်ရင် ဖိနပ်စာမိသွားမယ် "

ဟု ကြိမ်းမောင်းလိုက်ရာ အေးသိန်းသည် မကျေမချမ်း တက်ခေါက်ကာ ထိုမှ ထွက်ခွာသွားလေသည်။

---



ဂျစ်ကားပေါ်သို့ ရောက်သောအခါ အာတီးဝင်းစိုးက ဒေါသတကြီး အမူအရာဖြင့် တက်ခေါက်ကာ

" တောက်… ဆရာအေးသိန်း လိုချင်ရင် ငါ့နှမတွေ၊ ငါ့အမတွေ အားလုံး တစ်ယောက်မကျန် အကုန်ပေးပစ်တယ်၊ ဆရာလိုလူကို ဒင်းလိုဘာမဟုတ်တဲ့ ကောင်မစုတ်လေးက ငြင်းခုံ တယ်လား၊ ဒီကောင်မလေး ရူးနေလို့ဖြစ်မယ်ဆရာ၊ ဆရာနဲ့မတန်ပါ ဘူး၊ မှန်းမနေပါနဲ့တော့ဗျာ သူထက်သာတာကိုပဲ မှန်းပါ၊ တပည့်ကြီး တစ်ယောက်လုံး ရှိပါတယ် "

ဟု ညာဝါးပြောဆိုပြန်ရာ

တဏှာရှူး အေးသိန်းသည် အာတီးဝင်းစိုး၏ ပါးကို ဖြန်းခနဲ ချ၍

" တိတ်စမ်း… အေးသိန်းကြံရင် ဘာမဆိုဖြစ်တယ်ကွ၊ ဒီကောင်မကို မရရအောင်ကြံမယ်၊ အားရအောင်ပေါင်းပြီးရင် ကောင်းကောင်း နှိပ်စက်ပြမယ်၊ ငါ့ကို ဘာကောင်များ အောက်မေ့လဲ သိဘူး၊ မိန်းမတွေ အားလုံး နံပြားလုပ်စားတဲ့ကောင်ကွ "

---

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြိမ်းဝါးလေရာ သူ၏တပည့် တဏှာရူးများကလည်း အေးသိန်း၏ စကားကို ဝိုင်းဝန်းထောက်ခံကြလေ၏။

နောက်ဆုံး၌ အာတီးဝင်းစိုးက

" ဒီကောင်မကို ကားတင်ပြေးဖျာ ကျုပ်တို့အားလုံးကြံရင် မခံနိုင်ပါဘူး "

ဟု မြှောက်ပင့်ပေးလေ၏။

မိန်းမလှလေး သူဇာအား အေးသိန်းတစ်ယောက် ဖျက်ဆီး မရှိဘူး

နဲ့ ကြံစည်နေသည်ဟူသော သတင်းသည် တစ်မြို့လုံး တောမီး

ပဲ့သို့ ပြန့်နှံ့သွားလေ၏။ ထိုအခါ အေးသိန်း၏ ယုတ်မာ

ဖြစ် ကာရုဏ်ကျစ်ပုံကို သိသောလူများက သူဇာထံသို့ လာရောက်ပြီး

ကရုဏာစိတ်ဖြင့် သတိပေးကြလေ၏။ ၎င်းတို့၏ စကားကို

နားထောင်၍ သူဇာ၏ မွေးတမိခင် ဒေါ်ရွှေမြကြီးက အံကိုကြိတ်၍

" ငါမသေသရွေ့ ငါ့သမီးကို ဒင်းတို့မရစေရဘူး၊ မင်းမဲ့

တိုင်းပြည်မဟုတ်ဘူး၊ ဒီအကြောင်းကို မြို့ပေါ်က ရာဇဝတ်အုပ်မင်း

သိအောင် အကြောင်းကြားထားရမယ် "





ဟု ရေရွတ်ကာ ရာဇဝတ်အုပ်ထံသို့ သွား၍ အေးသိန်း၏ ယုတ်မာပုံများကို ပြောပြလေ၏။ သို့သော် ရာဇဝတ်အုပ်သည် အေးသိန်း၏ မိဘများနှင့် ကျေးဇူးမကင်းသူဖြစ်၍

" သက်သေခိုင်ခိုင်လုံလုံ မရှိဘဲနဲ့တော့ ကျုပ်တို့အရေးယူလို့ မရဘူး၊ သူ့မိဘတွေကလည်း လူကြီးလူကောင်းတွေပဲဗျ "

ဟု ပြောဆို၏။

ဒေါ်ရွှေမြသည် ထိုအချိန်မှစ၍ သူဇာ့ကို ဈေးသို့မလွှတ်ဘဲ အိုကြီးအိုမအရွယ်မှ ဈေးကို ကိုယ်တိုင်သွားရလေ၏။

သူဇာ ကျောင်းသို့သွားသည့် အခါ၌လည်း သူငယ်ချင်းများ စု၍ လာရောက်ခေါ်ဆောင်စေ၏။

ထို့ကြောင့် သူဇာ့ကို ကားတင်ပြေးရန် ကြံစည်နေသော တဏှာရူး အေးသိန်းသည် အခက်ကြုံနေရလေ၏။

အေးသိန်းသည် ကျောင်းနှင့်ဈေးသို့ ဂျစ်ကားဖြင့် နေ့စဉ်လာ စောင့်လေ၏။ သို့သော် သူဇာဈေးသို့ မသွားသဖြင့် အခက်ကြုံရပြီး ကျောင်း၌လည်း ကျောင်းသူကျောင်းသားများက ဝိုင်းဝန်းစောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ကြ၏။

ထို့ကြောင့် အေးသိန်းသည် သူဇာကို ကားတင်ပြေးရန် အခွင့်အရေး မရဘဲရှိနေလေ၏။

အေးသိန်းသည် လွတ်သည့်ငါး ကြီးသည်ဟူသောစကား ရှိသကဲ့သို့ သူဇာ့ကိုကြံစည်ရန် မရကာမှ ပိုမို၍လိုချင်နေမိ၏။

အေးသိန်း၏ မျက်လုံးထဲ၌ သူဇာသည် တပ်မက်ဖွယ် အတိဖြစ်၏။

သူဇာ၏ အသားအရည်မှာ မဖြူလွန်းဘဲ ဝါဖန့်ဖန့်ရှိ၏။ ဆံပင်ကို အလယ်မှခွဲ၍ မျက်လုံးများက ဝိုင်းစက်ကြည်လင်နေလေ၏။

သူမ၏ ကားစွင့်သောတင်သားများမှာ ရှည်လျားသောအရပ် အမောင်းနှင့် အလွန်လိုက်ဖက်ညီ၏။

တဏှာရူး အေးသိန်း၏ မျက်လုံးထဲတွင် သူဇာ၏ ခန္ဓာကိုယ် တစ်ခုလုံး တပ်မက်ဖွယ်အတိဖြစ်၏။ သူဇာ၏ ကျယ်ဝန်းသောပခုံး နှင့် လုပသော လက်မောင်းအစုံသည်၄င်း စွင့်ကားသောတင်နှင့်





ပြည့်ဝင်းသော ပေါင်တံအစုံသည်၄င်း အေးသိန်းအတွက် ရင် ရှူမောဖွယ်ဖြစ်၏။

အေးသိန်းသည် တဏှာရူးသည့်နေရာတွင် စံတင်ထား သည် ဆိုနိုင်၏။

သူသည် သူဇာ့ကို မေတ္တာစစ်နှင့် ချစ်သူမဟုတ် အေးသိန်း လိုချင်သည်မှာ သူဇာ၏ ကိုယ်ခန္ဓာပင်ဖြစ်၏။

ဤတစ်သက်၌ သူဇာ၏ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ခွင့်ရလျှင် သေပျော်ပြီဟူ၍ပင်ဆို၏။

တဏှာရူးအေးသိန်းကြောင့် အာတီးဝင်းစိုးကဲ့သို့သော တပည့်များ စိတ်ညစ်ကြရ၏။

အေးသိန်းသည် မည့်သည့်မိန်းမကိုမျှ မက်မက်မောမော မတမ်းတတော့ဘဲ သူဇာ့အမည်ကိုသာ အချိန်ပြည့်တမ်းတနေ၏။

သူဇာ့ကို ရဖို့အတွက် ငွေကြေးမနေအင်အားအသုံးပြု၍ တောင်းရမ်းယူရန်လည်း မဖြစ်နိုင်ချေ။ လက်နက်အင်အားသုံး၍ ဓါးပြတိုက်ယူရန်သာ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ဝင် အေးသိန်းသည် မစားနိုင်မအိပ်နိုင်ဖြစ်ကာ တံခါးခေါက်ခေါက် ရှိနေလေ၏။





ဆရာမကြီး ဒေါ်ရွှေမြသည် သူဇာ့ကို မျက်စိအောက်က အပျောက်မခံနိုင်ဘဲ ကြည့်ရှုစောင့်ရှောက်၏။

သို့သော် လွန်ခဲ့သောရက်အနည်းကစပြီး ဒေါ်ရွှေမြ၏ နှလုံးရောဂါ ပြန်လည်ဖောက်ပြန်လာ၏။ ဒေါ်ရွှေမြသည် မကြာခဏ မောမောနေတတ်၏။

သူဇာသည် မောပန်းနွမ်းနယ်နေသော ဒေါ်ရွှေမြကြီးကို ဈေးသို့လွှတ်ရန် မဖြစ်နိုင်သဖြင့် အိမ်နီးနားချင်း အကူအညီတောင်းပြီး ဈေးဝယ်ခိုင်းရ၏။

သို့သော် ဒေါ်ရွှေမြ၏ ဝေဒနာမသက်သာသဖြင့် မြို့ပေါ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကုလားဆရာဝန်ကြီး မစ္စန်းဒါးကို ခေါ်ရ၏။ ကုလားဆရာဝန်ကြီးသည် ဒေါ်ရွှေမြကို ဆေးထိုး၍ သောက်ဆေးများလည်းပေး၏။

ဒေါ်ရွှေမြ အမောဖောက်လာလျှင် အမြန်ဆုံးလာခေါ်ရန် မှာကြား၏။

လွန်ခဲ့သောညက ဒေါ်ရွှေမြ အမောဖောက်သဖြင့် သူစာကိုယ်တိုင် ကုလားဆရာဝန်ကြီး မစ္စန်းဒါးကို မြင်းလှည်းဖြင့်ပင့်ရ၏။

ထိုမြင်ကွင်းကို အေးသိန်း အခကြေးငွေပေး၍ ပျော်ပါးလေ့ရှိသော မိန်းမဖျက် မိမိုးက မြင်တွေ့သွား၏။

မိမိုးသည် အလွန်ကောက်ကျစ်ယုတ်မာပြီး ဉာဏ်နီဉာဏ်နက် များသူဖြစ်၏။ သူမ၏ ခေါင်းထဲသို့ ယုတ်မာသောအကြံဉာဏ် ဝင်ရောက်လာ၏။

မိမိုးသည် ထိုအကြံကြောင့် ထိုင်ရာမှထ၍

" ဟီး…ဟီး သိပ်ကောင်းတဲ့အကြံပဲ၊ ဒီအကြံကို တဈောရှူး အေးသိန်းကို ပြောလိုက်ရင် အေးသိန်းဆီမှာ မျက်နှာရမှာ





သေချာတယ်၊ ငါအမြင်ကပ်တဲ့ ကောင်မလဲ အေးသိန်း ခြေတော်တင်ပြီး မြစ်သွားမယ်၊ ဒီကောင်မကို ကြည့်လို့မရတာကြာပြီ၊ ရုပ်လေးချောတာနဲ့ ဘဝင်မြင့်နေတယ် အေးသိန်း မယားငယ်ဖြစ်မှ အပိုးကျိုးမဲ့ ကောင်မ "

ဟု ဆိုကာ အေးသိန်း၏ မြို့လယ်ခေါင် သုံးထပ်တိုက်ကြီးသို့ သွားလေ၏။

တိုက်ရှေ့သို့ ရောက်သောအခါ ဘာဂျာတံခါးကို တဂျောင်းဂျောင်းခေါက်၍

" ကိုကိုသိန်း … ကိုကိုသိန်း "

ဟု ခေါ်လေ၏။

အေးသိန်းသည် နိုင်ငံခြားမှလာသော မိန်းမလှများ၏ မပေါ်တပေါ် ဓါတ်ပုံများကို ကြည့်ရှုနေရာမှ မိမိုး၏ မျက်နှာကိုကြည့်၍

" ဟဲ့… ကောင်မ သွားစမ်း နင့်မျက်နှာ မမြင်ချင်ဘူး အာခံ့မျက်တယ် "

ဟု ပြောလိုက်ရာ မိမိုးသည် ရင်ထဲတွင် အောက်သက်သက်



www.burmeseclassic.com

www.burmeseclassic.com



မြန်သွားပြီ

" ကိုကိုသိန်း အိုင်တွေရင်ခြေဆေးတတ်တဲ့လူကြီး ရှင်မမေ့နိုင် တော့မဲ့ မိမိုးကတော့ မမေ့နိုင်ဘူးရှင့်၊ ဒါကြောင့်ရှင်ရဲ့ ရောဂါဝေဒနာ သက်သာမဲ့ နည်းလမ်းလေးကို ပေးချင်လို့လာတာ "

ဟု ပြောလေ၏။

အေးသိန်းသည် မိမိုး၏စကားကြောင့် မျက်မှောင်ကြုတ်၍

" နင် ဘာတွေလာပြောနေတာလဲ ငါ့ရဲ့ဝေဒနာ ဆိုတာ ဘာလဲ "

ဟု မေးနေလေ၏။

ထိုအခါ မိမိုးက ပြုံတီတီရယ်၍

" ရှင့်ရဲ့ ရောဂါဝေဒနာဆိုးကြီးကို တစ်မြို့လုံးသိနေပြီရှင့် သူ့ဓာတ်ဆိုတဲ့ ကောင်မလေးကို မရရင် ရေမရှိတဲ့အိုင်မှာ ခေါက်ထိုး ဆင်းသေမယ်ဆို "

ဟု ပြောလိုက်ရာ တဏှာရူးအေးသိန်းသည် လက်ထဲရှိ စာအုပ်ကိုချ၍ ပက်လက် ကုလားထိုင်ပေါ်သို့ လှဲချလိုက်ပြီး





" ဘယ်လိုအကြံပေးမှာလဲ၊ မဟုတ်တဲ့အကြံဆိုရင်တော့ ဆောရီးပဲနော် "

ဟုပြောလေ၏။

ထိုအခါ မိမိုးက စလင်းဘတ်အိတ်ကို ဝှေ့ယမ်း၍ အိမ်ထဲသို့ ဝင်လာပြီး

" သိပ်ဟုတ်တဲ့ အကြံပဲရှင့်၊ ရှင့်ရဲ့ ကောင်မလေးကို အပိုင်သိမ်းလို့ရမဲ့ အကြံ "

ဟု ပြောလိုက်ရာ အေးသိန်း၏ မျက်လုံးများပြူးကျယ်သွားပြီး

" ပြောစမ်း မြန်မြန်ပြောစမ်း နင့်အကြံကောင်းရင် ဒီည ပြန်မလွှတ်တော့ဘူး "

ဟု ပြောလေ၏။

မိမိုးက ရယ်လာ၍ စားပွဲပေါ်ရှိ ဝီစကီ တစ်ခွက်ကိုငှဲ့သောက် လိုက်ပြီး

" ဒီည ဒီမှာအိပ်ရမှာ သိပ်သေချာသွားပြီ "

ဟု ဆိုကာ အေးသိန်း၏ ရင်ခွင်ထဲသို့ တိုးဝင်၍ တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လေ၏။

အသေသိန်းသည် သူမ၏ စကားကိုနားထောင်ပြီး မျက်လုံးများ ဝင်းလက်တောက်ပြောင်လာလေ၏။





နောက်တစ်နေ့သို့ ရောက်သောအခါ ဒေါ်ရွှေမြကြီး အမော ဖောက်လာပြန်၏။

သူဇာသည် မွေးစားမိခင်ကြီးအတွက် စိုးရိမ်သောကစိတ်ဖြင့် ကုလားဆရာဝန်ကြီးပင့်ရန် ထွက်ခဲ့၏။

ကုလားဆရာဝန်ကြီးသည် မြို့တစ်နေရာရှိ ခြံကျယ်ကြီး၌ နေထိုင်၏။

သူဇာသည် ဆရာဝန်ကြီး အိမ်ရှေ့သို့ ကမန်းကတန်း ပြေးလွှားလာပြီး ခြံစောင့်ကုလားကိုခေါ်၍ မိခင်ကြီးအတွက် ဆရာဝန်ကြီးကို ပင့်လိုကြောင်း ပြောလေရာ ကုလားက



www.burmeseclassic.com

www.burmeseclassic.com



" ဒေါက်တာကြီး အရာရှိမင်းတွေရဲ့ ညွှန်ခံပွဲသွားတယ်၊ ဟောဒီခြံရှေ့က ခုံတန်းလျားပေါ်မှာ ခဏထိုင်စောင့်ပါ ကုလားအမြန် ဆုံး သွားခေါ်ပေးပါ့မယ် "

ဟု ဆိုကာ ခြံစောင့်ကုလားသည် မြို့၏တစ်နေရာသို့ အပြေးအလွှားထွက်သွားလေ၏။

သူဇာသည် မိခင်ကြီးအတွက် စိုးရိမ်သောကကြောင့်

" အမြန်ဆုံးခေါ်ပေးပါရှင် "

ဟု ကုလားကို မှာကြားလေ၏။

သူဇာသည် တစ်ချိန်လုံး ဒေါ်ရွှေမြကြီး၏ နှလုံးရောဂါ အကြောင်းတွေးကာ စိုးရိမ်ပူပန်နေလေ၏။

ခဏကြာလျှင် ကုလားဆရာဝန်ကြီး၏ ဂျစ်ကားသည် အိမ်ရှေ့သို့ ရောက်ရှိလာ၏။ အရှိန်မြင့်မောင်းနှင်လာသော ဂျစ်ကား ပေါ်မှ ခြံစောင့်ကုလားက ခုန်ချလိုက်ပြီး

" ဒေါက်တာကြီးကို ညွှန်ခံပွဲက အမြန်ဆုံးခေါ်ခဲ့တယ် ကားပေါ်မြန်မြန်တက် "





ဟု ပြောလေ၏။

သူဇာလည်း စိုးရိမ်တကြီးဖြင့် ကားပေါ်သို့တက်လေ၏။

ထိုအခါ ကားသည် တရှိန်ထိုးမောင်းထွက်သွားလေ၏။

သူဇာသည် ကားမောင်းနေသော ဆရာဝန်ကြီးကိုကြည့်ကာ

" အမေ ဒီနေ့တစ်နေ့လုံး မောမောနေတယ်၊ ညနေတုန်းက လည်း ချွေးသီးချွေးပေါက်တွေ ပြန်လာပြီး မသက်သာလို့ မရသလို ဖြစ်သွားတယ်ရှင့်၊ ကျွန်မတော့ အမေ့ကို သိပ်စိုးရိမ်တာပဲ "

ဟု ပြောလေ၏။

သို့သော် ဆရာဝန်ကြီးသည် သူမ၏စကားကို ဂရုစိုက်ဟန် မရှိဘဲ ကားကိုသာအရှိန်မြင့်၍ မောင်းနှင်နေလေ၏။

ထိုသို့ မောင်းနှင်နေရင်း ကားသည်မြို့ပြင်သို့ ဦးတည်နေ သဖြင့် သူဇာက

" လမ်းမှားနေပြီ ဒေါက်တာကြီး ကျွန်မတို့အိမ်က မြို့ထဲမှာ ပဲရှိတယ် "

ဟု ပြောလိုက်ရာ ဆရာဝန်ကြီးသည် မည်သည့်စကားကိုမျှ



www.burmeseclassic.com

www.burmeseclassic.com



မတုံ့ပြန်ဘဲ ကားကို အပြင်းမောင်းနှင်နေပြန်၏။

သူဇာသည် ဆရာဝန်ကြီး၏ အမူအရာကို ကြည့်၍မျက်မှောင်ကြုတ်လိုက်မိ၏။

" ဒေါက်တာကြီး လမ်းမှားနေပြီ၊ မြန်မြန်ပြန်ကွေ့ပါ ကျွန်မ မိခင်က စိုးရိမ်ရတယ်ရှင့် "

ဟု ပြောလေ၏။

ထိုအခါ ဆရာဝန်ကြီးသည် သူဇာ၏ဘက်သို့ ငဲ့စောင်းကြည့်၍ ရယ်လေကာ

" လမ်းမမှားပါဘူး သူဇာရယ်၊ ကျုပ်ကိုက မြို့ပြင်ကိုပဲသွားနေတာ "

ဟု ပြောလေ၏။

ဆရာဝန်ကြီးသည် ပြောရင်း သူ့ခေါင်းပေါင်းကို ချွတ်ပြလိုက်လေ၏။ ထိုအခါ ကုလားဆရာဝန်ကြီးမဟုတ်ဘဲ လူယုတ်မာ အေးသိန်းဖြစ်ကြောင်း တွေ့လိုက်ရသဖြင့် သူဇာသည် မူးမိုက်မတတ်ဖြစ်သွား၏။





အေးသိန်းသည် ကုလားဆရာဝန်ကြီးကဲ့သို့ ခေါင်းပေါင်းကာ ဥရောပဝတ်စုံကို ဝတ်ထားခြင်းဖြစ်၏။

အေးသိန်း မောင်းလာသော ဂျစ်ကားမှာ ဆရာဝန်ကြီး၏ကားမဟုတ်ဘဲ အေးသိန်း၏ ဂျစ်ကားပင်ဖြစ်၏။

သူဇာသည် အေးသိန်း၏ ယုတ်မာမှုကို ရိပ်စားမိသွားပြီး

" တဏှာရူးကြီး ရှင်ဘာလို့ ဒီလောက်တောင် ယုတ်မာရတာလဲ၊ ကျွန်မ အမေရဲ့ အသက်အန္တရာယ်အတွက် စိုးရိမ်ရတယ်ရှင့်၊ ကားကို မြန်မြန်ပြန်ကွေ့ပါ တောင်းပန်ပါတယ် လူတစ်ယောက်ရဲ့ အသက်ကို တန်ဖိုးထားပါဦး "

ဟု ပြောလေ၏။

သို့သော် အေးသိန်းလို တစ်ကိုယ်ကောင်းသမား အတွက် သူဇာ၏ စကားများသည် အချင်းနှီးပင်ဖြစ်၏။

အေးသိန်းသည် မြို့ပြင်သို့ ဦးတည်၍ ကားကို လျှင်မြန်စွာမောင်းလေ၏။

မိန်းမပျိုများကို အေးသိန်း ဖျက်ဆီးလေ့ရှိသော အိမ်သည်



www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်၌ ရှိ၏။

သူဇာသည် အေးသိန်းကို ကားရပ်ရန် ပြောမရသည့်အဆုံး ကားပေါ်မှခုန်ချရန် ကြံစည်၏။

သို့သော် အရှိန်ပြင်းသော ကားပေါ်မှခုန်ချရန် မဝံ့မရဲ ဖြစ်ရလေ၏။ မြို့ပြင်တစ်နေရာသို့ ရောက်သောအခါကားသည် အရှိန်နှေးကွေးသွားလေရာ သူဇာသည် မျက်လုံးတို စုံမှိတ်၍ကားပေါ်မှခုန်ချလိုက်လိုက်တော့၏။

သူဇာသည် မြေပေါ်၌ အရှိန်နှင့် တလိမ့်ပြီးတလိမ့် လိမ့်သွားလေ၏။

အေးသိန်းသည် ကားကိုထိုးရပ်လိုက်ပြီး သူဇာရှိရာသို့ ခုန်ဆင်းလာလေ၏။

ထိုစဉ် မြေပေါ်မှလူးလဲ ထရန်ကြိုးပမ်းနေသော သူဇာရှိရာသို့ လူအချို့ရောက်ရှိလာပြီး ဝိုင်းဝန်းချုပ်ကိုင်ကြ၏။

သူဇာက…

“ လွှတ် … လွှတ် ကျွန်မကို လွှတ်ပါ ”





ဟု အော်ဟစ် ပြောဆိုလေ၏။

အေးသိန်းသည် အနီးသို့ ရောက်လာပြီး

“ ဒီကောင်မကို အိမ်ထဲခေါ်သွားစမ်း ”

ဟု အမိန့်ပေးလိုက်ရာ…

သူဇာ့ကို ချုပ်ကိုင်သူများသည် ခြံထဲသို့ ဆွဲခေါ်သွားလေ၏။

သူဇာသည် ကံဆိုးမိုးမှောင်ကျစွာပင် အေးသိန်း၏ အိမ်ရှေ့၌ ခုန်ချလျှက်ပြီးသား ဖြစ်နေလေ၏။

အေးသိန်း၏ တပည့်များသည် သူဇာ့ကို ချုပ်ကိုင်၍ အိမ်ထဲသို့ခေါ်ဆောင်သွားလေ၏။

သူဇာသည်အော်ဟစ်ရုန်းကန်ရင်း နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ အပေါ်ထပ် အခန်းတစ်ခန်းထဲသို့ ရောက်သွားလေ၏။

အေးသိန်းသည် တခါးကိုအပြင်မှ ချက်ထိုးလိုက်ပြီးတပည့်များဘက်သို့လှည့်၍

“ဟေ့ကောင်တွေ မင်းတို့အားလုံး ပြန်တော့”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ အားတီးဝင်းစိုးက တဟီးဟီး ရယ်လာ၍

" ဆရာရေ ကောင်မလေးက အနီးကပ်ကြည့်တော့မှ တကယ့်ကိုတစ်လုံးတခဲ ချစ်စရာကြီးပါလား၊ ဆရာစွဲမယ်ဆိုရင် လည်းစွဲလောက်ပါတယ် ဆရာရယ်၊ တပည့်တော့ဆရာ့လို စည်းစိမ် မျိုးရရင် သေပျော်ပါပြီဗျာ "

ဟုပြောလေ၏။

အားတီးဝင်းစိုး၏ စကားကြောင့် အခြားသောတပည့်များ သည်လည်း တစ်ယောက်တစ်ပေါက်ဝိုင်းဝန်းပြောဆိုကြကုန်၏။

တဏှာရူးအေးသိန်းက တဟီးဟီးရယ်လာ၍

" ဟား...ဟား လပေါင်းများစွာ မက်ခဲ့ရတဲ့ ငါ့ရဲ့ အိမ်မက်တွေ အကောင်အထည် ဖော်တော့မယ်၊တွေးရင်းတွေးရင်း ရင်ခုန်လာပြီ၊ ဟေ့ကောင်တွေ မင်းတို့သွားတော့ကွာ၊ငါဝီစကီ နည်းနည်း သောက်ပြီးရင် ကောင်မလေးနဲ့ သွားတွေ့တော့မယ် "

ဟု ပြောလိုက်ရာ တပည့်တပန်းများသည် တဟီးဟီး တဟားဟား ရယ်၍ အေးသိန်းအား ညစ်ညမ်းသော စကားများဖြင့်





နောက်ပြောင်ကြကုန်၏။

အေးသိန်းသည် အာတီးဝင်းစိုးတို့ လူစုပြန်သွားသောအခါ ခြံတံခါးကို ကိုယ်တိုင်ပိတ်လေ၏။ ပြီးနောက် အပေါ်ထပ်သို့ တက်သွားပြီး ဝီစကီနည်းနည်းသောက်လေ၏။

ထိုအခါ သူ၏ တစ်ကိုယ်လုံးရှိသွေးများ ပူနွေးလာသလို ခံစားရ၏။

အိပ်ခန်းထဲ၌ မိမိလပေါင်းများစွာ မျှော်လင့်ခဲ့ရသော သူဇာလေးရှိနေ၏။ ထိုသို့တွေးရင်း သူဇာ၏ ဖွံ့ထွားသော ကိုယ်ဟန်ကို ပြန်မြင်ယောင်လာ၏။

အေးသိန်း၏ အာခေါင်များ ခြောက်ကပ်လာပြီး ရင်ခုန်နှုန်း လည်းမြန်ဆန်လာ၏။

အေးသိန်းသည် အိပ်ခန်းဆီသို့ ဦးတည်လျှောက်လှမ်းသွားပြီး တံခါးချက်ကို ဖွင့်၍ အခန်းထဲသို့ ဝင်လိုက်၏။

ထိုအခါ မျှော်လင့်မထားသော မြင်ကွင်းတစ်ခုကို ကြုံတွေ့ရ၏။

အိပ်ခန်းတံခါးနောက်မှ မိန်းမလှလေး သူဇာ ထွက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အေးသိန်းအား တုတ်တစ်ချောင်းဖြင့် ရိုက်၏။

သူဇာ၏ တုတ်ချက်သည် အေးသိန်း၏ ပခုံးစောင်းကို ထိ၍အေးသိန်း နာကျင်စွာ အော်ဟစ်ပြီး သူဇာ၏ လက်ထဲရှိတုတ်ကို လုယူလိုက်၏။

သူဇာသည်

" လုယုတ်မာကြီး "

ဟုအော်ဟစ်ရင်း… အေးသိန်း၏ ဆောင့်တွန်းမှုကြောင့် ခုတင်ပေါ်သို့ နောက်ပြန်လန်ကျသွား၏။

အေးသိန်းသည် လက်ထဲ ရှိတုတ်ကို ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီး ပက်လက်လန်နေကာ သူဇာ့ကိုကြည့်ကာ

" ဒီနေ့ညတော့ မင်းငြေးလို့ မလွတ်တော့ဘူး "

ဟုကြုံးဝါးလိုက်လေ၏။

သူဇာသည် အံကိုတင်းတင်းကြိတ်၍ ဘဝရဲကိုရင်ဆိုင်ရန် အသင့်ပြင်လိုက်လေ၏။ အေးသိန်းသည် သူဇာ၏အပေါ်မှ ခွစီး၍ လုံချည်ကို အတင်းချွတ်လေ၏။





ပြီးနောက် ပါးနှစ်ဖက်ကို တရှုံ့ရှုံ့ နမ်းလေ၏။

သူဇာသည် ရုန်းကန်သော်လည်း ခွန်အားချင်း မမျှသဖြင့် ရေတိမ်နစ်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူဇာ အိပ်မက်ကမ္ဘာမှ လန့်နိုးလာသောအခါ မိမိကိုယ်မိမိ ရွံရှာသလို ခံစားနေရ၏။ အရှင်လတ်လတ် ဘဝရဲကိုရင်ဆိုင်လိုက်ရ၍ အေးသိန်းကို အလွန်မုန်းတီး ရွံရှာနေမိ၏။

သူမ၏ မျက်လုံးထဲမှ မျက်ရည်များ စီးကျလာလေ၏။ အေးသိန်းသည် မိမိ၏ ဆန္ဒများ ပြည့်ဝသွားပြီဖြစ်သဖြင့် ခုတင်ပေါ်မှထ၍ ရေချိုးခန်းထဲသို့ ဝင်သွား၏။

သူဇာသည် တရှုံ့ရှုံ့ငိုယိုရင်း မွေးသမိခင်ကြီး နာမကျန်းဖြစ်ခြင်းကို သတိရသွားပြီး စိုးရိမ်စိတ်များ ဝင်ရောက်လာ၏။





ထို့ကြောင့် ခုတင်ပေါ်မှထ၍ အဝတ်အစားများပြန်ဝတ်ပြီး တံခါးချက်ကို ဖွင့်လိုက်ရာ တခါးပွင့်သွားလေ၏။

သူဇာသည် အိပ်ခန်းထဲမှ ထွက်ပြေးရန် ကြံစည်ပြီး စားပွဲပေါ်၌ မြင်ရသော စီးကရက်ဘူးနှင့် မီးခြစ်ကို ကြည့်ကာ အကြံတစ်ခု ရသွား၏။

ထို့ကြောင့် အံကိုတင်းတင်းကြိတ်၍

" လူယုတ်မာကြီး ရှင့်ကို ကလဲ့စားချေရမယ် "

ဟုကြုံးဝါးကာ မီးခြစ်ကို ထောက်ခနဲ ခြစ်၍ ခုတင်ပေါ်သို့ ပစ်တင်လိုက်၏။

ထိုအခါ ခုတင်တစ်ခုလုံး မီးဟုန်းဟုန်း တောက်လောင်လေ၏။ သူဇာသည် ရေချိုးခန်း တံခါးကိုချက်ချထားလိုက်လေ၏။ သူမသည် တဟုန်းဟုန်းတောက်လောင်နေသော မီးတောက်ကို ကျေနပ်စွာကြည့်ရင်း အိမ်ကြီး၏ အောက်သို့ပြေးဆင်းခဲ့လေ၏။

ရေချိုးခန်းထဲ၌ စိမ်ယူနေသော အေးသိန်းသည် မီးလောင်ခြင်းကိုမသိဘဲ စိတ်ကူးအယဉ်ကြီးယဉ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဇာသည် ခြံတခါးဖွင့်၍ အိမ်ကြီးနှင့်ဝေးရာသို့ ပြေးထွက်ခဲ့လေ၏။

အိမ်ကြီးနှင့် ဝေးကွာသောအရပ်သို့ ရောက်သောအခါ အိမ်ကြီးကို လှမ်းမျှော်ကြည့်လိုက်၏။

ထိုအခါ အိမ်ကြီးမှ မီးတောက်ကြီး ထိုးတက်လာကြောင်း တွေ့ရ၏။လူယုတ်မာ အေးသိန်းတစ်ယောက် မီးသွေးတုံးဘဝသို့ ရောက်လေပြီ။







သူဇာသည် မိခင်အတွက် စိုးရိမ်စိတ်ဖြင့် အိမ်သို့ မောကြီးပန်းကြီး ပြေးလွှားခဲ့လေ၏။

သူမသည် အိမ်သို့ အမြန်ဆုံးရောက်အောင် တောလမ်းကို ဖြတ်သန်း၍ ပြေးလွှားခဲ့၏။အတန်ကြာအောင်ပြေးလွှားရင်း အနောက်သို့ လှည့်ကြည့်လိုက်ရာ အေးသိန်း၏ အိမ်မှ ကြီးမားသော မီးတောက်ကြီးကို မြင်နေရ၏။

လူယုတ်မာအေးသိန်း တစ်ယောက် မီးလောင်ခံရပြီး သေဆုံးလျှင် မိမိ၌ အပြစ်ရှိနေလေ၏။

သူဇာသည် ပြေးလွှားရင်း ပုလိပ်များ လာရောက်ဖမ်းဆီး



www.burmeseclassic.com

www.burmeseclassic.com



မည့်အရေးကို တွေး၍ ထိတ်လန့်တုန်လှုပ်နေမိ၏။

သူစာသည် အတန်ကြာအောင် ပြေးလွှားပြီးနောက် နေအိမ်၏အနောက်သို့ ရောက်ခဲ့လေ၏။ ခြံတံခါးကို တွန်းဖွင့်၍ ဝင်ရောက်သွားသောအခါ အိမ်ထဲ၌ ဆူဆူညံညံအသံများကို ကြားရ၏။

သူမ၏ နေအိမ်ထဲ၌ အနီးပတ်ဝန်းကျင်ရှိ လူများရောက်ရှိနေလေ၏။

သူစာသည် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သောအခါ မွေးစားမိခင် ဒေါ်ရွှေမြ၏ ဈာပနကို အိမ်ရှေ့၌ပြင်ဆင်ထားကြောင်း ဝမ်းနည်းဖွယ် မြင်တွေ့လိုက်ရ၏။

သူ၏ မိခင်ကြီးသေဆုံးခဲ့ချေပြီ။

သူစာသည် မိခင်ကြီး၏ရုပ်အလောင်းကို ပြတင်းပေါက်မှ ချောင်းကြည့်၍ မျက်ရည်များ စီးဆင်းကျလာ၏။

သူမသည် ခဏကြာသော် ဝမ်းနည်းကြေကွဲနေပြီး တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်၏ မိခင်ကြီးသေဆုံးသွားသည့်နောက်ပိုင်း သူမဘဝ၌ တွယ်တာစရာ ဘာမှမရှိတော့ချေ။

——— ဓေတာနာတာဝေ ———



ဤအရပ်၌ နေထိုင်လျှင် ပုလိပ်များကလာရောက် ဖမ်းဆီးခြင်းကိုခံရပေတော့မည်။

လူယုတ်မာအေးသိန်း၏ စော်ကားမှုကြောင့် မိမိ၏ အပျိုစင်ဘဝပျက်ခဲ့ရ၏။

ထို့ကြောင့် လူယုတ်မာ အေးသိန်းကို ပြန်လည် လက်စားချေခြင်းကို တရားမျှတသည်ဟုယူဆ၏။ ထိုပြစ်မှုအတွက် ကိုလိုနီပုလိပ်များထံ၌ အဖမ်းမခံလိုတော့ချေ။

ဤမြို့မှထွက်ပြေးပြီး ရေကြည်ရာ မြက်နုရာ သွားလာစားသောက်တော့မည်။

သူစာသည် သူ၏ ဆုံးဖြတ်ချက် ခိုင်မာသွားသောအခါ အိမ်၏အနောက်ပေါက်မှ တိတ်တခိုးဝင်၍ လွယ်အိတ်ငယ်လေးထဲသို့ သူမပိုင် အဝတ်အစား အနည်းငယ်ယူ၍ ငွေစကြေးများကို ရှာဖွေထည့်သွင်းလေ၏။

ပြီးနောက် အိမ်အနောက်ပေါက်မှ အမှောင်ထုအတွင်းသို့ တိုးဝင်ခဲ့လေတော့၏။

——— ဓေတာနာတာဝေ ———

www.burmeseclassic.com

www.burmeseclassic.com



သူဇာသည် ဘူတာဘက်သို့ ဦးတည်လျှောက်လှမ်းခဲ့လေ၏ ထိုသို့သွားလာနေစဉ် မြို့စွန်၌ မီးလောင်ကြောင်း လူများသိရှိသွားပြီး မီးလောင်ရာနေရာသို့ ဦးတည်ပြေးလွှားသွားကြောင်းတွေ့ရလေ၏။

ထိုလူများသည် မီးလောင်နေသော အိမ်၌ လူယုတ်မာအေးသိန်း၏ မီးသွေးခဲဖြစ်နေသော အလောင်းကိုမြင်တွေ့ကြပေလိမ့်မည်။ ထိုအခါ အေးသိန်းကို လုပ်ကြံသူမှာ သူမ ဖြစ်ကြောင်းသိရှိသွားနိုင်၏။

သူဇာသည် မိခင်ကြီးအတွက် ဝမ်းနည်းလွန်းသဖြင့် ငိုယိုပြီး ဘူတာဘက်သို့ ပြေးလွှားနေမိ၏။ ဘူတာခန်းသို့ရောက်သောအခါ ရထားဥသြသံကြားရ၏။

ရထားတစ်စင်းဘူတာဘက်သို့ ဝင်ရောက်လာချေပြီ။ ကံကောင်းထောက်မ၍ ရထားဘူတာ၌ ရပ်နားပါစေဟု ဆုတောင်းမိ၏။ ဘူတာ၌ ရုံပိုင်ကြီး၏ မီးအိမ်ကလေးလင်းနေ၏။

သူဇာသည် မောင်ရိပ်ခို၍ ဘူတာအနီးသို့ ချဉ်းကပ်၏။ ထိုအခိုက်မှာပင် ရထားကြီးတစ်စင်း ဘူတာသို့ ဝင်ရောက်လာလေ၏။





သူဇာသည် လွယ်အိတ်ကို စလွယ်သိုင်း၍ ရထား၏ အနောက်ဘက်တွဲတစ်တွဲဆီသို့ ခိုးဆွဲတက်လိုက်၏။

ထိုတွဲပေါ်၌ မည်သူမျှမတွေ့ရဘဲ တွဲလွတ်တစ်တွဲဖြစ်ကြောင်း တွေ့ရ၏။

ရထားမောင်းသူနှင့် ရုံပိုင်ကြီး စကားပြောဆိုနေသံ သဲ့သဲ့ ကြားရ၏။

ခဏကြာလျှင် ရထားပြန်ထွက်သွားလေ၏။ သူဇာသည် ထိုင်ခုံလွတ်တစ်လုံးပေါ်၌ ခြေပစ်လက်ပစ်ထိုင်၍ မိခင်ကြီးအကြောင်းတွေးကာ ဝမ်းနည်းစိတ်ဖြင့် ငိုယိုနေမိ၏။

ဒီအချိန်မှစ၍ ဘဝ၌အားကိုးစရာဟူ၍ မရှိတော့၊ လောကခံတို မိမိတစ်ကိုယ်တည်း ရင်ဆိုင်ရပေတော့မည်။

မိမိ၌ အတန်းပညာ အသင့်အတင့် တတ်ကျွမ်း၏။ သူ၏ လွယ်အိတ်ထဲ၌ တစ်လခန့်ကောင်းစွာ စားသောက်နိုင်သော ငွေအသပြာပါ၏။

ရထားသည် ဘူတာတစ်ဘူတာပြီးတစ်ဘူတာ ဖြတ်သန်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရပ်ဆိုင်းခြင်းမရှိတော့ချေ။

သူစာသည် ဝိုယိုရင်းပင်ပန်းလွန်းသဖြင့် မှေးခနဲအိပ်ပျော်သွားလေ၏။

သူမအိပ်ရာက ပြန်နိုးလာသောအခါ ရထားသည် တရွေ့ရွေ့ တရွဲ့ရွဲ့အသံပြု၍ ရပ်တန့်သွားလေ၏။ သူစာသည် ရထား မည်သည့်အရပ်သို့ ရောက်နေသနည်းဟုတွေးတောကာ ပြတင်းပေါက်မှ ချောင်းကြည့်လိုက်၏။

ထိုအခါ ရထားသည် မည်းမှောင်နေသော ကွင်းပြင်ကြီး အနီး၌ ရပ်နားနေကြောင်းတွေ့ရ၏။

ရထားပေါ်မှ လူအချို့ဆင်းလာပြီး စက်ခေါင်းရှိရာသို့ သွားရောက်မေးမြန်းနေကြ၏။ သူစာသည် လူစုနှင့်ရော၍ လိုက်သွားရာ ရထားစက်ပျက်သွားကြောင်း ကြားရ၏။

ဤအရပ်၌ ယနေ့ည ရထားရပ်နားမည်ဟုကြားရ၏။ သူမ၏တွဲရှိရာသို့ စမ်းတဝါးဝါးနှင့် ပြန်ရောက်သွားလေ၏။

ရထားစက်ခေါင်းကို အတန်ကြာအောင်ပြင်ဆင်သော်လည်း





ပြန်လည်ကောင်းမွန်လာခြင်းမရှိချေ။ သူစာသည် ရထားပေါ်တွင်တစ်ကိုယ်တည်းနေထိုင်ရာမှ ဗိုက်ထဲ၌ဆာလောင်လာ၏။

သူမသည် ခဏကြာအောင် အောင့်အည်းသည်းခံပြီးနေထိုင်ပြီးနောက် ဆာလောင်မွတ်သိပ်သည့် ဒဏ်ကိုမခံနိုင်သည့်အဆုံးတွင် ရထားပေါ်မှဆင်း၍ အနီးဆုံးရွာသို့ ရောက်အောင်လှမ်းခဲ့၏။

သူစာသည် ကွင်းပြင်ကျယ်ကြီးကို လရောင်အတိုင်း လျှောက်လှမ်းခဲ့၏။ ကွင်းပြင်ကျယ်ကြီးကို လွန်သောအခါ အဝေးမှ မီးရောင်ကို မြင်ရပြီး ဆိုင်းသံဗုံသံသဲ့သဲ့ကိုကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။

သူမသည် ကံကောင်းထောက်မ၍ ပွဲခင်းတခုသို့ရောက်ရှိသွားလေပြီ။ သူစာသည် ဆိုင်းသံကြားရာသို့လျှောက်လှမ်းခဲ့၏။ ခဏကြာလျှင် လူများကြိတ်ကြိတ်တိုး စည်ကားနေသော ပွဲခင်းကြီးတစ်ခုသို့ ရောက်ရှိသွားလေ၏။

ပွဲခင်း၌ ပွဲဈေးသည်များနှင့် ပွဲသွားပွဲလာများ စည်ကားလှ၏။ပွဲခင်း၏အလယ်၌ ရွှေဖိုးခေါင်အမည်ရှိသော အငြိမ့်ပွဲက



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။ သူဇာသည် အငြိမ့်ကိုအာရုံမစိုက်နိုင်ဘဲ အကြော်ဆိုင် တစ်ဆိုင်သို့ဝင်၍ အကြော်တစ်ပွဲမှာ၍ စားလေ၏။

ထိုအခါမှပင် သူမ၏ ဆာလောင်မွတ်သိပ်မှုများ ပြေပျောက်သွားလေ၏။ ထို့ကြောင့် အကြော်ဖိုးရှင်းရန် ဆိုင်ရှင် အဘွားကြီးကို ခေါ်လိုက်၏။ ဆိုင်ရှင်အဘွားကြီးသည် သူမ၏ အနီးသို့ အိပဲ့အိမဲ့နှင့် လျှောက်လှမ်းလာပြီး

" အကြော်ဖိုး တစ်မူးကျပါတယ် "

ဟုပြောလေ၏။

သူဇာသည် လွယ်အိတ်ထဲမှ ငွေတစ်မူးကို ထုတ်ပေးလိုက်ပြီး

" ဒီအရပ်မှာ ဘုရားပွဲရှိလို့လား အဘွား "

ဟုမေးမြန်းလိုက်လေရာ အဘွားကြီးသည် သူဇာ၏ အမေးကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

" သမီးက ဒီအရပ်ကမဟုတ်ဘူးနဲ့တူတယ်၊ ဘုရားပွဲမဟုတ်ဘူးသမီးရဲ့၊ အမလေး ပြောရမှာ ကြက်သီးထလိုက်တာ





ဒါလူတွေအတွက် လုပ်တဲ့ပွဲမဟုတ်ဘူးကွဲ့၊ ကြတ်တွေအတွက် လုပ်တဲ့ပွဲ၊ ကြတ်ပွဲ ကြတ်ပွဲကွယ့် "

ဟုပြောလေရာ သူဇာသည် စားလက်စအကြော်ပါးစပ်ထဲမှ ပြုတ်ကျသွားပြီး

" ရှင် ကြတ်ပွဲဟုတ်လား ကြတ်–ကြတ်ဆိုတာ နာနာဘာဝ ကြတ်တွေကို ပြောတာလား "

ဟု အထစ်အထစ်အငေါ့ငေါ့ မေးမြန်းလေရာ အဘွားအိုက တဟီးဟီး ရယ်လာ၍

" သိပ်ဟုတ်တာပေါ့ကွယ်၊ နာနာဘာဝတွေ "

ဟုပြောလေရာ သူဇာသည် အလွန်ထိတ်လန့် တုန်လှုပ်သွားလေ၏။

သူမငယ်စဉ်က ကြားခဲ့ဘူးသော နာနာဘာဝကြတ်များနှင့် ဝတ်သက်သည့် ပုံပြင်ဒဏ္ဍာရီများကိုလည်း သတိရလိုက်၏။

ပရလောကအတွင်းရှိ နာနာဘာဝကြတ်များသည် ညအချိန်၌ ပေါ်လာလေ့ရှိပြီး အရုဏ်တက်အချိန်၌ အလိုလိုပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ကြွက်များသည် ယောကျ်ားမိန်းမ လှည်းနွားစသည်ဖြင့် ညအချိန်၌ လူများကဲ့သို့ လှည့်လည်သွားလာကြ၏။

ညအချိန် တောလမ်းတစ်နေရာ၌ စခန်းချ၍ ကခုန်ကြ၏။ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြ၏။ မသိနားမလည်သူများသည် ကြွက်များနှင့်ရော၍ ပွဲလမ်းသဘင်များ၌ ဝင်ရောက်ဆင်နွှဲပြီး အရက်တက်အချိန် ကြွက်များပျောက်ကွယ်သွားသောအခါ ကွင်းခေါင်ခေါင်၌ ထီးထီးကြီးကျန်ရစ်နေတတ်၏။

ယနေ့ည ရောက်နေသောနေရာသည် ကြွက်များ၏ ပွဲလမ်းသဘင်ဟု အဘွားအိုက ဆိုနေ၏။

သူစာသည် ပွဲခင်းအတွင်းလှည့်လည်သွားလာနေသူများကို အထိတ်တလန့်ကြည့်၍

" အဘွား...အဘွား တကယ်ပြောတာလား မနောက်ပါနဲ့ အဘွားရယ် "

ဟုပြောလိုက်ရာ အဘွားအိုက တည်ကြည်ဟန်ဖြင့်

" အဘွားမနောက်ပါဘူးသမီးရယ် ၊ဒီအသက်အရွယ်ကြီး ရောက်မှ နောက်စရာလား အဘွားအတည်ပြောတာပါကွယ် "

ဟုပြောလေ၏။ သူစာသည် ထိတ်လန့်လွန်းမက ထိတ်လန့်လာပြီး

" အဘွား...သမီးကြောက်လာပြီ ဒါဆိုရင် ပွဲခင်းထဲမှာ ကြွက်တွေရှိတယ်ပေါ့ "

ဟုပြောလေရာ အဘွားအိုက ခေါင်းညိမ့်၍

" ရှိတာပေါ့ကွယ်၊ ပွဲခင်းထဲမှာ ကြွက်တွေအများကြီး ရှိတယ် "

ဟုပြောလေရာ သူစာသည် အထိတ်ထိတ်အလန့်လန့်ဖြင့် အနောက်သို့ လှည့်ကြည့်လိုက်ရာ လှုပ်ရှားသွားလာနေသော ပွဲသွားပွဲလာများကို တွေ့ရ၏။ ထိုသူများသည် နာနာဘာဝကြွက်များဆိုရင်တော့ သူမကိုဖမ်းစားတော့မည်။

ထိုသူများသည် ရိုးရိုးတန်းတန်းလူသားများပင်ဖြစ်ပေလိမ့်မည်။ ဤသို့ဆိုလျှင် အကြော်ဆိုင်ရှင်အဘွားကြီးသည် စိတ်မနှံ့သော အဘွားကြီးပင်ဖြစ်လေသလား။ သူစာသည် အဘွားအိုကို







www.burmeseclassic.com

www.burmeseclassic.com



သေချာကြည့်၍

" လူလား၊ ကြက်လား "

ဟု မေးမြန်းလေ၏။ အဘွားအိုက တဟီးဟီးရယ်လာ၍

" အဘွားကလူပါကွယ်၊ ကြက်မဟုတ်ပါဘူး၊ ပွဲခင်းထဲမှာတော့ လူတွေရော ကြက်တွေရောရှိတယ်၊ သမီးကဒီအရပ်ကမဟုတ်ဘူးဆိုတော့ ဒီအရပ်ရဲ့ ဓလေ့ထုံးစံကို နားမလည်ဘူးနဲ့တူတယ်။ ဒီအရပ်မှာ ဟိုးအရင်က အခုလိုမစည်သေးဘူး။ ဟိုးတုန်းက ထမင်းဆိုင်လေးတစ်ဆိုင်ပဲရှိတယ်။ ထမင်းဆိုင်ရှင်ဟာ ပရလောကသားတွေနဲ့ ဘယ်လိုပတ်သက်လဲမသိဘူး၊ဆိုင်ရှင်ဟာ နာနာဘာဝတွေအတွက် ဒီနေရာမှာ တစ်နှစ်တစ်ခါ အငြိမ့်ပွဲ ခံပေးတယ် ဒီပွဲကို အနီးအနားရွာက လူသားစစ်စစ်တွေလည်း လာပြီးကြည့်ကြတာပဲ၊ ဒါကြောင့် ပွဲခင်းထဲမှာ လူတွေရော ကြက်တွေရော ရှိတယ်လို့ပြောတာ ညဆိုတော့ လူလား၊ ကြက်လားခွဲခြားလို့မရဘူး ဒါပေမဲ့ အရုဏ်တက်ချိန်ဆိုရင်တော့ ကြက်တွေပျောက်သွားပြီး လူတွေပဲ ကျန်တော့တယ် "





ဟု ရှင်းလင်းပြလေ၏။

သူဇာသည် ထိုအခါမှပင် မိမိရောက်နေသော အရပ်၌ ထူးခြားဆန်းကြယ်သော ဓလေ့စရိုက်ရှိမှန်းသိလိုက်၏။ နာနာဘာဝ ကြက်များအတွက် နှစ်စဉ်အငြိမ့်ပွဲခံပေးသည် ဆို၏

ယနေ့ည ပွဲခင်းထဲ၌ လူနှင့်ကြက်ရောနှောနေမှာသေချာ၏။ သူဇာသည် ပွဲခင်းထဲ၌ လှည့်လည်သွားလာရန် ထိတ်လန့်တုန်လှုပ်နေမိ၏။ ထို့ကြောင့် အဘွားကြီး၏ အကြော်ဆိုင်၌ အတန်ကြာအောင် ပေကပ်ပြီးထိုင်နေလေ၏။

*မှတ်ချက်* ။ ။ *မြန်မာပြည်အလယ်ပိုင်းရှိ အရပ်ဒေသတစ်ခု၌ နာနာဘာဝကြက်များအတွက် နှစ်စဉ်အငြိမ့်ပွဲခံပေးသောဓလေ့ထုံးစံသည်ယနေ့ထက်တိုင်ရှိနေပါသေး၏။*

*စာရေးသူ*

ပွဲခင်းထဲ၌ လှည့်လည်သူများသည် အဘွားကြီး၏ အကြော်ဆိုင်သို့ ဝင်ရောက် စားသောက်ကြ၏။

သူဇာသည် ထိုသူများကိုကြည့်၍ ကြက်သီး တဖြန်းဖြန်း



www.burmeseclassic.com

www.burmeseclassic.com



ထနေမိ၏။

ကြွတ်များရှိသော ပွဲခင်းထဲသို့ ဝင်ရောက်ခဲ့ခြင်းအတွက် မိမိကိုယ်မိမိ နောင်တရနေမိ၏။

ရထားပျက်၍ နေခဲ့လျှင် အကောင်းသား ဟုတွေးနေမိ၏။ အတန်ကြာအောင် အကြော်ဆိုင်၌ ထိုင်နေသောအခါ အဘွားကြီးသည် သူဇာ၏အနီးသို့ လာရောက်၍

" ငါ့သမီး ပွဲခင်းထဲမှာလျှောက်မကြည့်ဘူးလား "

ဟု မေးမြန်းလေ၏။

ထိုအခါ သူဇာက ကြက်သီးထဟန်ဖြင့်

" အမလေး ပွဲခင်းထဲမှာ ကြွတ်တွေရှိတယ်၊ ကျွန်မ မသွားရဲပါဘူး "

ဟု ပြောလေရာ အဘွားအိုက

" သမီးက ဒီဇာတိမဟုတ်ဘူးဆိုတော့ ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲ "

ဟု မေးမြန်းလေရာ သူဇာသည် အဘွားအို၏ စကားကို





ပြေဆိုရန်ခက်သွားလေ၏။ ပြီးမှ သက်ပြင်းချ၍

" သမီးဘယ်ကလာလို့ ဘယ်ကိုသွားရမှန်းမသိတော့ပါဘူး အဘွားရယ်၊ သမီးဘဝမှာ ဆင်းရဲဒုက္ခတွေချည်းပဲ "

ဟု ဝမ်းနည်းစွာဖြင့် ပြောဆိုလေ၏။ အဘွားအိုသည် သူဇာ၏ အမူအရာကိုကြည့်၍ ကရုဏာသက်သွားပုံရ၏။

" ငါ့သမီးဘဝက ငယ်ငယ်ရွယ်ရွယ်နဲ့ ကြမ်းတမ်း လိုက်တာ မိဘဆွေမျိုးတွေမရှိတော့ဘူးလား "

ဟု မေးမြန်းလေ၏။

သူဇာက ခေါင်းညိတ်၍

" မရှိတော့ပါဘူးရှင် ကျွန်မကတစ်ကောင်ကြွက်ပါ၊ ဇာတိရပ်မြေမှာမနေချင်လို့ထွက်လာခဲ့တာပါ "

ဟု ပြောလေရာ အဘွားအိုက ခေါင်းခါယမ်း၍

" ငါ့သမီး ရုပ်ရည်လေးနဲ့ ဒီလိုသွားလာနေရင် အန္တရာယ်သိပ်များတာပေါ့၊ ဒီအန္တရာယ်တွေဟာ ကြွတ်တွေထက်တောင်ပိုပြီး ကြောက်စရာကောင်းနေသေးတယ်၊ ကောင်းပြီ… ဒီနေ့ညတော့



www.burmeseclassic.com

www.burmeseclassic.com



အဘွားတို့ဆိုင်မှာပဲ ညအိပ်လိုက်တော့၊ ကဲပါ…သမီးပင်ပန်းလာပုံ ရတယ် အဘွားနဲ့ဆိုင်အနောက်ကိုလိုက်ခဲ့ ”

ဟု ပြောလေရာ သူဇာသည် ပင်ပန်းလွန်းသဖြင့် မငြင်းဆန်နိုင်တော့ဘဲ အဘွားအို ခေါ်ရာနောက်သို့လိုက်ခဲ့လေ၏။

အဘွားအိုသည် သူဇာအား ဆိုင်အနောက်ရှိ ကျူထရံများ ကာရံထားသော နေရာလေးသို့ ခေါ်ဆောင်သွား၏။ ထိုနေရာလေး၌ စောင်နှင့်ခေါင်းအုံးကိုတွေ့ရ၏။ သူဇာသည် အဘွားအိုကို ကျေးဇူးတင်ကြောင်းပြော၍ ကျူထရံကာရံထားသော အခန်းငယ်လေး၌ ဝင်ရောက်အိပ်စက်လိုက်လေ၏။

သူဇာသည် လှဲအိပ်လိုက်သည်နှင့် တဖျာရှူးအေးသိန်း၏ ရက်စက်ယုတ်မာပုံများကို ပြန်လည်မြင်ယောင်လာ၏။ထိုအခါ မိမိကိုယ်မိမိ ရွံရှာသလိုဖြစ်သွားပြီး မျက်ရည်များ စီးကျလာလေ၏။ သူမဘဝမသန့်ရှင်းတော့သလိုပဲ ခံစားရ၏။ မိမိဘဝကို ဖျက်ဆီးခဲ့သော အေးသိန်းတစ်ယောက် မီးဟုန်းဟုန်းတောက်လောင်နေသော အိမ်ကြီးထဲ၌ မီးသွေးတုံးဘဝသို့ ပြောင်းသွားပေလိမ့်မည်။





ဤသို့ဖြင့် သူဇာသည် ဖျာပေါ်၌ လှဲနေသော်လည်း အေးသိန်း၏ ယုတ်မာပုံကိုတစ်လှည့်၊ မိခင်ကြီးဆုံးပါးသွားပုံကို တစ်လှည့် တွေးကာဝမ်းနည်းကြေကွဲမဆုံး ဖြစ်နေလေ၏။

သူဇာသည် အိပ်၍မရဘဲ ဟိုသည်လူးလိမ့်၍သာနေလေတော့၏။ ထို့ကြောင့် ဆိုင်ရှင်အဘွားကြီးနှင့် စျေးကူးရောင်းရန် အိပ်ရာမှထခဲ့၏။

ထိုအခါ ဆိုင်ရှင်အဘွားကြီးနှင့်အတူ ဆယ်ကျော်သက်အရွယ် မိန်းမပျိုတစ်ဦး ဆိုင်ကိုသိမ်းဆည်းနေကြောင်း တွေ့ရ၏။

နံနက်အရုဏ်တက်ချိန်သို့ ရောက်ရှိလုနီးနေလေပြီ၊ ဆိုင်ရှင်အဘွားကြီးက ရယ်မော၍

“ သမီး အိပ်ရာကနိုးလာပြီးလား ကြောက်စမလိုတော့ပါဘူးကွယ်၊ အရုဏ်တက်ချိန်ရောက်နေပါပြီ၊ ကြွက်တွေမရှိတော့ပါဘူး ပွဲခင်းထဲမှာလူတွေပဲ ရှိတော့တယ် ”

ဟု ပြောလေ၏။

သူဇာသည် ကြောက်ရွံ့စိတ်ဖြင့် ပွဲခင်းထဲသို့ မျက်လုံးဝေ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သောအခါ ပွဲသွားပွဲလာများ မရှိတော့သလောက် နည်းပါးနေကြောင်း တွေ့ရ၏။

အဘွားအိုက အနီး၌ရှိသော မိန်းမပျိုလေး၏ ပခုံးကိုဖက်၍

" ဟောဒါ အဘွားရဲ့ မြေးလေးလေ နာမည်က ဂျမ်းဘိုလို့ခေါ်တယ်၊ အဘွားတို့မြေးဘွား နှစ်ယောက်တည်း ဘဝကို ရုန်းကန်ပြီး နေကြတာ လောလောဆည် ငါ့သမီးမှာ သွားစရာလာစရာ မရှိဘူးဆိုရင် အဘွားတို့ အိမ်ကို လိုက်ခဲ့ပါလား "

ဟုပြောလေရာ သူဇာက မျက်မှောင်ကြုတ်၍

" အဘွားက ပွဲဈေးသည်မဟုတ်ဘူးလား "

ဟုမေးနေလေ၏။

ဒေါ်စာရံက ခေါင်းခါ၍

" အဘွားက ပွဲဈေးရောင်းတဲ့သူ မဟုတ်ဘူး၊ ဒီမြို့ဈေးသည်ကွယ့်၊ ဒီနေ့ဘုရားပွဲပြီးပြီး အဘွားတို့ အိမ်ပြန်တော့မယ်၊ ငါ့သမီးကို ဒါကြောင့် မသွားနဲ့လိုက်ခဲ့ဖို့ ဖိတ်ခေါ်တာ၊ အဘွားတို့နဲ့ ခဏနေပြီးမှ သမီးသွားချင်ရာကို သွားပေါ့ "





ဟု ပြောလေ၏။

သူဇာသည် အကြော်သည် အဘွားအို၏ ဖိတ်ခေါ်မှုကို မငြင်းဆန်ဘဲ ခေါင်းညိတ်လက်ခံခဲ့လေ၏။

ဘုရားပွဲပြီးဆုံးသွားသောအခါ အဘွားအို၏ ပစ္စည်းများကို လှည်းဖြင့် တင်ဆောင်၍ မြို့ပေါ်သို့ ပြန်လေ၏။

အဘွားအိုနှင့်အတူ သူဇာသည် လှည်းဖြင့်ပင် မြို့သို့လိုက်ခဲ့လေ၏။

မြို့လယ်ခေါင်ရှိ ရုပ်ရှင်ရုံ၏ အနောက်ဘက်အပေါက်သို့ ရောက်သောအခါ နွားလှည်းရပ်တန့်၍ ပစ္စည်းများကို ချလေ၏။ အဘွားအိုတို့ မြေးအဘွားသည် ရုပ်ရှင်ရုံအနောက်ရှိ အခန်းကျဉ်းလေး၌ နေထိုင်သည်ဆို၏။

အဘွားအို၏ ခင်ပွန်းရှိစဉ်က ရုပ်ရှင်ရုံအစောင့် ဖြစ်ခဲ့ဖူးသည်။ အဘွားအိုက ခင်ပွန်းနှင့်ပတ်သက်၍

" တကယ်တော့ အဘွားရဲ့ခင်ပွန်း ဆုံးသွားပြီဆိုရင် အဘွားတို့မြေးအဘွား နိုကပ်ပြီးနေထိုင်စရာ အကြောင်းမရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဘွားတို့မိသားစုက ရုပ်ရှင်ရုံပိုင်ရှင်ရဲ့အကျိုးစီးပွားကို အသက်နဲ့လဲပြီး ကာကွယ်ပေးခဲ့လို့ အခုလိုနေခွင့်ရတာပဲ ”

ဟု ပြောလေ၏။

ထိုအခါ သူဇာသည် အဘွားအို၏ စကားကို စိတ်ဝင်စား သွားပြီး

“ ဘယ်လိုအသက်အန္တရာယ်နဲ့ လဲရတာလဲအဘွား ပြောပြပါဦး ”

ဟု မေးမြန်းလေ၏။

ထိုအခါ အဘွားအိုက မှိုင်းညို့သော မျက်လုံးများဖြင့် အဝေးသို့ငေးကြည့်၍

“ ရုပ်ရှင်ရုံပိုင်ရှင်မိသားစုက လွန်းခဲ့တဲ့(၁၀)နှစ်လောက် တောင်ညိုတောင်က ဆရာတော်ကြီးကို သွားဖူးတွေ့ပြီး တောလမ်း ခရီးမှာ လှည်းနဲ့ပြန်လာခဲ့တယ်၊ အပြန်လမ်းမှာ လမ်းဓားပြ ချက်ကြီး တို့အဖွဲ့က ရုပ်ရှင်ရုံပိုင်ရှင်သူဌေးကို ဓားပြတိုက်ပြီး အသက် ကိုရန်ရှာဖို့ ကြိုးစားခဲ့တယ်၊ အဲဒီတုန်းက အဘွားရဲ့ယောကျ်ားဟာ





သူတစ်ယောက်တည်းနဲ့ ဓားပြလေးယောက်ကို ယှဉ်တိုက်ပြီးသူဌေးရဲ့ အသက်ကို ကယ်တင်ပေးခဲ့ရတယ်၊ အဲဒီမှာပဲ အဘွားရဲ့ယောကျ်ား အသက်ဆုံးခဲ့ရတယ်၊ လွန်ခဲ့တဲ့ငါးနှစ်လောက်က ရုပ်ရှင်ရုံကို မကျေနပ်တဲ့ လူမိုက်တစ်စုဟာ မီးရှို့ဖို့ကြိုးစားခဲ့တယ်၊ အဲဒီတုန်းက အဘွားရဲ့သား ဟောဒီမြေးမလေးရဲ့ အဖေဟာ ရုပ်ရှင် စက်ခန်းနဲ့ ဖလင်တွေကို ကာကွယ်ပေးရင်းနဲ့ မီးလောင်ပြီးသေဆုံး ခဲ့ရတယ်၊ အဘွားရဲ့ သားအသက်နဲ့ လဲခဲ့လို့ ဟောဒီရုပ်ရှင်ရုံ မီးမလောင်ခဲ့ တာပဲ၊ ဒါကြောင့်လဲ ရုပ်ရှင်ရုံပိုင်ရှင် မိသားစုဟာ အဘွားကို ကျေးဇူးပြုတဲ့ အနေနဲ့ ဟောဒီအခန်းကျဉ်းလေးထဲမှာ နေခွင့်ပေး တာပေါ့ ”

ဟု ပြောလေရာ သူဇာသည် အဘွားအိုကို ကရုဏာ သက်စွာ ကြည့်လိုက်ပြီး…

“ သူတို့က အဘွားကို ငွေရေးကြေးရေး မထောက်ပံ့ ကြဘူးလား ”

ဟု မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက သက်ပြင်းချ၍

" ဟောဒီရုံနောက်က အခန်းကျဉ်းလေးထဲမှာ နေခွင့်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီးကွယ် "

ဟု ပြောလေ၏။

ထိုနောက် အဘွားအိုသည် သူဇာအား အိပ်စက်ရန် နေရာစီစဉ်ပေး၏။ သူဇာသည် အခန်းကျဉ်းလေး၏ အနောက်ဖက်ဆုံးနေရာ၌ သူ၏ လွယ်အိတ်ကလေးကို နေရာချထားလိုက်၏။

ဤသို့ဖြင့် သူဇာသည် အကြော်သည်အဘွားအို၏ အခန်းကျဉ်းလေးထဲ၌ ခဏနေထိုင်ခွင့်ရ၏။

အဘွားအို၏အမည်မှာ ဒေါ်ဘွားခင်ဟူ၍ဖြစ်၏။ ဒေါ်ဘွားခင်၏မြေးကလေး ဂျမ်းဘုံသည် သူဇာကိုလွန်စွာခင်မင်၏။ သူဇာကိုခေါ်၍ သူ့ကိုမြို့ထဲသို့ လိုက်လံပြသ၏။

သူဇာသည် ရုပ်ရှင်ရုံအနောက်၌ ခေတ္တနေခွင့်ရသဖြင့်ရုပ်ရှင်ကားကောင်းများကို အခမဲ့ကြည့်ခွင့်ရ၏။

ထိုခေတ်က လွန်စွာနာမည်ကြီးသော မြဂနိုင် ဇာတ်ကားကို





ထိုရုံ၌ကြည့်ခွင့်ရခဲ့၏။

ထိုသို့နေထိုင်ရင်း လွန်စွာထိတ်လန့် ဖွယ်ကောင်းသော အိပ်မက်ဆိုးကြီးကို ပြန်လည်မြင်မက်လေ၏။

ထိုအိပ်မက်ဆိုးကြီးမှာ တဏှာရူးအေးသိန်းတစ်ယောက်သူမ၏ အပျိုစင်ဘဝကို ဖျက်ဆီးခဲ့သော အိပ်မက်ဆိုးပင်ဖြစ်၏။

သူဇာသည် အိပ်မက်ဆိုးမှ လန့်နိုးလာတိုင်း ရင်တွေတလှပ်လှပ်တုန်ကာ ချွေးသီးချွေးပေါက်များ ကျနေလေ၏။

တဏှာရူးအေးသိန်း ငရဲပြည်သို့ရောက်ရှိနေသည့်တိုင် အေးသိန်း၏ အရိပ်မည်းကြီးက အိပ်မက်ထဲ သို့ရောက်ရှိနေတတ်၏။

သူဇာသည် ထိုအဖြစ်ဆိုးကို မြင်မက်တိုင်း မီးလောင်တိုက်သွင်း၍ ကလဲ့စားချေခြင်းကို အမှတ်ရ၏။ ယခုလောက်ဆိုလျှင် အေးသိန်းကို လုပ်ကြံသူမှာ သူမဖြစ်ကြောင်း ပုလိပ်များ ရိပ်စားမိချေပြီ။

သူဇာသည် ဂျမ်းဘုံနှင့်ဈေးသွားသည့်အခါ ဈေးအရှေ့၌ထင်းရှူးသေတ္တာများ ရောင်းချနေသည်ကိုမြင်လျှင် အခြင်ကို



www.burmeseclassic.com

www.burmeseclassic.com



သတိရ၏။ ၄င်းကိုရောင်းနေသော ထင်းရှူးသေတ္တာများသည် ဖခင်၏ သေတ္တာများကဲ့သို့ ကောင်းမွန် သပ်ရပ်ခြင်းမရှိချေ။

ပျံ့သန်းနေသော ငှက်ငယ်လေး၏ ပုံသဏ္ဍာန်၊ ရေဆွဲထားသော ထင်းရှူးသေတ္တာများကို ဤနယ်တဝိုက်၌ မြင်တွေ့ရ၏။ ထိုသေတ္တာများအားလုံး ဖခင်၏လက်ရာများပင်ဖြစ်၏။

သူဇာသည် အကြော်ဆိုင်ကလေးကို ကူညီရောင်းချရင်း နေထိုင်ခဲ့သည်မှာ လဝက်ခန့်ကြာခဲ့လေပြီ။ဒေါ်ဘွားခင်နှင့်ဂျမ်းဘို တို့၏ တောင်းဆိုမှုအရ ဤမြို့မှ မခွာနိုင်သေးချေ။





သူဇာသည် ရုပ်ရှင်ရုံထဲ၌ ကြည့်ရှုသူနည်းပါးသည့်အခါ အသစ်ပြသသော ဇာတ်ကားများကို ဝင်ရောက်ကြည့်ရှု၏။

ထိုအခါ ရုပ်ရှင်စက်မောင်းသော ဦးစိန်သောင်းဆိုသော အတိုးကြီးက သူဇာ၏ ရုပ်ရည်ချောမောကြောင်း ချီးမွမ်း၍ ရုပ်ရှင်အဖွဲ့များ မြို့သို့ရောက်သည့်အခါ မင်းသမီး လုပ်ရန်တိုက်တွန်း၏။

သူဇာကခေါင်းခါယမ်း၍

" အမလေး...မလုပ်ပါနဲ့ဦးလေးရယ်၊ ကျွန်မက မင်းသမီးတွေလို သရုပ်ဆောင်ဖို့ဝေးလို့၊ ဇာတ်ပုံတောင် ကောင်းကောင်းအရိုက်ခံတတ်တာမဟုတ်ဘူး "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

သူဇာ၏ ရုပ်ရည်ချောမောပုံကို ကြည့်၍ ရုပ်ရှင်မင်းသမီး လုပ်ရန် တိုက်တွန်းသူထဲတွင် သူဇာကိုချစ်ခင်သော ဂျမ်းဘုံလည်း ပါ၏။

သူဇာသည် ချောမောလှပသောရုပ်ရည်ကို အသုံးပြု၍ ပိုက်ဆံရှာလိုစိတ် မရှိချေ။

ထိုရုပ်ရည်လှပမှုကြောင့် ဘဝပျက်ခဲ့ပုံကို ပြန်လည်မြင်ယောင်ရင်း ရင်ထဲမှာ နာကျင်နေမိ၏။

ထိုစဉ်က အရှင်လတ်လတ် ခံခဲ့ရသော ဘဝငရဲကို ဘယ်တော့မှမမေ့။

သူမတစ်သက်၌ တဏှာရူးအေးသိန်း၏ ရက်စက်မှုကြောင့် အိမ်ထောင်ပြုရန်ပင် ကြောက်ရွံ့သွား၏။

ယောကျ်ားများကိုပင် ရွံရှာမုန်းတီးစိတ် ဝင်မိသလို ရှိ၏။ ဤမျှနာကျင်ဖွယ်ကောင်းသော အတွေ့အကြုံကို ပုရိသယောကျ်ားတို့ကမိန်းမသားများကိုအဘယ်ကြောင့် ပေးအပ်လေသနည်း။





သူဇာသည် ရင်နှင့်ဖွယ်အတွေ့အကြုံကြောင့် ဆန့်ကျင်ဘက်ယောကျ်ားများကို အားကိုးစိတ်မဝင်ဘဲ ရန်သူသဖွယ် ဖြစ်နေမိ၏။

တစ်ခါက ရုပ်ရှင်စက်မောင်းသော ဦးစိန်သောင်း ဆိုသည့် အတိုးကြီး နေမကောင်းသဖြင့် ဒေါ်ဘွားခင်ကြီး ပေးလိုက်သော ဟင်းတစ်ခွက်ကို သွားပို့လေ၏။

ဦးစိန်သောင်းသည် ကျေးဇူးတင်ကြောင်းပြော၍ ဟင်းခွက်ကို ပန်းကန်ထဲသို့ ပြောင်းထည့်၏။ပြီးနောက် စက်ခန်းတခါးကို အသာပိတ်လိုက်၏။

သူဇာသည် ဦးစိန်သောင်း၏ အပြုအမူကြောင့် ရင်ထဲတွင်ထိတ်ခနဲ ဖြစ်သွားပြီး အသံကျယ်ကျယ်ဖြင့်

" ဦးလေး ဘာလုပ်တာလဲ "

ဟု မေးမြန်းလိုက်၏။

ဦးစိန်သောင်းသည် သူဇာ၏ အပြုအမူကြောင့် အံ့သြသွားဟန်ဖြင့်

" ဘာဖြစ်လို့လဲ ကလေးမရယ်၊ ဦးလေးက နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ ချမ်းစိမ့်စိမ့်ဖြစ်နေတယ်၊ လေစိမ်းတွေတိုက်လို့ တခါးပိတ်တာပါ ”

ဟု ရိုးသားသော အမူအရာဖြင့် ပြောလေ၏။သူဇာသည် ထိုအခါမှပင် ရင်ထဲက အလုံးကြီးကျသွားပြီး

“ တခါးပိတ်ရင် မှောင်သွားမှာဆိုးလို့ပါ ဦးလေးရယ်၊ သူဇာက အမှောင်ထဲမှာ မနေရဲဘူး ”

ဟု ပြန်လည်ပြောဆိုခဲ့လေ၏။

ဒေါ်ဘွားခင်၏ အကြော်ဆိုင်သို့ သူဇာရောက်သည့် အချိန်မှစ၍ အကြော်စားသူ လူငယ်လူရွယ်များ ပိုမိုတိုးပွားလာ၏။ ထိုလူငယ်များသည် အကြော်စားရင်း သူဇာကို ရိသဲ့သဲ့ စကားဆိုကြ၏။

အကြော်ဖိုးပေးရင်း မေတ္တာစာများကို ပိုက်ဆံထဲမှာညှပ်၍ ပေးကြ၏။

သူဇာသည် ဆန့်ကျင်ဘက် မည်သည့်ယောကျ်ားကိုမျှ ...င်ခုန်လို့ မရဘဲရှိနေ၏။





ညတစ်ညက တဖျာရှူးအေးသိန်း၏ ရုပ္ပက် ဓောကာပ်နေသော မျက်နှာကြီးနှင့် နံဆော်နေသော ချွေးနံ့ကြီးကို ပြန်လည်သတိရလာ၏။

ထို့နောက် ကြမ်းတမ်းရက်စက်မှုများ၊ နာကျင်မှုများကို ပြန်လည်သတိရပြီး ယောကျ်ားများကို မုန်းတီးရွံရှာစိတ်များ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် မည်သည့်လူငယ်ကိုမျှ မျက်နှာသာမပေးဘဲရှိ၏။

သူဇာကို မာနကြီးသည်ဟု သတင်းထွက်ကာ ခက်ခက်ကိုမှ လိုချင်သူတွေ ပိုများလာ၏။

လူ့သဘာဝ မရနိုင်သည်ကို ပိုလိုချင်သည်မဟုတ်ပါလား။

သူဇာသည် မိမိ အလှကိုမက်မော၍ အနှောင့်အယှက်ပြုသူများကြောင့် စိတ်ဆင်းရဲရပြန်၏။

ဒေါ်ဘွားခင်ထံတွင် နေထိုင်ပြီး တစ်လကျော်ကြာသောအခါ ရုပ်ရှင်ရုံရှေ့သို့ အနက်ရောင်ကားတစ်စီး ထိုးရပ်လာပြီး ကားပေါ်မှ ဂုဏ်သရေရှိ မိန်းမကြီးတစ်ဦးနှင့် ဆယ်ကျော်သက်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ဦး ဆင်းလာ၏။

အရိုးသမီးကြီးသည် တန်ဖိုးကြီးမားသော ပိုးဖဲကတ္တီပါ အဝတ်အစားများ ဝတ်ဆင်ထားပြီး ဆယ်ကျော်သက်အရွယ် မိန်းမပျိုသည် ဘိုဆန်ဆန် ဝတ်စားထားလေ၏။

ဒေါ်ဘွားခင်သည် အကြော်ကြော်နေရာ မှဝုဏ်သရေရှိ မိန်းမကြီးကို မြင်သောအခါ ကမန်းကတန်းထ၍ ကြိုဆိုနှုတ်ဆက်လေ၏။

သူဇာသည် ပိုးဖဲကတ္တီပါ ဝတ်ဆင်ထားသူများရောက်ရှိလာခြင်းကိုမသိဘဲ သူကြီးဂေဇက် သတင်းစာကို ဆက်လက်ဖတ်ရှုနေ၏။

သတင်းစာထဲ၌ ဆရာစံ သူပုန်အကြောင်း သတင်းကို အလွန်စိတ်ဝင်စားပြီး ဖတ်ရှုနေခြင်း ဖြစ်၏။

ဂုဏ်သရေရှိ မိန်းမကြီး ရုပ်ရှင်ရုံ အပေါက်ဝသို့ ရောက်သောအခါ ရုံမန်နေဂျာမှအစ တစ်ရုံလုံးထွက်၍ ကြိုဆိုကြ၏။

ဂုဏ်သရေရှိ မိန်းမကြီးသည် ရုပ်ရှင်ရုံ ပိုင်ရှင်ဒေါ်စိန်မမ





ဖြစ်ပြီး သူဌေးကတော်ပီပီ လွန်စွာ မောက်မာသူဖြစ်၏။

ဒေါ်စိန်မမနှင့် လိုက်ပါလာသူမှာ သူမ၏ တစ်ဦးတည်းသော သမီး ရွှေမမ ဖြစ်၏။

ရွှေမမသည်လည်း ကောလိပ်ကျောင်းသူပီပီ လွန်စွာ မာနထောင်လွှားတတ်သူဖြစ်၏။

ဒေါ်စိန်မမကြီးသည် သူမကို ဝိုင်းဝန်းကြိုဆို နေသူများအကြားမှ သူကြီးဂေဇက် သတင်းစာကိုသာ မဲ၍ဖတ်နေသော သူဇာကို မြင်တွေ့သွားပြီး မျက်မှောင်ကြုတ်လိုက်၏။ မိမိကဲ့သို့ သူဌေးကတော်ကို အားလုံးကပိုင်း၍ ခယနေချိန်မှာ မိန်းမပျိုတစ်ဦး ထဖုဘ်လေသည့် ငါးပိ ရှိသည်ဟူ၍ ပင်မအောက်မေ့။

ဒေါ်စိန်မမ၏ မျက်နှာညိုမည်းသွားပြီး

“ ဟိုကောင်မက ဘယ်သူလဲ ”

ဟု မေးမြန်းလိုက်လေ၏။

ထိုအချိန်မှာပင် သူဇာသည် ဆရာစံ၏ သတင်းပါသော သတင်းစာကို ဖတ်လို့ကောင်းနေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘွားခင်က အလောတကြီးဖြင့်

" ကျွန်မရဲ့တူမလေးပါ တောကရောက်လာတာ မကြာသေးပါဘူး။ မြို့မှာအလုပ်လာလုပ်တာပါ "

ဟု ပြောဆိုလိုက်လေ၏။

ဒေါ်စိန်မမသည် ဒေါ်ဘွားခင်၏ အပြောကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

" ဒါဆိုရင်ရုံမှာပဲ ခေါ်ထားတာပေါ့၊ ဟုတ်လား ဒေါ်ဘွားခင် "

ဟု မေးမြန်းလေ၏။

ဒေါ်ဘွားခင်က ခေါင်းတဆတ်ဆတ်ညိတ်၍

"ဟုတ်ပါတယ်၊ ဒေါ်စိန်မမရယ် "

ဟု ပြောလေ၏။

ဒေါ်စိန်မမက အံကိုကြိတ်၍

" ရှင်တို့မိသားစုကို ရုံမှာနေခွင့်ပေးထားတယ်ဆိုပေမဲ့ ဘယ်ကလာမှန်း မသိတဲ့ကလေကချေတွေကိုနေခွင့်ပေးတာ မဟုတ်





ဘူး၊ ကျွန်မတို့ကို ခွင့်မတောင်းဘဲတောက ကလေကချေတွေကို ခေါ်ထားတာ လုံးဝမကြိုက်ဘူး၊ နောင်ဒီလို ဘယ်တော့မှမဖြစ်စေနဲ့ "

ဟု ပြောလိုက်ရာ ဒေါ်ဘွားခင် ခေါင်းညိတ်၍

" ဟုတ်ကဲ့ပါ ဒေါ်စိန်မမရယ် ကျွန်မ မှားသွားပါတယ် နောင်ဒီလို မဖြစ်စေရပါဘူး "

ဟု တောင်းပန်လေ၏။

ထိုအခါ ဒေါ်စိန်မမ၏ အနီး၌ ရပ်နေသော ရွှေမမက မျက်နှာမဲ့၍

" အဲဒီ ကောင်မကို ဒီကို ခေါ်လိုက်စမ်း၊ ကောင်မက ထျုပ်တို့ရောက်နေတာတောင် ပမာမခန့်လုပ်ပြီး သတင်းစာဖတ်နေတယ် "

ဟု ပြောလေရာ ဒေါ်ဘွားခင်သည် သတင်းစာဖတ်နေသော သူဇာ၏ အနီးသို့ ကမန်းကတန်း ရောက်လာပြီး

" သူဇာ သမီး ခဏလာပါဦး၊ ရုပ်ရှင်ရုံပိုင်ရှင် သူဌေးကတော်နှင့် သူ့သမီး ရောက်နေတယ်၊ သူတို့မေးတာကို ရိုရိုသေသေ



www.burmeseclassic.com

www.burmeseclassic.com



ဖြေပါနော် ”

ဟု ပြောလေ၏။

သူဇာသည် ထိုအခါမှပင် ရုပ်ရှင်ရုံပိုင်ရှင် ဒေါ်စိန်မမတို့ သားအမိကို မြင်တွေ့သွားပြီး ၄င်းတို့ရှိရာသို့ အေးဆေးစွာ လျှောက်လှမ်းခဲ့လေ၏။

ဒေါ်စိန်မမသည် သူမ၏ ရုပ်ရည်ကိုကြည့်၍ အလွန်ချောမောလှပကြောင်း သတိပြုမိသွားပြီး

“ ရုပ်ကလေးကတော့ သနားကမားပါပဲ၊ ညည်းက ဒေါ်ဘွားခင်နဲ့ အမျိုးတော်တယ်ဆို ငါကဟောဒီရုပ်ရှင်ရုံပိုင်ရှင် ဒေါ်စိန်မမပဲ၊ ညည်းငါတို့ပိုင်တဲ့နေရာမှာနေရင် အေးအေးဆေးဆေးနေ၊ တောမှာလို ပေါက်လုပ်ပဲစားနေလို့မရဘူး ”

ဟု ရင့်သီးစွာ ပြောဆိုလေရာ သူဇာသည် ဒေါ်စိန်မမ၏ ရိုင်းပြမှုကြောင့် ရင်ထဲတွင် နာကျင်သွားသော်လည်း ဒေါ်ဘွားခင်၏ မျက်နှာကိုထောက်ထား၍

“ ဟုတ်ကဲ့ ”





ဟု သာတီးတိုး ပြောလိုက်လေ၏။

ထိုအခါ ရွှေမမသည် သူဇာ၏ ကိုယ်ခန္ဓာကို မျက်လုံးစေ့ကြည့်၍

“ နင်က တောသူမဆိုပေမဲ့ အလာကြီးပါလား၊ လက်ထဲမှာ သတင်းစာတွေ ကိုင်လို့ စာမတတ်ဘဲ လူအထင်ကြီးအောင် လုပ်ပြနေတာလား ”

ဟု ရိုင်းပြသော စကားနှင့် စော်ကားလိုက်ပြန်၏။

ထိုအခါ ဦးဘချစ်ကျောင်းထွက် သူဇာသည် မခံချင်စိတ်ဖြစ်ပေါ်သွားပြီး

“ ကျွန်မက တောသူပေမဲ့ မြန်မာစာ ကောင်းကောင်းတတ်ပါတယ်၊ အင်္ဂလိပ်စာလည်း ရေးတတ်ဖတ်တတ်တယ် ”

ဟု ပြောလိုက်ရာ ဒေါ်စိန်မမတို့ သားအမိသည် မျက်စိမျက်နှာပျက်သွားလေ၏။

ရွှေမမသည် သူဇာကို မထီလေးစားကြည့်၍

“ နေပါဦး ညည်းက ငါတို့လို သူဌေးတွေ ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် သတင်းစာကို တမေ့တမော ဖတ်နေတယ်၊ သတင်းစာထဲမှာ ဘယ်လောက်အရေးကြီးတဲ့ သတင်းတွေပါနေလို့လဲ။ငါတို့ကတော့ အဆင့်အတန်းမရှိတဲ့ မြန်မာသတင်းစာတွေမဖတ်ဘူး ”

ဟု မေးမြန်းလေ၏။

သူဇာသည် မြန်မာတစ်မျိုးသားလုံး ကြိမ်းမီးအုံးသည့်နယ် ခံစားနေရသော ဆရာစံအား ကြိုးပေးခံရသော သတင်းကိုပင် ဘာမှန်းမသိသော သားအမိနှစ်ဦးကို ရွံရှာသွားလေ၏။

ထို့ကြောင့် ရင်ကိုကော့၍

“ သတင်းစာထဲမှာ သိပ်အရေးကြီးတဲ့ သတင်းတွေ ပါတာပေါ့၊ မြန်မာတစ်မျိုးသားလုံး လေးစားကြည်ညိုရတဲ့ တော်လှန်ရေး ခေါင်းဆောင်ကြီး ဆရာစံကို တိုင်းပြည်ကို မတရား ဖိနှိပ်ပြီး အုပ်ချုပ်နေတဲ့ အစိုးရက သူခိုးကလူလုပ်ပြီး ကြိုးပေး တဲ့သတင်းပါတယ်၊ သူဌေးမလေးတို့ ဒီသတင်းကို မဖတ်ရသေးဘူး ဆိုရင် ဖတ်ကြည့်လိုက်စမ်းပါ၊ ဒီသတင်းကို ဖတ်ပြီးရင် အမေကျော် ဒွေးတော်လွမ်းတဲ့ လူတွေကလွဲပြီး မျိုးချစ်စိတ်ရှိတဲ့ မြန်မာမှန်ရင်





ရင်နှင့်ကြေကွဲကြမှာပါ၊ ဒီအစိုးရ မတရားလုပ်တာပါ ”

ဟု ခပ်ရွဲရွဲပြောဆိုလိုက်ရာ ဒေါ်စိန်မမတို့ သားအမိသည် သူဇာကို စကား မတုံ့ပြန်တော့ဘဲ ဒေါ်ဘွားခင်ကြီး ဘက်သို့လှည့်၍

“ အမျိုးသားရေးတွေ၊ ဝံသာနုအရေးတွေ ရုပ်ရှင်ရုံမှာ ကြားချင်ဘူးနော်၊ တော်ကြာ အင်္ဂလိပ်အစိုးရမင်း သိသွားရင် မင်းပြစ်မင်းဒဏ် သင့်နေမယ်၊ ကျုပ်မတို့သွားမယ်၊ရှင့်တူမ တောသူမ ကို နိုင်အောင်သာ ထိန်းထားပေတော့ ”

ဟု ဆိုကာငှင်းတို့၏ ကားနက်ကြီးရှိရာသို့ ပြန်လည် ထွက်ခွာသွားလေ၏။

သူဌေးသမီး ရွှေမမသည် ကားပေါ်မှနေ၍ ချောမော လှပသော သူဇာကို မနာလိုဟန်ဖြင့် ကြည့်ရှုသွားလေ၏။

သူဇာသည် မိမိကိုအသားလွှတ် နှိမ့်ချသွားသော သူဌေး ကတော် သားအမိကို မထီလေးစား အမူအရာဖြင့် ပြန်ကြည့်လိုက် လေ၏။

ရွှေမမသည် သူဇာ၏ အကြည့်ကိုကောင်းစွာ ရိပ်စားမိပြီး



www.burmeseclassic.com

www.burmeseclassic.com



တက်တစ်ချက် ပြင်းထန်စွာခေါက်၍

"ကောင်မ ငါတို့အကြောင်း ကောင်းကောင်းသိစေရမယ် "

ဟု ကြုံးဝါးလိုက်လေ၏။





စိတ်ယုတ်မာရှိသော သူဌေးကတော် သားအမိသည် တောသူမ တစ်ဦးက ၄င်းတို့ကို မထီမဲ့မြင် ပြောဆိုခြင်းအား လွန်စွာ ကျေမချမ်း ဖြစ်နေလေ၏။

ထို့ကြောင့် အိမ်သို့ရောက်သွားသည်နှင့် ခုတင်ပေါ်သို့ ထိုင်ချလိုက်ပြီး

" အမေရယ် သမီးတော့ ရုပ်ရှင်ရုံမှာတွေ့တဲ့ ကောင်မကို သုံးဝကြည့်လို့မရဘူး၊ သမီးတို့သားအမိကို အားလုံးက ရိုရိုသေသေ ဆက်ဆံနေချိန်မှာ ဒီကောင်မက မထီလေးစားလုပ်သွားတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ဒေါ်စိန်မမက တက်ခေါက်၍

" ဟုတ်တယ် သမီး အမေလဲ ဒီကောင်မကို ကြည့်မရဘူး ရုပ်ကလေးချောတာနဲ့ ဘဝင်မြင့်နေပုံရတယ်၊ တောသူမက တောသူမ ပါဘဲ၊ ငါ့တို့လို တန်ဖိုးရှိတဲ့ အဝတ်အစားတွေ ဝတ်နိုင်ရင်တော့ ဘဝင်မြင့်လွန်းလို့ ကောင်းကင်ကို တက်ဆောင့်မလား မသိဘူး၊ ဒီကောင်မကို အမေတို့ အိမ်ခေါ်ပြီး ချိုးမှဖြစ်မယ် "

ဟု ပြောနေလေ၏။

ရွှေမမသည် ဒေါ်စိန်မမ၏ စကားကို အလွန်စိတ်ဝင်စား သွားပြီး

" ဘယ်လိုချိုးမှာလဲ အမေ ပြောပါဦး "

ဟု မေးမြန်းလေ၏။

ဒေါ်စိန်မမက ကောက်ကျစ်ယုတ်မာဟန်ဖြင့်

" နောက်တစ်ရက် နှစ်ရက်နေရင် အမေတို့အိမ်မှာ အိမ်စေ မရှိဘူး၊ လောလောဆယ် အိမ်စေရှိမှဖြစ်မယ်ဆိုပြီး ဒေါ်ဘွားခင်ကို အပူကပ်လိုက်မယ်၊ ဒေါ်ဘွားခင်က အမေ့ကိုဆိုရင် မငြင်းဝံ့ပါဘူး၊





သူ ငြင်းရဲငြင်းကြည့်ပါလား ရုပ်ရှင်ရုံက မောင်းထုတ်ပစ်လိုက်မယ် "

ဟု ပြောလေရာ ရွှေမမသည် အလွန်သဘောကျသွားပြီး

" သိပ်ကောင်းတဲ့ အကြံပဲ၊ ဒါပေမဲ့ ဒေါ်ဘွားခင်ကသူ့သမီး ဂျမ်းဘုံကို အိမ်စေလုပ်ဖို့ ပို့ပေးရင် ဘယ်လိုလုပ်မလဲ "

ဟု ပြောလေ၏။

ဒေါ်စိန်မမသည် ကောက်ကျစ်ယုတ်မာသူပီပီ မျက်မှောင် ကြုတ်၍ စဉ်းစားလိုက်ပြီး

" ဟုတ်ပြီ အကြံရပြီ လာမဲ့အပတ်မှာ ဘိလပ်က ရုပ်ရှင် အဖွဲ့ အမေတို့ မြို့ကို လာပြီးသတင်းကား ရိုက်မယ်မဟုတ်လား "

ဒေါ်စိန်မမ၏ စကားကြောင့် ရွှေမမက ခေါင်းညိတ်၍

" ဟုတ်တယ်လေ ဘိလပ်က ရုပ်ရှင်အဖွဲ့ မြို့ကို ရောက်မှာ နဲ့ ဟိုကောင်မကို အိမ်မှာခေါ်ခိုင်းတာ ဘာဆိုင်လို့လဲ အမေရဲ့ "

ဟု မေးမြန်းလေ၏။

ဒေါ်စိန်မမက တဟားဟား ရယ်မော၍

" ငါ့သမီးအတော်ညံ့သေးတာပဲ ရုပ်ရှင်ရုံမှာငွေတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်မပြောခဲ့တာ မှတ်မိလား၊ အင်္ဂလိပ်စကားကို ရေးတတ် ဖတ်တတ်တယ်လို့ ကြွားလုံးထုတ်ခဲ့တာလေ၊ ဒေါ်ဘွားခင်ကို ခေါ်ပြီး ဘိလပ်ကလူတွေ လာတုန်းမှာ အင်္ဂလိပ်စကား နားလည်တဲ့ အိမ်စေတစ်ယောက် လိုချင်တယ်လို့ မှာလိုက်ရင် ဟိုကောင်မ အမေတို့ အိမ်မှာ အိမ်စေ ဖြစ်ပြီပေါ့ "

ဟု ပြောလေ၏။

ရွှေမသည် မိခင်စကားကြောင့် ဝမ်းသာအားရ ရယ်လာ၍

" သိပ်ကောင်းတဲ့ အကြံပဲ၊ ဒါဆိုရင်တော့ ဒီကောင်မ ကျိန်းသေ အိမ်စေဖြစ်ပြီ၊ အိမ်ကို ရောက်မှ ကောင်းကောင်း နှိပ်စက်လိုက်ဦးမယ် "

ဟု ကြုံးဝါးလေ၏။

ရက်အနည်းငယ်ကြာသောအခါ ဒေါ်စိန်မမသည် ဒေါ်ဘွားခင်ကို ခေါ်၍ ဘိလပ်မှ ရုပ်ရှင်အဖွဲ့ လာမည်ဖြစ်သဖြင့် အင်္ဂလိပ်စကားနားလည်သောအိမ်စေတစ်ယောက်လိုချင်ကြောင်းပြောလေ၏။

ဒေါ်စိန်မမ၏ ကောက်ကျစ်ယုတ်မာပုံကို နားမလည်သော





ဒေါ်ဘွားခင်က

" အင်္ဂလိပ်စကား နားလည်တဲ့ အိမ်စေ ဘယ်ရှိပါ့မလဲ ဒေါ်စိန်မမရယ် ၊ ရိုးရိုးအိမ်စေ လိုချင်တယ်ဆိုရင်တော့ ကျွန်မ သမီးလေး ဂျမ်းဘုံကို ပို့ပေးပါ့မယ် "

ဟု ပြောလိုက်ရာ ဒေါ်စိန်မမက ကောက်ကျစ်စွာ ရယ်မော၍

" ဒေါ်ဘွားခင် မေ့နေလို့ပါ။ ရှင့်တူမက အင်္ဂလိပ်စကား ကောင်းကောင်း နားလည်တာပဲ၊ သူ့ကို အိမ်မှာခဏ ခေါ်ထားလိုက်ရင် ရတာပဲ "

ဟုပြောလေရာ ဒေါ်ဘွားခင်သည် မျက်စိမျက်နှာပျက် သွားလေ၏။

ထိုနေ့က ဒေါ်စိန်မမတို့ ရုပ်ရှင်ရုံသို့ မမျှော်လင့်ဘဲ ရောက်လာသဖြင့် သူဇာကို တူမဟု မုသားသုံးလိုက်မိ၏။

ယခု ဒေါ်စိန်မမက ထိုစကားကို အပိုင်ကိုင်၍ သူဇာအား အိမ်စေ အဖြစ်လုပ်ကိုင်ပေးရန် တောင်းဆိုနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူဇာကို အိမ်စေလုပ်ရန် မိမိ မည်သို့ ပြောပြရမည်နည်း။

ဒေါ်စိန်မမတို့ သားအမိ ရုပ်ရှင်ရုံသို့ ရောက်သောနေ့က သူဇာကို မလိုလားဟန်ဖြင့် ရိုင်းပြသောစကားများကို ပြောဆိုခဲ့၏။

မဟုတ်မခံ စိတ်ဓာတ်ရှိသော သူဇာကလည်း ရေပက်မခံ ပြန်လည်တုံ့ပြန်၏။

ထိုနေ့က ကိစ္စကို အငြိုးအတေးထား၍ ဒေါ်စိန်မမတို့ သားအမိက အိမ်စေအဖြစ် တောင်းဆိုခြင်းပေလော။ ဒေါ်ဘွားခင်သည် ရုတ်တရက် အဖြေ မပေးနိုင်ဘဲ မျက်စိမျက်နှာ ပျက်နေချိန်၌ ဒေါ်စိန်မမက

" ဘယ်လိုလဲ ဒေါ်ဘွားခင်ရဲ့ ရှင့်တူမ အင်္ဂလိပ် စာတတ်ကြီးကိုကျွန်မတို့ အိမ်မှာ အိမ်စေအဖြစ် မထည့်နိုင်ဘူးလား၊ ရှင့်တူမလဲ အလုပ်ရှာနေတာပဲ မဟုတ်လား၊ ကျွန်မတို့က အလကား မခိုင်းပါဘူး၊ အခကြေးငွေပေးမှာပါ "

ဟု ပြောဆိုလေရာ

ဒေါ်ဘွားခင်သည် ကတုန်ကယင်ဖြင့်





" မဟုတ်ပါဘူး ဒေါ်စိန်မမရယ်၊ တူမလေးကို အိမ်မှာ ခေါ်ခိုင်းဖို့ ပြောလိုက်ပါ့မယ် "

ဟု ပြောလေ၏။

ဒေါ်စိန်မမက သဘောကျဟန်ဖြင့်

" ရှင်တို့ကို ကျွန်မတို့ပိုင်တဲ့ ရုပ်ရှင်ရုံမှာ နေခွင့်ပေးရကျိုးနပ်သွားပြီ၊ ကျွန်မလဲ ရုတ်တရက် ဘိလပ်က ဧည့်သည်တွေအတွက် အိမ်စေကောင်းကောင်း မရှိတော့ စိတ်ဆင်းရဲနေရတာရှင့်၊ ဒါဆိုရင် ကျွန်မတို့ လိုချင်တဲ့ အိမ်စေ ရပြီလို့ မှတ်လိုက်ပြီနော် "

ဟု ပြောလေရာ ဒေါ်ဘွားခင်သည် မျက်နှာညှိုးငယ်စွာဖြင့်

" ဟုတ်ကဲ့ "

ဟုပြောကာ အိမ်သို့ပြန်ခဲ့၏။

ရုပ်ရှင်ရုံသို့ရောက်သောအခါ ဒေါ်ဘွားခင်သည် သူဇာကို အိမ်စေကိစ္စအား မပြောရက်သဖြင့် မျက်နှာညှိုးငယ်နေ၏။

သူဇာသည် ဒေါ်စိန်မမ အိမ်မှပြန်လာပြီး ဒေါ်ဘွားခင် မျက်စိမျက်နှာ ပျက်နေကြောင်း ရိပ်စားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘွားခင် စိတ်ဆင်းရဲနေခြင်းမှာ လွန်ခဲ့သောရက်က မိမိနှင့် သူဌေးကတော် မိသားစု ကတောက်ကဆ ဖြစ်ခြင်းနှင့် ဆက်စပ်နေသလော။

သူဇာသည် ဒေါ်ဘွားခင်ကို ဖွင့်မေးရန် ဆုံးဖြတ်လိုက်ပြီး အကျိုးအကြောင်းကို မေးမြန်းလေ၏။

ဒေါ်ဘွားခင်သည် သူဇာကို ပြောရမှာ အားနာသဖြင့်

" ဘာမှ မဟုတ်ပါဘူး၊ သမီးရယ် "

ဟု အခါခါပြောလေ၏။

သူဇာက ဒေါ်ဘွားခင်ကို အကြိမ်ကြိမ်အခါခါ မေးမြန်းသောအခါမှပင် မိမိကို အိမ်စေအဖြစ် ခိုင်းစေချင်ကြောင်း သိလိုက်ရ၏။

သူဌေးကတော် သားအမိသည် မိမိ၏မာနကို ချိုးနှိမ်ချင်ပုံရ၏။

လွန်ခဲ့သောရက်က ၎င်းတို့နှင့် စကားကတောက်ကဆ ဖြစ်ခြင်းအတွက် ကလဲ့စားချေချင်ပုံရ၏။

―――― ဧဧဇာနာဇာဧ ――――



မည်သို့ပင်ဖြစ်စေ ၎င်းတို့၏ လိုလားချက်ကို ငြင်းဆန်လိုက်လျှင် ဒေါ်ဘွားခင် ဒုက္ခရောက်သွားနိုင်၏။

မိမိ၏ပယောဂကြောင့် ဒေါ်ဘွားခင် တို့မြေးအဘွား အိုကြီးအိုမ အရွယ်မှ ဒုက္ခမရောက်စေလိုပါ။

ထို့ကြောင့် ဒေါ်ဘွားခင်ကို ကရုဏာသက်စွာကြည့်၍

" ဒါများ ဘာခက်တာမှတ်လို့ အဘွားရယ် သူတို့လိုချင်တဲ့ အိမ်စေကအဘွားဘေးမှာ ရှိနေတာပဲ "

ဟု အရေးမကြီးဟန်ဖြင့် ပြောလိုက်ရာ ဒေါ်ဘွားခင်က သူဇာကို အံ့ဩစွာကြည့်၍

" သမီးက သူတို့ဆီမှာ အိမ်စေသွားလုပ်နိုင်လို့လား "

ဟု မေးမြန်းလေ၏။

သူဇာက သက်ပြင်းချ၍

" အိမ်စေလုပ်တာ ဘာခက်တာမှတ်လို့ အဘွားရယ်၊ ကျွန်မ လုပ်နိုင်တာပေါ့၊ ဘိလပ်ကရုဗ်ရှင်အဖွဲ့ တွေလာမယ် ဆိုတော့ ကျွန်မအတွက် ဗဟုသုတတောင် ရနိုင်သေးတယ် "

―――― ဧဧဇာနာဇာဧ ――――

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဒေါ်ဘွားခင်သည် ရင်ထဲတွင် ပေါ့သွားဟန်ရှိပြီး

"ဘုရား၊သိကြားမလို့ တော်သေးတာပေါ့ကွယ်၊ငါ့သမီးသာမရှိရင် အမေတော့ ဒုက္ခရောက်ပြီ၊ သူဌေးကတော် သားအမိက သူတို့လိုချင်တာ မရရင် ရန်ငြိုးထားမှ သေချာတယ် "

ဟု ပြောလေ၏။

သူဇာသည် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး စိတ်ထဲမှနေ၍

" သူတို့ သားအမိ ငါ့အပေါ် အစွမ်းကုန် ယုတ်မာကြမှာ သေချာတယ်၊ တွေ့ကြသေးတာပေါ့ "

တီးတိုး ရေရွတ်လိုက်လေတော့၏။





ဒေါ်ဘွားခင်သည် သူဇာကို ဒေါ်စိန်မမတို့ နေအိမ်သို့ ခေါ်ဆောင်သွားလေ၏။

ဒေါ်စိန်မမတို့ နေအိမ်သည် မြို့တစ်နေရာရှိ တောင်ကုန်းပေါ်၌ တည်ရှိ၏။

ထိုအရပ်၌ လူကုံထံ အများအပြား နေထိုင်ကြ၏။

ဒေါ်ဘွားခင်နှင့် သူဇာခြံတံခါးဝ သို့ရောက်သောအခါ ခြံစောင့်ကုလားသည် တံခါးကိုဖွင့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဇာသည် ကြီးမားခံ့ထည်သော အိမ်ကြီးဧည့်ခန်းထဲသို့ ဝင်ရောက်ခဲ့လေ၏။

ဧည့်ခန်းထဲ၌ လွန်စွာလှပသော ဆိုဖကုလားထိုင်ကြီးများ ရှိ၏။

သို့သော် သူဇာနှင့်ဒေါ်ဘွားခင်သည် ထိုကုလားထိုင်ကြီးများ၌ မထိုင်ရဘဲ ရပ်၍သာနေရ၏။

ထိုအခိုက်မှာပင် အိမ်ကြီး၏ အပေါ်ထပ် လှေခါးမှ ဒေါ်စိန်မမကြီးတို့ သားအမိ ဆင်းလာ၏။

ဒေါ်စိန်မမကြီးသည် ဧည့်ခန်းထဲ၌ ရောက်ရှိနေသော သူဇာကို ကြည့်၍ နှုတ်ခမ်းမဲ့လိုက်ပြီး

" ငါတို့အိမ်အတွက် အိမ်စေဆိုတာ ဘယ်သူများမှတ်တယ် ညည်းကို၊ အိမ်မှာ အလုပ်လုပ်မယ်ဆိုရင်တော့နော် အကျင့်စာရိတ္တ ကောင်းရမယ်၊ မခိုးရဘူး၊ မဖွက်ရဘူး အိမ်ရှင်ကို ရိုရိုသေသေ ဆက်ဆံရမယ် ကြားလား "

ဟု ရင့်သီးသော စကားကို ဆိုလေ၏။





ထိုအခါ ရွှေမမကလည်း ဝင်ရောက်၍

" ဒေါင့်မကျိုးတဲ့ အမူအကျင့်တွေကို ပြင်ရမယ်၊ ညည်းငါတို့အိမ်မှာ အိမ်စေဆိုတာ မမေ့နဲ့ "

ဟု ပြောလေရာ သူဇာသည် ဒေါ်စိန်မမကြီးတို့ မိသားစုကို စေ့စေ့ကြည့်၍

" ဒီမှာ ကျွန်မ ဒီအိမ်ကြီးမှာ အိမ်စေအလုပ်ကို သဘောတူပြီး လာလုပ်ခဲ့တာပါ၊ အိမ်စေတစ်ယောက်ရဲ့ ဝတ္တရားကို ကျေပွန်အောင် ကြိုးစားပြီးလုပ်ပါ့မယ်၊ ဒါပေမဲ့ ဒီအိမ်ကြီးမှာ အိမ်စေအရေးတကြီးလိုနေတယ်ဆိုပြီး အဘွားဒေါ်ဘွားခင်က အကူအညီတောင်းလို့ ကျွန်မ အိမ်စေ လာလုပ်ပေးတာပါ၊ ကျွန်မက အိမ်စေ အစစ်မဟုတ်ဘူးဆိုတာ မမေ့ပါနဲ့ "

ဟု ပြောလေ၏။

သူဇာ၏ စကားကြောင့် ဒေါ်စိန်မမက နှုတ်ခမ်းကို မဲ့လိုက်ပြီး

" ညည်းက အလာကြီးပါလား၊ ဘာပဲဖြစ်ဖြစ် အခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းက ငါတို့အိမ်က အိမ်စေ၊ အိမ်စေဟာ အိမ်စေနဲ့တူအောင် နေရမယ် အိမ်စေနဲ့မတူရင် ငါတို့နဲ့အတွေ့ပဲ ''

ဟု ပြောရင်း အနီးၗရပ်ကြည့်နေသော မိလှဆိုသည့် အိမ်ဖော်ဘက်သို့ လှည့်ကာ

'' ဟဲ့မိလှ ဒီကောင်မကို နင့်အခန်းမှာထားလိုက်၊ ညည်းစားသလိုစားနိုင်း၊ ညည်းလုပ်သလိုလုပ်နိုင်း ''

ဟု အမိန့်ပေးပြီး သူဇာအား အခန်းထဲမှ နှင်ထုတ်လိုက်လေ၏။

သူဇာသည် အိမ်စေမိလှ အနောက်သို့ လိုက်ရန်ပြင်လိုက်စဉ် ရွှေမမက

'' နေဦး ညည်းနာမည် ဘယ်သူလဲ ပြောဦး ''

ဟု မေးမြန်းလေ၏။

ထိုအခါ သူဇာက

'' သူဇာ ''

ဟု ပြောလိုက်ရာ ရွှေမမက နှုတ်ခမ်းမဲ့၍





'' နာမည်က အပျံစားပဲ၊ လူနဲ့မလိုက်ဘူး၊ မိသူဇာ လို့ပဲခေါ်မယ် ''

ဟု ပြောလိုက်လေတော့၏။

ထိုအချိန်မှစ၍ သူဇာသည် ယုတ်မာသောသားအမိ၏ အိမ်၌ မမျှော်လင့်ဘဲ အိမ်စေဘဝသို့ရောက်ရှိခဲ့လေ၏။

သူဇာသည် အိမ်ဖော်ဘဝသို့ ရောက်သည့်အချိန်မှစ၍ တစ်သက်မှာ အပင်ပန်းဆုံးကာလများကို ကျော်ဖြတ်ရ၏။

သူဇာသည် အတိတ်ဘဝက ဝဋ်ကြွေးရှိသည် ဟုသဘောထားကာ လောကဓံကို အံတု၍ ခံလေ၏။

သူဇာသည် နံနက် ၄ နာရီ အိပ်ရာမှထ၍ အိမ်မှုကိစ္စများကို ဝင်ပန်းကြီးစွာ လုပ်ရလေ၏။

ဒေါ်စိန်မမက တစ်အိမ်လုံး၏ အဝတ်များကို သူဇာပင် လျှော်ဖွပ်နိုင်း၏။

ထိုသို့လျှော်ဖွပ်ရုံကို အားမရသေးဘဲ ရွှေမမ၏ အဝတ်ဗီဒိုထဲရှိ အဝတ်များကို အကြိမ်ကြိမ် အဖန်ဖန်လျှော်ဖွပ် နိုင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဇာသည် လျှော်ဖွပ်ပြီးသော အဝတ်အစားများကို အကြိမ်ကြိမ် အဖန်ဖန် ပြန်လျှော်ခိုင်းသဖြင့် မိမိကိုညှဉ်းပန်းနေကြောင်း သိ၏။သို့သော် အမူအရာမပျက်စေဘဲ အ်ကိုကြိတ်၍ ခိုင်းစေသမျှကို ပြုလုပ်ပေးလေ၏။

သူဇာပင်ပန်းနေသည်ကို မကြည့်ရက်သော မိလှဆိုသည့် အိမ်ဖော်ကလေးက

" ဘာဖြစ်လို့ ဒီလောက်တောင် အလုပ်တွေ ခိုင်းနေလဲ မသိဘူး၊ အမလေး ပင်ပန်းလိုက်တာ "

ဟု ပြောလေ၏။

သူဇာက မဲ့ပြုံးပြုံး၍

" ယုတ်မာကောက်ကျစ်တဲ့ လူတွေဟာ ဒီလိုပဲဟဲ့၊ လူတစ်ယောက်ကိုကြည့်မရတာနဲ့ ဂုဏ်တွေ ငွေတွေအားကိုးနဲ့ အိမ်ကိုခေါ်ပြီးအနိုင်ကျင့်တာလေ၊ အစ်မဘဝမှာ တစ်ခါမှ ဒီလောက် မပင်ပန်းဖူးဘူး၊ ဒါပေမဲ့ ရပါတယ်...ရှေးဘဝက ဝဋ်ကြွေးရှိ တယ်လို့ သဘောထားပြီး သူ့ကိုစိတ်ချမ်းသာအောင် လုပ်ပေးတယ်





တရားကိုနတ်စောင့်တယ်လို့ အစ်မယုံတယ်၊ အစ်မ မကြာမီ ဒီဘဝ ကလွတ်မှာပါ "

ဟု ပြောလေ၏။

သူဇာ၏ စကား မှန်ကန်၏။

ဘိလပ်မှလာသော ရုပ်ရှင်အဖွဲ့သည် တစ်ပတ်ခန့် စော၍မြို့ သို့ ရောက်ရှိလာ၏။

ရုပ်ရှင်အဖွဲ့သည် ဒါရိုက်တာနှင့်အတူ ကင်မရာမင်း သည်ဖြင့် အဖွဲ့ဝင် (၁၀)ဦးလိုက်ပါလာ၏။

ထိုအဖွဲ့သည် မြန်မာရှေးဟောင်းမြို့တော်ဖြစ်သော ပုဂံသို့ သွားရောက်၍ မြန်မာ့အနုပညာများကို မှတ်တမ်းတင်မည်ဖြစ်၏။

ထိုအပြင် မြန်မာလူမျိုးတို့၏ ရိုးရာ လူနေမှုဘဝကိုလည်း တတ်နိုင်သမျှ မှတ်တမ်းတင်ထားမည်ဆို၏။

၎င်းရုပ်ရှင်အဖွဲ့သည် အိမ်နီးချင်းနိုင်ငံများသို့လည်း သွားလည် ရိုက်ကူးဦးမည်ဆို၏။

ရုပ်ရှင်အဖွဲ့စားသောက်ရန် ဒေါ်စိန်မမတို့ သားအမိနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



အိမ်စေနှစ်ဦးက ဝိုင်းဝန်းချက်ပြုတ်ရ၏။

ထိုအဖွဲ့ဝင်များသည် မြန်မာအစားအစာကိုပင် စားချင်သည်ဆို၍ ၄င်းတို့အတွက် အခက်အခဲမရှိဘဲ ချက်ပြုတ်နိုင်၏။

ရုပ်ရှင်အဖွဲ့သည် ဤမြို့၌ နှစ်ရက်ခန့် လှည့်ပတ်ကြည့်ရှုပြီး ပုဂံမြို့ဟောင်းသို့ ခရီးဆက်မည်ဆို၏။ ရုပ်ရှင်အဖွဲ့၏ ခေါင်းဆောင်လူဝကြီးသည် မြင်းလှည်းတစ်စီးဖြင့် မြို့ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှု၏။

ထိုသို့ကြည့်ရှုရင်း အကြော်ကြော်နေသော ဒေါ်ဘွားခင်ကြီးကို မြင်လျှင် မြန်မာအမျိုးသမီးငယ် တစ်ဦး အကြော်ကြော်နေပုံကို ရိုက်ကူးလိုသည်ဆို၏။

ဒေါ်စိန်မမ၏ ယောက်ျားသူဌေးဦးစိန်သည် ဒါရိုက်တာလူဝကြီး၏ ဆန္ဒပြည့်ဝစေရန် ဒေါ်ဘွားခင်ကြီး၏ အကြော်ဆိုင်၌ သမီးဖြစ်သူ ရွှေမမကို အကြော်ကြော်စေပြီး ရုပ်ရှင်ရိုက်ကူးရန် ကြံစည်လေ၏။

ရွှေမမသည် ရုပ်ရှင်မင်းသမီးဖြစ်ပြီဟု ကြွေးကြော်ပြီး





အပျော်ကြီးပျော်နေလေ၏။

ဒေါ်စိန်မမကလည်း

" မြန်မာပြည်က မင်းသမီးတွေက မြန်မာပြည်လောက်ပဲ လူတွေသိတာ ငါ့သမီးရဲ့မှတ်တမ်း ရုပ်ရှင်ကို တစ်ကမ္ဘာလုံး ကြည့်ကြမှာတဲ့၊ ငါ့သမီးဟာ အလိုလိုနေရင်း ကမ္ဘာကျော်ဖြစ်သွားပြီ "

ဟု အသားလွတ်ကြွားဝါလေ၏။

ရွှေမမသည် ရုပ်ရှင်ရိုက်ကူးသောနေ့တွင် ဝတ်ဆင်ရန် အကောင်းဆုံး အလှဆုံး ပိုးဖဲ ကတ္တီပါများကို ပြင်ဆင်ထားလေ၏။

ရုပ်ရှင်ရိုက်ကူးမည့်နေ့တွင် ဒါရိုက်တာ လူဝကြီးသည် သူဌေးဦးစိန်နှင့် ရုပ်ရှင်စက်အဖွဲ့ကို ခေါ်ယူပြီး အကြော်ဆိုင်သို့ ဦးစွာသွားလေ၏။

ခဏကြာလျှင် ဒေါ်စိန်မမတို့သားအမိသည် ပိုးဖဲကတ္တီပါများ ဝတ်ဆင်၍ အလှဆုံးပြင်ကာ ရိုက်ကူးမည့် နေရာသို့ရောက်ရှိလာ၏။

ဒေါ်စိန်မမတို့နှင့်အတူ အိမ်စေနှစ်ယောက်လည်း လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လာရ၏။

ငှင်းတို့မိသားစု အကြော်ဆိုင်သို့ ရောက်သောအခါ တစ်မြို့လုံးရှိ လူများ ဝိုင်းအုံကြည့်ရှုနေကြလေ၏။

ရုပ်ရှင်အဖွဲ့သည် ရိုက်ကူးရန် အသင့်ပြင်ဆင်နေလေပြီ။

ဒေါ်စိန်မမတို့သည် တစ်မြို့လုံးက စောင့်ကြိုနေသဖြင့် သွေးနထင် ရောက်သွားလေ၏။

ရွှေမမသည် ပိုးဖဲကတ္တီပါများ ဝတ်ဆင်၍ ကားပေါ်မှ ဆင်းလာသဖြင့် ဝိုင်းအုံကြည့်ရှုနေသူများက

" မင်းသမီး လာပြီ "

ဟု အော်ဟစ်လိုက်ရာ ရွှေမမသည် ပိုမို၍ သွေးနထင် ရောက်သွားလေ၏။

ဒါရိုက်တာ လူဝကြီးသည် ရွှေမမကို မြင်သောအခါ စိတ်ပျက်လက်ပျက် အမူအရာဖြင့် ညည်းညူလိုက်ပြီး သူ့ဒွေး ဦးစိန်နဘက်သို့ လှည့်ကာ အင်္ဂလိပ်ဘာသာဖြင့်

" ကျုပ်လိုချင်တဲ့ မြန်မာမိန်ကလေးက ခေတ်ဆန်တဲ့





အလှအပတွေ ပြင်ဆင်ထားတာ မဟုတ်ဘူး၊ မိန်းကလေး တစ်ယောက်ရဲ့ သဘာဝပုံစံကို လိုချင်တာ၊ ဦးစိန်သမီးရဲ့ ဝတ်စား ဆင်ယင်ပုံကို ကျုပ်တို့ရိုက်ကူးရင် ဘာအဓိပ္ပါယ်မှ မရှိဘူး "

ဟု ပြောလိုက်ရာ

ဦးစိန်သည် အံ့ခက်ကြီးသွားပြီး သူ၏ဇနီးနှင့်သမီးကို အကျိုးအကြောင်း ပြောပြ၍ အဝတ်အစား ပြန်လဲခိုင်းလေ၏။

ဒေါ်စိန်မမတို့သားအမိသည် ရှေးရိုးဆန်သူများဖြစ်၍ ဒါရိုက်တာ လူဝကြီး၏စကားကို မကျေမနပ် ဖြစ်သွားလေ၏။

သို့သော် ရုပ်ရှင်ဇာတ်ကား၌ မပါရမှာဆိုးသဖြင့် ကမန်း ကတန်း အဝတ်အစားလဲရန် စီစဉ်လေ၏။

ထိုအခိုက်မှာပင် ဒါရိုက်တာ လူဝကြီးသည် သူ့ဇာ၏ မျက်နှာကို မြင်တွေ့သွားပြီး ဦးစိန်ဘက်သို့လှည့်၍

" ဟောဒီမှာ တွေ့ပြီ ကျုပ်လိုချင်တဲ့ မြန်မာမိန်းကလေးရဲ့ မျက်နှာဟာဒီမျက်နှာပဲ ဒီလိုပကတိ ရိုးသားတဲ့မြန်မာမိန်းကလေးရဲ့ မျက်နှာကိုပဲလိုချင်တယ်၊ ကျုပ်ကို ဟောဒီ မိန်းကလေးနဲ့ ရိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



ရအောင် စီစဉ်ပေးပါ ”

ဟု ပြောလိုက်ရာ သူဌေးဦးစိန်သည် မျက်စိမျက်နှာ ပျက်သွားပြီး

“ ဒီလိုပါ၊ ဟောဒီမိန်ကလေးဟာ ကျုပ်တို့မိသားစုနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊သူဟာ ကျုပ်တို့အိမ်ရဲ့ အိမ်စေတစ်ယောက်သာဖြစ်တယ် ”

ဟု ရှင်းလင်းပြလေ၏။

ဒါရိုက်တာ လူဝကြီးက လက်ကာပြ၍

“ အိမ်စေဖြစ်လဲ အရေးမကြီးပါဘူး၊ ကျုပ်တို့လိုချင်တာ သူဌေးသမီးမျက်နှာမဟုတ်ဘူး၊ ရိုးသားတဲ့ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ မာန်မာန ကင်းမဲ့တဲ့မျက်နှာပါ၊ ဦးစိန်ရဲ့သမီးဟာ မာန်မာနတွေနဲ့ ပြည့်နှက်နေတယ်၊ ဒါကြောင့် အိမ်စေ မိန်းကလေးနဲ့ရိုက်ဖို့သာ အမြန်ဆုံးစီစဉ်ပေးပါ ”

ဟု တောင်းဆိုလေရာ ဦးစိန်သည် အခက်ကြုံသွားလေ၏။

သူဇာသည် အင်္ဂလိပ်စကားကို အတော်အသင့် နားလည်သူ





ဖြစ်သဖြင့် ဒါရိုက်တာ လူဝကြီးက သူဌေးသမီး ရွှေမကို ပယ်ချ၍ မိမိနှင့်ရိုက်လိုကြောင်း ရိပ်စားမိသည်။

သူဇာသည် ရုပ်ရှင်ရိုက်ကူးဖို့ဝေးစွ ဓာတ်ပုံပင်ရိုက်ရန် ဝါသနာပါသူ မဟုတ်သော်လည်း မိမိကို ချိုးနှိမ်ထားသော ဒေါ်စိန်မမတို့သားအမိကို လက်စားချေလိုသဖြင့် ရိုက်ကူးရန် ဆုံးဖြတ်လိုက်၏။

ဒေါ်စိန်မမတို့သားအမိသည် ဒါရိုက်တာ လူဝကြီး၏ သဘောထားကို သိရှိသွားသောအခါ အထိတ်တလန့်ဖြစ်သွားပြီး ဒေါ်စိန်မမက မကျေမချမ်းဖြင့်

“ ဟင်··· ဒါဆိုရင် ဒါရိုက်တာ ဗိုက်ပူကြီးက ရုပ်ရှင်ကို သမီးနှင့် မရိုက်ဘဲ အိမ်ဖော်မနဲ့ ရိုက်တော့မယ်ပေါ့ သွားပါပြီရှင် ကျွန်မတို့တော့ အရှက်ကွဲပါပြီ၊ ကိုစိန် ရှင်မပြောတော့ဘူးလား ဒီအတိုင်းကြည့်နေတော့မှာလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးစိန်က ခေါင်းခါယမ်း၍

“ ဒါရိုက်တာ လူဝကြီးက ပြောလို့ရမှာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းသိပ်မာတာ ”

ဟု ပြောလိုက်ရာ ဒေါ်စိန်မမသည် ဒါရိုက်တာလူဝကြီးကို ကိုင်နှဲလိုက်ပြီး

“ ဒီလိုမှန်းသိရင် သူ့ကို ကျွန်မတို့အိမ်မှာ တင်ကျွေး မထားပါဘူးတော် မျက်နှာဖြူတွေဟာ အရိုင်းအစိုင်းတွေဆိုတာ တကယ် မှန်တယ် ”

ဟု ဒေါ်သတကြီးပြောဆိုလေ၏။

ရွှေမမသည် သူဇာကို မနာလိုလွန်းသဖြင့် ရူးမတတ် ဖြစ်နေပြီး

“ အမေ သမီးရှက်တယ်၊ ရှက်တယ်၊ ဒီမှာ ဘာလုပ် နေတာလဲ၊ အိမ်ကိုပဲပြန်တော့မယ် ”

ဟု ပြောကာကမန်းကတန်းအိမ်သို့ ပြန်ပြေးလေတော့၏။

နောက်ဆုံးတွင်မူ ဘိလပ်ရုပ်ရှင်အဖွဲ့သည် သူဇာကို သဘာဝအတိုင်းအကြော်ကြော်နိုင်းပြီး ရုပ်ရှင်ရိုက်ကူး လေတော့၏။

သူဇာသည် ရုပ်ရှင်ရိုက်ကူးနေခြင်းကို အာရုံမထားဘဲ





မိမိဘာသာ တစ်ကိုယ်တည်း အေးချမ်းစွာ ကြော်နေ၏။

ထို့ကြောင့် များစွာသဘာဝကျပြီး ဒါရိုက်တာ လူဝကြီး၏ ချီးမွမ်းခြင်းကို ခံရလေ၏။

ရုပ်ရှင်ရိုက်ကူးခြင်းကို မမြင်ဘူး၍ လာရောက်ကြည့်ရှုသော မြို့သူမြို့သားများသည် ပိုးဖဲကတ္တီပါများ ဝတ်ဆင်ထားသော ရွှေမမ နှင့် မရိုက်ဘဲ သူဇာနှင့်သာ ရိုက်ကူးသဖြင့် များစွာ အံ့သြကြလေ၏။

ထိုအချိန်မှစ၍ မြို့ကလေး၌ သူဇာသည် မင်းသမီးဟု အမည်တွင် သွားလေတော့၏။

သူဇာမင်းသမီး ဖြစ်သောအခါမှပင် ဒေါ်ဘွားခင်၏ အကြော်ဆိုင် ပိုမို၍ ရောင်းရလေ၏။ သူဇာကို မြင်ချင်တာကြောင့် လာရောက် စားသောက်သူများနှင့် စည်ကားနေလေတော့၏။

သို့သော် သူဇာသည် မြို့ကလေး၌ မင်းသမီးအဖြစ် ကြာမြင့်စွာ နေထိုင်ခွင့် မရတော့ချေ။

သူဇာကြောင့် မင်းသမီး မဖြစ်လိုက်သော ဒေါ်စိန်မမတို့ မိသားစုသည် သူဇာကို ရုပ်ရှင်ရုံ၌ လက်မခံနိုင်ကြောင်း ပြောသံ



www.burmeseclassic.com

www.burmeseclassic.com



ပေးလေ၏။

ခေါ်ဘွားခင်သည် သူဇာကို မခွဲနိုင်သဖြင့် မျက်ရည် တရွှဲရွှဲကျပြီး ငိုယိုနေလေ၏။ ဂျမ်းဘုံကလေးကလည်း မမကို မခွဲနိုင်ဘူးဟု ငိုယိုပြီး ပြောဆိုလေ၏။

မည်သို့ပင်ဖြစ်စေ သူဇာသည် ခေါ်စိန်မမတို့ မိသားစုပိုင် ရုပ်ရှင်ရုံ၌ နေထိုင်ခွင့် မရှိတော့ချေ။

သူဇာသည် ထိုနေ့ညက ရုပ်ရှင်ရုံအောက်ထပ် အခန်းကျဉ်း လေး၌ အိပ်မပျော်ဘဲ အတိတ်ဘဝကို ပြန်လည်တွေးတောနေမိ၏။

ငယ်စဉ်က မိဘနှစ်ပါး နှင့်အတူရွာမှာ ပျော်ရွှင်စွာ နေထိုင်ခဲ့ပုံကို ပြန်လည်မြင်ယောင်၏။

ထို့မှတဆင့် မိဘများသည် စားဝတ်နေရေး ကျပ်တည်း လှ၍ ဆရာမကြီးထံ၌ သူမကို မွေးစားဖို့ ပေးလိုက်ကြောင်း အမှတ်ရ လာ၏။

မိဘနှစ်ပါး တောထဲ၌ မှိုခူးဆွတ်ရင်း ဓားပြများ၏ ရတနာသေတ္တာကို ရရှိခဲ့ပုံ၊ ထို့မှတဆင့် မိဘနှစ်ပါး မြို့ပေါ်သို့





ရောက်ရှိလာပြီး သူမနှင့်အတူ နေထိုင်ပုံကို သတိရပြန်၏။

ပြီးနောက် မိန်းမယုတ် ခင်မေရီ ပရိယာယ်မာယာဆင်၍ သူမတို့ထံသို့ရောက်ရှိလာကြောင်းပြန်လည်သတိရ၏။

မိန်းမယုတ် ခင်မေရီသည် ကောက်ကျစ်ယုတ်မာစွာဖြင့် လောဘဇောကပ်ပြီး ရတနာသေတ္တာအတွက် မိခင်ကို ရက်ရက် စက်စက် သတ်ဖြတ်ခဲ့၏။

ဖခင်သည်မိခင်၏စိတ်ဖြင့် အသက်ဆုံးပါးခဲ့ရ၏။

သူမ၏ ဘဝ၌ ခင်မေရီကို တစ်သက်လုံးမကျေဘဲ လက်စားချေရန် ကြံစည်ထား၏။

ထို့မှတဆင့် တဏှာရူး အေးသိန်း၏ ဖျက်ဆီးမှုကြောင့် သူမ၏ အပျိုစင်ဘဝ ဖျက်ဆီးခဲ့ပုံကို ရင်နင့်ကြေကွဲစွာ မြင်ယောင် လာ၏။

တဏှာရူး အေးသိန်းကို မုန်းတီးစိတ်ဖြင့် ၎င်း၏အိမ်ကြီးကို မီးတင်ရှို့ခဲ့ပုံများကိုလည်း သတိရလာ၏။

တဏှာရူး အေးသိန်းတစ်ယောက် မိမိ၏ လက်စားချေမှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မီးသွေးတုံး ဘဝသို့ ရောက်ရှိခဲ့ချေပြီ။

ပုလိပ်များက သူမ၏ သတင်း အနံ့ခံ၍ လိုက်လံဖမ်းဆီးတော့မှာ သေချာ၏။

ယခု ဒေါ်ဘွားခင်တို့နှင့်အတူ နေထိုင်ရင်း ဒေါ်စိန်မမတို့၏ ပယောဂကြောင့် ဤမြို့လေးမှ ထွက်ခွာရပေတော့မည်။

မည်သို့ပင်ဖြစ်စေ သူမဘဝ၏ အနာဂတ် ခရီးလမ်းအတွက် ရဲရင့်သော ခြေလှမ်းများဖြင့် ဆက်လက်ချီတက်ရန် ဆုံးဖြတ်ထား၏။

သူစောသည် ထိုညက အိပ်၍မပျော်ဘဲ အိပ်ရာထဲ၌ လူးလွန့်၍ နေလေ၏။

တစ်ရက်၊ နှစ်ရက်အတွင်း ဤအရပ်ကိုစွန့်ခွာရပေတော့မည်။

မိမိ ဘယ်ကိုသွားမည်နည်း၊ မိမိ လက်ထဲ၌ ပိုက်ဆံဆိုလို့ ချူးတစ်ပြားမှပင် မရှိချေ။





နောက်တစ်နေ့သို့ရောက်သောအခါ သူဌေးဦးစိန်၏ ထားနက်ကြီး ရုပ်ရှင်ရုံအရှေ့သို့ ရောက်လာသဖြင့် ဒေါ်ဘွားခင်ကြီးသည် ကမန်းကတန်း ထွက်၍ကြိုဆိုလေ၏။

သူဌေးဦးစိန်သည် ကားပေါ်မှပင် မဆင်းဘဲ ဒေါ်ဘွားခင်ကြီးကို စကားအနည်းငယ်ပြောဆိုပြီး ကားထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ပေးလိုက်လေ၏။

ဒေါ်ဘွားခင်သည် သူစောထံသို့ ကမန်းကတန်း ရောက်ရှိထားပြီး ၆



www.burmeseclassic.com

www.burmeseclassic.com



" ငါ့သမီးလေးရဲ့ ကံဘဲ သူဌေးဦးစိန်က ငါ့သမီးအတွက် ပိုက်ဆံလာပေးတယ် "

ဟု ပြောလိုက်ရာ သူဇာက မျက်မှောင်ကြုတ်၍

" သူဌေးက ဘာဖြစ်လို့ ပိုက်ဆံပေးတာလဲ အဘွား၊ ကျွန်မ မလိုချင်ဘူး "

ဟု ပြောလေရာ ဒေါ်ဘွားခင်က လက်ကာပြ၍

" အဘွားရဲ့ စကားကို သေသေချာချာ နားထောင်ပါဦး သမီးရယ် သူဌေးဦးစိန်က ဒေါ်စိန်မမတို့ထက်စာရင် အင်မတန် စိတ်ထားကောင်းတယ် ဘိုလပ်ကရုပ်ရှင်အဖွဲ့ကြောင့် ငါ့သမီးကို ရန်ငြိုးဖွဲ့ခံရပြီး ရုပ်ရှင်ရုံက မောင်းထုတ်ခံရတာကို သိတယ်၊ ဒေါ်စိန်မမကို မလွန်ဆန်ဝံ့လို့ ငြိမ်ခံနေပေမဲ့ မတရားလုပ်တာဖြစ်လို့ စိတ်မကောင်းဘူး၊ ဒီအကြောင်းတွေကိုပုဂံမှာရောက်နေတဲ့ ရုပ်ရှင် ဒါရိုက်တာကြီးကို ပြောပြမိတယ် ၊ ဒါကြောင့် ဒါရိုက်တာကြီးက သမီးအတွက် ငွေပို့ပေးတာပဲ၊ ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင် ပေးတဲ့အတွက် အခကြေးငွေပေးတဲ့သဘောပေါ့ "





ဟု ပြောလေ၏။

သူဇာသည် ဒေါ်ဘွားခင် ကမ်းပေးလိုက်သော စာအိတ် လေးကို ဖွင့်ကြည့်လိုက်ရာ ငွေစက္ကူတစ်ထပ်နှင့် ဓါတ်ပုံ သုံးလေး ပုံကို မြင်တွေ့ရ၏။ ထိုဓါတ်ပုံများသည် အကြော်သည် အဖြစ် မိမိရိုက်ကူးပေးခဲ့သော ပုံများပင်ဖြစ်၏။

သူဇာသည် သူဌေးဦးစိန်၏ စေတနာကို အသိအမှတ်ပြု သည့် အနေဖြင့် စာအိတ်ကို လက်ခံယူလိုက်ပြီး

" ဒီမြို့ကထွက်သွားဖို့ ငွေရေးကြေးရေး ခက်ခဲနေတာနဲ့ အတော်ပဲဖြစ်သွားတယ် သူဌေးဦးစိန်ကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါ "

ဟု ပြောလိုက်ရာ ဂျမ်းဘုံလေးသည် သူဇာအား မခွဲနိုင် ဟန်ဖြင့် လက်ကိုဆွဲ၍

" မမ ဒီမြို့ကနေ မသွားဘဲ နေလို့မရဘူးလား ရုပ်ရှင်ရုံမှာ မနေရဘူးဆိုရင်လဲ မြို့ထဲမှာ အစ်မအတွက် နေစရာတစ်ခုခု ရှာကြည့်ရအောင် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ သူဇာက ဂျမ်းဘုံ၏ ခေါင်းကို ပွတ်သပ်၍

" အစ်မ ဘဝမှာ ရည်မှန်းချက်တွေ အများကြီး ရှိသေးတယ်၊ ဒါကြောင့် ဒီမြို့ကထွက်သွားဖို့ ဖိအားပေးတဲ့ ဒေါ်စိန်မစတို့သားအမိကိုတောင် ကျေးဇူးတင်ရမှာပါ၊ နောက်တစ်နေ့မှာပဲ အစ်မ ဒီမြို့က သွားတော့မယ်၊ ကံမကုန်ရင်တော့ ပြန်ဆုံကြသေးတာပေါ့ကွယ် "

ဟု ပြောလေရာ ဂျမ်းဘုံလေးသည် ဝမ်းနည်းဟန်ဖြင့် ရှိုက်ငိုနေလေတော့၏။





သူဇာသည် နောက်နေ့သို့ရောက်လျှင် သူ၏ လွယ်အိတ်ထဲသို့ အဝတ်အစား တစ်စုံနှစ်စုံထည့်၍ ခရီးဆက်ရန်ကြံ၏။

ဒေါ်ဘွားခင်သည် သူဇာလမ်း၌ စားသောက်သွားနိုင်ရန် ထမင်းထုပ်၊ ငှက်ပျောသီး စသည်ဖြင့် အစစအရာရာ စီစဉ်ပေးလေ၏။

ထို့နောက်တွင်မူ မြင်းလှည်းတစ်စီးကို ငှားရမ်း၍ မြို့ပြင်ကားဂိတ်ဆီသို့ ထွက်ခဲ့လေ၏။

ကားဂိတ်သို့ရောက်သောအခါ ကားရောက်မလာသေးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးအောက်၌ ထိုင်၍ စောင့်နေလေ၏။

ထိုအခိုက်မှာပင် မြို့လူကြီးများ လိုက်ပါလာသော မြင်းလှည်းတစ်စီးသည် ကားဂိတ်ဆီသို့ ကဆုန်စိုင်းပြီး ရောက်ရှိလာလေ၏။

မြင်းလှည်းကားဂိတ်သို့ ရောက်သောအခါ မြို့လူကြီးများသည် သူဇာရှိရာသို့ လိုက်လံရှာဖွေလေ၏။

သူဇာကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး မြို့လူကြီးတစ်ဦးက

" မင်းသမီးလေးကို မီသေးလို့ တော်ပါသေးရဲ့ "

ဟု ပြောလေရာ

သူဇာသည် မိမိ၏အနောက်သို့ အလောတကြီး လိုက်ပါလာသော မြို့လူကြီးတစ်စုကို အံ့ဩဟန်ဖြင့် ကြည့်၍

" ကျွန်မ နောက်ကို ဘာဖြစ်လို့လိုက်လာကြတာလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ မြို့လူကြီးများအနက် တစ်ဦးက





" မင်းသမီးလေး ဒီမြို့က ထွက်သွားတော့မယ် ဆိုတာ ကျုပ်တို့ ဒီနေ့နံနက်မှ သိကြရတယ်၊ ဒါကြောင့် မြို့လူကြီးတွေ တိုင်ပင်ပြီး မင်းသမီးနောက်ကို ကမန်းကတန်းလိုက်လာကြတာပါ "

မြို့လူကြီး၏ စကားကြောင့် သူဇာသည် ပို၍ အံ့ဩသွားပြီး

" ကျွန်မတော့ နားမလည်နိုင်တော့ဘူးရှင်၊ သေသေချာချာ ရှင်းပြကြပါဦး "

ဟု မေးမြန်းရာ မြို့လူကြီး ဒေါ်တင်မြ ဆိုသော မိန်းမကြီးက

" ဒီလိုပါ မင်းသမီးရယ်၊ မင်းသမီးက အဒေါ်တို့မြို့ရဲ့ တစ်ဦးတည်းသော ဂုဏ်ထူးဆောင် မင်းသမီးပါ၊ ကျုပ်တို့မြို့မှာ လာနေရင်း ဘိုလပ်က ရုပ်ရှင်အဖွဲ့က ရုပ်ရှင်ရိုက်ကူးလောက်အောင် ကျော်ကြားတဲ့သူဆိုလို့ မင်းသမီးလေး တစ်ယောက်ပဲရှိပါတယ်၊ မင်းသမီးလေးကြောင့် အဒေါ်တို့မြို့ဟာ အများကြီး ဂုဏ်ကျက်သရေ တိုးခဲ့ပါတယ်၊ မင်းသမီးလေးမြို့က ထွက်သွားမယ်ဆိုတာ သိတော့ မြို့မိမြို့ဖတွေ နမြောတသ ဖြစ်မိပါတယ်၊ ဒါကြောင့် မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



မြို့က ထွက်သွားမဲ့ သတင်းကို ရတာနဲ့ မြို့မိမြို့ဖတွေ ပူးပေါင်းတိုင်ပင်ပြီးတော့ မင်းသမီးလေးရဲ့ အမှတ်တရအဖြစ် ကျုပ်တို့မြို့မှာ တစ်ခုခု ထားခဲ့ချင်လို့ပါ ”

ဟု ပြောလေ၏။

မြို့မိမြို့ဖများ၏ စကားကြောင့် သူဇာသည်ငှင်းတို့၏ ရည်ရွယ်ချက်ကို ရိပ်စားမိသွားပြီး

“ ကျွန်မ မင်းသမီး မဟုတ်ပါဘူး အဒေါ်ရယ်၊ ဘီလပ်က ရုပ်ရှင်အဖွဲ့ရဲ့ဟောင်းဆိုချက်ကို မြန်မာအမျိုးသမီး တစ်ယောက်အနေနဲ့ တတ်နိုင်သလောက် ဖြည့်ဆည်းပေးလိုက်တာပါ၊ ကျွန်မက မင်းသမီးအစစ်မဟုတ်ပါဘူး၊ အညတရမိန်းကလေးတစ်ယောက်ပါ”

ဟု ပြောလေရာမြို့လူကြီးတစ်ဦးက ဝင်ရောက်၍

“ ဒီလိုပြောလို့ ဘယ်ရမလဲ မင်းသမီးရယ်၊ မင်းသမီးဟာ ကမ္ဘာတောင် ကျော်မယ့်လူပါ၊ ဘီလပ်က ရုပ်ရှင်အဖွဲ့ ရိုက်ကူးမှုကို တစ်ကမ္ဘာလုံး ကြည့်ရှုကြမှာပါ၊ ဒါကြောင့် မင်းသမီး ဒီမြို့က မထွက်မီ ကျုပ်တို့မြို့အတွက် အမှတ်တရ ဓါတ်ပုံရိုက်ကူးခွင့်ပြုပါ၊





မင်းသမီးရဲ့ ဓါတ်ပုံကို ကျုပ်တို့မြို့ရဲ့ ဂုဏ်ထူးဆောင်အနေနဲ့ မြို့နယ်ခန်းမမှာ တခမ်းတနား ချိတ်ဆွဲ ထားမှာပါ၊ ဒါကြောင့် ဓါတ်ပုံရိုက်ဖို့ ခွင့်ပြုစေချင်ပါတယ် ”

ဟု ခွင့်တောင်းလေ၏။ ကျန်သော မြို့မိမြို့ဖများကလည်း တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းတောင်းပန်ကြလေ၏။

သူဇာသည် မိမိကဲ့သို့ အညတရတစ်ယောက်အား တန်ဖိုးထားပြီး ဝိုင်းဝန်းပြောဆိုနေသော မြို့မိမြို့ဖများကို ကြည့်၍ပြုံးရယ်လိုက်ပြီး

“ ကျွန်မလို လူတစ်ယောက်ကို ဓါတ်ပုံရိုက်တာ ဘာမှအရေးမကြီးပါဘူး၊ မြို့မိမြို့ဖတွေ စိတ်တိုင်းကျ ရိုက်ကူးနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မမှာ ဓါတ်ပုံရိုက်ဖို့ ဝတ်ကောင်းစားလှတွေမရှိဘူးနော်”

ဟု ပြောလေရာ ဒေါ်တင်ဆိုသော မိန်းမကြီးက

“ အဝတ်အစားအတွက်မပူပါနဲ့ကွယ် မင်းသမီးအတွက် ဆိုအပ်တဲ့ အဝတ်အစားတွေကို အဒေါ်တို့စီစဉ်ပြီးသားပါ၊ မင်းသမီးဆို အလှဆုံးဖြစ်အောင် ပြင်ပြီးတော့ မြို့ပေါ်ကအကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ပုံတိုက်မှာ တခမ်းတနား ရိုက်မှာပါ၊ ဒီအတွက် မင်းသမီး ဘာမှမပူပါနဲ့ ”

ဟု ပြောဆိုလေ၏။

သူဇာသည် မြို့မိမြို့ဖများ၏ ဆန္ဒကိုမလွန်ဆန်လိုသဖြင့် အတတ်နိုင်ဆုံး လိုက်ရောပေးခဲ့ခြင်းဖြစ်၏။

ထိုအခါ မြို့မိမြို့ဖများသည် သူဇာအား မြို့ပေါ်ရှိ ကုန်သည်ကြီးတစ်ဦး၏ ခမ်းနားကြီးကျယ်သော နေအိမ်သို့ ခေါ်ဆောင်သွားလေ၏။ ထိုအိမ်သို့ရောက်သောအခါ မိန်းမပျိုများက ဝတ်ကောင်းစားလှများကို ဝတ်ဆင်းပေးပြီး မျက်နှာကိုလည်း လှသထက်လှအောင် ပြင်ဆင်ပေးလေ၏။

သူဇာသည် မိမိ၏တစ်သက်တွင် ဤမျှတောက်ပြောင်သော အဝတ်အစားများကို မဆင်ယင်ဘူးသဖြင့် မနေ့တတ်မထိုင်တတ်ဖြစ်နေလေ၏။ သူဇာ၏ မျက်နှာကို အလှအပဝါသနာပါသူများက ဝိုင်းဝန်းပြင်ဆင်ပေးသဖြင့် အလှကြီးလှနေလေ၏။

သူဇာသည် ချောမောလှပသော မိမိရုပ်ရည်ကို ကြည့်၍





မယုံနိုင်အောင် ဖြစ်ရလေ၏။

မြို့မိမြို့ဖများသည် သူဇာအား အလှအပပြင်ဆင်ပြီးသောအခါ အကောင်းဆုံး ဓါတ်ပုံတိုက်ကြီးသို့သွားကာ ကိုယ်ဟန်အမျိုးမျိုးပေး၍ ဓါတ်ပုံများရိုက်ကူးကြလေ၏။

၎င်းတို့စိတ်တိုင်းကျ ရိုက်ကူးပြီးသောအခါ မြို့မိမြို့ဖများသည် သူဇာနှင့်အတူ အမှတ်တရ ဓါတ်ပုံများဝင်ရိုက်ကြ၏။

သူဇာသည်မိမိနှင့်တွဲ၍ ဓါတ်ပုံရိုက်ကူးသူများပြားလွန်းသဖြင့် လွန်စွာပင်ပန်းနွမ်းနယ်သွားလေ၏။

သူဇာသည် မြို့သူမြို့သားများစိတ်တိုင်းကျ ရိုက်ကူးပြီးသောအခါ ခရီးဆက်ရန်အတွက် သူ၏ကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အစားများကို လဲရန်ပြင်ဆင်လေ၏။ ထိုအခါ မြို့မိမြို့ဖများအနက် ဒေါ်တင်ဆိုသော အမျိုးသမီးကြီးက

“ အဝတ်အစားတွေကိုပြန်ပေးစရာ မလိုပါဘူး မင်းသမီးရယ်၊ ဒီအဝတ်တွေ အကုန်လုံးအသစ်စက်စက်တွေပါ၊ မင်းသမီးအတွက် ကျုပ်တို့မြို့က အမှတ်တရ အနေနဲ့ပေးလိုက်ပါမယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ သူဇာသည် အဖိုးတန်အဝတ်အစားများကို မဝတ်ဆင်လိုသဖြင့် ငြင်းဆိုလေ၏။ သို့သော် မြို့မိမြို့ဖများ ပိုးဖဲကတ္တီပါ အဝတ်အစားများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်မည်ဆို၏။

မြို့သူမြို့သားများသည် ၄င်းတို့မြို့တွင်နေထိုင်သော မိန်းကလေးတစ်ဦး ကမ္ဘာသို့ပင် ကျော်ကြားသွားသည်ဟု သဘောထားကာ ဝမ်းမြောက် ဂုဏ်ယူနေဟန်ရှိ၏။

နောက်ဆုံး၌ သူဇာသည် ငြင်းဆန်ရန်ခက်ခဲသွားပြီး ပိုးဖဲကတ္တီပါအဝတ်အစားများနှင့်ပင် မြို့ပေါ်မှ ထွက်ရ၏။ မြို့မိမြို့ဖများသည် သူဇာအား မြို့ပြင်ကားဂိတ်သို့ မြင်းလှည်းတသီတတန်းကြီးဖြင့် လိုက်ပါပို့ဆောင်ပေးကြလေ၏။

မြို့ပြင်ကားဂိတ်သို့ရောက်သောအခါ မြို့မိမြို့ဖများအနက် ဒေါ်တင်လှက သူဇာအတွက် ၄င်းတို့အားလုံးစုပေါင်းထည့်ဝင်သော ငွေစက္ကူတစ်ထပ်ကို ပေးအပ်လေ၏။

သူဇာသည် ငွေစက္ကူများကို လက်မခံချင်သောကြောင့်





အကြိမ်ကြိမ်အဖန်ဖန် ငြင်းဆိုလေ၏။မည်သို့ပင် ငြင်းဆန်စေကာမူ မြို့သူ မြို့သားများ၏ ထက်သန်သောစေတနာကို မငြင်းဆန်နိုင်သဖြင့် လက်ခံလိုက်ရ၏။ သူဇာစီးနင်းလိုက်ပါသည့် ဘတ်စ်ကား ရောက်ရှိလာသောအခါ သူဇာသည် ဒေါ်ဘွားခင်နှင့် ဂျမ်းဘုံကို တစ်လှည့်စီ နှုတ်ဆက်လေ၏။

ပြီးနောက် မြို့သူမြို့သားများကို နှုတ်ဆက်ကာ ဘတ်စ်ကားပေါ်သို့တက်လေ၏။ ထိုအခါ မြို့သူမြို့သားများသည် သံပြိုင်

" မင်းသမီးလေးလမ်းခရီး သာယာဖြောင့်ဖြူးပါစေ "

ဟု ဆုတောင်းကြလေ၏။ ထိုအခါ ကားပေါ်၌ လိုက်ပါလာသော ခရီးသည်များသည် သူဇာအား အောင်မြင်ကျော်ကြားသော မင်းသမီးတစ်လက်ဟု ယူဆကာ အထင်တကြီး ကြည့်ရှုကြလေ၏။ မြို့မိမြို့ဖများသည် သူဇာလိုက်ပါသွားသော ဘတ်စ်ကားကြီးကို ချက်စီတစ်ဆုံးကြည့်၍ ကျန်ရစ်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူဇာသည် ဘတ်စ်ကားပေါ်၌ လိုက်ပါလာသူများ၏ အထင်တကြီးမေးမြန်းမှုများကို ကြုံတွေ့ရ၏။ မိန်းမကြီးတစ်ဦးက

" မင်းသမီးက ဓာတ်ရှင်ကားတွေ တော်တော်ရိုက်ရမှာပေါ့နော် အဒေါ်တို့က ဓာတ်ရှင်တွေ သိပ်မကြည့်ဘူးတော့ မင်းသမီးကိုရုတ်တရက် မမှတ်မိဘူး ဖြစ်နေတယ် "

ဟု ပြောလေ၏။ ထိုအခါသူဇာက သူမ၏ဘဝမှန်ကို မဖုံးကွယ်လိုသဖြင့်





"ကျွန်မကမြန်မာပြည်မှာ တစ်ခါမှ ဓာတ်ရှင်မရိုက်ဘူးပါဘူး၊ ဘိလပ်ကလာတဲ့ မာတ်ရှင်အဖွဲ့တ မြန်မာ့ယဉ်ကျေးမှုကို မှတ်တမ်းတင်ချင်တယ်ဆိုပြီး ကျွန်မကို ဓာတ်ရှင်ရိုက်တာပါ "

ဟု ပြောလေ၏။ထိုအခါမှပင် သူဇာကို ပိုမိုအထင်ကြီးလေးစားသွားလေ၏။

ထိုခေတ်က မြန်မာပြည်ကြီးသည် ဗြိတိသျှကိုလိုနီ နိုင်ငံဖြစ်သဖြင့် အုပ်စိုးသူ ဗြိတိသျှများကို များစွာအထင်ကြီးသော မြန်မာများရှိကြလေ၏။

ထို့ကြောင့်သူဇာသည် ၎င်းတို့အထင်ကြီးလေးစားရသော ဗြိတိသျှတို့ကပင် ရိုက်ကူးသော မင်းသမီးဖြစ်၍ မြန်မာဓာတ်ရှင်မင်းသမီးများထက် သာလွန်သူဟု ထင်မြင်ကြ၏။

သူဇာသည် လူအများ၏ အသားလွတ်အထင်ကြီးမှုကြောင့် မနေတတ်အောင် ဖြစ်မိလေ၏။ဘတ်စ်ကားပေါ်ရှိ လူများသည် သူဇာကိုအထူးခြေ့သည်တစ်ဦးသဖွယ် အကောင်းဆုံးနေရာပေး၍ ထိုင်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလှူမျှားထဲ၌ ဘတ်စ်ကား၏ နောက်ဆုံး၌ လိုက်ပါလာသော ကာလသားတစ်စုက အဆိုးဆုံးဖြစ်၏။ ကာလသားများအနက် တစ်ဦးက သူဇာထိုင်နေသော နေရာ၌ နေထိုးသည်ဆိုကာ၊ သူ၏ ပင်နီတိုက်ပုံကို ချွတ်၍ တံခါးပေါက်၌ ကာရံပေးလေ၏။

ဘတ်စ်ကားပေါ်ရှိ လူအချို့သည် ၄င်းတို့နှင့်အတူ ပါလာသော ငှက်ပျောသီး၊ မြေပဲယို၊ ကရေကရာ စသော မုန့်များကို သူဇာ စားသောက်ရန် စေတနာ ဗလဗွနှင့် ပေးကမ်းကြ၏။

သူဇာသည် အားလုံး၏ ဆန္ဒကိုလွန်ဆန်ခြင်းထက် ငြိမ်ငြိမ်နေခြင်းက ပိုကောင်းမည်ဟု ယူဆကာ ပေးအပ်သမျှ လက်ခံယူနေလေ၏။

ဘတ်စ်ကားသည် နေ့တစ်ဝက်မျှ မောင်းနှင်ပြီးနောက် မြှောင်ကြားလမ်းတစ်ခုသို့ရောက်သောအခါ ဖွက်ချက်ဖွက်ချက် ဖြစ်၍စက်ရပ်သွားလေ၏။

ခရီးသည်များသည် ဘတ်စ်ကားပျက်ပြီဟု စိတ်ပျက်လက်ပျက် ညည်းညူကြလေ၏။





ဒရိုက်ဘာနှင့်စပယ်ယာသည် ကားစက်ခေါင်းကို ဖွင့်၍ ကြိုးစားပမ်းစား ပြင်ဆင်လေ၏။ ခရီးသည်များသည် ကားပေါ်မှ ဆင်း၍ နီးစပ်ရာသစ်ပင်ကြီးများအောက်၌ အမောအပန်း ဖြေကြ၏။ ထိုသို့ အမောအပန်းဖြေရာ၌ သူဇာကို အထူးဂရုစိုက်၍ အရိပ်အကောင်းဆုံးသစ်ပင်ကြီးအောက်၌ ဖျာကြီးတစ်ချပ်ကိုခင်းကာ အေးချမ်းစွာ ထိုင်စေ၏။

သူဇာသည် ငြင်းဆန်လျှင် လေကုန်မည်ကို သိသဖြင့် ငြိမ်သက်စွာ ထိုင်ချလိုက်၏။

ဖျာပေါ်၌ ထိုင်ချလိုက်သည်နှင့် မိန်းမကြီးတစ်ယောက်က ရေပုလင်းမှ ရေကိုငှဲ၍ တိုက်လေ၏။ ကျန်သောမိန်းမတစ်ဦးက သူဇာ ပူအိုက်မည်စိုးသဖြင့် ယပ်တောင်ဖြင့် တဖျပ်ဖျပ်ခတ်ပေးလေ၏။

သူဇာသည် ခရီးသွားရင်းကောင်းစားနေသော မိမိ၏အဖြစ်ကို တွေး၍ ရင်ထဲတွင် ကျိတ်ပြီး ရယ်မောနေမိ၏။ ယနေ့အချိန်၌ သူ၏ကံဇာတာကောင်းစားနေလေ၏။ မိမိကို တလေးတစား ဝိုင်းဝန်း



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်သူများနှင့် ပြည့်နှက်နေ၏။မိမိဘဝသည် အမှန်ပင် မင်းသမီး တစ်လက် ဖြစ်လျှင်မည်မျှ ကောင်းမည်နည်းဟု စဉ်းစားမိ၏။

သူဇာသည် မိန်းမကြီးများ တစ်ခွက်ပြီးတစ်ခွက်တိုက်နေသော ရေများကို သောက်၍မကြာမီ ဆီးသွားချင်စိတ်များ ထိန်းမနိုင်သိမ်းမရ ဖြစ်လာလေ၏။

သူဇာသည် နောက်ဆုံး၌မအောင့်နိုင်တော့ဘဲ ထိုင်နေရာမှ ထ၍ တောထဲသို့ဝင်ပြီး ပြဿနာကိုရှင်းရန်ကြံလိုက်၏။

ထိုအခါ မိန်းမကြီးတစ်စုသည် ထိုင်ရာမှ ကမန်းကတန်း ထ၍ သူဇာ၏အနောက်သို့ လိုက်ရန်ပြင်ကြ၏။ သူဇာသည် လွန်စွာ စိတ်ပျက်သွားပြီး

"အခေါ်တို့ကျွန်မနောက်ကိုမလိုက်ဘဲ ခဏလေး ထိုင်နေကြပါ"

ဟု ပြောလေရာ မိန်းမကြီးများက

" မပူပါနဲ့ မင်းသမီးရယ် အခေါ်တို့ အနောက်ကနေ မွဲ့တစ်ပေါက်မစွန်းအောင် စောင့်ရှောက်ပေးပါ့မယ် "





ဟု ပြောလေ၏။ သူဇာသည် အလွန်စိတ်ပျက်သွားပြီး ကမန်းကတန်း လက်ကာပြကာ

"ဒါတော့ သည်းခံပါအခေါ်ရယ် အခေါ်တို့ အနောက်က လိုက်စောင့်နေရင် ကျွန်မပြဿနာ ရှင်းလို့မရမှာစိုးလို့ပါ"

ဟု ပြောရင်း သူဇာသည် သူ၏ပြဿနာ အခြေအနေ ဆိုးဝါးလာသဖြင့် မိန်းမကြီးများကြားမှ ကမန်းကတန်း ပြေးထွက်ခဲ့လေ၏။

သူဇာသည် ချုံတောသို့ဝင်ရန် သစ်ပင်ကြီးတစ်ပင်ပြီးတစ်ပင် ကျော်ဖြတ်ခဲ့လေ၏။

မကြာမီ ချုံတောတစ်ခုကို မြင်၍ဝင်ရန်ပြင်လိုက်စဉ် တားပေါ်တွင်လိုက်ပါလာသော ကာလသားတစ်စုအနက် တစ်ဦးကို ချုံတော၌ ထိုင်နေကြောင်း တွေ့ရ၏။

သူဇာသည် အန္တရာယ်ကို မလွယ်နိုင်တော့သဖြင့် ချုံတော တစ်ခုကို အလျင်အမြန် ရှာရပြန်၏။

တောစပ် တစ်နေရာ၌ အန္တရာယ်ကို ရှင်းနိုင်မည့် ချုံတော



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်ရသဖြင့် ဝမ်းသာအားရ ဝင်ရောက်၍ ရှင်းလင်းလိုက်၏။

ထိုအခါမှပင် သူမ၏တစ်ကိုယ်လုံးပေါ့ပါးသွားပြီး နေထိုင်လို့ကောင်းသွားလေ၏။ ချုံတောထဲမှထ၍ ထမီကို တင်းကျပ်အောင် ပြင်ဝတ်လိုက်၏။

ထိုအခိုက်မှာပင် ချုံတောအနောက်ဖြင့် ကားပေါ်တွင် လိုက်ပါလာသော ကာလသားများယောက်ကို တွေ့လိုက်ရ၏။ သူဇာသည် ရှက်လွန်း၍ တစ်ကိုယ်လုံး ပူထူသွားပြီးဒေါသတကြီးဖြင့်

" ရှင်တို့ နမချင်း မစာနာဘူးလား၊ မိုက်ရိုင်းလှချည်လား "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ ကာလသားများအနက် နှုတ်ခမ်းမွှေးစစရှိသော လူတစ်ဦးက

" ကျုပ်တို့ကို ခွင့်လွှတ်ပါ မင်းသမီး၊ မင်းသမီးမျှော်လင့်ဘဲ ကျုပ်တို့နဲ့တွေ့ရတာ ကံဆိုးတယ်မှတ်ပါ၊ ကျုပ်တို့အတွက်တော့ ကံကောင်းသွားပြီထင်တယ် "





ဟု ပြောရင်း ကာလသားများဘက်သို့လှည့်၍ မျက်စပစ်လိုက်ရာ ကာလသားတစ်စုသည် သူဇာ၏ အနီးသို့ ချဉ်းကပ်လာ၏။

သူဇာသည် ၎င်းတို့၏အပြုအမူကြောင့် ထိတ်လန့်သွား၏

" ရှင်တို့ ဘာလုပ်မလို့လဲ၊ ရှေ့မတိုးနဲ့နော်၊ ကျွန်မ လိုက်မှာနော် "

ဟုပြောလိုက်ရာ ကာလသားများသည် ကြောက်ရွံ့ပဲ ၎င်းတို့အနက်တစ်ဦးက

" အော်ချင်ရင် အော်လိုက်ပေတော့၊ မင်းသမီးက သိပ်လှတယ်၊ ကျုပ်တို့ဆုံးဖြတ်ပြီးပြီ၊ မင်းသမီးကိုကျုပ်တို့ရမှဖြစ်မယ် "

ဟု ပြောလေ၏။ ကာလသားများသည် သူဇာကို မပြေးနိုင်ရန် လေးဘက်လေးလန်မှ ဝိုင်းရံလိုက်ကြ၏။

သူဇာသည် တဏှာရူးအေးသိန်းကြောင့် မိမိ၏ အပျိုရည်ပျက်ခဲ့ရသောညကို ပြန်လည်မြင်ယောင်ပြီး ထိတ်လန့်တုန်လှုပ်လာ၏။ သူဇာသည် သူမကိုဖျက်ဆီးရန် ဝိုင်းအုံလာသော ယောက်ျားများကို ရွံရှာစွာ ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ရှင် ... ရှင်တို့ ရှေ့မတိုးနဲ့နော် လာကြပါဦးရှင် ကယ်ကြပါ "

ဟု အော်ဟစ်လိုက်လေ၏။ ထိုအခိုက်မှာပင် ကာလသားပြင်မှ က သူဇာကိုချုပ်ကိုင်လိုက်ပြီး ပါးစပ်ကို လက်ဖြင့်ပိတ်၏။

သည်ရှုန်းကန်ရင်း အော်ဟစ်ရန်ကြိုးပမ်း၏။ လိုက်

ထို့နောက် ယောကျ်ားလေးယောက်ပေါင်း၍ သူဇာကို တောထဲသို့ တွန်းထိုးခေါ်ဆောင်သွား၏။ သူဇာသည် ခွန်အားရှိသမျှ ရုန်းကန်လေရာ ယောကျ်ားများက တောထဲသို့ တရွတ်တိုက် ဆွဲခေါ်သွား၏။

ကာလသားလေးယောက်သည် သူဇာကိုဆွဲခေါ်၍ ခရီးမတွင်မှန်းသိသဖြင့် ပခုံးပေါ်တွင် ထမ်းခေါ်သွားလေ၏။

သူဇာသည် အသံကုန် အော်ဟစ်ရင်းတဖြည်းဖြည်း တောနက်ထဲသို့ပါသွားလေတော့၏။

သူဇာသည် သူမဘဝ ဒုတိယအကြိမ်မြောက် ပျက်ဆီးရတော့မည် ဟုတွေးကာ ဝမ်းပမ်းတနည်း ငိုယိုပြီး လိုက်ပါသွားလေ၏





လွန်ခဲ့သောနှစ်က အေးသိန်း၏ ကြမ်းကြုတ်ရက်စက်မှုများ၊ နာကျင်ကြေကွဲမှုများကို ပြန်လည် မြင်ယောင်လာ၏။

ထိုညက ခါးသီးမှုကို သူမတစ်သက်လုံး ဘယ်တော့မှ မေ့တော့မည် မဟုတ်၊ အားနွဲ့သူ မိန်းမသားတစ်ယောက်ကို ယောကျ်ားတစ်ယောက်၏ ရက်စက်ယုတ်မာမှုများက ပြင်းထန်လွန်းလှ၏။

ယခုသူမ၏ဘဝကို ဖျက်ဆီးမည့်လူက ယောကျ်ားတစ်ယောက်မဟုတ်၊ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားလေးယောက်ပေါင်း၍ မိန်းမသား တစ်ယောက်၏ ဘဝကိုဖျက်ဆီးတော့မည်။ သူဇာသည်

" လွှတ်...လွှတ်၊ ကျွန်မကိုလွှတ်၊ ရှင်တို့နှမချင်းစာနာပါ "

ဟု ပြောလေရာ ကာလသားများက သူဇာကို မြေပေါ်သို့ ပြန်ချလိုက်ပြီး သူမ၏လက်များကို ကြိုးဖြင့်တုတ်လေ၏။

ကျန်တစ်ယောက်က သူမ၏လည်ပင်းကို ဓားဖြင့်ထောက်၍

" မင်းသမီးရဲ့အသက် မခုံးချင်ရင်၊ ကျုပ်တို့ခေါ်ရာ နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ပါ၊ လောကမှာ လူ့အသက်တစ်ချောင်းထက်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးကြီးတာမရှိပါဘူး ”

ဟု ပြောလေ၏။

သူစာသည် ယောက်ျားလေးယောက်၏ အစောင့်ခြိမ်းခြောက်မှုကြောင့် တောထဲသို့ လိုက်ပါနေရလေ၏။

၎င်းတို့သည် တဖြည်းဖြည်းတောတွင်းသို့ ရောက်သည်ထက် ရောက်လာ၏။

ခရီးသည် ဘတ်စ်ကားကြီး ကားစက်ပြန်ကောင်းလာပြီး၊ မိမိကိုမတွေ့ရသဖြင့် အနီးပတ်ဝန်းကျင်သို့ လိုက်ရှာမှာ သေချာ၏။ နောက်ဆုံး၌ ပုလိပ်အဖွဲ့သို့ပင် သွားရောက်ပြီး တိုင်ကြားနိုင်၏။

သို့သော် ထိုအချိန်၌ မိမိ၏ဘဝပျက်ချေပြီ။

သူစာကို အစောင့်ခေါ်ဆောင်လာသူများသည် တောလမ်းခရီးကိုကျွမ်းကျင်စွာ သွားလာနေသဖြင့် တဖြည်းဖြည်း အံ့သြလာမိ၏။ ထိုသူများသည် တောပုန်းဓါးပြများပင်ဖြစ်လေသလော…

ဘတ်စကားပေါ်၌ တွေ့ဆုံစဉ်က ၎င်းတို့လူစုကို နောက်ပိုင်းကာလသားများအသွင် မြင်တွေ့ရ၏။ ယခုအချိန်၌မူ တောပုန်း





ဓားပြများဟု သံသယဖြစ်နေမိ၏။ သူစာသည်တောတွင်း၌ သွားလာရင်း ပင်ပန်းနွမ်းနယ်လွန်းလှ၍

“ ဒီမှာ ရှင်တို့ ကျွန်မကို ဘာလုပ်မလို့လဲ၊ ကျွန်မမလျှောက်နိုင်တော့ဘူး၊ ပင်ပန်းလှပြီ ”

ဟု ပြောလေရာ ထိုလူလေးယောက်အနက် နှုတ်ခမ်းမွှေးစစရှိသော လူက

“ မင်းသမီး ပင်ပန်းရင် ရှေ့နားက စမ်းချောင်းနားမှာ ခဏနားမယ်၊ ပြီးမှဆက်သွားမယ် ”

ဟု ဆိုလေ၏။ ထိုနောက်တွင်မူ စမ်းချောင်းတစ်ခုအနီး၌ ခဏမျှနားကြလေ၏။

ထိုသူများသည် စမ်းချောင်းအနီး၌ သူစာလွတ်လွတ်လပ်လပ်နေထိုင်ရန် ခပ်လှမ်းလှမ်းသို့ ရှောင်တိမ်းပေးကြ၏။ သူစာသည် မိမိကိုဖမ်းဆီးခေါ်ဆောင်လာသူများကို နားမလည်ချင်သလို ဖြစ်လေ၏။

ခဏကြာလျှင် ထိုသူများက သူစာကိုခြိမ်းခြောက်၍ တောလမ်းခရီး ဆက်ပြန်၏။ သူစာသည် ပင်ပန်းနွမ်းနယ်လှဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်ရပြန်၏။

ငှင်းတို့သည် ညနေစောင်းသောအခါ လှိုဏ်ကြီးတစ်ခု အတွင်းသို့ဆင်းရ၏။

လှိုဏ်အောက်၌ တဲအိမ်ငယ်လေးအချို့ကို တွေ့ရ၏။ ထိုသူများသည် တောပုန်းဓားပြများ ဖြစ်မှာသေချာသွားချေပြီ။

လှိုဏ်အတွင်းရှိ အစောင့်တစ်ဦးက ငှင်းတို့ရောက်လာကြောင်း ချိုးကူသံဖြင့် အချက်ပေးလိုက်၏။ ထိုအခါ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများရှိသော အသက်သုံးဆယ်ဝန်းကျင် လူတစ်ဦး တဲအိမ်ထဲမှ ထွက်လာပြီး သူဇာကိုမြင်လျှင် မျက်မှောင်ကြုတ်၍

" ဒီမိန်းကလေးက ဘယ်သူလဲ၊ သူ့ကိုဘာကြောင့် ခေါ်လာရတာလဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ လူလေးယောက်အနက် တစ်ယောက်က

" ဒီမိန်းမက နယ်နယ်ရရ မဟုတ်ဘူး ဆရာ၊ ခတ်ရှင်မင်းသမီးဗျ၊ သူဟာကျုပ်တို့ရဲ့ငွေတွင်းကြီး "





ဟု ပြောလေ၏။ မုတ်ဆိတ်မွေးရှိသောသူသည် ခေါင်းဆောင်ဖြစ်ပုံရ၏။ ထိုသူများ၏စကားကို နားထောင်၍ စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်ပြီး

" ဒီမှာ မောင်သိန်း မင်းတို့သိပ်မှားနေပြီ၊ မင်းတို့ လုပ်ရပ်ကြောင့် ငါတို့ဘယ်လိုလူတွေ ဖြစ်သွားပြီလဲ၊ မစဉ်းစားမဆင်ခြင်ဘဲ ဘာဖြစ်လို့ ဒီလိုမိုက်ရူးရဲအလုပ်ကို လုပ်ရတာလဲ၊ မင်းတို့လုပ်ရပ်ကြောင့် ငါတို့ရဲ့ သိက္ခာတွေရေစုန်မျောပါပြီကွာ၊ ခတ်ရှင်မင်းသမီးတစ်ယောက်ကို ပြန်ပေးဆွဲ ငွေညှစ်တာဟာ ဓားပြတွေရဲ့အလုပ်ကွ "

ဟု ပြောလေရာ သူဇာသည် သူမကို ဖမ်းဆီးခေါ်ဆောင်လာသူများ၏ ရည်ရွယ်ချက်ကို ရိပ်စားမိသွားပြီး

" ကျွန်မက ခတ်ရှင်မင်းသမီး မဟုတ်ဘူးရှင့်၊ ကျွန်မလို အညတရ မိန်းကလေးတစ်ယောက်ကို ဖမ်းပြီး ပြန်ပေးဆွဲရင် ရှင်တို့ တစ်ပြားမှ ရမှာမဟုတ်ဘူး "

ဟု ပြောလေ၏။ သူဇာ၏ စကားကြောင့် ဓားပြခေါင်းဆောင်က လက်ကာပြ၍



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်တို့အဖွဲ့က အောက်တန်းစားဓားပြ အဖွဲ့ မဟုတ်ပါဘူး၊ မိန်းကလေးကို ဘယ်တော့မှပြန်ပေးဆွဲမှာ မဟုတ်ဘူး၊ မောင်သိန်း မိန်းကလေးကို ချက်ချင်း ကြိုးဖြေပေးပါ "

ဟု ပြောကာ သူဇာ၏ဘက်သို့ လှည့်၍

" ကျုပ်တို့ လူတွေရဲ့ မှားယွင်းမှုကြောင့် မိန်းကလေးကို အနူးအညွှတ်တောင်းပန်ပါတယ်ဗျာ၊ တောထဲကနေ မှဲ့တစ်ပေါက် မစွန်းစေဘဲ ပြန်ပို့ပေးပါ့မယ်၊ ကျုပ်လူတွေ အများကြီးမှားသွားပါတယ် "

ဟု တောင်းပန်လေ၏။ ထိုအခါ သူဇာက ထိုသူများကို နားမလည်ဟန်ဖြင့် ကြည့်၍

" ရှင်တို့ကတောထဲမှာ ခိုးကြောင်ခိုးဝှက်နေပြီး လက်နက်တွေ ကိုင်ထားကြတယ်၊ ဓားပြတွေလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ဓားပြခေါင်းဆောင်က

" ကျုပ်နာမည် သိန်းတန်လို့ခေါ်တယ်၊ ကျုပ်တို့က ဓားပြ မဟုတ်ပါဘူး၊အင်္ဂလိပ်တွေကို တော်လှန်နေတဲ့မြေအောက် အဖွဲ့အစည်း ပါ၊ကျုပ်လူတွေ မိန်းကလေးကိုပြန်ပေးဆွဲဖို့ ကြိုးစားတာဟာ





ကျုပ်တို့အဖွဲ့ရဲ့ ဘဏ္ဍာရေး အခြေအနေကြောင့်ပါ၊ ကျုပ်တို့ကို ကုလားစစ်ပုလိပ်တွေ တိုက်ခိုက်နေလို့ အဖွဲ့အတွက် စားနပ် ရိက္ခာပြတ်လပ်တော့မယ်၊ ဒါပေမဲ့ ဘယ်တော့မှ မတရားတဲ့နည်းနဲ့ မဖြေရှင်းဘူး၊ မိန်းကလေးကို အမြန်ဆုံးပြန်ပို့ပေးပါ့မယ်၊ ဒီတစ်ရက်နှစ်ရက်တော့ ကျုပ်တို့ဆီမှာပဲ ဧည့်သည် တစ်ယောက်လိုနေပါ "

ဟု ပြောလေရာ သူဇာက သက်ပြင်းချ၍

" ဒီနေရာမှာ မိန်းကလေး အဖော်မရှိဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ သိန်းတန်က ခေါင်းခါယမ်း၍

" ကျုပ်တို့က တိုင်းပြည်နှင့် လူမျိုးအတွက် အလုပ်လုပ် နေတာပါ၊ ဒါကြောင့် ပင်ပန်းဆင်းရဲတယ်၊ မိန်းမသားတွေ ဒီနေရာမှာ နေဖို့မသင့်ပါဘူး "

ဟု ပြောလေရာ သူဇာသည် ယောကျ်ားများ၏ အလယ်၌ တစ်ယောက်တည်း နေရမည်ဆို၍ ကျောချမ်းသွားလေ၏။

တော်လှန်ရေးသမားများ၏ ခေါင်းဆောင်ဆိုသူသည် သူဇာကို ဖမ်းဆီးလာသူများထံသို့ သွား၍ အကျိုးအကြောင်း မေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တပည့်များထံမှ အလုံးစုံကိုသိသောအခါ တပည့်များကို ကြိမ်းမောင်းကာ

" မင်းတို့ဟာ မိန်းကလေးတစ်ယောက်ကို နှမချင်း မစာနာတဲ့ ခြိမ်းခြောက်ပြီး ခေါ်လာတာပဲ မားပြအလုပ်ဟာ ကျုပ်တို့အလုပ်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ၊ ဒါကြောင့် မိန်းကလေးကို ပြန်တောင်းပန်ရမယ် "

ဟု ပြောလေ၏။ ထိုအခါ သူဇာကို ဖမ်းဆီးလာသူများသည် သူမ၏ အနီးသို့လာရောက်၍ တောင်းပန်ကြလေ၏။

သူဇာသည် သူမကိုဝိုင်းဝန်းချုပ်ကိုင်၍ ပခုံးပေါ်၌ ထမ်းခေါ်ပုံများကို မြင်ယောင်ကာ ဒေါသပုန်ထသွားပြီး

" ရှင်တို့ လုပ်ရပ်တွေ သိပ်ဆိုးတယ်၊ ကျွန်မခွင့်လွှတ်လို့ မရဘူး၊ မိန်းကလေးတစ်ယောက်ကို အတင်းအဓမ္မချုပ်ကိုင်ပြီး ပခုံးပေါ်ကို ထမ်းခေါ်ကြတယ်၊ ကျွန်မနေရာကနေ ရှင်တို့ စဉ်းစားကြည့်စမ်း တောကြီးမြက်မည်းထဲကို မိန်းကလေးတစ်ယောက် အနေနဲ့ လိပ်ပြာလွင့်မတတ် ကြောက်ရွံ့ပြီး လိုက်ပါလာရတယ်၊ ရှင်တို့ကျွန်မကို ဘာလုပ်ကြမှာလဲ၊ မတရားကြံပြီး သတ်ပစ်မှာပဲလို့ တွေးပြီး





ကြောက်လိုက်တာရှုးမတတ်ပါဘဲ "

ဟု ပြောလေရာ တော်လှန်ရေးသမားများသည် သူဇာကို အားတုန့်အားနာဟန်ဖြင့် ကြည့်၍ မည်သည့်စကားကိုမျှ မတုံ့ပြန်ဘဲ ရှိနေလေ၏။ ၎င်းတို့၏ခေါင်းဆောင် ကိုသိန်းတန်က သူဇာ၏ ခံစားချက်ကို စာနာဟန်ဖြင့်

" မင်းတို့လုပ်တာ အရမ်းတရားလွန်တယ်၊ မိန်းမသား တစ်ယောက်တည်း တောခေါင်ခေါင်မှာ ယောကျ်ားလေးယောက်နဲ့ သူ့ခမျာ ဘယ်လောက်ကြောက်ရွံ့ လိုက်မလဲ၊ မိန်းကလေးကို ကြိုးနဲ့တုပ် ခားနဲ့ထောက်ပြီးလဲ ခေါ်လားသေးတယ်၊ မင်းတို့မိန်းကလေးကို အမြန်ဆုံးပြန်ပို့ပေးရမယ်၊ လောလောဆယ် ငါတို့ဆီမှာရှိနေတုန်း ရှိလေ သေးမရှိအောင်စောင့်ဝတ် ကျေပွန်ပါ၊ ဒီနေ့ညနေ မိန်းကလေး ချိုးဖို့ရေကို စမ်းချောင်းထဲကနေ မင်းတို့လေးယောက် သွားခပ်ကြပါ "

ဟု ပြောလေ၏။ သူဇာအားအနားယူရန်အတွက် တဲအိမ်ငယ် လေးတစ်လုံးကို စီစဉ်ပေးလေ၏။

သူဇာသည်ပင်ပန်းလွန်းသဖြင့် တဲအိမ်ထဲသို့ဝင်ကာ ဝါးကွပ်ပျစ်



www.burmeseclassic.com

www.burmeseclassic.com



လေး၍ လှဲချလိုက်လေ၏။

သို့သော် ပင်ပန်းလွန်း၍လားမသိ အိပ်၍မပျော်နိုင်ဘဲ ရှိလေ၏။ သူမ၏ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲ နေလေ၏။ ခဏကြာမှ မှေးခနဲ အိပ်ပျော်သွား၏။ အိပ်ရာမှနိုးသောအခါ ညမှောင်ရီသန်းစပင်ပြုနေ၏။

တဲအနောက်ရှိ အိုးထဲ၌ရေများကို တွေ့ရ၍ထဘီရင်လျားပြီး ချိုးလိုက်၏။ သူဇာရေချိုးပြီး အဝတ်အစားလဲနေချိန်၌ ညစာထမင်းစားရန် လူတစ်ဦးက လာရောက်ခေါ်ဆောင်လေ၏။

ညစာစားရန် တဲတစ်လုံးသို့ရောက်သောအခါ အသင့်စောင့်ကြိုနေသော ကိုသိန်းတန်ကို တွေ့ရ၏။ တော်လှန်ရေး ခေါင်းဆောင် ကိုသိန်းတန်သည် သူဇာအား အထူးဧည့်သည် တစ်ဦးကဲ့သို့ ဧည့်ခံကြိုဆိုလေ၏။

သူဇာကို ဆတ်သားဆီပြန်ဟင်း၊ ငါးပိကြော်၊ မုန်လာဥချဉ်ရည်ဟင်း စသည်ဖြင့်စုံလင်စွာ ပြင်ဆင်ထား၏။

ကိုသိန်းတန်က ထမင်းပွဲကို လက်ဖြင့်ယမ်းပြ၍

" မိန်းကလေးကို အထူးဧည့်သည်လို သဘောထားပြီး ဒီလို





ကျွေးတာပါ၊ ကျုပ်တို့နေ့တိုင်း ဒီလိုမစားနိုင်ပါဘူး "

ဟု ပြောလေရာ သူဇာသည် ကိုသိန်းတန်၏စေတနာကို အသိအမှတ် ပြုလိုက်မိ၏။ ညစာစားပြီးသောအခါ ကိုသိန်းတန်သည် သူဇာကို လေးနက်စွာကြည့်ရင်း

" မိန်းကလေးကို တောင်းပန်ချင်တာကတော့ ကျုပ်တို့မြို့ကို ပြန်ပို့ပြီးတဲ့အခါ ကျုပ်တို့အဖွဲ့နဲ့ပက်သက်ပြီး ပုလိပ်တွေဆီမှာ နှုတ်လုံစေချင်တယ်၊ ကျုပ်တို့ဟာ လူဆိုးဓားပြတွေ မဟုတ်ပါဘူး ကျုပ်တို့မြန်မာပြည်ကြီးကို နယ်ချဲ့တွေလက်က အမြန်ဆုံးပြန်ရအောင် တိုက်ပွဲဝင်နေတာပါ "

ဟု ပြောလေရာ သူဇာက ခေါင်းညိတ်၍

" ဒါတော့ စိတ်ချပါ၊ ကျွန်မမှာ မျိုးချစ်စိတ်ရှိပါတယ်၊ မြန်မာပြည်အနှံ့မှာ မျိုးချစ်တော်လှန်ရေးသမားတွေ ရှိတယ်လို့ ကြားဖူးကတည်းက ကြည်ညိုလေးစားနေတာပါ၊ ကျွန်မနှုတ်လုံဖို့ ကတိပေးပါတယ် "

ဟု ပြောလေ၏။ သူဇာ၏ စကားကြောင့် ကိုသိန်းတန်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ဝင်းပသွားပြီး

" မိန်းကလေးရဲ့ ဥပဓိရုပ်ကို မြင်ကတည်းက မျိုးချစ်စိတ်ရှိ မှုယ်ဆိုတာ ယုံကြည်ပါတယ်၊ ဒါနဲ့ မိန်းကလေးရဲ့ ဘဝနောက်ကြောင်းကို ပြောပြပါဦး "

ဟု မေးမြန်းလေ၏။

သူဇာသည် ကိုသိန်းတန်၏ ရိုးသားပွင့်လင်းသော စိတ်ဓာတ်ကို နားလည်မိပြီး သူမဘဝ၏ နောက်ကြောင်းကို အဖြစ်အမှန်အတိုင်း ပြောလေ၏။ သူဇာ၏ စကားကိုနားထောင်ပြီး ကိုသိန်းတန်သည် သက်ပြင်းချလိုက်ပြီး

" မသူဇာရဲ့ ဘဝကကြမ်းတမ်း ခက်ခဲလိုက်တာပါ၊ ကျုပ်ရဲ့ရင်ထဲမှာ တကယ်ပဲ ခံစားရပါတယ်ဗျာ၊ ဒီလိုလူမျိုးကိုမှ ကျုပ်ရဲ့တာပည့် တော်လှန်ရေးသမားတွေက ဖမ်းဆီးခဲ့သေးတယ်၊ မသူဇာရဲ့ဘဝကို နားထောင်ကြည့်တော့ သူဇာရဲ့ဘဝမှာ နားခိုစရာမရှိဘူး၊ ဒါကြောင့် သူဇာကို အကူအညီတစ်ခုတောင်းရင်း မသူဇာကို ပြန်ကူညီပါရစေ "





ဟု ပြောလေ၏။ မသူဇာသည် ကိုသိန်းတန်၏ စကားကြောင့် မျက်မှောင်ကြုတ်၍

" အကူအညီ တစ်ခုတောင်းပြီး ပြန်ကူညီမယ်ဟုတ်လား၊ ဘယ်လိုလဲရှင် "

ဟု မေးမြန်းလေ၏။ ကိုသိန်းတန် အစေးဆီသို့ခေါင်းမော့ ကြည့်၍

" ကျုပ်ဘဝမှာ ဖခင်ကြီးတစ်ယောက်ပဲ ရှိတယ်၊ ဖခင်ကြီးနဲ့ ကွဲနေတာ နှစ်တွေတော်တော်ကြာပြီ၊ မသူဇာ ကျုပ်ဖခင်ကြီးဆီကို စာတစ်စောင် ယူသွားပေးနိုင်သလား၊ ဖခင်ကြီးဟာ ကျုပ်တို့ နယ်တိုက်မှာ ထင်ရှားတဲ့သိုင်းဆရာကြီးတစ်ယောက်ပါ၊ ဖခင်ကြီးဆီကို သူဇာရောက်ရင် ပျော်သလောက်နေပြီး ဘဝတက်လမ်းအတွက် ကြိုးစားပါ "

ဟု ပြောလေ၏။ သူဇာသည် ကိုသိန်းတန်ကို ကူညီရန် ဆုံးဖြတ်လိုက်ပြီး

" ကိုသိန်းတန်ရဲ့ ဖခင်ကြီးဆီကို ကျွန်မ မရောက် ရောက်အောင် သွားပြီး ဆက်သွယ်ပေးပါ့မယ်၊ ကျွန်မကို လိပ်စာသာ ပေးလိုက်ပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကိုသိန်းတန်သည် သူ့ဇာ၏စကားကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" ကျေးဇူးတင်ပါတယ်ဗျာ ကျုပ်မှာ တပည့်တပန်းတွေ ရှိသမျှ သူတို့မှာအလုပ်တာဝန်ကိုယ်စီရှိတယ်၊ သူတို့ကို ကျုပ်ရဲ့ ကိုယ်ရေး ကိုယ်တာ ကိစ္စမှာ အသုံးမပြုချင်ဘူး၊ သူတို့ဟာ နယ်ချဲ့အစိုးရ အလိုရှိနေတဲ့ တော်လှန်ရေးတပ်သားတွေပဲ မြို့ပေါ်တက်ရင် အန္တရာယ် သိပ်များပါတယ် "

ဟု ပြောလေ၏။ သူ့ဇာသည် ကိုသိန်းတန်တို့ တော်လှန်ရေး အင်အားစုများကို လေးစားကြည်ညို စိတ်များ ဖြစ်ပေါ်လာ၏။

သူတို့အဖွဲ့သည် တောတွင်း၌ ဆင်းဆင်းရဲရဲနေထိုင်ပြီး နယ်ချဲ့ အစိုးရကို တော်လှန်နေသူများ ဖြစ်၏။

ယခုငှင်းတို့အဖွဲ့သည် စားနပ်ရိက္ခာပြတ်လတ်နေချိန်၌ မိမိအစွမ်းရှိသမျှ ကူညီရန်ကြံစည်၏။ ထို့ကြောင့် လွယ်အိတ်ထဲ၌ပါလာသော ငွေစက္ကူများအနက် တစ်ဝက်တိတိကို ထုတ်၍ ကိုသိန်းတန်အားပေးလေ၏။ ကိုသိန်းတန်သည် များပြားလှသော





ငွေစက္ကူများကို တအံ့တဩ ကြည့်ရှုလေ၏။ သူ့ဇာက

" ဒီငွေတွေဟာ သူ့ဇာ ဓါတ်ရှင်ရိုက်ပေးလို့ ဘိုလပ်က ဒါရိုက်တာကြီးပေးတဲ့ငွေတွေပါ၊ မြို့မိမြို့ဖတွေ စုပေါင်းပြီး ပေးလိုက်တဲ့ ငွေတွေလဲဖြစ်တယ်၊ ဒီငွေတွေကို ကိုသိန်းတန်တို့ မျိုးချစ်အဖွဲ့ အတွက် လှူဒါန်းချင်ပါတယ် "

ဟု ပြောလေရာ ကိုသိန်းတန်က သူ့ဇာလှူဒါန်းသော ငွေများ ကို ဝမ်းသာအားရ လက်ခံလေ၏။



www.burmeseclassic.com

နောက်တစ်နေ့သို့ရောက်လျှင် ကိုသိန်းတန်နှင့်တပည့် များသည်

အ

ား ကားလမ်းဆီသို့လိုက်လံ ပို့ဆောင်ပေးလေ၏။

သူဇာသည် ကိုသိန်းတန်တို့ မျိုးချစ်အဖွဲ့ဝင်များနှင့်

အစိုး

ပြီးနောက် ကိုသိန်းတန်ပေးလိုက်သော လိပ်စာအတိုင်း

မိမိ၏

း၏နေရပ်ကို ရှာဖွေလေ၏။

သူဇာသည် ရထားတစ်တန် ကားတစ်တန်သွားလာပြီးမှ

၌ပါ

န်းတန်၏ ဖခင်သိုင်းဆရာကြီး ဦးရွှေဘို၏ နေအိမ်ကို ရောက်

လေ၏။





ဦးရွှေဘိုသည်သားဖြစ်သူ၏ စာကိုဖတ်ရှုပြီးသောအခါ သက်ပြင်းချ၍

" ကျုပ်မှာသားတစ်ယောက်ရှိတယ်၊ သူနဲ့မတွေ့ရတာနှစ်တွေ အများကြီးကြာခဲ့ပြီ၊ သားကိုသက်ရှိထင်ရှားရှိတော့မယ်လို့တောင် မထင်ဘူး၊ ဒီနေ့ကျုပ်သားဆီက သတင်းရတာ သိပ်ဝမ်းသာတယ်၊ မိန်းကလေး၊ သားကစာထဲမှာ စာယူလာပေးတဲ့ မိန်းကလေးကို သမီးရင်းတစ်ယောက်လို သဘောထားပြီး အစစအရာရာ ကူညီပေးပါလို့ ဆိုတယ်၊ ဦးလေးမှာသားတစ်ယောက်နဲ့ ခွဲရပေမဲ့ သမီးတစ်ယောက် အစားရလိုက်သလို ခံစားရတယ်၊ မိန်းကလေး ဦးလေးရဲ့ အိမ်မှာ ပျော်သလိုနေပါ၊ မပျော်တဲ့နေ့မှာပြန်သွားပါ၊ ဒါပေမဲ့ ဦးလေးကိုတော့ နှုတ်ဆက်မသွားပါနဲ့ "

ဟု ပြောလေ၏။ သူဇာသည် သိုင်းဆရာကြီး ဦးရွှေဘို၏နေအိမ်၌ ရက်အနည်းငယ်နေထိုင်ပြီး သူမ ဘဝခရီး ဆက်မည်ဟု ကြံစည်၏။

ဦးရွှေဘို၏ခြံသည် မြို့ပြင်အရပ်ရှိ အရိပ်ကောင်းစွာ ရရှိသော



www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ တည်ရှိ၏။

ဦးရွှေဘိုသည် စီးပွားရေးအခင်အား တောင့်တင်းသူဖြစ်သဖြင့် သိုင်းပညာ သင်ကြားခြင်းကို ဝါသနာအလျောက် သင်ကြားပေးခြင်း ဖြစ်၏။

ဦးရွှေဘို၏ အိမ်၌လာရောက်ပြီး သိုင်းပညာ သင်ကြား နေသော လူငယ် အချို့ရှိ၏။

ဦးရွှေဘိုနှင့်အတူ ဗလဆိုသော လူထွားကြီးတစ်ဦး နေထိုင်၏။ ဗလသည် ရိုးသားပြီးစိတ်ရင်းကောင်းသူဖြစ်၏။ ဦးရွှေဘို၏ကိုယ်စား လူငယ်များကို သိုင်းပညာ သင်ပေးရသူဖြစ်၏။

ဦးရွှေဘိုသည် လူငယ်များထံမှ အခကြေးငွေမယူဘဲ ၎င်းတို့ စေတနာ အလျောက်ကန်တော့သောငွေကိုသာ လက်ခံ၏။

ဦးရွှေဘိုသည် ငွေကြေးတစ်ပြားတစ်ချပ်မျှ မပေးနိုင်သူ ကိုလည်း ကျေသားရင်သားမခွဲခြားဘဲ သင်ကြားပေး၏။

သူဇာသည် ဦးရွှေဘိုအိမ်ကြီးအပေါ်ထပ်၌ ထိုင်ပြီး သိုင်း လေ့ကျင့်သူများကို ငေးမောကြည့်၏။





ထိုသို့ကြည့်ရှုရင်းသိုင်းပညာ သင်ကြားခြင်းသည် မိမိကိုယ်ခန္ဓာ ရှိ တိုက်ခိုက်နိုင်သော အစွမ်းကိုစနစ်တကျ လေ့ကျင့်ခြင်းဟု ယူဆမိ၏။ ထို့ကြောင့် သိုင်းပညာကို စိတ်ဝင်စားပြီး နေ့စဉ် စောင့်ကြည့်လေ၏။

နောက်ဆုံး၌ သိုင်းပညာ သင်ကြားလိုစိတ်များဖြစ်ပေါ်လာပြီး ဦးရွှေဘိုထံသို့သွားကာ သိုင်းပညာသင်လိုကြောင်းပြောလေ၏။ ဦးရွှေဘိုသည် ချောမောလှပသော မိန်းကလေးတစ်ယောက်က သိုင်းပညာသင်ချင်သည်ဆို၍ အံ့သြသွား၏။ ပြီးနောက်

" ငါ့သမီးကိုကျုပ်တို့နဲ့အတူ နေစေချင်နေတာ၊ ငါ့သမီး ကသိုင်းပညာ သင်ချင်တယ်ဆိုတော့ အတိုင်းထက်အလွန်ပေါ့၊ ဦးလေး သိပ်ဝမ်းသာတယ် "

ဟု ပြောလေ၏။ သူဇာသည် နောက်နေ့မှစ၍ လူသန်ကြီး ဗလထံမှ ကိုယ်ခန္ဓာကြံခိုင်းရေး လေ့ကျင့်ခန်းများကို သင်ကြား ရလေ၏။ ဦးရွှေဘိုက အနီးသို့လာရောက်၍

" သိုင်းပညာကို မိန်းကလေးတွေ သင်တဲ့အခါ အမှန်တကယ် အစွမ်းထက်ဖို့ထက် အလှသိုင်းကိုပဲ သင်ချင်ကြတယ်၊ အလှသိုင်း



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့အခါ စားသိုင်းလုံသိုင်းတွေကို လှလှပပလေး ကချေတတ်တယ်၊ ဒါပေမဲ့ အန္တရာယ်နဲ့ကြုံလာရင်တော့ ဘာမှ အသုံးမကျဘူး၊ သမီးကို တကယ်အစွမ်းထက်တဲ့ ပညာပဲသင်စေချင်တယ် ”

ဟု ပြောလေရာ သူစာက…

“ ကျွန်မလဲ အစွမ်းထက်တဲ့ သိုင်းပညာကိုပဲ သင်ချင်ပါတယ်ရှင် ”

ဟု ပြောလေ၏။

ထိုနေ့မှစ၍ သူစာသည် ကိုယ်လက်ကြံ့ခိုင်စေရန် ကျယ်ဝန်းသော မြို့ကြီး၌ကင်းဘတ် ဖိနပ်ကိုစီး၍ ပြေးရလေ၏။ ထိုသို့နေ့စဉ် သုံးလခန့်ပြေးပြီးသောအခါ သူစာ၏ကိုယ်ခန္ဓာသည် အရင်ကထက် များစွာကြံ့ခိုင်လာလေ၏။

လူသန်ကြီးဗလသည် သူစာကို အခြေခံ သိုင်းပညာကို စတင်သင်ကြားပေးလေ၏။

သူစာသည် သိုင်းပညာ စတင်သင်ကြားရင်းမိခင်ကို ရက်ရက်စက်စက် သတ်ဖြတ်သွားသော ခင်မေရီ၏ မျက်နှာကိုပြန်လည်





မြင်ယောင်၏။ ထို့ကြောင့် ခင်မေရီကို လက်စားချေချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာပြီး သိုင်းပညာကို ကြိုးစားသင်ယူလေ၏။

သူစာသည် ထိုအချိန်မှစ၍ ဆရာကြီးဦးရွှေဘိုထံတွင် ခွေမျိုး အရင်းအခြာကဲ့သို့ ဝိုင်းလုပ်ကိုင်းစား နေထိုင်ပေးခဲ့၏။ သူစာသည် ဆရာကြီးဦးရွှေဘိုကို ဖခင်အရင်းအခြာကဲ့သို့ သဘောထားကာ ပြုစုစောင့်ရှောက်ပေးလေ၏။

ဆရာကြီးဦးရွှေဘိုကလည်း သူစာကိုသမီးရင်းတစ်ယောက်ကဲ့သို့ မှတ်ယူလေ၏။ ဆရာကြီး၏တပည့်ကျော် လူသန်ကြီး ဗလသည် သူစာကို များစွာ ရင်းနှီးခင်မင်လေ၏။

ထို့ကြောင့် သူစာအား ညီမလေးတစ်ယောက် ကဲ့သို့စောင့်ရှောက်လေ၏။ ဆရာကြီးထံတွင် သိုင်းပညာသင်ယူနေသော လူငယ်များသည် ချောမောလှပသော သူစာကို မြင်လျှင် ပိုးပန်းရန် ကြိုးပမ်းကြ၏။ သို့သော် သူစာ၏ တင်းမာသော အသွင်သဏ္ဌာန်ကြောင့် နောက်ကြောင်းသို့ ပြန်ပြေးသွားသည်ပင်ဖြစ်၏။

သူစာသည် တရုတ်ရှုးအေးသိန်း၏လက်ချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားများကို မုန်းတီးစိတ်ဝင်နေမိ၏။ ထို့ကြောင့်ရွယ်တူယောက်ျားများကို ရောနှောခြင်းမရှိဘဲ တင်းမာစွာ ဆက်ဆံလေ၏။ ထို့ကြောင့် သင်တန်း၌ တက်ရောက်နေသူများက သူဇာကို မာနကြီးသည်ဟု ထင်မြင်ကြလေ၏။

သူဇာသည် မာနကြီးသည်ဟု မည်သူကပြောပြော ဂရုမစိုက်တော့ချေ။ ကျားသတ္တဝါမှန်သမျှမည်သူကိုမျှ ယုံကြည်ဘ်ချုသူမဟုတ်ဟု ထင်မြင်ယူဆမိလေ၏။

လူသန်ကြီးဗလသင်ပေးသော သိုင်းပညာကိုသာ ကြိုးစားသင်ယူလေ၏။ ထို့ကြောင့် သူဇာ၏ ပညာအဆင့်အတန်းသည် အချိန်တိုလေးအတွင်း လျှင်မြန်စွာ တိုးတက်လေ၏။

သူဇာသည် သိုင်းပညာသင်ယူရာ၌ တုတ်သိုင်းကိုပိုမို လေ့ကျင့်လေ၏။ ထိုသို့တုတ်သိုင်းကိုလေ့ကျင့်ရခြင်းမှာ ဦးရွှေဘို၏ တပည့်များအနက် တုတ်သိုင်းကျွမ်းကျင်သော စံသိန်းဆိုသူသည် လွန်စွာ မာနထောင်လွှား၏။ သူသည် အချိန်ရှိသရွေ့ တုတ်သိုင်း လေ့ကျင့်ပြီး သူ၏ကျွမ်းကျင်မှုကို လူအများကြား၌ ကြွားဝါတတ်၏။





သူဇာသည် စံသိန်းကိုကြည့်မရသည်နှင့် တုတ်သိုင်း ကိုပိုမို ကျွမ်းကျင်အောင်လေ့ကျင့်၏။ စံသိန်းသည် သူဇာ၏ တုတ်သိုင်း လေ့ကျင့်နေရာသို့လာရောက်ကြည့်ရှု၍ မသိမသာခေဖန် ကဲ့ရဲ့လေ၏။

သူဇာသည်မခံချင်စိတ်များစွာဖြစ်ပြီးတုတ်သိုင်းကို နေ့မအား ညမအား လေ့ကျင့်လေ၏။ ထိုသို့လေ့ကျင့်သောကြောင့် သူဇာ၏ တုတ်သိုင်းစွမ်းရည် ပိုမိုမြင့်မားလာလေ၏။ တစ်နေ့တွင် သူဇာနှင့်စံသိန်းသည် တုတ်သိုင်းအကြောင်း ပြောဆိုရာမှ ဒေါသစိတ်များ ဖြစ်ပေါ်လာပြီး ဆရာများ မသိအောင် တိတ်တဆိတ် တုတ်သိုင်းပြိုင်ရန် ပြင်ကြ၏။

၎င်းတို့သည်မြို့ပြင်ရှိ ထန်းတော၌ တုတ်သိုင်းပြိုင်ရန် ချိန်းဆိုလိုက်ကြ၏။

ထိုနေ့ကို ဆရာကြီးဦးရွှေဘို ဘုန်းကြီးကျောင်းသို့ သွားပြီး ဥပုသ်စောင့်မည့်နေ့ကို ရွေးချယ်လိုက်ကြ၏။

၎င်းတို့နှင့်အတူ ဆရာကြီး၏တပည့်တချို့ လိုက်ပါကြမည် ဖြစ်၏။

ဆရာကြီး၏ တပည့်များအနက် အချို့သည် စံသိန်း၏



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြွားကြွားအမူအရာကို မနှစ်သက်သောကြောင့် သူဇာ့ကို မနိုင်ရလိုကြ၏။

အချို့လောင်းကစားဝါသနာပါသူများသည် စံသိန်းနှင့်သူဇာ မည်သူနိုင်မည်နည်းဟု အလောင်းအစားပြုလုပ်ကြ၏။

တုတ်သိုင်းပြိုင်မည့်အချိန်သို့ ရောက်သောအခါ လာရောက်ကြည့်ရှုသူများသည် ချောမောလှပသော သူဇာ၏ ရုပ်ရည်ကို ကြည့်၍ ချီးမွမ်းကြလေ၏။

မိန်းမသားတစ်ယောက်နှင့် တုတ်သိုင်းပြိုင်မည်ဆိုသော စံသိန်းကို ကဲ့ရဲ့ကြလေ၏။

စံသိန်းသည် မပြိုင်မီကပင် ပရိတ်သတ်အချို့၏ မုန်းတီးခြင်းကို ခံရလေ၏။ ပြိုင်ပွဲစတင်သောအခါ သူဇာက ပြင်းထန်သော ရိုက်ချက်များနှင့် စတင်ရိုက်လေ၏။

စံသိန်းသည် သူဇာ၏ တိုက်ကွက်အောက်၌ အလူးအလဲ ခံနေရလေ၏။

ပရိတ်သတ်များသည် သူဇာဘက်မှ တစ်ခဲနက် အားပေးကြ၏။





စံသိန်းသည် သူဇာ၏ ရိုက်ချက်များကို ကြိုးစားခုခံ၍ ပြန်လည် ရိုက်နှက်လေ၏။

သူဇာသည် အံကိုကြိတ်၍ ကြံ့ကြံ့ရင်ဆိုင်လေ၏။ စံသိန်းသည်ယောကျ်ားတစ်ယောက်ဖြစ်၍ သူ၏ရိုက်ချက်များသည် အလွန် ပြင်းထန်၏။ သူဇာသည် အကြိမ်ကြိမ်အခါခါ တုတ်လွတ် ထွက်အရေးကို ကြုံတွေ့ရလေ၏။ တစ်ချိန်တွင် စံသိန်း၏ ရိုက်ချက်တ ပခုံးကိုထိမှန်ခဲ့လိုက်ရ၏။

သူဇာသည်တုတ်လွတ်မထွက်အောင် အစွမ်းကုန်ထိန်းရင်း ပြန်လည် တိုက်စစ်ဆင်၏။ သူမသည်စံသိန်းကို အနိုင်ယူလိုစောဖြင့် မရပ်မနား လေ့ကျင့်ခဲ့၏။ ထိုလေ့ကျင့်မှု၏အကျိုးကိုယခု ခံစားရလေပြီ။

စံသိန်းသည် သူဇာကို မပေါ့ဆရဲဘဲ အပြင်းအထန် ခုခံနေရ၏။ အတန်ကြာအောင် ယှဉ်ပြိုင်ပြီး နှစ်ဦးစလုံး၏ ကိုယ်ခန္ဓာမှ ချွေးများ တဒီးဒီးကျလာ၏။

အချိန်ကြာသည်နှင့်အမျှ စံသိန်းသည် တဖြည်းဖြည်း သက်လုံ မကောင်းတော့ဘဲ မောလာလေ၏။ သူဇာသည် စံသိန်းထက်ပို၍



www.burmeseclassic.com

www.burmeseclassic.com



အမောခံနိုင်လေ၏။

နောက်ဆုံး၌ စံသိန်းသည်သူဇာ၏ ပြင်းထန်သော ရိုက်ချက်တစ်ခု ခြေသလုံး၌ ထိမှန်ပြီး မြေပေါ်သို့လဲကျသွားလေ၏။

မည့ သူ၏လက်ထဲရှိတုတ်လည်းလွတ်ကျသွားလေ၏။ ၄င်းတို့င်ပွဲ၌ တုတ်လွတ်ကျသူမှာ အရှုံးဖြစ်၍ စံသိန်းသည် သူဇာကိုကြ[illegible]နိုင်သွားလေ၏။

စံသိန်းသည် ရှက်ရှက်နှင့်မျက်နှာကြီး နီရဲသွားပြီး ဒေါသတကြီး

" မိန်းမတစ်ယောက်ကိုတောင် မနိုင်တဲ့အတွက် ငါတစ်သက်လုံးတုတ်သိုင်း မကစားတော့ဘူး "

ဟု ကြုံးဝါးလေ၏။

သူဇာသည် မာနထောင်လွှားသော စံသိန်းကို ကြည့်၍ လွန်စွာပီတိ ဖြစ်သွားလေ၏။



ဤသို့ဖြင့်သူဇာသည် တုတ်သိုင်းကိုသာမက အခြားသောသိုင်းများကိုလည်း ကြိုးစားလေ့ကျင့်ရာ တဖြည်းဖြည်းစွမ်းရည်မြင့်မားလာလေ၏။ ဆရာကြီးနှင့်တပည့်ကျော် လူသန်ကြီး ဗလသည် သူဇာနှင့် စံသိန်းမြို့ပြင်ထန်းတော၌ တုတ်သိုင်းပြိုင်သည့်ကိစ္စနှင့် ပက်သက်၍တီးတိုးပြောလေ၏။

" နင်နဲ့စံသိန်း မြို့ပြင်မှာ တုတ်သိုင်းပြိုင်ကြမယ်ဆိုတာ ငါမသိဘူးများမှတ်နေလား၊ ငါတင်မကဘူး၊ နောက်ပိုင်းမှာ ဆရာကြီးလည်း သိသွားတယ်၊ စံသိန်းက တုတ်သိုင်းနဲ့ပက်သက်ပြီး မာနထောင်လွှားလွန်းနေတာ ကြည့်မရလို့ ငါမသိချင်ယောင်ဆောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်တာ ”

ဟု ပြောလေ၏။ ဤသို့ဖြင့်သူဇာသည် ဆရာကြီးဦးရွှေဘို ထံတွင် ဝိုင်းလုပ်ဝိုင်းစားနေထိုင်၍ သိုင်းပညာသင်ယူခဲ့သည်မှာ သုံးနှစ်လုံးလုံး အချိန်ကြာညောင်းခဲ့လေ၏။ ဆရာကြီးသည် သူဇာ အား သမီးရင်းတစ်ယောက်ကဲ့သို့ပင် မှတ်ယူလေ၏။

မြို့ပေါ်ရှိလူအချို့ကသူဇာအား ဆရာကြီးဦးရွှေဘိုက မွေးစား ထားသည်ဟူ၍ပင် ထင်မြင်ကြလေ၏။

သူဇာသိုင်းပညာသင်ယူပြီး သုံးနှစ်ပြည့်သောနှစ်၌ ဆရာကြီး ၏ ကျန်းမာရေးချို့ယွင်းလာကြောင်း သိရ၏။

သူဇာသည် သိုင်းလေ့ကျင့်ခြင်းပင် မပြုတော့ဘဲ ဆရာ ကြီးကို ပြုစုယုယလေ၏။

သို့သော် ဆရာကြီး၏အခြေအနေမှာ တစ်နေ့တခြား ဆိုးဝါး လာ၏။ ဆရာကြီးကိုမြို့ပေါ်ရှိ တိုင်းရင်းသမားတော်ကြီး တစ်ဦး ကလာရောက်ကြည့်ရှုလေ၏။ ထို့နောက်ဆရာကြီး၏ရောဂါ မသက် သာသဖြင့် အခြားသောမြို့ရှိ အင်္ဂလိပ် ဆရာဝန်ကြီးတစ်ဦးကို





ပင့်၍ကြည့်ရှုခိုင်းလေ၏။

အင်္ဂလိပ် ဆရာဝန်ကြီးက ခေါင်းခါယမ်း၍

“ ဆရာကြီးအသက်ကို ကယ်လို့မရတော့ဘူး ”

ဟု ပြောလေ၏။

သူဇာသည် ဆရာကြီး၏နောက်ဆုံးအချိန်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်းသတိပြုမိသဖြင့်သမီးရင်းတစ်ယောက်ကဲ့သို့ ဝတ်ကြီး ဝတ်ငယ် ပြုစုလေ၏။

ဆရာကြီး၏ကျန်းမာရေး အလွန်ဆိုးဝါးနေသော်လည်း သိုင်းသင်တန်းကျောင်းကို မပိတ်ဘဲ ဆက်လက်ဖွင့်ထား၏။

ဆရာကြီး၏တပည့် လူသန်ကြီးဗလက ဆရာကြီး၏ ကိုယ်စားသင်ပြပေး၏။

ဆရာကြီးသည် အိပ်ရာပေါ်၌လှဲလျက်ပင် တပည့်များ သိုင်းလေ့ကျင့်ခြင်းကို ကြည့်၍ ပီတိဖြစ်နေပုံရ၏။

တစ်ညသ၌ ဆရာကြီးအမောဖောက်လာသဖြင့် သူဇာက သွေးဆေးတစ်ခွက်ကို အမြန်ဖျော်၍ တိုက်လေ၏။ ဆရာကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့မောပြေသွားသောအခါ သူဇာ၏ ခေါင်းကို လက်ဖြင့်

" သူဇာ ခေါင်းရင်းက ဗီရိုကို ဟောဒီသော့နဲ့ဖွင့်ပါ၊ ပြီးတော့ ဗီရိုအပေါ်ဆုံးက ထင်းရှူးသေတ္တာလေးကိုယူပါ၊ ပြီးရင် ထင်းရှူးသေတ္တာကို သော့နဲ့ဖွင့်ပါ "

ဟု စေခိုင်းလေ၏။ သူဇာသည် ဆရာကြီး စေခိုင်းသည့်အတိုင်း ဗီရိုကိုဖွင့်၍ ထင်းရှူးသေတ္တာငယ်လေးကို ယူလိုက်၏။ ထိုအခါ ထင်းရှူးသေတ္တာငယ်လေးသည် တိုက်တိုက်ဆိုင်ဆိုင်ပင် သူဇာ၏ဖခင် ပြုလုပ်သော ထင်းရှူးသေတ္တာလေး ဖြစ်ကြောင်း တွေ့ရလေ၏။ ထင်းရှူးသေတ္တာ၌ ဖခင်၏အမှတ်အသား ငှက်ရုပ်ကလေးကို မြင်တွေ့ရ၏။

ထိုငှက်ရုပ်လေး၏ ပုံသဏ္ဌာန်ကို သူဇာကိုယ်တိုင် စတင်ရေးဆွဲခဲ့သဖြင့် မှတ်မိနေလေ၏။ ဆရာကြီးသည် ထင်းရှူးသေတ္တာလေး၏ကြေးသော့ပေါက်ကို တုန်ယင်သော လက်များဖြင့် ကိုယ်တိုင်ဖွင့်လေ၏။ ထိုအခါ သေတ္တာပွင့်သွားပြီး သေတ္တာထဲ၌ ရွှေခေါင်း





တံဆိပ် ရွှေဒင်္ဂါးပြားများကို တွေ့ရလေ၏။

ဆရာကြီးက ထိုသေတ္တာထဲရှိ ရွှေဒင်္ဂါးများကိုညွှန်ပြ၍

" အဘ မနေရတော့ဘူးသမီး အဘမရှိတော့ဘူးဆိုရင် ငါ့သမီးအတွက်လူ့လောကမှာ အခက်အခဲ ရှိလိမ့်မယ်၊ ပေ- ရွှေဒင်္ဂါးတွေကို ငါ့သမီးယူပါ "

ဟု ပြောလေ၏။ သူဇာသည် ဆရာကြီးက မိမိကို ~ ရင်းခြာကဲ့သို့ သဘောထားပြီး အမွေပေးနေကြောင်းသိရသ- များစွာပီတိဖြစ်မိ၏။ သို့သော်ထိုပစ္စည်းများကို မိမိ လိုချင်တ- ခြင်း မရှိချေ။ ဆရာကြီးက မောပန်းနေရာမှ

" အဘမှာ သားအရင်းတစ်ယောက်ရှိပေမဲ့ သူ့ကို အမွေ မပေးနိုင်တော့ဘူး၊ အဘရဲ့သားမောင်သိန်းတန်ဟာ မိုးချုပ်တော်လှန်ရေးသမားတစ်ယောက်ဖြစ်နေလို့ သူသေသလား၊ ရှင်သလားမသိရဘူး၊ အဘရဲ့ တပည့်လူသန်ကြီးဗလအတွက်တော့ ဟောဒီအိမ်နဲ့ အဘရဲ့ပညာတွေကို အမွေအဖြစ်ပေးခဲ့ပြီးပြီ၊ သူ့အတွက် ရွှေဒင်္ဂါးမလိုအပ်တော့ဘူး၊ ငါ့သမီးအတွက်ပဲလိုအပ်တယ် အဘပေးတဲ့ ရွှေဒင်္ဂါးတွေကို ငါ့သမီး



www.burmeseclassic.com

www.burmeseclassic.com



ယူမယ်မဟုတ်လား ''

ဟု မေးမြန်းလေ၏။ သူဇာသည် မိမိ၏မျက်နှာကို ဖျော့လင့်ခြင်းများစွာဖြင့် ကြည့်ရှုနေသော ဆရာကြီး၏ မျက်လုံးများကို ဏာသက်လှသဖြင့် မငြင်းဆန်တော့ဘဲ

'' ယူပါ့မယ် အဘရယ် ''

ဟု ဖြေလိုက်ရာ ဆရာကြီးသည် ဝမ်းသာပီတိဖြစ်သွားပြီး အဝတ်နှာတစ်ခုလုံး ကြည်လင်သွားလေ၏။

ပြီးနောက်တခဏမျှ ငြိမ်သက်နေပြီးနောက် သူဇာ၏ လက်ထဲ၌ပင် ဘဝတစ်ပါးသို့ ပြောင်းလဲသွားလေ၏။

သူဇာ ဝမ်းပန်းတနည်း ရှိုက်ငိုနေစဉ် အနီးသို့ ဗလကြီး ရောက်လာပြီး

'' ဆရာကြီး ''

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်လေ၏။





ဆရာကြီး၏ ရွာပနေ အခမ်းအနားသို့ မြို့မိမြို့ဖများ စုံလင်စွာ လာရောက်ကြ၏။

သူဇာသည် ဆရာကြီးပေးခဲ့သော ရွှေဒင်္ဂါးများကို ဗလ၏ လက်ထဲသို့ အပ်နှံလေရာ ဗလက ခေါင်းခါယမ်း၍

'' ဒီအကြောင်းတွေကို ဆရာကြီး ကြိုပြီးပြောထားလို့ အစ်ကို သိပြီးသားပါ၊ အစ်ကိုကြီးအတွက် ရွှေဒင်္ဂါးမလိုပါဘူး၊ ဆရာကြီးရဲ့ ပညာတွေရထားပြီးပြီပဲ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ သူစာသည် ဗလကြီးကိုပြောမရသည့်အဆုံး၌ လက်လျှော့လိုက်လေ၏။

သူစာသည် ဆရာကြီး၏ ရျာပနကိစ္စပြီးစီးသောအခါ ဤမြို့၌ ဆက်လက်နေထိုင်လိုစိတ်မရှိတော့ချေ။

ဤအိမ်ကြီး၌ ဆရာကြီး၏တပည့်ရင်း ဗလကြီးနှင့်အတူ သူမ နေထိုင်၏။ သို့သော် ကာလရှည်ကြာစွာ နေထိုင်ဖို့မသင့်တော်ဟု ထင်မြင်၏။ မြို့လူထုက သူတို့နှစ်ဦးကို မယုံသင်္ကာစကားများနှင့်ရှုံ့စောင်းသော အသံကိုကြားရ၏။

ဆရာကြီး၏ရျာပနကိစ္စ စီစဉ်နေစဉ် ဆရာကြီး၏စည်းစိမ်ချမ်းသာများကို လိုချင့်တက်မက်စိတ်ဖြင့် တပည့်ရင်းများက လုပ်ကြံသည်ဟု သတင်းထွက်ခဲ့၏။ ထို့ပြင် မြို့မိမြို့ဖ အချို့၏ မသင်္ကာသော မေးမြန်းမှုများကို ကြုံတွေ့ရ၏။ သူစာသည် အများ၏အထင်အမြင်လွဲခြင်းကို မခံချင်သဖြင့် ဤမြို့မှ ထွက်ခွာရန် ဆုံးဖြတ်၏။

သူ၏ဆုံးဖြတ်ချက်ကို ဗလကြီးအားပြောပြသောအခါ ဗလကြီးကသက်ပြင်းချ၍

---



" ညီမလေးအတွက် ဒီသင်တန်းကျောင်းကြီးရဲ့ အမြဲဖွင့်ထားပြီးသားပါ၊ အစ်ကိုကြီးမှာ ခွန်အားတွေရှိက်လာပြီး ဆရာကြီးရဲ့သင်တန်းကို အစ်ကိုကြီးဆက်ဖွင့်ဖို့ ဆန္ဒက်လုံးဖြင့် ဆရာကြီးမရှိတဲ့အတွက် သူ့ပညာတွေ ရပ်တန့်မသွားစေရ၊

ဟု ပြောလေ၏။ သူစာသည် ရွှေဒင်္ဂါးကို ကတ္တီပါယ်အိတ်တစ်လုံးနှင့် ထည့်၍ယူဆောင်လာခဲ့၏။

သူစာသည် ဆရာကြီးထံမှ အမွေရရှိသော ရွှေဒင်္ဂါးများကိုညာမက်မောခြင်းမရှိချေ။

ဆရာကြီး၌ သားအရင်း ကိုသိန်းတန်ရှိနေသေး၏။ ကိုသိန်းတန်၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုများအတွက် ရွှေဒင်္ဂါးများထိုလှူဒါန်းရန် ကြံရွယ်၏။

သူစာမြို့မှ ထွက်ခွာသောနေ့၌ ဗလကြီးအပါအဝင် သူစာတို့သင်တန်းကျောင်းရှိ သင်တန်းသားအားလုံး ဘူတာရုံသို့ လိုက်လံပို့ဆောင်ပေးကြ၏။ သူတို့အားလုံး ရထားထွက်သည်အထိစောင့်နေပြီး လက်ပြပြီးကျန်ရစ်ခဲ့လေ၏။

---

www.burmeseclassic.com

www.burmeseclassic.com



သူဇာသည် လွန်ခဲ့သော သုံးနှစ်ကထက် ယခု မိမိကိုယ်မိမိ ကြည်စိတ်များ ဖြစ်ပေါ်နေမိ၏။

ဆရာကြီးဦးရွှေဘို၏ ကျေးဇူးကြောင့် မိန်းမသားတစ် ဖြစ်သော်လည်း အန္တရာယ်များကို ရင်ဆိုင်နိုင်လေ၏။

ည်ရထားစီးရင်း ဦးတည်ရာမရှိဘဲ ခရီးဆက်ခဲ့၏။

သူမ ရထားသည် တစ်ဘူတာပြီးတစ်ဘူတာ ကျော်ဖြတ်ခဲ့ရာ ဖြည်းဖြည်းရထားပေါ်၌ ခရီးသည်များ နည်းပါးသွားလေ၏။

ထို့နောက် တောအလှူကြီးပစ်ခုမှ ပြန်လာဟန်ရှိသော မိသားစု တစ်စုနှင့် သူဇာသာ ကျန်ရှိခဲ့လေ၏။

ထိုအခိုက်မှာပင် သူဇာတို့တွဲရှိရာသို့ ဓားရှည်ကိုယ်စီ ကိုင်ထားသော လူသုံးဦးတက်လာပြီး လူတစ်ဦးက ဓားရှည်ကို ဝှေ့ယမ်းကာ

“ တစ်ယောက်မှ မလှုပ်နဲ့၊ ငြိမ်ငြိမ်လေးနေ ”

ဟု အော်ဟစ်လိုက်လေ၏။ သူဇာသည် ဓားပြတိုက်ခံရမှန်း သိသဖြင့် စိတ်လှုပ်ရှားသွားပြီး သူမ၏ လွယ်အိတ်ကလေးကို





အမှောင်ထဲသို့ ဆတ်ခနဲ ပို့လိုက်လေ၏။

လွယ်အိတ်ထဲတွင် အမွေရထားသော ရွှေတက်လာပြီး ငွေစက္ကူများရှိနေ၏။ ဓားပြများသည် အလှူမှ မျက်လုံးဖြင့် မိသားစုကို ဦးတည်ချက်ထားပုံရ၏။

ဓားပြခေါင်းဆောင်က ပိုးဖဲကတ္တီပါ ဝတ်ရုံလဲရတာယ်ရွှေ လူကြီးကို မျက်လုံးဝေ့ကြည့်၍

“ ဘယ်လိုလဲ သူကြီးဦးပေသီး၊ သူကြီးနဲ့ကိုယ်တိုင် တွေ့ရသာ တိုက်ဆိုင်ဆိုင် ကြုံတွေ့ရတာ ဝမ်းသာစရာပဲ ”

ဟု ပြောလိုက်ရာ သူကြီးမိသားစုသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

သူကြီးဆိုသူသည် အံကိုကြိတ်၍

“ ယောကျ်ားတွေ မင်းတို့ မိုးကောင်းတုန်းရှာထားဦးပေါ့ကွာ ကဲ‥ရှင်မရေ ပစ္စည်းသခင်ရ လူသခင်ရပဲ၊ သူတို့ကို လက်ဝတ် လက်စားတွေ ချွတ်ပေးလိုက် ”

ဟု အမိန့်ပေးလိုက်ရာ၊ သူကြီးမိသားစုသည် ဓားပြများကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်၍ လက်ဝတ်ရတနာများကို ချွတ်နေလေ၏။

အဆုံး၌ ဘုံအခိုက်မှာပင် ဓားပြတစ်ဦးသည် သူဇာ၏ အနီးသို့

ဘာအကုန်ထုတ်စမ်း ”

လေသံမာမာဖြင့်ပြောလေ၏။

သူဇာသည် ညိုးငယ်သောမျက်နှာထားဖြင့်

“ ကျွန်မက ဆင်းရဲပါတယ်၊ ခရီးစရိတ် လေးလောက်ပဲ ပါတယ်၊ ကိုယ်ပေါ်မှာလည်း နားကပ်လေးတောင် မရှိပါဘူး ”

ဟု ပြောလေ၏။ ဓားပြများသည် သူဇာကိုဆင်းရဲနွမ်းပါးသူဟု ယုံကြည်သွားပြီး

“ မရှိတာတွေ ပြောမနေနဲ့. ရှိတာပဲပြောဟေ့၊ မင်းမှာ ပိုက်ဆံဘယ်လောက်ပါလဲ၊ ပါသလောက်အကုန်ထုတ်ပေး ”

ဟု ပြောလေ၏။ ထိုအခါ သူဇာသည် ချွေးခံအင်္ကျီအိတ်ထဲမှ ငွေစက္ကူနွမ်းနွမ်းလေးများကို ထုတ်ပေးလိုက်လေ၏။ ဓားပြတစ်ဦးသည် သူဇာထံမှ ပိုက်ဆံနွမ်းနွမ်းလေးများကို လှမ်းယူ





လိုက်၏။

ထိုစဉ် အနောက်မှ ဓားပြတစ်ဦးသည် အရှေ့သို့တက်လာပြီး ချောမောလှပသော သူဇာကို ရမ္မက်စိုးမိုးနေသော မျက်လုံးဖြင့် ကြည့်၍

“ ရုပ်ကလေးက ချောလိုက်တာ၊ ပိုက်ဆံမရှိလဲရတယ်ဟေ့၊ မင်းကငါတို့ကို ကောင်းကောင်းကြီး ပျော်အောင်လုပ်ပေးမှာပဲ ”

ဟု ဆိုကာ မီးရထားတွဲ အနောက်ရှိ မှောင်ရိပ်ကျနေသော နေရာသို့ သူဇာကိုဆွဲခေါ်ရန် ကြိုးစားလေ၏။

ကျန်ဓားပြနှစ်ဦးသည် ယုတ်မာသော ဓားပြကိုသဘောကျဟန်ဖြင့် တဟီးဟီးတဟားဟား ရယ်လာကြလေ၏။ သူဇာသည် မိမိကို ဖျက်ဆီးရန်ကြံစည်သော ဓားပြကို လွန်စွာ ရွံရှာမုန်းသွားလေ၏။

ထို့ကြောင့် တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်ပြီး သူမကို အမှောင်ထဲဆွဲခေါ်သော ဓားပြ၏ ပေါင်ကြားသို့ ဒူးဖြင့်ဆောင့်တိုက်လိုက်ရာ ဓားပြသည် အွတ်ခနဲအော်၍ ခွေကျသွားလေ၏။

ကျန်ဓားပြများသည် တဏှာရူးဓားပြ၏ အဖြစ်ကိုမသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူကြီးမိသားစုထံမှ ရွှေငွေပစ္စည်းများကို သိမ်းဆည်းနေလေ၏။ သူဇာသည် မှောင်ရိပ်ထဲမှ ရုတ်တရက်ထွက်လာသောအခါ ဓားပြများသည် အံ့ဩသွားလေ၏။

သူဇာသည် ဓားပြတစ်ဦး၏ လည်ပင်းကိုချုပ်ကိုင်၍ မျက်နှာကို ဒူးဖြင့်တိုက်လိုက်၏။ ကျန်ဓားပြတစ်ဦး၏ ရင်ဝကိုလည်း ခြေဖြင့် တအားဆောင့်ကန်လိုက်လေ၏။

ဓားပြများ လဲကျသွားသောအခါ ၎င်းတို့၏လက်နက်များကို ယူ၍ ရထားပေါ်မှပစ်ချလိုက်လေ၏။ သူကြီးဦးပေသီးသည် ရထားပေါ်ရှိ အချက်ပေးခေါင်းလောင်းကို ဆွဲလိုက်ရာ ရထားရုတ်တရက် ထိုးရပ်သွားလေ၏။ ရထားပေါ်ရှိ တာဝန်ရှိသူများ ရောက်လာသောအခါ သူကြီးက ဓားပြများအကြောင်းကို ပြောပြ၍ အပ်နှံလိုက်လေ၏။

ရထားပေါ်ရှိလူများသည် ဓားပြများကို မိန်းမသား တစ်ယောက်က လက်ရဖမ်းဆီးသည်ဆိုခြင်းကို မယုံနိုင်ဟန်ဖြင့် ကြည့်ရှုကြလေ၏။

စေတနာစာပေ



ရထားပြန်ထွက်သောအခါ သူကြီးဦးပေသီးမိသားစုက သူဇာကို အလွန်ကျေးဇူးတင်ကြောင်း မရပ်မနားပြောကြလေ၏။ ၎င်းတို့မိသားစုသည် အထက်မြန်မာပြည်ရှိ ဆွေမျိုးများ၏ အလှူမှ ပြန်လာခြင်းဖြစ်ကြောင်း အလှူသို့ဝတ်ဆင်လာသော လက်ဝတ်ရတနာများသည် ၎င်းတို့ပိုင် လက်ဝတ်ရတနာများမဟုတ်ပဲ ရွာရှိ အမျိုးအဆွေများထံမှ ငှားရမ်းလာခြင်းဖြစ်သဖြင့် ဓားပြများလက်သို့ ပါသွားလျှင် ၎င်းတို့အကြီးအကျယ် ဒုက္ခရောက်မည်ဖြစ်ကြောင်း ပြောလေ၏။

သူကြီးမိသားစုသည် သူဇာအား မည်သည့်အရပ်သို့ ထွက်မည်နည်းဟု မေးမြန်းလေရာ သူဇာသည် ရုတ်တရက် ဖြေရမည်မှန်း မသိသဖြင့် ရန်ကုန်မြို့ကြီးသို့ ခရီးဆက်မှာ့စရာလဲ ကြောင်း ပြောဆိုလေ၏။သူကြီးမိသားစုသည် တိုက်ကြီးမြို့၌ ဆင်းသွားလေ၏။

သူဇာသည် သူကြီးမိသားစုကို ပြောခဲ့သည့်စကားအတိုင်း ရန်ကုန်မြို့သို့ ခရီးဆက်ရန် ဆုံးဖြတ်၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူစာသည် ရန်ကုန်မြို့သို့ရောက်သောအခါ ကွမ်းခြံ ဘူတာကြီး၌ ရထားပေါ်မှဆင်းလေ၏။

သူစာသည် တောသူတစ်ဦးဖြစ်ပြီး ရန်ကုန်မြို့သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့ချေ။ ထို့ကြောင့် ရန်ကုန်မြို့တော်ကြီးသည် အလွန်ပင် ခမ်းနားကြီးကျယ်နေ၏။

သူစာသည် ရန်ကုန်မြို့ထဲ၌ ခြေဦးတည့်ရာ လှည့်၍ ကြည့်လေ၏။

ထိုသို့ ကြည့်ရှုရင်း ဆူးလေ စေတီတော်ကြီးကို ဝင်ရောက်ဖူး

တရက် ဆူးလေစေတီတော်ကြီးမှတဆင့် ဗိတိုရိယ ဥယျာဉ် (မဟာရောက်လှာ့ခြံ) သို့ဝင်ရောက်ကြည့်ရှုလေ၏။

ပြီးနောက် ဗိုက်ဆာဲတွင်ဆာလောင်လာသဖြင့် ထမင်းစားရန်ဆိုင်ကို လိုက်လံရှာဖွေလေ၏။

တစ်နေရာသို့ရောက်သောအခါ ဆိုင်ထဲမှ မွှေးပျံ့သော ဟင်းနံ့များရှိနေသဖြင့် ထိုဆိုင်ထဲသို့ ဝင်ထိုင်လိုက်၏။ ထိုအခါ လူအများ





ကြမ်းပြင်ပေါ်၌ ထိုင်၍ ဖက်ရွက်များခင်းကာ အားပါးတရ စားသောက်နေကြောင်းတွေ့ရ၏။

သူစာသည် ရန်ကုန်မြို့တော်ကြီး၌ ဖက်များခင်းပြီး ကျေးလက်ဒေသကဲ့သို့ စားသောက်နေခြင်းကို အံ့သြသွား လေ၏။ သူစာသည် အထူးအဆန်းအနေဖြင့် သဘောထားပြီး ဆိုင်ထဲ ဝင်ရောက်ပြီး နေရာလွတ်တစ်ခုတွင် ဝင်ထိုင်လေ၏။

ထိုအခါ အိန္ဒိယလူမျိုးတစ်ဦးက သူစာစားသော ဖက်ရွက်တစ်ရွက်ခင်းပေးပြီး

" အစ်မလေး ဘယ်ဟင်းနဲ့ကားမှာလဲ "

ဟု မေးမြန်းလေရာ သူစာက

" ကြက်သားဟင်းနဲ့ စားမယ်၊ ငါးပိရည် တို့စရာလဲ ပြည့်ပြည့်စုံစုံပေးပါရှင် "

ဟု ပြောလိုက်ရာ အိန္ဒိယလူမျိုးစားပွဲထိုးသည် သူစာ၏ စကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး

" ကျွန်တော်တို့ဆိုင်က ချစ်တီးဆိုင်ပါ၊ ငါးပိရည်



www.burmeseclassic.com

www.burmeseclassic.com



တို့စရာမရပါဘူး " ဟု ပြောလေ၏။

သူဇာသည် စားပွဲထိုး၏ စကားကြောင့် မျက်မှောင်ကြုတ်၍

" နင်တို့ သူဌေးချစ်တီးက မြန်မာငါးပိရည်နဲ့တို့စရာ မစားဖူးလို့ဘူးနဲ့တူတယ်၊ နောက်ဆိုရင် နည်းနည်းစားကြည့် လျှာလည်သွားမယ် "

ဟု ပြောလေရာ သူဇာ၏စကားကို နားထောင်နေသူ လေအားလုံး သဘောကျဟန်ဖြင့် တဝါးဝါးရယ်မောလေ၏။

အမှန်စင်စစ် သူဇာဝင်ရောက်သောဆိုင်သည် အိန္ဒိယလူမျိုး များရောင်းချသော ချစ်တီးထမင်းဆိုင်ဖြစ်သဖြင့် ထမင်းစား သောက်ရာ၌ သရက်သီးသနပ်၊ ပဲဟင်း၊ မန်ကျည်းနှစ် စသည်တို့ကို သာရရှိလေ၏။

သူဇာသည် ချစ်တီးထမင်းကို စတင်စားသောက်ပြီး အရသာတွေ့လာသဖြင့်

" ဒီလိုတော့လဲ ၊ ကုလားတွေရဲ့ဟင်းက မဆိုးပါလား၊ ငါးပိရည်တို့စရာ မရှိလဲစားလို့မြိန်တာပဲ "





ဟု တွေးမိလေ၏။ ကုလားများသည် သူဇာထမင်းစားရာ၌ ပဲဟင်း၊ အသီးအရွက်ကြော်၊ သရက်သီးသနပ် စသည်တို့ကို အနီးတွင်စောင့်ကြည့်၍ လိုသလို ထည့်ပေးလေရာ သူဇာသည် ပိုမို၍ထမင်းစားမြိန်လေ၏။

သူဇာသည် စားသောက်ပြီးကျသင့်ငွေကို ရှင်းလင်း၍

" မင်းတို့ဆိုင်မှာ စားရတာ ရွာကအလှူမှာစားရသလိုပဲ၊ ကိုယ့်ဆွေမျိုးလိုသဘောထားပြီး လိုအပ်သမျှ ဖြည့်ပေးတာ ကျေးဇူး တင်တယ် "

ဟု ချီးမွမ်းလေရာ ကုလားများသည် သူဇာ၏ စကား ကြောင့်ရယ်မောကြလေ၏။

သူဇာသည် ချစ်တီးဆိုင်မှထွက်လာပြီးနောက် ရန်ကုန်မြို့ကြီး ကို ဝအောင်ကြည့်ရှုလေ၏။ ထိုသို့ကြည့်ရှုရင်း

" ရန်ကုန်မြို့ကြီးဟာ စည်ကားလိုက်တာ၊ နတ်သုံ့နတ်နန်း တမျှပါပဲ၊ ရန်ကုန်မှာငါ့အတွက် အလုပ်တစ်ခုရှိဖို့လိုတယ်၊ လောလောဆယ် ဘယ်မှာနေရမှာလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်မိလေ၏။ ဤသို့ဖြင့် သူဇာသည် ရန်ကုန် ဆိပ်ကမ်းဘက်သို့ ရောက်ရှိလာလေ၏။

သူဇာသည် ကမ်းနားလမ်းတလျှောက် ကြည့်ရှုရင်း မုန့်ဟင်းခါး ရောင်းသောမိန်းမတစ်ဦးကို တွေ့ရသဖြင့် မုန့်ဟင်းခါးလည်း ဝယ်ရင်း မိတ်ဆက်ကာ နေစရာအတွက် စုံစမ်းရန်ကြံ၏။

သူဇာသည် မုန့်ဟင်းခါး တစ်ပွဲဝယ်စားပြီး ထိုမိန်းမကို နေစရာ အခက်အခဲ ရှိနေသဖြင့် ရန်ကုန်မြို့၌ ကူညီပါရန် ပြောဆိုလေ၏။ ထိုမိန်းမသည် သူဇာ၏ အမူအရာကိုကြည့်၍ ကရုဏာသက်ဟန်ဖြင့်

" ညီမမှာ ပိုက်ဆံဘယ်လောက်ရှိသလဲ "

ဟု မေးမြန်းလေရာ သူဇာက အိမ်ငှားရန် လုံလုံလောက်လောက် ပါရှိကြောင်း ပြောလေ၏။ ထိုအခါ မုန့်ဟင်းခါးသည် မိန်းမက

" အစ်မနာမည် မစန်းလို့ခေါ်တယ်၊ အစ်မငှားနေတဲ့အိမ်မှာ အိမ်ခန်းနှစ်ခန်းရှိတယ်၊ တစ်ခန်းကို အစ်မငှားပြီး ကျန်တစ်ခန်းက





လွတ်နေတယ်၊ ညီမငှားချင်ရင် အစ်မရဲ့အိမ်ရှင်ဆီမှာ ပြောပေးမယ်"

ဟု ပြောလေရာ သူဇာက ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး

" နေစရာ အခက်အခဲ ပြေလည်သွားလို့ ကျေးဇူးတင်ပါတယ် အစ်မရယ် "

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင် မစန်းဆိုသော မိန်းမသည် သူဇာအား သဃ်န်းကျွန်းဘက်သို့ ခေါ်ဆောင်သွားလေ၏။

၎င်းတို့နေထိုင်ရာ အိမ်ဝင်းထဲ၌ အိမ်ခန်းသုံးခန်းတွဲရှိပြီး တစ်ခန်း၌ အိမ်ရှင်နေထိုင်ပြီး ကျန်နှစ်ခန်းကို အိမ်ငှားထားလေ၏။ အိမ်ရှင်သည် ရိုးသားဟန်ရှိသော အဘွားကြီးတစ်ယောက်ဖြစ်ပြီး သူဇာ၏ ချောမောလှပသော ရုပ်ရည်ကိုကြည့်၍ လိုလိုချင်ချင်ပင် အိမ်ကို ငှားရမ်းရန် သဘောတူလေ၏။

သူဇာသည် ရန်ကုန်မြို့၌ နေစရာ ရရှိသဖြင့် ရင်အေးသွားလေ၏။ လောလောဆယ် စားဝတ်နေရေးအတွက် ဝမင်းဆိုင် ကိုပင် အားကိုးရန် ကြံစည်၏။ ထိုအကြောင်းကို မုန့်ဟင်းခါးသည်



www.burmeseclassic.com

www.burmeseclassic.com



မစန်းသိသွားသောအခါ ရင်းနှီးခင်မင်ဟန်ဖြင့်

" အစ်မတို့အနားမှာ ထမင်းဆိုင် မရှိဘူး ညီမရဲ့၊ ဒါကြောင့် လောလောဆယ် အစ်မတို့ဆီမှာပဲ စားပါ၊ ညီမစားရတာ ထိပ်ပြာ မသန့်ရင် အစ်မကိုဈေးဖိုးအနေနဲ့နည်းနည်းပါးပါးပေးလို့ရပါတယ် "

ဟု ပြောလေ၏။

သူဇာသည် နောက်တစ်နေ့မှစ၍ မစန်းထံ၌ သင့်တော်သော အခကြေးငွေ ပေး၍ စားသုံးရန် ဆုံးဖြတ်၏။

သူဇာသည် မိမိ၌ပါရှိသော ရွှေဒင်္ဂါးများကို သိမ်းဆည်းရန် အခက်အခဲ ဖြစ်နေလေ၏။

ထိုရွှေဒင်္ဂါးများသည် ဆရာကြီးဦးရွှေဘို အမွေအဖြစ် ပေးခဲ့သော ပစ္စည်းများဖြစ်၍ ဆရာကြီး၏သားတော်လှန်ရေး ခေါင်းဆောင် ကိုသိန်းတန်အတွက် ရည်စူးထား၏။

ထို့ကြောင့် မပျောက်မပျက်အောင် ထိန်းသိမ်းရပေတော့မည်၊ သူဇာသည် အိမ်ကလေး၏ မျက်နှာကျက်ကို ခိုဆွဲကြည့်ပြီး မှောင်ရိပ်ကျသော နေရာ၌ ရွှေဒင်္ဂါးများကို ဖွက်ထားရန်ကြံစည်၏။





သူဇာသည် နောက်တစ်နေ့၌ မစန်းထံ၌သာ ထမင်းစား၏။ မစန်းသည် ထမင်းဟင်းချက်ပြုတ်ရာ၌ လက်ရာကောင်းလှသဖြင့် သူဇာသည် မိမိ၏ စိတ်ကူးမှန်ကန်ကြောင်း ရိပ်စားမိ၏။

မစန်း၏ယောက်ျားမှာ အလုပ်အကိုင် မယ်မယ်ရရ မရှိသော ပန်းပုဆရာ တစ်ဦးဖြစ်၏။

သူဇာသည် မြို့ထဲတွင် လှည့်လည်၍ အလုပ်လုပ်ရန် အကွက်အကွင်းရှာ၏။

မစန်းသည် သူဇာအား မုန့်ဟင်းခါးရောင်းသည့်အခါ သူမ နှင့်အတူ ခေါ်ဆောင်သွားလေ၏။

ရန်ကုန်မြို့သို့သူဇာရောက်ရှိပြီး တတိယနေ့တွင် မစန်းနှင့် အတူ ရွှေတိဂုံခြေရင်း၌ မုန့်ဟင်းခါးကူရောင်းနေလေ၏။

ထိုသို့မုန့်ဟင်းခါး ရောင်းနေစဉ် ဘိလပ်မှလာသော အင်္ဂလန် သူ နှစ်ဦးသည် မုန့်ဟင်းခါးကို မြန်မာ့ရိုးရာ အစားအစာဟု ယူဆ ကာ ဝင်ရောက်စားသောက်လေ၏။

ထိုသို့စားသောက်ရာတွင် အင်္ဂလန်သူများ ဘာသာစကား



www.burmeseclassic.com

www.burmeseclassic.com



အခက်တွေ့နေစဉ် သူဇာက သွက်လက်စွာ ဝင်ရောက်ပြောဆို လာခဲ့၏။ ထိုသို့ပြောဆိုခြင်းကြောင့် မုန့်ဟင်းခါးသည် မစန်းသည် သူဇာကို လွန်စွာ အထင်ကြီးသွားလေ၏။

အင်္ဂလန်သူနှစ်ဦးသည် မုန့်ဟင်းခါးစားရင်း ချွေးသီးချွေးပေါက် ကျလာပြီး ပူဆိုက်ဟန်ဖြင့် နံ့သာဖြူယပ်တောင် တစ်ချောင်းကို ထုတ်၍ခတ်လေ၏။

ထိုအခါ ကျန်သော အင်္ဂလန်သူက

" ဒီနိုင်ငံမှာ နံ့သာဖြူယပ်တောင်လိုချင်လို့ လိုက်ရှာရတာ ရှာရခက်လိုက်တာ၊ဘယ်ဆိုင်မှမရပါလား "

ဟုပြောလေ၏။ သူဇာသည် ၎င်းတို့ပြောသောစကားကို နားထောင်၍ တစ်စုံတစ်ရာကိုတွေးလိုက်မိပြီး ဘုရားစောင်းတန်းများ၌ နံ့သာဖြူယပ်တောင်ကို ရှာဖွေလေရာ မည်သည့်နေရာတွင်မှ မရှိကြောင်းတွေ့ရလေ၏။

သူဇာသည် နိုင်ငံခြားသူနှစ်ဦး၏ စကားကို နားထောင်၍ သူမ၏ ခေါင်းထဲ၌ နံ့သာဖြူယပ်တောင် လုပ်ရောင်းရန်ဟူသော





အတွေးတစ်ခု ဝင်ရောက်သွားလေ၏။

ညနေအိမ်သို့ပြန်ရောက်သောအခါ မစန်း၏ယောက်ျား ကိုကြည်ကို တိုင်ပင်ရန်ကြံစည်၏။

ကိုကြည်သည် အလုပ်ကိုမယ်မယ်ရရ မလုပ်ဘဲမစန်း လုပ်စာကို ထိုင်စားနေသူဖြစ်၏။ ကိုကြည်သည်အလုပ်မလုပ် ချေကြောင့် မစန်း၏ဆူပူကြိမ်းမောင်းခြင်းကို နေ့စဉ်ခံနေရ၏။

ကိုကြည်သည် ပန်းပုဆရာတစ်ယောက်ဖြစ်၍ နံ့သာဖြူတုံးများကိုဝယ်ယူ၍ ပန်းပုရုပ်များပြုလုပ်ရန် စိတ်ကူးရ၏။ ထို့ကြောင့် သူ၏ အကြံအစည်ကို ကိုကြည်အားပြောပြလေရာ ကိုကြည်သည် စိတ်ဝင်တစားနားထောင်၍

" မသူဇာရဲ့ စိတ်ကူးက သိပ်ကောင်းတယ်ဗျာ၊ ကျုပ်လဲ အလုပ်မရှိတာ ကြာပြီ၊ နံ့သာဖြူကုန်ကြမ်းတွေရရင် မသူဇာရဲ့ အလုပ်ဖြစ်မှာ သေချာတယ်၊ နေဦး မြို့ထဲကကျုပ်မိတ်ဆွေဆီသွားပြီး နံ့သာဖြူကုန်ကြမ်းအတွက် မေးမြန်းကြည့်ရအောင် "

ဟု ပြောလေ၏။ ကိုကြည် တစ်နေ့ကုန် မြို့ထဲ၌ လှည့်



www.burmeseclassic.com

www.burmeseclassic.com



လည်ပြီး၊ စိတ်ပျက်ဟန်ဖြင့် ပြန်လာ၏။

" နံ့သာဖြူ ကုန်ကြမ်းရဖို့ ခက်နေတယ်၊ နောက်နေ့တွေမှာထပ်ပြီး ကြိုးစားဦးမယ် "

ဟု ပြောလေ၏။ သုံးရက်ခန့်ကြာသောအခါ ကိုကြည် ရောက်လာပြီး ဝမ်းသာအားရဖြင့်

"မော်တီမှာ သစ်တောဘက်က အရာရှိဟောင်းကြီးတစ်ဦးရှိတယ်၊ သူက နံ့သာဖြူတုံးတွေရအောင်လုပ်ပေးမယ်၊ သူ့ဆီက နံ့သာဖြူတုံးတွေ ဝယ်လို့ရမယ် "

ဟု ပြောလေ၏။

သူဇာသည် နံ့သာဖြူတုံးများရရှိမည်ဆိုသဖြင့် ဝမ်းသာသွားပြီး မိမိ၌ရှိသော ငွေကြေးများကို စုပေါင်း၍ နံ့သာဖြူတုံးများ ရသလောက်ဝယ်ရန် စေခိုင်းလိုက်၏။

ကိုကြည်သည် သုံးရက်အတွင်းနံ့သာဖြူတုံးများကို ခြံဝင်း အတွင်းသို့ ယူဆောင်လာလေ၏။

ကိုကြည်သည်နံ့သာဖြူတုံးများရရှိသောအခါ ပွန်စွာ





ပျော်ရွှင်သွားပြီး ပန်းပုရုပ်တစ်ရုပ်ကို စတင်ထုတ်လုပ်လေ၏။ ထိုလူရုပ်သည် ချောမောလှပသော မိန်းမတစ်ဦး၏ ပုံဖြစ်၏။

မစန်းသည်လည်း သူ၏ယောက်ျား အလုပ်လုပ်သဖြင့် ဝမ်းသာနေလေ၏။

သူဇာသည် မစန်းနှင့်အတူ နံ့သာဖြူပန်းပုရုပ်များ ရောင်းချရန်ဆိုင်ကို လိုက်လံရှာဖွေလေ၏။ ထိုသို့ ရှာဖွေရင်း ဘုရားစောင်းတန်းရှိ ဆိုင်ခန်းတစ်ခန်းကို ငှားရမ်းရလေ၏။

သူဇာသည် နံ့သာဖြူပန်းပုရုပ်လေးများရောင်းချရန် ဆိုင်အပြင်အဆင်ကိုလိုက်လံကြည့်ရှုရင်း သူမ၏ ပစ္စည်းများကို နိုင်ငံခြားသားများက ပိုမို ဝယ်ယူနိုင်ကြောင်း ရိပ်စားမိ၏။

ထို့ကြောင့် နိုင်ငံခြားသားများအကြိုက် ဆိုင်ကို မြန်မာမှု လက်ရာဖြင့် ပြင်ဆင်လေ၏။

သူဇာ၏ဆိုင်ကို အနီးအနားဆိုင်များကကြည့်ရှု၍

" ဘုန်းကြီးကျောင်းနဲ့တူလိုက်တာ "

ဟု ဝေဖန်ကဲ့ရဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မစန်းတို့လင်မယားကလည်း သူဇာ၏ဆိုင်ကိုကြည့်၍

" မသူဇာရဲ့ဆိုင်ကြီးကိုကြည့်ရတာ ရေးဆန်လိုက်တာ "

ဟု မှတ်ချက်ချလေ၏။

သူဇာသည်ငယ်စဉ်က ဖခင်ကြီးပြုလုပ်သော ထင်းရှူးသေတ္တာများကို အစဉ်အမြဲသတိရ၏။ ထို့ကြောင့် သူမ၏ဆိုင်ကို မဆီမဆိုင်

" ထင်းရှူးမြို့တော် " ဟု အမည်ပေးခဲ့လေ၏။

မသူဇာသည် မည်သူ၏စကားကိုမျှ နားမထောင်ဘဲ သူမ၏ ပင်ကိုယ်စိတ်ရင်းအတိုင်း ပြုလုပ်လေ၏။

ကိုကြည်သည် သူ၏ပထမဦးဆုံး မိန်းမလှ ပန်းပုရုပ်ပြီးစီးသွားသောအခါ သူဇာ၏လက်သို့ အပ်လေသည်။

သူဇာသည် ပန်းပုရုပ်ကို ကြည့်ပြီး အလွန်အံ့သြ သွားလေ၏။ ထိုပန်းပုရုပ်သည် သူမနှင့် တစ်ထပ်တည်းတူသည်ဟု ခံစားရ၏။ သူဇာသည်ထိုအချိန်မှစ၍ ကိုကြည်၏ အနုပညာ လက်ရာကို အထင်ကြီးသွားလေ၏။

ကိုကြည်သည်ပန်းပုရုပ်များကိုသာမက မြန်မာမှု အနု





လက်ရာများကို လက်ရာမြောက်စွာ ပြုလုပ်တတ်၏။

သူဇာသည်နံ့သာဖြူယပ်တောင်များ၊ ပုတီးလုံးများ၊ သေတ္တာငယ်လေးများကို စတင်ပြုလုပ်ပြီး ရောင်းချစေခဲ့၏။

သူဇာ၏ ဆိုင်ဖွင့်ပြီး မျှမကြာမီ ရန်ကုန်မြို့သို့ နိုင်ငံခြားသား လောက၌ တဖြည်းဖြည်း လူသိများထင်ရှားလာပြီး ၎င်းတို့ ရွှေတိဂုံဘုရားသို့ ရောက်သည့်အချိန်တိုင်း သူဇာ၏ဆိုင်သို့ ဝင်ရောက်ကြလေ၏။ ကိုကြည်သည်အနုပညာ လက်ရာများကို ဆွဲဆောင်ယောက်တည်း မလုပ်နိုင်တော့ဘဲ လူများကို ငှားရမ်းရလေတော့၏။

ထိုအခါ သူဇာ၏ဆိုင်ကို ဘုန်းကြီးကျောင်းနဲ့တူသည်ဆိုပြီး ကဲ့ရဲ့သူများ မျက်လုံးပြူးရလေ၏။

သူဇာ၏ဆိုင်သို့ ခေတ်ဆန်သည်ဟု မိမိကိုယ်မိမိ အထင်ရှိသော မြန်မာလူကုံထံများလည်း ဝင်ရောက်ကြ၏။

ထိုသို့ဝင်ရောက်ပြီး နံ့သာဖြူဖြင့် ပြုလုပ်ထားသော မြန်မာမှု လက်ရာများကို ဝယ်ယူ၍ အိမ်၌ တခမ်းတနား အလှပြင်ဆင်ကြ၏။

၎င်းတို့သည် ထိုပစ္စည်းများကို ရင်ထဲ၌ နှစ်သက်ကာ



www.burmeseclassic.com

www.burmeseclassic.com



သဘောမကျသော်လည်း နိုင်ငံခြားသားများနှစ်သက်သည်ဆို၍ လိုက်လံနှစ်သက်ကြခြင်းဖြစ်၏။

မည်သို့ပင်ဖြစ်စေ ထိုသို့သောဘိုရူးများကြောင့် သူဇာ၏ဆိုင် ပိုမိုရောင်းချရလေ၏။

သူဇာ၏မြန်မာမှု အနုလက်ရာများအရောင်း သွက်သောကြောင့် ဘုရားစောင်းတန်း၌ ဆက်လက်ဆိုင်ဖွင့်ရန် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့်ဗဟန်းကြားတောရလမ်း၌ အိမ်ဟောင်းတစ်လုံးကိုဝယ်ယူ၍ မြန်မာဆန်ဆန်ပြင်ဆင်လေ၏။ ထိုအိမ်ကြီး၏အပေါ်ထပ်၌ သူဇာကိုယ်တိုင်နေထိုင်လေ၏။

သူဇာ၏ဆိုင်သို့ ဝင်ထွက်သွားလာသော နိုင်ငံခြားသားများသည် မြန်မာဆန်ဆန် ချောမောလှပပြီး အင်္ဂလိပ်စကားကို ကောင်းမွန်စွာပြောတတ်သော သူဇာကို အထင်ကြီးလေးစားကြလေ၏။

ထိုအချိန်မှစ၍ သူဇာသည် မြန်မာမှု အနုပညာ





နှင့်ပက်သက်၍ ပေါ့ပေါ့တန်တန်မနေဝံ့တော့ဘဲ မြန်မာအနုပညာနှင့် ပက်သက်သောစာအုပ်များကို ဖတ်ရှုလေ၏။

သူဇာ၏ မရပ်မနား ကြိုးပမ်းမှုကြောင့် တဖြည်းဖြည်း နိုင်ငံခြားသားများအား မြန်မာအနုပညာနှင့် ပက်သက်၍ ကောင်းမွန်စွာ ဆွေးနွေးနိုင်၏။

ထိုအခါ မြန်မာမှု အနုပညာဆိုင်၏ ကောင်းသတင်းသည် နိုင်ငံခြားသားလောက၌ ပိုမို၍ နံမည်သတင်းမွှေးခဲ့လေ၏။

သူဇာကို ပိုးပန်းလိုသော နိုင်ငံခြားသားအချို့လည်းပေါ်ပေါက်ခဲ့လေ၏။

ထိုအခါ သူဇာ၏ ထင်းရှူးမြို့တော်ကို မနှာလိုသူများသည် ဝေဖန်ကဲ့ရဲ့ကြကုန်၏။ ဘုရားစောင်းတန်းရှိ မိန်းမများ၏ စကားဝိုင်း၌

" ဒီကောင်မက နိုင်ငံခြားသားတွေကို မြူပြီး ပစ္စည်းဟောင်းတွေကို ရောင်းစားနေတာပါ၊ နိုင်ငံခြားသားကိုမှ အထင်ကြီးတဲ့ကောင်မ တစ်နေ့ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့မှ ဟုတ်ပေ့ဖြစ်နေမယ် "

" အေးပေါ့ဟယ် ဒီကောင်မက ကိုယ့်မြန်မာအချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးတဲ့ကောင်မမဟုတ်ဘူး၊ နိုင်ငံခြားသားလူထွားကြီးတွေကိုမှ ယောကျ်ားထင်တဲ့ကောင်မ၊ တစ်နေ့ကွဲမှာ မြင်ယောင်သေးတယ် ”

“ ဘာကွဲမှာလဲဟဲ့၊ ကောင်မ ရှင်းရှင်းပြောစမ်းပါ ”

“ သူ့ရဲ့အသည်းကွဲမှာကို ပြောတာဟဲ့၊ နိုင်ငံခြားသားတွေက သူ့ကိုလှည့်စားပြီး ထားခဲ့လိမ့်မယ် ”

ဟု ကဲ့ရဲ့ပြောဆိုကြလေ၏။

သူဇာသည် မိမိ၏ဥစ္စာစီးပွားအဆင်ပြေလာသောအခါ မိဘနှစ်ပါးကို ရက်စက်စွာ သတ်ဖြတ်သွားသော ခင်မေရီသတင်းကို စုံစမ်းလေရာ နေရာအနှံ့ စုံစမ်းလေ၏။





တစ်နေ့သ၌ သူဇာသည် နိုင်ငံခြားသား ဖိတ်ကြားသဖြင့် ပြည်လမ်း ပဲခူးကလပ်ရှိ ညစ်ခံပွဲသို့ တက်ရောက်ခဲ့လေ၏။

ထိုညစ်ခံပွဲ ပြီးဆုံးသွားသောအခါ သူဇာကို အယေအလဲ ပိုးပန်းနေသော အင်္ဂလိပ်လူမျိုးဓာတ်ပုံဆရာ ရစ်ချက်ဆိုသူသည် ကားဖြင့် လိုက်လံပို့ဆောင်လေ၏။ ညစ်ခံပွဲပြီးဆုံးသော အချိန်သည် ည ၉နာရီကျော်နေပြီဖြစ်၏။

ရစ်ချက်သည် သူဇာ၏ သဘောတူညီချက် မရဘဲ ကန်တော်ကြီး ဘုတ်ကလပ် ရှိရာသို့ ကားကိုချိုးဝင်လိုက်၏။

သူဇာသည် သူမ၏ ဆိုင်သို့ ရစ်ချက်က ဖောက်သည်



www.burmeseclassic.com

www.burmeseclassic.com



များစွာ ခေါ်ဆောင်လာသဖြင့် သည်းခံနေရလေ၏။

ရစ်ချက်သည် ဘုတ်ကလပ်၌ အရက်အနည်းငယ် သောက်လိုသည်ဟု ဆိုကာ အတွင်းသို့ဝင်လေ၏။

သူဇာသည် ရစ်ချက်ကိုသည်းခံပြီးထိုင်စောင့်နေလေ၏။ ထိုခေတ်က ဘုတ်ကလပ်သို့ မျက်နှာဖြူများသာ ဝင်ရောက်ခွင့်ရှိ၏။

နောက်ပိုင်း၌ မျက်နှာဖြူများသာမက ၄င်းတို့နှင့် ရင်းနှီးသူများလည်း ဝင်ထွက်ခွင့်ရလာ၏။

ရစ်ချက်သည် အရက်သောက်ရင်း ရီတီတီဖြစ်လာကာ သူဇာ၏ တင်းရင်းသော ကိုယ်ခန္ဓာကို ရမ္မက်စိတ်ဖြင့် ကြည့်လိုက်၏။ ပြီးနောက် ထိုင်ရာမှ ဒရိမ်းဒယိုင်ထ၍ ကလပ်မှ လူငယ်တစ်ဦးကို ခေါ်ကာ ကလပ်အနောက်ရှိ သီးသန့်ခန်းကို ပြင်းခိုင်းလိုက်၏။

ရစ်ချက်သည် သူဇာအား ကလပ်အနောက်ရှိ သီးသန့်ခန်းသို့ ခေါ်ကာ ကာမဆက်ဆံရန် ကြံစည်ထား၏။

ယင်းအချိန်၌ သူဇာတို့အနီးရှိ စားပွဲဝိုင်းသို့ ဘိုဆန်ဆန် ပြင်ဆင်ထားသော မိန်းမတစ်ဦး ဝင်ထိုက်လိုက်၏။





သူဇာသည် ထိုမိန်းမ၏မျက်နှာကို မြင်လိုက်ပြီး ရင်ထဲရှိ သွေးများဆူပွက်သွားကာ " ခင်မေရီ " ဟု တီးတိုး ရေရွတ်လိုက်၏။ မိခင်ကို ရက်ရက်စက်စက် ဓားဖြင့်ထိုးသတ်သွားသော ခင်မေ ကို မမျှော်လင့်ဘဲ တွေ့ရလေပြီ။

လူယုတ်မာမကြီးသည် မိဘနှစ်ပါး၏ ကယ်တင်ကျေးမွေးထားသော ကျေးဇူးကိုမှ မထောက်ဘဲ မိခင်ကို ဓားဖြင့်ထိုးသတ်၍ တောထဲမှ ရရှိသော ရတနာသေတ္တာကို ရယူသွားခဲ့၏။

ဖခင်သည် မိခင်နှင့်ရတနာသေတ္တာကို စွဲလမ်းစိတ်ဖြင့် မစားနိုင် မအိပ်နိုင်ဖြစ်ကာ သေဆုံးသွားခဲ့၏။

ယနေ့ည သူမလက်စားချေရန်ကြံရွယ်ထားသော ခင်မေရီ ကိုဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရလေပြီ။

သူဇာသည်ခင်မေရီကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်နေသဖြင့် တဏှာရူးရစ်ချက် ပြောသောစကားများကို မကြားတော့ချေ။

ထိုအခိုက်မှာပင် ခင်မေရီသည် စားပွဲဝိုင်းမှထ၍



www.burmeseclassic.com

www.burmeseclassic.com



အနောက်ရှိ သီးသန့်ခန်းသို့ ဝင်ရောက်သွားလေ၏။

ရစ်ချက်သည် သူဇာကို သီးသန့်ခန်းသို့ ခေါ်ဆောင်လေ၏။ သူဇာသည် ဘဏ္ဍာရှူးရစ်ချက်၏ ခေါ်ဆောင်မှုကို မငြင်းဆန်နိုင်ဘဲ သီးသန့်အခန်းသို့ လိုက်ဝင်သွားလေ၏။ ရစ်ချက်သည် မည်သူမျှ သိမ်းပိုက်၍မရသော သူဇာဆိုသည့် မြန်မာမကို မိမိရပြီဟုတွေးကာ အကျေနပ်ကြီး ကျေနပ်နေလေ၏။

မာနကြီးသော မြန်မာမသည် မိမိ၏ချစ်ခြင်းကို ခံရလျှင် မိမိကို စွဲလမ်းသွားမည်ဟု ယုံကြည်လေ၏။ ရစ်ချက်သည် သူဇာကို သီးသန့်အခန်းသို့ ခေါ်ဆောင်သွားရာ သူဇာသည် ခင်မေရီနှင့် ကပ်လျက် အခန်းသို့ ရောက်ရှိသွားလေ၏။

သူဇာသည် ထိုအခန်းထဲသို့ အရုပ်တစ်ယောက်ကဲ့သို့ လိုက်ပါလာပြီး ကုလားထိုင်တစ်လုံးကိုခု၍ တစ်ဖက်ခန်းနံရံကို ကျော်ပြီး ချောင်းကြည့်လေ၏။

ထိုအခါ ခင်မေရီသည် စီးကရက်တစ်လိပ်ကိုဖွာရှိုက်၍ ပြင်ဆင
ါ၌ လဲလျောင်းနေကြောင်း တွေ့ရ၏။ ခင်မေရီသည်





တစ်စုံတစ်ယောက်ကို စောင့်မျှော်နေပုံရ၏။

ရစ်ချက်သည် သူဇာ၏ အပြုအမူကိုသည်းခံ၍ စောင့်ဆိုင်းနေပြီး ခုတင်ပေါ်သို့ သူ၏ အဝတ်အစားများကို ပစ်တင်နေလေ၏။ သူဇာသည် ခင်မေရီကို မှန်းတီးစွာဖြင့် ချောင်းမြောင်းကြည့်နေ၏။

ထိုအခိုက်မှာပင် ခင်မေရီ၏ အိပ်ခန်းထဲသို့ ယောက်ျားတစ်ဦး ဝင်ရောက်လာလေရာ ခင်မေရီသည် ခုတင်ပေါ်မှနေ၍

"ဒါလင်လာပြီ"

ဟု အော်ဟစ်လိုက်လေ၏။

သူဇာသည် အခန်းထဲသို့ ဝင်ရောက်လာသော ယောက်ျားကိုကြည့်၍ မယုံနိုင်ဟန်ဖြင့် အံ့သြနေပြီးမှ

"အေးသိန်း၊ တဏှာရူးအေးသိန်ပါလား"

ဟု ရေရွတ်လိုက်လေ၏။ တဏှာရူးအေးသိန်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက သူမ၏ဘဝကို ဖျက်ဆီးခဲ့သူဖြစ်၏။

သူဇာသည် အေးသိန်းကို မုန်းတီးရွံရှာလွန်းသဖြင့် ၄င်း၏ အိမ်ကြီးကို မီးရှို့၍ မီးလောင်တိုက်သွင်းရန်ကြိုးစားခဲ့၏။ အေးသိန်း



www.burmeseclassic.com

www.burmeseclassic.com



၏အိမ်ကြီး မီးလောင်ခဲ့သော်လည်း အေးသိန်းသည် မီးဘေးမှ လွတ်မြောက်ပြီး ယနေ့ထက်တိုင် ဘေးမသိရန်မခ ဖြစ်နေလေ၏။

သူဇာသည် ယနေ့ည၌ မိမိ၏ ရန်သူနှစ်ဦးကို အခန်းတစ်ခန်းထဲ၌ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့နေလေပြီ။

ထို့နောက် တဏှာရူးအေးသိန်းသည် ခင်မေရီကို ဖက်၍ နမ်းရှုံ့နေလေ၏။ သူဇာသည် ထိုမြင်ကွင်းကို အံကို တင်းတင်းကြိတ်ပြီး ကြည့်ရှုနေလေ၏။ ထိုသူနှစ်ယောက်စလုံးကို ကလဲ့စား ချေချင်စိတ်များ ပြင်းပြင်းပြပြ ဖြစ်ပေါ်လာ၏။

ထိုအခိုက်မှာပင် အဝတ်အစားများ ချွတ်၍ပြီးစီးနေသော ရစ်ချက်သည် ခင်မေရီကို အားမလိုအားမရကြည့်၍

" ဘာကြည့်နေတာလဲ "

ဟုဆိုကာ ခွေးခြေတစ်လုံးကို ယူ၍ တစ်ဖက်ခန်းသို့ ချောင်း ကြည့်လေ၏။

ထိုအခါ အေးသိန်းနှင့်ခင်မေရီ၏ ရှက်ဖွယ်မြင်ကွင်းကို မြင်တွေ့သွားပြီး တစ်စုံတစ်ရာကို သဘောပေါက်ဟန်ဖြင့်ပြုံးကာ





" သူများအတွဲကို ဘာလို့ ဒါလောက်တောင် **ချောင်းချောင်း** နေရတာလဲ ဒီလိုအတွေ့အကြုံမျိုးကို ကိုယ်တိုင်ပဲ ယူလိုက်**စမ်းပါ** "

ဟု ဆိုကာ သူဇာအားခွေးခြေပေါ်မှ ဆွဲချလေ၏။ **သူဇာ** သည် ရစ်ချက်၏ လက်ချက်ကြောင့် ကြမ်းပေါ်သို့ ငှင်းနှင့် **အတူ** ပြိုလဲကျလေ၏။

ရစ်ချက်သည် အတွေ့အကြုံများသူပီပီ သူဇာကို တပြိုင် တည်း ချုပ်ကိုင်၍ ကျူးလွန်ရန်ကြံ၏။ သူဇာသည် ရစ်ချက်၏ ကျွမ်းကျင်သောအထိအတွေ့များကြောင့် မျက်လုံးပြူးသွားပြီး ရစ်ချက်၏ နံကြားသို့ တတောင်ဖြင့် တွတ်လိုက်လေရာ **ရစ်ချက်** **သည်** အွတ်ခနဲအော်၍ သူဇာ၏ကိုယ်ပေါ်၌ လိမ့်ကျသွားလေ၏။

**သူဇာ**သည် ကြမ်းပေါ်မှ ကုန်းရုန်းထ၍ တဏှာရူး ရစ်ချက် ၏ မျက်နှာကို ခြေဖြင့်တအား ဆောင့်ကန်လိုက်၏။ ရစ်ချက်သည် ခုတင်အောက်သို့ လိမ့်ကျပြီး မေ့မြောသွားလေ၏။

**သူဇာ**သည် မသပ်မရပ်ဖြစ်နေသော ဆံပင်များကို **မှန်ထဲ၌** ပြုပြင်လိုက်ပြီး အခန်းအပြင်သို့ ဣန္ဒြေရရ ထွက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အခန်း၀၌ စောင့်နေသော ကလပ်ဂျပိုးလေးနှစ်ယောက်ကို တွေ့ရ၏။ ကလပ်ဂျပိုးလူငယ်နှစ်ယောက်သည် ရစ်ချက်နှင့်သူဇာ ချစ်ပွဲဝင်သည့်အချိန် မြန်လွန်းသဖြင့် မျက်လုံးပြူး သွားပြီး လေသံတိုးတိုးဖြင့်

" ဒီမိန်းမ ထွက်လာတာ မြန်လှချည်လား "

ဟု ပြောလေ၏။ သူဇာသည် ကလပ်ဂျပိုးလူငယ်နှစ်ဦး ရှိရာသို့ ဦးတည်သွားပြီး

" ရစ်ချက်အိပ်ပျော်နေတယ်၊ သူ့ကိုမနှိုးပါနဲ့၊ သိပ်ပင်ပန်းနေတယ် "

ဟု ပြောကာ ဘုတ်ကလေးမှ သုတ်သုတ်ထွက်ခဲ့လေ၏။

သူဇာသည် ဘုဂ်ကလပ် အပြင်ဘက်ရှိမှောင်ရိပ်သို့ ရောက်သောအခါ အဝေးမှလာသော အငှားကားတစ်စီးကို ငှားရမ်း၍

" ကျွန်မဘုတ်ကလပ်ထဲက လူတစ်ယောက်ကို နောက်ယောင်ခံလိုက်ချင်တယ်၊ ဒါကြောင့်ကားကို တစ်ညလုံး ငှားသင့်ရင်ငှားရမယ်၊ ကျသလောက်ကို ကျွန်မပေးမယ်၊ ဘယ်လိုလဲ "





ဟု မေးမြန်းရာ ကားဆရာသည် စိတ်ဝင်စားသော အမူအရာဖြင့် သူဇာကို လှည့်ကြည့်လေ၏။ သူဇာသည် သူမ၏ မျက်နှာကို ကားဆရာမမြင်လိုသဖြင့် မျက်နှာကို ပုဝါဖြင့် ကာလိုက်၏။

၂၅

ကားဆရာသည် သူဇာ၏အမူအရာကို စိတ်ဝင်စားဟန်ဖြင့်

" ကျုပ်က စုံထောက်ဝါသနာပါတယ်ဗျ၊ ဆရာကြီးရွှေဥဒေါင်းရဲ့ စုံထောက်ဦးစံရှား ဝတ္ထုတွေ သိပ်ကြိုက်တယ်၊ ဒါကြောင့်မိန်းကလေးရဲ့အပြုအမူကိုကြည့်ပြီး ကျုပ်ရဲ့စုံထောက်ဉာဏ်နဲ့ ဝေဖန်သုံးသပ်ရရင် မိန်းကလေးဟာ ဘုတ်ကလပ်ထဲမှာ ကိုယ့်ချစ်သူ (သို့မဟုတ်) ကိုယ့်လင်သားရဲ့ ဖောက်ပြန်မှုကိုလာပြီးချောင်းတာ ဖြစ်ရမယ်၊ ကျုပ်ပြောတာ ဒက်ထိမှန်တယ်မဟုတ်လား "

ဟု မေးမြန်းလေ၏။ သူဇာသည် စုံထောက်ရူး ကားဆရာ၏ အပြုအမူကြောင့် မိမိနောက်ယောင်ခံလိုက်လိုသော ခင်မေရီကို လက်လွှတ်သွားမှာစိုးသဖြင့်

" ဟုတ်ပါတယ်ရှင် စုံထောက်ကြီးပြောတာ အပ်ပမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဘုတ်ကလပ်ထဲမှာ ကျွန်မယောက်ျားဟာ မိန်းမ တစ်ယောက်နဲ့ ဖောက်ပြန်နေတယ်ရှင့်၊ ဒီမိန်းမဟာ ဘယ်မှာနေသလဲ ဆိုတာ နောက်ယောင်ခံလိုက်ချင်လို့ ”

ဟု ပြောလေရာ စုံထောက်ရှူးကားဆရာသည် အလွန် စိတ်အားထက်သန်သော အမူအရာဖြင့်

“ ကြိုက်သွားပြီဗျာ၊ မိန်းကလေးရဲ့မဟုတ်မခံ စိတ်ဓာတ် ကို ကျုပ်သိပ်သဘောကျသွားပြီ၊ ဒါကြောင့် ဒီနေ့ည ကျုပ်ရဲ့ကားခ ပေးစရာမလိုပါဘူး၊ ကျုပ်စေတနာဝန်ထမ်းအနေနဲ့ ဝိုင်းကူပြီး ထောက်လှမ်းပေးပါရစေ ”

ဟု အူကြောင်ကြောင် ပြောဆိုလေ၏။ သူဇာသည် စုံထောက်ရူး ကားဆရာကို စကားမတုံ့ပြန်တော့ဘဲ ဘုတ်ကလပ် ထဲသို့သာ မျက်တောင်မခတ် ကြည့်ရှုနေမိ၏။

ဘုတ်ကလပ်ထဲ၌ ရစ်ချက်သည် သူမ၏ လက်ချက်မိပြီး မေ့မြောနေလေ၏။ ရစ်ချက် သတိမရမီ အခန်းထဲ၌ အချစ် နလံ ထနေသော ခင်မေရီနှင့်အေးသိန်းတို့ စုံတွဲ ထွက်ခွာလာနိုင်၏။





သူဇာသည် မှောင်ရိပ်ထဲ၌ ကားမီးပိတ်၍ စိတ်လှုပ်ရှားစွာ စောင့်နေ လေ၏။ အတန်ကြာလျှင် အေးသိန်းနှင့်ခင်မေရီတို့ စုံတွဲ ထွက်လာ လေ၏။

သူဇာသည် စုံထောက်ရူးကားဆရာအား လက်ညှိုးညွှန်ပြ၍

“ ဟိုမှာ သူတို့ထွက်လာကြပြီ၊ ကျွန်မယောက်ျားနဲ့ ဖောက်ပြန်တဲ့ မိန်းမထွက်လာပြီ ”

ဟုပြောဆိုလေရာ ကားဆရာသည် စိတ်လှုပ်ရှားဟန်ဖြင့်

“ဟုတ်ပြီ၊ ဒါဆိုရင် ကျုပ်တို့ နောက်ယောင်ခံ လိုက်လို့ရပြီ”

ဟု ပြောဆိုလေ၏။ အေးသိန်းသည် သူ၏ဂျစ်ကားပေါ်သို့ ခင်မေရီကိုခေါ်ကာ မောင်းထွက်သွားလေ၏။

ကားဆရာသည် အေးသိန်း၏ဂျစ်ကားနောက်မှ နောက် ယောင်ခံလိုက်ခဲ့၏။

အေးသိန်းသည် သယ်န်းကျွန်းဘက်သို့ဦးတည်မောင်းနှင်ပြီး ခြံကြီးတစ်ခြံရှေ့သို့ရောက်သောအခါ ခင်မေရီသည် ကားပေါ်မှ ဆင်း၍ ခြံထဲသို့ ဝင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ရှုးကားဆရာသည် ခြံရှေ့၌ မသိမသာ ကားရပ်၍

" ဒီမိန်းမဟာ ခြံတံခါးသော့ကို ကိုယ်တိုင်ဖွင့်ပြီး ဝင်သွားတာကို ထောက်ရင် ဒီအိမ်ဆိုတာ သေချာသွားပြီ "

ဟု ပြောလေ၏။ သူဇာသည် အေးသိန်း၏ ဂျစ်ကား နောက်သို့ ကားဆရာအားလိုက်ခိုင်းပြန်၏။

စုံထောက်ရှုးကားဆရာသည် သူဇာ၏အပြုအမူကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ

" တော်ပါပေတယ်ဗျာ၊ စေ့စပ်သေချာပါပေတယ်၊ ကိုယ့်ယောကျ်ားနဲ့ ဖောက်ပြန်တဲ့မိန်းမရဲ့လိပ်စာကို သိရုံနဲ့ မကျေနပ်သေးဘူး၊ ကိုယ့်ယောကျ်ားကိုတောင် လိုက်ပြီး ထောက်လှမ်းနေတယ်၊ အင်းစိန်စီအိုင်ဒီမှာ လုပ်ဖို့ကောင်းတယ် မိန်းကလေးက တော်ပါပေတယ် "

ဟု ချီးမွမ်းလေ၏။ သူဇာသည် စုံထောက်ရှုးကို စကားမတုံ့ပြန်ဘဲ အေးသိန်း၏ဂျစ်ကားကိုသာ မျက်တောင်မခတ်တမ်း ကြည့်ရှုနေလေ၏။ အေးသိန်းသည် မြို့ထဲရှိ ဘားလမ်းတစ်နေရာရှိ တိုက်ခန်းရှေ့၌ ရပ်ကာ ကားပေါ်မှဆင်း၍ အိမ်ထဲသို့ ဝင်သွား





လေ၏။

သူဇာသည် ရန်သူနှစ်ဦး၏ လိပ်စာများကို သိရှိပြီးနောက် မြို့လယ်ခေါင်၌ ကားဆရာကိုရပ်ခိုင်းလေ၏။ ကားဆရာသည် ကားခမယူဘူးဟု ငြင်းဆိုလေရာ သူဇာက ကျသင့်ငွေကို ကားထဲသို့ ပစ်ပေးပြီး အပြေးထွက်ခဲ့လေ၏။

သူဇာသည် ထိုညက တစ်ညလုံး အိပ်မပျော်ဘဲ မိဘနှစ်ပါးကိုမြင်ယောင်ကာ ရှိုက်ကြီးတငင် ငိုယိုနေမိလေ၏။ မိဘများကို ရက်ရက်စက်စက် ထိခိုက်အောင်ပြုလုပ်ခဲ့လေသော ခင်မေရီကို ယနေ့ညပြန်တွေ့ခဲ့ပြီ။ ခင်မေရီသည် တိုက်တိုက်ဆိုင်ဆိုင် မိမိဘဝကိုဖျက်ခဲ့သူ အေးသိန်းနှင့် ဖောက်ပြန်နေလေ၏။ ၎င်းတို့နှစ်ဦးစလုံးကို လက်စားချေရန်ဆုံးဖြတ်လိုက်၏။

ယခုအချိန်၌ မိမိ၏စီးပွားရေးအောင်မြင်ပြီး ကြွယ်ဝချမ်းသာသော အဆင့်သို့တက်လှမ်းနေလေပြီ မိမိရန်သူများကိုလက်စားချေရင်းများယွင်းမှုဖြစ်လျှင် မိမိ၏တည်ငြိမ်သောဘဝ ပျက်သွားနိုင်၏။

မည်သို့ပင်ဖြစ်စေ သူမ၏ရင်ထဲရှိအမုန်းတရားက ကြီးမား



www.burmeseclassic.com

www.burmeseclassic.com



လွန်းနေသဖြင့် စည်းစိမ်ချမ်းသာများကို စွန့်လွှတ်ရင်စွန့်လွှတ်ရပါစေ ရန်သူနှစ်ဦးကို တိုက်ခိုက်မည်ဟု ဆုံးဖြတ်လိုက်လေ၏။





သူဇာသည် ထိုအချိန်မှစ၍ ခင်မေရီ၏ အိမ်ပတ်ဝန်းကျင်သို့ မယောင်မလည်သွားပြီး အကဲခတ်လေ၏။ ထိုအခါခင်မေရီသည် အိမ်ကြီး၌ တစ်ကိုယ်တည်း နေထိုင်ကြောင်းသိရ၏။

ခင်မေရီအကြောင်းကို အနီးအနားရှိ အကြော်ဆိုင်၌ စုံစမ်းလေရာ ခင်မေရီသည် စိန့်ပွဲစားအလုပ်ကို လုပ်ကိုင်ပြီး ယောကျာ်း ပေါင်းစုံနှင့် တွဲလေ့ရှိကြောင်းသိရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဇာသည် ခင်မေရီ၏ခြံသို့ကြည့်ရှုပြီး သုံးကြိမ်မြောက်သောနေ့၌ ခင်မေရီ၏ခြံဝ၌ အိမ်စေအလိုရှိသည်ဟု ရေးသားထားသော ဆိုင်းဘုတ်ကိုတွေ့ရလေ၏။

သူဇာသည် ထိုဆိုင်းဘုတ်ကို မြင်မိပြီး ခင်မေရီကို လက်စားချေရန် နည်းလမ်းကို ရရှိသွားလေ၏။ သူဇာသည် မိမိနှင့်အတူနေထိုင်သော မစန်းအားခေါ်၍ ဇာတိရပ်မြေသို့ တစ်ပတ်ခန့် ခရီးထွက်လိုကြောင်း ပြောပြီး အိမ်မှထွက်ခဲ့လေ၏။

သူဇာသည် သဃ်န်းကျွန်းဘက်သို့ မသွားမီ အင်းလျားကန်အနီးသို့သွားကာ သစ်လွင်သော အဝတ်အစားများကို ဟောင်းနွမ်းသော အဝတ်အစားများနှင့် လဲလှယ်လေ၏။

ပြီးနောက် သဃ်န်းကျွန်းဘက်သို့ သွားကာ ခင်မေရီ၏အိမ်တံခါးဝ၌ ရပ်၍ တံခါးရှေ့ရှိ ခေါင်းလောင်းကို တီးလိုက်လေ၏။

ထိုအခါ အိမ်ထဲမှနေ၍

" တံခါးချက်ကို ဖွင့်ပြီးဝင်ခဲ့ပော့ "

ဟူသော အသံကိုကြား၍ အိမ်ထဲသို့ ဝင်ခဲ့လေ၏။





ထိုအခါ အိမ်၏ဧည့်ခန်းထဲ၌ ထိုင်၍ ဓာတ်စက်ဖွင့်ပြီး သီချင်းနားထောင်နေသော ခင်မေရီကို မြင်ရလေ၏။

သူဇာသည် ခင်မေရီကို မြင်သောအခါ မုန်းတီး နာကြည်းစိတ်ကြောင့် ရင်ထဲ၌ မီးကဲ့သို့ပူလောင်လာ၏။ ခင်မေရီသည် သူဇာကို မှတ်မိဟန်မရှိဘဲ

" ညည်းက အိမ်စေလုပ်ချင်လို့ ရောက်လာတယ်ပေါ့ ဒါဆိုရင် ဒီနေ့ကစပြီးလုပ်ပေတော့ ၊ အိမ်စေအတွက် အိမ်နောက်ဘက်မှာ အစေခံအခန်းရှိတယ်၊ ညည်းငါ့အဝတ်အစားတွေ ရှော်ရမယ်၊ ထမင်းချက်ရမယ်၊ အိမ်သန့်ရှင်းရေးတွေလုပ်ရမယ်၊ တစ်လကိုလစာငွေ ၁၅ကျပ်ရမယ်၊ အိမ်စေလုပ်ရင် မခိုးဝှက်ရဘူး၊ အတင်းမပြောရဘူး၊ အရေးကြီးဆုံးက မစပ်စုရဘူး၊ ညည်းက ရုပ်ကလေးသနားကမားရှိတယ်ဆိုတော့ ငါ့အိမ်လာတဲ့ ယောကျ်ားတွေနဲ့ ကင်းကင်းနေ၊ သွား အိမ်နောက်မှာ လုပ်စရာရှိတာသွားလုပ် "

ဟု မှာကြားလေ၏။ သူဇာသည် ကျိုးနွံသောအမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ကဲ့ "

ဟုဆိုကာ အိမ်အနောက်သို့ လှမ်းခဲ့လေ၏။

လူယုတ်မာ ခင်မေရီ၏ အိမ်၌ ခင်မေရီကလွဲလို့ လူခဲ့ မရှိတာ သေချာချေပြီ။ မိဘနှစ်ပါးအတွက် လူယုတ်မာ ခင်မေရီကို မကြာမီလက်တုံ့ပြန်ရတော့မည်။သူဇာသည် တွေးရင်း ရင်ထဲတွင် နာကျင်လာမိ၏။

မိန်းမယုတ်နှင့်အတူ သူမ၏အပျိုစင်ဘဝကို ဖျက်ဆီးသော အေးသိန်းကို သတ်ဖြတ်ရတော့မည်။

သူဇာသည် ထိုနေ့ညဉ့်ပင် မိန်းမယုတ်ခင်မေရီကို လက်စားချေနိုင်သော်လည်း လူယုတ်မာ အေးသိန်းကိုပါ လက်စားချေလိုသဖြင့် အချိန်ကိုစောင့်နေလေ၏။

ရက်အနည်းငယ်ကြာသောအခါ ခင်မေရီသည် မျက်နှာဖြူတစ်ယောက်က တွေ့လိုကြောင်းဖုန်းဆက်သဖြင့် ပဲခူးကလပ်သို့ ထွက်ခွာသွားလေ၏။ ခင်မေရီသည် အထက်တန်းစား မိန်းမပျက်တစ်ဦးဘဝသို့ ရောက်နေ၏။ ခင်မေရီထွက်ခွါပြီး ညမှောင်ရီသန်းစ





အချိန်၌ အိမ်ရှေ့၌ကားဟွန်းသံကြား၍ ပြတင်းပေါက်မှ ချောင်းကြည့်လိုက်ရာ တဏှာရူးအေးသိန်း ဖြစ်ကြောင်းတွေ့ လိုက်ရ၏။

သူဇာသည် အေးသိန်းကိုမြင်သောအခါ အပျိုစင်ဘဝ ဖျက်ဆီးခဲ့ပုံကို မြင်ယောင်ပြီး လက်သီးဆုပ်ကာ

" တဏှာရူးကြီး ရှင့်ကို ဒီတစ်ခါ အသေသတ်မယ် "

ဟု ကြုံးဝါးပြီး ခြံတံခါးကို သွားဖွင့်လေ၏။

အေးသိန်းသည် ခြံတံခါးဖွင့်ပေးသဖြင့် ဂျစ်ကားကို ခြံထဲမောင်းဝင်လေ၏။ ညမှောင်ရီသန်းစအချိန်ဖြစ်၍ သူဇာ၏ရုပ်သွင်ကို မြင်တွေ့ခြင်းမရှိချေ။

ဧည့်ခန်းထဲသို့ အေးသိန်းဝင်ရောက်လာသောအခါ အနီးသို့ လျှောက်လှမ်းလာသော သူဇာကို မြင်တွေ့လိုက်ရ၏။

အေးသိန်းသည် သူဇာကို မြင်မြင်ချင်းမှတ်မိသွားပြီး

" ဟင်…သူဇာ ၊ သူဇာပါလား "

ဟု တအံ့တသြ ရေရွတ်လိုက်၏။ သူဇာသည် အေးသိန်းကဲ့သို့ အံ့သြဟန်ပြ၍



www.burmeseclassic.com

www.burmeseclassic.com



" ဟင်...ရှင်..ရှင် ကိုအေးသိန်းမဟုတ်လား "

ဟု ရေရွတ်လိုက်လေ၏။ အေးသိန်းက တဟားဟား ရယ်လာ၍

" ဟား...ဟား...ဟား မင်းတော်တော်ဆိုးတဲ့မိန်းမပဲ၊ ငါ့ကိုမီးလောင်တိုက်သွင်းတာ ကံကောင်းလို့ လွတ်သွားတယ်၊ မင်းကြောင့် ငါ့အိမ်ကြီးမီးလောင်ခဲ့ရတယ်၊ မင်းကြောင့်ငါ အသက်ဆုံးတော့မလို့၊ မင်းကိုငါ တစ်နေ့မှမမေ့ဘူး၊ ဟား ..ဟား ..ဟား ငါ့ရဲ့ကံကြမ္မာက ထူးခြားလိုက်တာ၊ ငါအင်မတန် လိုချင်တက်မက်တဲ့ မိန်းမကို အကြိမ်ကြိမ်ငါပြန်တွေ့ရတယ်၊ ဒီတစ်ကြိမ်တော့ မင်းငါ့လက်က မလွတ်စေရဘူး "

ဟု ဆိုကာ သူဇာ၏ အနီးသို့ တိုးကပ်လာ၏။ သူဇာသည် အေးသိန်းကို ရွံရှာလွန်းသဖြင့် ပရိယာယ်မာယာသုံးပြီး လက်စားချေရန်ဆုံးဖြတ်၏။

သူဇာသည် အေးသိန်းကို ညို့ငင်ဟန်ဖြင့်ကြည့်၍

" ကျွန်မဘဝက သိပ်ဆင်းရဲနေပြီ၊ အခုလဲ အစ်မ ခင်မေရဲ့





အိမ်မှာ အိမ်စေ အနေနဲ့ ခိုကပ်နေတဲ့ဘဝပါ၊ အစ်ကိုကျွန်မကို လိုချင်ရင် အကြမ်းဖက်စရာ မလိုပါဘူး၊ အစ်ကိုလိုချင်တာရမှာပါ၊ ကျွန်မဘဝကို မဖျက်ပါနဲ့နော် "

ဟု တောင်းပန်လေ၏။

ထိုအခါ တဏှာရူးအေးသိန်းသည် မာနကြီးသော ငတ် တစ်ယောက် မာန်စွယ်ကျိုးသွားပြီဟု ယူဆကာ

" ဟား...ဟား..ဟား မင်းလိမ္မာသွားပြီပေါ့၊ ဒီလိုမှပေါ့ကွာ၊ မင်းလိမ္မာရင် ငါမဖိုက်ရိုင်းပါဘူး၊ ကိုတို့နှစ်ယောက် ပျော်စရာ အကောင်းဆုံး ကမ္ဘာလေးတစ်ခု ဖန်တီးကြမယ်၊ ပြောနေကြာတယ်၊ အခုပဲ အိပ်ခန်းထဲ သွားကြမယ် "

ဟု ဆိုကာ သူဇာ၏ခါးကို ပွေ့ဖက်၍ အပေါ်ထပ်သို့ တက်ရန်ကြံလေ၏။ သူဇာသည် အေးသိန်း၏ခေါ်ရာသို့ အလိုက်သင့်လိုက်ခဲ့လေ၏။ အပေါ်ထပ်သို့ ရောက်သောအခါ အေးသိန်းသည် သူဇာအား အိပ်ခန်းထဲသို့ အတင်းဆွဲသွင်းလိုက်၏။ ပြီးနောက် ခုတင်ပေါ်သို့တွန်းလှဲလိုက်၏။ သူဇာက ခုတင်ပေါ်တွင်ပက်လက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းချလိုက်ပြီး တဏှာရူး အေးသိန်းကို ပြုံး၍ကြည့်လိုက်၏။ အေးသိန်းသည် သူဇာ၏အင်္ကျီကြယ်သီးများကို ဖြုတ်ပြီးခုတင်ပေါ်သို့တက်ရန် ပြင်လေ၏။

သူဇာသည် ခုတင်အနီးသို့ကပ်လာသော အေးသိန်း၏ ပေါင်ကြားသို့ ခြေဖြင့်တအားဆောင့်ကန်လိုက်ရာ အေးသိန်းသည် ကိုယ်ခြမ်း ကော်၍ အနောက်သို့ လန်လဲသွားလေ၏။

သူဇာသည် ခုတင်ပေါ်မှခုန်ချ၍ အေးသိန်းကို ချုပ်ကိုင်ကာ ပေါင်ကြားသို့ ဒူးဖြင့် ဆင့်ကာဆင့်ကာ တိုက်လေ၏။ သူဇာသည် မုန်းတီးမှုကြောင့် မည်မျှတိုက်ခိုက်မိသည်မသိချေ၊ အေးသိန်း တစ်ယောက် တံခါးကိုမှီ၍ အသက်ထွက်နေချေပြီ။

သူဇာသည် အေးသိန်းကို ရွံရှာစွာကြည့်၍

" တဏှာရူးကြီး ကျွန်မဘဝကိုဖျက်စဲ့ မိစ္ဆာကောင်ကြီး ရှင်သေပြီ "

ဟု ကျယ်လောင်စွာ အော်ဟစ်ပြီးအိပ်ခန်းထဲမှ ထွက်လိုက်၏။ ပြီးနောက် ဧည့်ခန်းထဲသို့ သွားထိုင်ပြီး ခင်မေရီကို စောင့်ကြို





နေလေ၏။

ခင်မေရီပြန်လာလျှင် မိဘနှစ်ပါးအတွက် လက်စားချေပြီး ဤအိမ်ကြီးမှ ထွက်ခွာမည်ဟု ဆုံးဖြတ်လိုက်၏။

သူဇာသည် ခင်မေရီကို စောင့်ကြိုရင်း သူမ၏ ရွှေခဲအင်္ကျီ အိတ်ထဲရှိ စာရွက်အပိုင်းအစလေးတစ်စကို ထုတ်လိုက်၏။

ထိုစာရွက်လေး၌ မှောင်တိန်ဖြင့်ရေးဆွဲထားသော ငှက်ရုပ်ကလေး တစ်ရုပ်ရှိ၏။ ထိုငှက်ရုပ်ကလေးသည် ဖခင်ပြုလုပ်သော ထင်းရှူးသေတ္တာ၌ရေးဆွဲသော ဖခင်၏ အမှတ်တံဆိပ်ဖြစ်၏။ သူဇာသည် ဖခင်ကိုအမှတ်ရသည့်အခါတိုင်း ငှက်ရုပ်ပေါင်း များစွာကို ရေးဆွဲလေ့ရှိ၏။

ခင်မေရီပြန်လာပြီးသူမကို မမှတ်မိလျှင် ငှက်ရုပ်ကလေးကိုပြ၍ နာကြည်းမှတ် အတိတ်ဇာတ်ကြောင်းကို ပြန်ဖော်မည်ဟုဆုံးဖြတ်၏။ ထိုအခိုက်မှာပင် ခင်မေရီသည် အိမ်သို့ ပြန်လည်ရောက်ရှိလာ၏။ သူမသည် ခြံဝင်းထဲ၌ တဏှာရူးအေးသိန်း၏ ဂျစ်ကားကို မြင်သဖြင့် စိတ်ပျက်လက်ပျက်ဖြစ်သွား၏။ ပယ်နည



www.burmeseclassic.com

www.burmeseclassic.com



သူမအလှန်ပင်ပန်းနေချေပြီ။ တကျောရှုးအေးသိန်းနှင့် ချစ်ဇာပြုဟာခင်းရန် စိတ်ဆန္ဒမရှိတော့။

ယနေ့ည သူမနှင့်တွေ့ဆုံသော အင်္ဂလိပ်ကြီးသည် အလွန်လောဘကြီးသူဖြစ်၏။ ထို့ကြောင့် အေးသိန်းနှင့်မပျော်ဘဲ အိပ်ရာ ငါ့သို့သာ ဝင်ချင်၏။

ခင်မေရီသည် ဧည့်ခန်းထဲသို့ဝင်ရောက်လာပြီး အေးသိန်းကိုမမြင်ဘဲ ဆိုဖာပေါ်၌အခန့်သားထိုင်နေသော သူဇာကိုမြင်လျှင် ဒေါသထောင်းခနဲထွက်သွားပြီး

" ဟဲ့ကောင်မ နင် ဘာဖြစ်လို့ ဆိုဖာပေါ်မှာထိုင်ရတာလဲ နင်နဲ့တူသလား တန်သလား "

ဟု ကြိမ်းမောင်းလိုက်လေ၏။ သူဇာသည် ခင်မေရီကို ထိတ်လန့်မှုမရှိဘဲ

"ညည်းက ငါ့ကိုဘာကောင်မအောက်မေ့လို့လဲ၊ ငါ့အိမ်မှာ ညည်းထက် ဆယ်ဆလောက် အဆင့်မြင့်အောင် နေနိုင်တယ်"

ဟု ပြောလိုက်ရာ ခင်မေရီသည် အလွန်ဒေါသထွက်သွားပြီး





" ဘာ··· အိမ်စေမက လူပါး၀လှချည်လား၊ ငါ၀ါးရိုက်လိုက်တော့မယ် "

ဟု ပြောပြီးရေ့တစ်လှမ်းတက်ရန် ကြိုးစားလေ၏။ သူဇာသည် ထိုင်ရာမှပင်မထဘဲ အေးဆေးစွာဖြင့်

" ရှေ့တစ်လှမ်းတိုးကြည့်စမ်း၊ ညည်းကို အရှင်လတ်လတ်ဓားနဲ့ မွှမ်းလိုက်မယ်၊ ငါ့ကိုအိမ်စေ အစေခံများအောက်မေ့လို့လား"

ဟု ပြောလိုက်ရာ ခင်မေရီသည် အလွန်အံ့သြသွားပြီး

" ညည်းက အိမ်စေ အစေခံမဟုတ်ဘူးလား၊ အိမ်စေမဟုတ်ရင်ဘာလဲ "

ဟု မေးမြန်းလေ၏။ သူဇာကမဲ့ပြုံးပြုံး၍

" ငါက ညည်းရဲ့ သေမင်းလေ "

ဟု ပြောလိုက်ရာ ခင်မေရီသည် အနည်းငယ် ထိတ်လန့်သွားပြီး

" ညည်းဘာစကားပြောတာလဲ၊ ကိုအေးသိန်း ရောက်နေတယ်မဟုတ်လား၊ ကိုအေးသိန်း ဒီကောင်မကိုရိုက်စမ်းပါ "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

ထိုအခါ သူစာက တဟားဟားရယ်မော၍

" နင့်လင်တထွာရှူးအေးသိန်းကို သိပ်အားကိုးနေတယ် ဟုတ်လား အေးသိန်းရဲပြည် ရောက်နေပြီ ဟောဒီမှာကြည့် "

ဟု ဆိုကာ ထိုင်ရာမှထ၍ အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြလိုက်၏။ ထိုအခါ တံခါးပွင့်သွားပြီး အေးသိန်း၏ အလောင်းကြီး ဝုန်းခနဲ လဲပြိုကျလာ၏။

ခင်မေရီသည် ကြောက်လန့်သဖြင့် ငယ်သံပါအောင် အော်ဟစ်လိုက်လေ၏။ သူစာသည် ထိုအချိန်၌ အိမ်၏တံခါးမကြီးကို ပိတ်လိုက်လေ၏။ ပြီးနောက် ထိတ်လန့်နေသော ခင်မေရီကိုကြည့်၍

" နင်တို့နှစ်ယောက်စလုံးဟာ ငါ့ရန်သူတွေပဲ၊ အေးသိန်းဟာ တစ်ချိန်က ငါ့ဘဝကို ဖျက်ဆီးခဲ့ဖူးတယ် နင်ကတော့ ငါတို့ တစ်မိသားစုလုံးကို ဖျက်ဆီးခဲ့တယ် "

ဟု ပြောလေရာ ခင်မေရီသည် သူစာကိုမှတ်မိဟန်မရှိဘဲ

" နင်ဘယ်သူလဲ၊ နင်ဘာတွေ ပြောနေတာလဲ "





ဟု ပြောလေ၏။ သူစာသည် ခင်မေရီ၏ ကော[illegible] သူ၏ လက်ထဲရှိ စာရွက်ငယ်လေးကို

" ဟော ဒီမှာကြည့် "

ဟု ဆိုကာ ခင်မေရီထံသို့ လှမ်းပစ်ပေးလိုက်၏။ ခင်မေရီသည် စာရွက်ပေါ်တွင်ရေးသားထားသော ငှက်ရုပ်ကလေးကို ကြည့်၍ အတိတ်ကိုသတိရဟန်ဖြင့် မျက်နှာကွက်ခနဲ ပျက်သွားပြီး

" ဟင်.... ဒီငှက်ရုပ်ကဘာလဲ၊ ငှက်ရုပ်ကိုငါမမြင်ဖူးဘူး၊ ငါမသိဘူး "

ဟု ဆိုကာ လက်ထဲရှိမီးခြစ်ကို ကမန်းကတန်း ခြစ်၍ ငှက်ရုပ်ပါသော စာရွက်ငယ်ကို မီးရှို့လိုက်၏။ ခင်မေရီလက်ထဲရှိ စာရွက်ငယ်လေး မီးလောင်ပြာကျသွားလေ၏။

သူစာက မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့် ခင်မေရီကို ကြည့်၍

" ငှက်ရုပ်ကို မီးလောင်အောင် လုပ်လို့ရချင်ရမယ်၊ ငါ့ရင်ထဲက အမုန်းမီးတောက်ကို နင်တစ်သက်လုံးငြိမ်းလို့မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရတနာပစ္စည်းတွေကို ရလိုဇောနဲ့ ကျေးဇူးပြုခဲ့ဖူးတဲ့ ငါ့အမေကို သတ်ခဲ့တယ်၊ ငါ့အဖေဟာ ငါ့အမေကို ချစ်တဲ့စိတ်နဲ့ အသက်ဆုံး ခဲ့ရတယ်၊ နင့်ကို အပြစ်ဒဏ်ခတ်ဖို့ ငါလိုက်ရှာ နေတာကြာပြီ၊ ဒီနေ့တော့ နင့်ရဲ့ သေနေ့စေ့ပြီ ''

ဟု ပြောလေရာ ခင်မေရီ သည် အလွန်ထိတ်လန့် တုန်လှုပ်သွားပြီး

'' ငါမှားပါတယ်၊ ငါ့ကိုမသတ်ပါနဲ့၊ နင်လိုချင်တာ ငါပေးပါ့မယ်၊ ငါ့မှာ ငွေတွေအများ ကြီးရှိပါတယ် ''

ဟု ပြောလေ၏။ သူဇာက တဟားဟားရယ်မော၍

'' ငါနင့်ထက် အများကြီးပိုချမ်းသာတယ်၊ ငါလိုချင်တာ နင့်အသက်ပဲ၊ နင့်အသက်ကိုရမှ စာမလွန်ဘဝရောက်နေတဲ့ ငါ့မိဘတွေအပေါ်တာဝန်ကျေမယ် ''

ဟု ပြောကာ ခင်မေရီ၏ အနီးသို့တိုးကပ်၍ လည်တိုင်ကို လက်ဝါးစောင်းဖြင့် ခုတ်လိုက်ရာ ခင်မေရီသည် အားခနဲအော်၍ လည်တိုင်ကျိုးပြီး အသက်ထွက်သွားလေ၏။





သူဇာသည် လဲကျသေဆုံးနေသော ရုပ်သူနှစ်ဦးကို အသေအောင်ကြည့်၍ သူမ၏ အဝတ်အစားများကို လဲလှယ်ကာ အိမ်ကြီးမှ ထွက်ခဲ့လေ၏။ လမ်းမကြီးသို့ရောက်သောအခါ ရထားလုံးတစ်စီးကို ငှားရမ်း၍ အိမ်သို့ပြန်ခဲ့လေ၏။

သူဇာအိမ်သို့ပြန်ရောက်သောအခါ သူမနှင့်အတူ နေထိုင်သော မစန်းသည် ခရီးထွက်ရာမှပြန်လာသည်ထင်ပြီး ကမန်းကတန်း ကြိုဆိုလေ၏။

သူဇာသည် မစန်းနှင့်စကားမပြောဆိုတော့ဘဲ အိပ်ခန်းထဲသို့ဝင်ကာ ရှိုက်ကြီးတငင်ငိုယိုနေလေ၏။ မိဘနှစ်ပါးအတွက် ကလဲ့စား ချေလိုက်နိုင်၏။ တဏှာရူးအေးသိန်းလည်း ခင်မေရီနှင့်အတူ ငရဲပြည်သို့ရောက်သွားချေပြီ။

ဤဘဝ၌မိမိအတွက်ဘာတစ်ခုမှ မလိုတော့၊ သူ၏ အောင်မြင်ကျော်ကြားသော စီးပွားရေးလုပ်ငန်းများသည် အဝို သက်သတ်ဖြစ်သွားသလို ခံစားရ၏။

မိမိဘဝ၌ရည်မှန်းချက်တစ်ခုပြည့်စုံသွားလျှင် နောက်ထပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မရှိနိုင်တော့။ သူဇာသည် ထိုအချိန်မှစ၍ မျှော်လင့်ချက် မဲ့သွားသလို ခံစားနေရ၏။ ဘဝဟူသည် မျှော်လင့်ချက်မရှိလျှင် ခြောက်ကပ် လှပါလား ဟုတွေးမိ၏။ လူတိုင်း မျှော်လင့်ချက်နှင့် အသက်ရှင် နေ၏။ မိမိ၌ မျှော်လင့်ချက် မရှိလျှင် အသက်မရှင်ချင်တော့။





အထက်ပါဖြစ်ရပ်များဖြစ်ပွားပြီး နှစ်ရက်အကြာ သူရိယ သံတော်ဆင့် မြန်မာ့အလင်းသတင်းစာများ၌ သယ်နှုံးကျွန်းအိမ်ကြီး၏ လူသတ်မှုသတင်းပါရှိလာ၏။

ထိုလူသတ်မှုကြီးသည် ဆန်းပြားပြီး နှစ်လောင်းပြိုင် လူသတ်မှုကြီးဖြစ်သဖြင့် အင်းစိန် စီအိုင်ဒီမှ စုံထောက်ကျော်ကြီးများ ကိုယ်တိုင် ထောက်လှမ်းနေကြောင်း ဖော်ပြထားလေ၏။

စီအိုင်ဒီမှ စုံထောက်ကျော်များအနက် နံမည်ကျော် ဆားပုလင်းမင်းအောင်ဆိုသော စုံထောက်ကိုယ်တိုင် ပေါင်



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းနေသဖြင့် မကြာမီ လူသတ်မှု တရားခံကို ဖမ်းဆီးနိုင်တော့မည်ဟု ယူဆကြောင်း ရေးသားထား၏။

သူစာသည် သတင်းစာများက ရေးသားထားသော နံမည်ကျော် ဆားပုလင်းမင်းအောင် ကိုယ်တိုင်ထောက်လှမ်းသဖြင့် မကြာမီ တရားခံကိုဖမ်းဆီးနိုင်မည် ဟူသော အပိုဒ်ကို မင်နီဖြင့်တားလိုက်ပြီး

" ဆားပုလင်းမင်းအောင်၊ ဆားပုလင်းမင်းအောင် ရှင့်နံမည်ကိုကြားဖူးတာကြာပါပြီ၊ ရှင့်မှာဘယ်လောက်အစွမ်းရှိလို့လဲ၊ ဒီတစ်ခါတော့ ရှင်အရှက်ကွဲပြီထင်တယ် "

ဟု မထီလေးစားစွာ ရွတ်ဆိုနေလေ၏။

ဆက်လက်၍ သတင်းစာများက ဖော်ပြရာ၌ တရားခံသည် လူသတ်မှုများကို လက်နက်မသုံးဘဲ လက်ချည်းသက်သက်ဖြင့် လုပ်ကြံသွားသဖြင့် တိုက်ခိုက်ရေးပညာကို လွန်စွာကျွမ်းကျင်သော ယောကျ်ားတစ်ဦးဖြစ်မည်ဟု စုံထောက်များက ပြောဆိုသောလည်း နံမည်ကျော် ဆားပုလင်းမင်းအောင်ကမူ သတင်းစာဆရာများ၏ အမေးကို မဖြေဘဲ စကားတစ်ခွန်းသာ ဆိုသွားသည်





ဆို၏။ ထိုစကားမှာ တရားခံဟာ မိန်းမတစ်ယောက် ဖြစ်တယ်ဟု ရေးသားထားလေ၏။ ကျန်သောစုံထောက်ကြီးများမှာမူ တရားခံမှာ မိန်းမဖြစ်သည် ဟူသောယူဆချက်ကို လက်မခံဘဲ အပြင်းဆန်နေသည် ဆို၏။

သူစာသည် သတင်းစာများကို နေ့စဉ် ဖတ်ရှုရင်း ကျွန်းအိမ်ကြီး၏ လူသတ်မှုနှင့်ပက်သက်၍ နားစွင့်နေလေ၏။ သူစာသည် အထက်ပါလူသတ်မှုများကို ကျူးလွန်ပြီးနောက် ရင်ထဲတွင် မုန်းတီးနာကြည်းမှုများ ပျောက်ကွယ်သွားသော်လည်း လူယုတ်မာများ၏ မျက်နှာကို မကြာခဏ မြင်နေမိ၏။

ထို့ကြောင့် ရွှေတိဂုံဘုရားသို့နေ့စဉ် သွား၍ ပုတီးစိပ်လေ့ရှိ၏။ တစ်နေ့ ပုတီးစိပ်ပြီး ရွှေတိဂုံဘုရားမှဆင်းလာစဉ် ဘုရားပေါ်သို့ တက်လာသော လူတစ်ယောက်ကို မြင်ဖူးသလိုရှိ၍ ကြည့်လိုက်ရာ တော်လှန်ရေးခေါင်းဆောင် ကိုသိန်းတန် ဖြစ်ကြောင်း တွေ့ရ၏။ သူစာကဝမ်းသာ အားရဖြင့်

" ကိုသိန်းတန်၊ ကိုသိန်းတန် ရှင့်ကိုတွေ့ချင်နေတာ

www.burmeseclassic.com

www.burmeseclassic.com



အတော်ပဲ ” ဟု နှုတ်ဆက်လေ၏။ ကိုသိန်းတန်သည် သူဇာကို

ဗုဒ်ဘဲတွေ့ရသဖြင့် ဝမ်းသာဟန်မပြဘဲ

“ သူဇာရဲ့လိပ်စာကိုသာပြော ကျွန်တော်လာခဲ့မယ်၊

ဟိုနောက်မှာ စုံထောက်တွေလိုက်နေလို့ ”

ဟု ပြောလိုက်ရာ သူဇာသည် သူမ၏လိပ်စာကို ပြော၍

“ ရှင်ဆက်ဆက်လာဖြစ်အောင်လာပါ၊ ကျွန်မဆီမှာ ရှင့်အဖေ ပေးခဲ့တဲ့ ရွှေဒင်္ဂါးတွေရှိတယ်၊ ဒီရွှေဒင်္ဂါးတွေကို ရှင့်ကို ပြန်ပေးချင်လို့၊ ရှင်မယူဘူးဆိုရင်လည်း ရှင်တို့တော်လှန်ရေး အတွက် ကျွန်မ လှူချင်လို့ ”

ဟု ပြောလေ၏။

ကိုသိန်းတန်သည် ခေါင်းညိတ်၍ ဘုရားပေါ်သို့ တက်သွားလေ၏။ သူဇာသည် ရွှေဒင်္ဂါးများကို ကတ္တီပါအိတ်ဖြင့် ထည့်၍ စောင့်မျှော်နေလေ၏။

နောက်နေ့ညနေ၌ ကိုသိန်းတန်သည် တရုတ်အမျိုးသား တစ်ဦးကဲ့သို့ မထင်မရှားရုပ်ဖျက်ပြီး သူဇာထံသို့ ရောက်ရှိလာ၏။





သူဇာသည် မွေးစားဖခင်ကြီး ဦးရွှေဘိုး၏ အမွေရွှေဒင်္ဂါးများကို ကိုသိန်းတန်၏ လက်သို့အပ်လိုက်၏။

ကိုသိန်းတန်က သက်ပြင်းချ၍

“ ကျုပ်အတွက်ဆိုရင် မယူပါဘူးဗျာ၊ ပြည်သူတွေကို ဖိနှိပ်ချုပ်ချယ်တဲ့ နယ်ချဲ့အစိုးရကို တော်လှန်ဖို့ ငွေကြေးအင်အား ပြတ်လပ်နေလို့ ယူတာပါ၊ သူဇာအခုလို ချမ်းသာကြွယ်ဝနေတာ အရမ်းဝမ်းသာတယ် ”

ဟု ပြောကာ သူဇာထံမှ မထင်မရှားထွက်ခွာသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှပင် သူ့ဇာ့ကို ဘုတ်ကလပ်၌ မတော်မတရား ပြုကျင့်ရန် ကြံစည်သော ရစ်ချက် ရောက်ရှိလာ၏။

သူဇာသည် ရစ်ချက်ကို မြင်သောအခါ အနီးရှိတုတ်ချောင်း ကိုကိုင်၍ ရိုက်ရန်ပြင်လိုက်ရာ ရစ်ချက်က တမန်းကတန်း လက်ကာ၍

" မလုပ်ပါနဲ့ မသူဇာ၊ တောင်းပန်ပါတယ်၊ သူဇာကို ကျုပ်ရဲ့ လုပ်ရပ်အတွက် တောင်းပန်ဖို့လာတာပါ၊ ကျုပ်က အင်္ဂလိပ်





လူကြီးလူကောင်းတစ်ယောက် ဖြစ်ရက်နဲ့ မသူဇာအပေါ်မှာ လူကြီး လူကောင်းမဆန်ခဲ့ဘူး၊ ကျုပ်ရဲ့အရုပ်ဆိုးတဲ့လုပ်ရပ်အတွက် သူဇာကို တောင်းပန်ပါတယ် "

ဟု ပြောလေ၏။ သူဇာသည် ရစ်ချက်၏ တောင်းပန်မှု ကြောင့် စိတ်ပျော့လိုက်ပြီး

" ရှင် ကျွန်မကို ဘယ်တော့မှ အကြိုအပို လုပ်ဖို့မစဉ်း စားနဲ့ "

ဟုပြောလေရာ ရစ်ချက်က

" မစဉ်းစားရဲပါဘူး ...သူဇာ ကျုပ်ကိုဆော်လိုက်တာ အတော်နာတယ်၊ နောက်ဒီလိုမလုပ်ရဲပါဘူး၊ ဒီနေ့လာတာသူဇာကို တောင်းပန်ဖို့ပါ၊ နောက်ပြီးတော့ အကူအညီ တစ်ခုလဲတောင်းစရာ ရှိသေးတယ် "

ဟု ပြောလေရာ သူဇာကမျက်မှောင်ကြုတ်၍

" ဘာအကူအညီလဲ "

ဟု မေးမြန်းလေ၏။ ရစ်ချက်က



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်တို့ ဂျင်မင်ခါနာ ကလပ်မှာ မြန်မာ့ယဉ်ကျေးမှုနဲ့ ပက်သက်လို့ ဟောပြောပွဲလေးတစ်ခု လုပ်ချင်လို့ သူဇာက မြန်မာ့ ယဉ်ကျေးမှု အနုလက်ရာတွေနဲ့ ပက်သက်လို့ ကျွမ်းကျင်တယ်၊ ခါကြောင့် ဖြစ်နိုင်ရင်ဟောပြောပေးဖို့ တောင်းပန်ပါတယ် "

ဟု ပြောလေ၏။ သူဇာသည် ရစ်ချက်၏စကားကြောင့် သူမအတွက် အခွင့်အရေးတစ်ခု ဟုလည်း မြင်မိ၏။

သို့သော် မိမိသည် ပညာရှင်မဟုတ်၍ ဟောပြောပွဲလုပ်ဖို့ သင့်မသင့် စဉ်းစားရ၏။ ထို့ကြောင့် သူဇာက

" မဖြစ်နိုင်ဘူးထင်တယ်၊ ကျွန်မက သာမာန် မြန်မာ အနုပညာလက်ရာ ပစ္စည်းတွေကို ရောင်းချတဲ့သူပါ။ ပညာရှင် မဟုတ်ဘူး၊ ကျွန်မအဆင့်နဲ့ ရှင်တို့ကိုလာပြောဖို့ မဖြစ်နိုင်ပါဘူး "

ဟု ပြောလေ၏။ ရစ်ချက်က ရယ်မော၍

" ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးနှိမ့်ချတာကိုး၊ ဒီနေ့ဟောပြောပွဲကို အိန္ဒိယကနေ ကူးလာတဲ့ အောက်စဖို့ တက္ကသိုလ်က ပါမောက္ခကြီးတောင် လာပြီး နားထောင်လိမ့်မယ်





မြန်မာ အနုပညာနဲ့ ပက်သက်ပြီး ကျွမ်းကျင်တဲ့ ပညာရှင်ကြီးတွေ မြန်မာပြည်မှာ အများကြီးရှိပါတယ်၊ ဒါပေမဲ့ သူတို့ကို ဆက်သွယ်ဖို့ ကျုပ်တို့လက်လှမ်းမမီဘူး၊ နောက်ပြီးတော့ သူတို့အများစုဟာ အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်ဘူး၊ အရေး ကြီးဆုံး အချက်တစ်ချက်ကျန်သေးတယ် "

ဟု ပြောလိုက်ရာ သူဇာကစိတ်ဝင်စားဟန်ဖြင့်

" ဘာအချက်လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ ရစ်ချက်ကရယ်မော၍

" သူဇာဟာ ချောမောလှပတဲ့ မိန်းမလှလေးတစ်ယောက် ဖြစ်နေလို့ပဲ "

ဟု ပြောလေ၏။ သူဇာက ရစ်ချက်စကား ကြောင့်ရယ်လာ၍

" ကောင်းပြီလေ၊ ကျွန်မတတ်သလောက် မှတ်သလောက် ပြောပေးပါ့မယ်၊ လောလောဆယ် ကျွန်မစာတွေအများကြီးဖတ်ရမယ်။ ရှင်ပြန်တော့ "

ဟု ပြောဆိုပြီး ရစ်ချက်ကို မောင်းထုတ်လိုက်လေ၏။

www.burmeseclassic.com



ရစ်ချက်ပြန်သွားသောအခါ သူဇာသည် သူမရှာဖွေစုဆောင်းထားသော မြန်မာအနုပညာ ပန်းချီနှင့်ပက်သက်သည့် စာအုပ်ပေါင်းများကို မွေနှောက်ရလေ၏။

ထိုနေ့ပွဲသည် သူမ၏ဆိုင် အောင်မြင်ရေးအတွက် များစွာ အထောက်အကူ ဖြစ်မှာ သေချာ၏။

သူမ၏ ထင်းရှူးမြို့တော် အနုလက်ရာ ဆိုင်ကလေးသည် ခြားသားများ၏ လောကဌ် နံမည်သတင်း မွေးသလောက် ...ုးပေလိမ့်မည်။





သူဇာသည် စနေနေ့ညသို့ရောက်သောအခါ သူဇာသည် မြန်မာဆန်ဆန် ချိတ်လုံချည်နှင့် ရင်ဖုံးအင်္ကျီကိုဝတ်ဆင်ကာ သစင်ပန်းများကို တစ်ခေါင်းလုံး ဝေဆာနေအောင် ပန်ပြီး ပေါ်ပြောပွဲသို့ သွားလေ၏။

ပေါ်ပြောပွဲသို့ နိုင်ငံခြားသားများနှင့် ရန်ကုန်မြို့ရှိ လူကုံထံ အထက်တန်းလွှာများ လာရောက်ကြ၏။ ထိုသတင်းကို ရယ်သူ သူရိယသံတော်ဆင့် မြန်မာ့အလင်း သူကြီးဂေဇက် စသော သတင်း

စောတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တများမှ သတင်းထောက်များလည်း လာရောက်ကြလေ၏။

ဟောပြောပွဲ မစမီ သတင်းထောက်အချို့က သူဇာထံသို့ ဝိုင်းလာပြီး ယနေ့ဟောပြောပွဲ၌ ပြောမည့်အကြောင်းအရာများကို မေးမြန်းကြ၏။ နောက်ဆုံးမေးခွန်းတစ်ခုကိုသူဇာသည် ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်လေ၏။

“ ခေါ် သူတို့တွေ ကျွန်ပြုထားတဲ့ ကျွန်နိုင်ငံက မြန်မာ ခြားအ လေးတစ်ယောက်ရဲ့ အနုပညာလက်ရာနဲ့ စိုက်သက်တဲ့ ဒုံးပေ ပြောပွဲကို သူတို့တလေးတစား နားထောင်စေချင်လို့ ဒီပွဲကို ကျွန်မ လက်ခံလိုက်တာပါ၊ ဒါပေမဲ့ ကျွန်မ ပညာရှင်တစ်ယောက် မဟုတ်ပါဘူး ”

ဟု ပြောလိုက်ရာ သတင်းစာသမားများသည် ထိုစကားကို အလွန်နှစ်သက်သောကြောင့် လက်ခုပ်တဖြောင်းဖြောင်းတီးလိုက်ကြပြီး သေချာစွာ ရေးမှတ်ကြလေ၏။

သူဇာသည် နိုင်ငံခြားသားများကို စကားပြောရန် ရင်ကိုကော့၍ စင်မြင့်ပေါ်သို့ တက်သွားလေ၏။





ထိုနေ့ကသူဇာ၏ ဟောပြောချက်များကို နိုင်ငံခြားသားများသည် လွန်စွာသဘောကျပြီး လက်ခုပ်တဖြောင်းဖြောင်းတီး၍ အားပေးကြလေ၏။ သူဇာသည် သူမ၏ ဟောပြောပွဲ အဆုံးသတ်၌

“ ဘာပဲဖြစ်ဖြစ် မြန်မာအနုလက်ရာတွေနဲ့ ထုလုပ်ထားတဲ့ ပန်းပုရုပ်တွေထဲမှာ ကျွန်မအကြိုက်ဆုံးကတော့ ထင်းရှူးသားရုပ် ဖြစ်ပါတယ်၊ ဘာကြောင့်ထင်းရှူးသားကို ကြိုက်သလဲဆိုတော့ ကျွန်မအဖေဟာ အင်မတန်လှပတဲ့ ထင်းရှူးသေတ္တာလေးတွေကို လုပ်ရောင်းတဲ့လူမို့ပါ၊ ကျွန်မငယ်စဉ်ကတည်းက ထင်းရှူးပုံပေါ်မှာ ကြီးပြင်းခဲ့ရတယ်၊ ထင်းရှူးရဲ့ရနံ့ကို ကျွန်မကြိုက်တယ်၊ ဒီနေ့အထိ ကျွန်မရဲ့ကိုယ်ပေါ်မှာ ထင်းရှူးရနံ့ရှိနေဆဲလို့ ယုံကြည်နေပါတယ် ”

ဟု ဆိုကာ ဟောပြောပွဲကို အဆုံးသတ်ခဲ့လေ၏။

ပြီးနောက် စင်ပေါ်မှ ဣန္ဒြေရရဆင်းခဲ့လေ၏။ သူဇာ စင်အောက်သို့ ရောက်သောအခါ သက္ကလတ်ဘောင်းဘီနှင့် ကုတ်အင်္ကျီကို ဝတ်ဆင်ထားပြီး ဦးထုပ်ကိုခပ်ငိုက်ငိုက် ဆောင်းထားသည့် လွန်စွာကြည့်ကောင်းသော လူတစ်ယောက်ကို မြင်လိုက်ရ၏



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် သူဇာကို ကူနေရရကြည့်၍

" သဃ်နီးကျွန်းအိမ်ကြီးမှာ ဖြစ်ပွားခဲ့တဲ့ နှစ်လောင်းပြိုင် လူသတ်မှုအတွက် မသူဇာကို ဖမ်းဆီးလိုက်ပါပြီ ကျွန်တော့်နံမည် ဆားပုလင်းမင်းအောင်ပါ "

ဟု ပြောလေ၏။ သူဇာသည် ဆားပုလင်းမင်းအောင် ဆိုသူ၏စကားကြောင့် လွန်စွာအံ့သြသွားလေ၏။ ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်မိချေ။ အဘယ်ကြောင့်ဆိုသော် ထိုလူသတ်မှုများကို ကျူးလွန်ကတည်းက သူမ၏ အပြစ်ဒဏ်များကို ခံယူရန် အသင့်ပြင်ထားပြီးဖြစ်၏။ သူဇာက ဆားပုလင်းမင်းအောင်ကို ငြိုငြင်စွာကြည့်၍

" ရှင်သိပ်တော်တယ်၊ ကျွန်မကို ဖမ်းလို့မမိဘူးလို့ ထင်ထားတာ "

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍

" သဲလွန်စမပေါ်ဘူးဆိုတာ မရှိပါဘူး မသူဇာ "

ဟု ပြောလိုက်လေ၏။ သူဇာက ဆားပုလင်းမင်းအောင်ကို





ကြည့်၍

" ဘာပဲဖြစ်ဖြစ် ဖမ်းမဲ့ဖမ်းတော့လဲ ရှင့်လို မြန်မာကြောင် စုံထောက်အဖွဲ့မှာ အတော်ဆုံးဆိုတဲ့ စုံထောက်ရဲ့ အဖမ်း ကျွန်မဂုဏ်ယူပါတယ် "

ဟု ပြောကာ ဆားပုလင်းမင်းအောင်နောက်သို့ လိုက်၏။ ထိုနေ့ကရှုခင်းကို သတင်းစာများမှ သတင်းထောက်များ လည်း မြင်တွေ့သွားလေရာ ၎င်းတို့အတွက် အကောင်းဆုံးသတင်းကို လက်လွှတ်မခံဘဲ ဓာတ်ပုံများအမိအရ ရိုက်ကူး၍ ရေးမှတ်ကြလေ၏။

သူဇာသည် ထိတ်လန့်မှုမရှိဘဲ ပကတိတည်ငြိမ်စွာဖြင့် ဓာတ်ပုံများကို အရိုက်ခံလေ၏။

နိုင်ငံခြားသား ပရိသတ်များလည်း သူဇာ့ကို အမှတ်တရ ဓါတ်ပုံများရိုက်ကူးကြလေ၏။ အောက်စဖို့ တက္ကသိုလ်ရှိ ပါမောက္ခ ကြီးသည့် သူဇာ့ကို ကိုယ်တိုင်လာရောက်ပြီး လက်ဆွဲ နှုတ်ဆက်ပြီး

" ထင်းရှူးနံ့သင်းတဲ့ ထင်းရှူးမင်းသမီးလေးကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်မကောင်းပါဘူး၊ ဒီနေ့မြန်မာ့အနုပညာနဲ့ပတ်သက်ပြီး ကောာပြောတာ သိပ်ကောင်းပြီး သိပ်ပြည့်စုံပါတယ် ”

လူသစ ဟု ပြောလေ၏။ ထိုမြင်ကွင်းကို ဓါတ်ပုံများက အမိအရ ဆားပုလင်း နောက်တစ်နေ့တွင် သတင်းစာများ၌

“ ထင်းရှူးမင်းသမီးကို ဖမ်းမိပြီ၊ ထင်းရှူးမင်းသမီးရဲ့ ကလဲ့စား၊ ထင်းရှူးမင်းသမီးရဲ့ ကျိန်စာ ”

အစရှိသဖြင့် လွန်စွာ လှုံ့ဆော်ပြီး လွန်စွာထူးဆန်းသော သဃ်န်းကျွန်း နှစ်လောင်းပြိုင်လူသတ်မှုကြီးကို ရေးသားလေ၏။





သူစာနှင့်ပတ်သက်သော သတင်းကို သတင်းစာများက နေ့စဉ် တစ်ဖွဲ့တစ်နွဲ့ ရေးသားကြလေ၏။

သူ့စာ့ကို အပြစ်ဒဏ်ချသောနေ့၌ သူစာ ဘူးသီးကြော် သည်အဖြစ် ရုပ်ရှင်ရိုက်ကူးခဲ့သော မြို့မှ မြို့မိမြို့ဖများရောက်လာပြီး

“ မင်းသမီးလေး ဘာမှမပူနဲ့၊ မင်းသမီးလေးအတွက် အတော်ဆုံးရှေ့နေတွေငှားပြီး ချေပမယ် ”

ဟု အားပေးစကားပြောလေ၏။

မြို့မိမြို့ဖများနှင့်အတူ အကြော်သည် ဒေါ်ဘွားစိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မြေးမလေးလည်းပါ၏။ ၎င်းတို့သည် သူဇာအဖြစ်ကိုကြည့်၍ ဝမ်းပန်းတနည်းငိုယိုလေ၏။

သူဇာသည် သူမအတွက် စာတစ်စောင်ရောက်လာ၍ တော်လှန်ရေးသမား ကိုသိန်းတန်၏ အားပေးထားသောစာဖြစ်၏။

ထင်းရှူးမင်းသမီးလေးသူဇာကို အကြိမ်ကြိမ်အဖန်ဖန် စစ်ဆေးပြီးနောက် သူဇာသည် ဂုဏ်သရေရှိ မိန်းမတစ်ယောက်ဖြစ်ပြီး မိမိအပြစ်ကို ကိုယ်တိုင် ခံဝန်ချက်ပေးထားသည်ကတစ်ကြောင်း၊ မိန်းမသားဖြစ်သည်ကတစ်ကြောင်းကြောင့် ထောင်ဒဏ် (၁၀) နှစ်သာ အပြစ်ချမှတ်ခဲ့လေ၏။

သူဇာသည် သူမ၏ အပြစ်ဒဏ်ကို ကျေကျေနပ်နပ်ကြီး ခံယူခဲ့လေ၏။



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



၁၁

## သိမ်းကျွန်း နှစ်လေးလကြာမှု လူသတ်မှုကြီးအတွက် ဆားပုလင်းမင်းအောင်၏ ရုံးစစ်မှုများ

တစ်နေ့သ၌ ကျွန်ုပ်တို့ စုံထောက်ကျော်တစ်စုသည် အင်းစိန်စီအိုင်ဒီနှင့် မလှမ်းမကမ်း၌ရှိသော ကာကာဆိုင်၌ ထိုင်၍ ရောက်တတ်ရာရာ စကားများကို ပြောဆိုနေလေ၏။

ထိုအခိုက်မှာပင် စုံထောက်ဦးပေါ်ဦးကြီး၏ ထိုင်ခုံအနောက်မှ သေနတ်သံတစ်ချက် ဒိုင်းခနဲကြားလိုက်ရပြီး ဦးပေါ်ဦးကြီးသည် ထိတ်လန့်လွန်းသဖြင့်





" အမလေးသေပါပြီဗျာ "

ဟု အော်ဟစ်လေ၏။

ကျွန်ုပ်လည်း လုပ်ကြံခံရပြီဟုတွေးကာ ကုပ်အင်္ကျီအောက်မှ ခြောက်လုံးပြူးသေနတ်ကိုပင် ယောင်ယမ်း၍ ဆုပ်ကိုင်လိုက်မိ၏။

ကျွန်ုပ်တို့နှင့်အတူ လက်ဖက်ရည်ထိုင်သောက်နေသော ဆားပုလင်းမင်းအောင်ကမူ ထိတ်လန့်ဟန်မရှိဘဲ ပကတိ အေးချမ်းသော အမူအရာဖြင့်

" မကြောက်ပါနဲ့ဗျာ၊ ခင်ဗျားတို့ကို အင်းစိန်စီအိုင်ဒီက စုံထောက်ကြီးတွေမှန်းသိလို့ အနီးပတ်ဝန်းကျင်က ကလေးတွေက တိတ်တဆိတ် ဗျောက်အိုးဖောက်ပြီး ကျီစယ်နေတာပါ၊ ဦးပေါ်ဦးရဲ့ ကုလားထိုင်အောက်ကို ကလေးတစ်ယောက်က ဗျောက်အိုးပစ်ထည့်သွားတာ ကျွန်တော်မြင်ပါတယ် "

ဟု ပြောလေရာ ဦးပေါ်ဦးသည် သူ၏ ရဲစွမ်းသတ္တိအတွက် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး

" တောက်… ကလေးတွေသိပ်ဆိုးပါလား၊ ကျုပ်တို့လို



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်စီအိုင်ဒီက စုံထောက်ကျော်ကြီးတွေကို ကလေးတွေက နောက်ပြောင်ဝံ့သလား၊ မိမဆုံးမ ဖမဆုံးမကလေးတွေ ''

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်ကလည်း ခြောက်လုံးပြူးသေနတ်ကို ကိုင်မိသဖြင့် အူကြောင်ကြောင်ဖြစ်သွားပြီး

'' အေးဗျာ ဗျောက်အိုးဖောက်သံကလည်း ကျယ်လိုက်တာ၊ သေနတ်ပစ်သံကျနေတာပဲ ''

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ဦးပေါဦး၏ ထိုင်ခုံအောက်၌ ကျန်နေသော ယမ်းငွေ့တလူလူ ထွက်နေသည့် ဗျောက်အိုးကလေးကို ကောက်ကိုင်၍

'' ဟော့ဒီ ဗျောက်အိုးကလေးတွေပေါ်လာတာ နှစ်ပေါင်း (၁၇၀၀) ကျော်ပြီဗျ၊ တရုတ်တွေက အနောက်တိုင်းသားတွေထက် နှစ်ပေါင်းများစွာ စောပြီး ယမ်းကိုတီထွင်ခဲ့တာဗျ၊ ယမ်းမှုန့်တီထွင်ပြီးနောက်ပိုင်း ဗျောက်အိုးကို တီထွင်လိုက်ကြတာဗျ ''

ဟု ပြောလေရာ ကျွန်ုပ်ကဆားပုလင်းမင်းအောင်ကိုကြည့်၍





'' တရုတ်တွေဟာ နေရာတကာမှာ ဗျောက်အိုး ဆောင်တယ်နော်၊ အဲဒါဘာဖြစ်လို့လဲဗျ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ရေနွေးကြမ်းတစ်ခွက်ကိုငုံ၍

'' တရုတ်လူမျိုးတွေရဲ့ယုံကြည်မှုအရ ယူနီကောင်းသတ္တဝါကြီးဟာ နှစ်စဉ် နွေဦးရာသီအစ နှစ်သစ်ကူးချိန်မှာ လူတွေဆီကို ရောက်လာပြီး အမျိုးမျိုးဒုက္ခပေးတတ်တယ်၊ ဒါ့ကြောင့် နှစ်သစ်ကူးချိန်မှာ ဗျောက်အိုးဖောက်ပြီး ယူနီကောင်းသတ္တဝါကြီးကို မောင်းထုတ်ကြတယ်၊ ဗျောက်အိုးမပေါ်မီက ဝါးဆစ်ဘူးတွေကို ဖောက်ကြတယ်၊ ကျုပ်တို့မြန်မာလူမျိုးတွေရဲ့ နှစ်ဆန်းတစ်ရက်နေ့မှာ သံဗုံးတီးကြသလိုပေါ့ဗျာ၊ တရုတ်လူမျိုးတွေဟာ ဗျောက်အိုးကို နှစ်သစ်ကူးပွဲတော်သာမကဘူး၊ ပွဲလမ်းသဘင်နဲ့အခမ်းအနားပွဲတွေမှာလဲ ဗျောက်အိုးကိုဖောက်ကြတယ်၊ ဗျောက်အိုးဖောက်ခြင်းဟာ မကောင်းဆိုးဝါးတွေကို ခြောက်လှန့်မောင်းထုတ်ချင်တဲ့ ရည်ရွယ်ချက်ပါ၊ တစ်နည်းအားဖြင့် ပြောရရင်တော့ ဗျောက်ဖောက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ နှင်ထုတ်တာယ်ဆိုတဲ့ အဓိပ္ပာယ်ပါ၊ ကျုပ်တို့မြန်မာလူမျိုးတွေရဲ့ ဝါကျွတ်ပွဲတော်ဟာ ကြိုဆိုခြင်းဆိုတဲ့ အဓိပ္ပာယ်ဗျ၊ ကြိုဆိုခြင်းနဲ့ နှင်ထုတ်ခြင်းဟာ ဆန့်ကျင်ဘက်အဓိပ္ပာယ် ရှိပါတယ်ဗျာ၊ ဒါ့ကြောင့် ဝါကျွတ်ပွဲတော့်မှာ ဖျောက်အိုးဖောက်သင့်မှဖောက်သင့် စဉ်းစားသင့်ပါပြီဗျာ ”

ဟု အဓိပ္ပာယ်လေးနက်သော စကားကိုပြောလေ၏။

ထိုအခိုက်မှာပင် အင်းစိန်စီအိုင်ဒီရုံးဘက်မှ ပြာတာမောင်ရွှေသည် စက်ဘီးကလေးနင်း၍ ကာကာဆိုင်ဘက်သို့နင်းလာ၏။

ကိုမင်းအောင်သည် ပြာတာမောင်ရွှေကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

“ ပြာတာမောင်ရွှေရဲ့ အမှုအရာကိုထောက်ရင် လူသတ်မှုဖြစ်ပြီထင်တယ်၊ မင်းကြီးတော့ ဆူနေပြီဗျို့ လက်ဖက်ခြောက်ခတ်ရတော့မယ် ”

ဟု ရယ်မောပြောဆိုလေ၏။

ပြာတာမောင်ရွှေသည် ထိတ်ထိတ်ပျာပျာ အမူအရာဖြင့်





ရောက်ရှိလာပြီး

“ ဆရာတို့ရေ လူသတ်မှုဖြစ်နေပြီဗျို့၊ မင်းကြီးကခေါ်ခိုင်းလိုက်တယ်၊ စုံထောက်ကိုစိန်မြင့်တို့အုပ်စု ရုံးထဲမှာတန်းစီနေပြီ ”

ဟု ပြောလေ၏။ ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည် မင်းကြီးခေါ်ခိုင်းလိုက်သည်ဆိုသဖြင့် အထိတ်ထိတ်အပျာပျာဖြစ်သွားပြီး ကမန်းကတန်း သွားရန်ကြံ၏။ ဆားပုလင်းမင်းအောင်ကမူ မင်းကြီးကိုအရေးမစိုက်ဟန်ဖြင့် အေးအေးဆေးဆေးပင် ရေနွေးကြမ်းကို အရသာခံ၍ သောက်နေလေ၏။

ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည် ဆားပုလင်းမင်းအောင်ကိုပင်မစောင့်တော့ဘဲ စီအိုင်ဒီရုံးသို့ကမန်းကတန်း ထပြေးလေ၏။

ဆားပုလင်းမင်းအောင်သည် ရေနွေးကြမ်းကိုအရသာခံ၍ သောက်ပြီးမှ ကျွန်ုပ်တို့အနောက်သို့ လိုက်ခဲ့လေ၏။

ကျွန်ုပ်တို့လူစု ရုံးခန်းထဲသို့ရောက်သောအခါ စုံထောက်မင်းကြီးသည် စားပွဲခုံကိုလက်သီးဖြင့် ဒုံးခနဲထု၍

“ မောင်မင်းတို့ရုံးချိန်မှာ ဘယ်ကိုရောက်နေကြသလဲ၊



www.burmeseclassic.com

www.burmeseclassic.com



သယံနီးကျွန်းဘက်မှာ နှစ်လောင်းပြိုင်လှသတ်မှုကြီးဖြစ်ပြီဆိုပြီး သယံနီးကျွန်းဂတ်က အကူအညီ တောင်းထားတယ်၊ ဒါ့ကြောင့် အမြန်ဆုံးသွားပြီးတရားခံကိုဖမ်းကြပါ၊ အင်းစိန် စီအိုင်ဒီကို သိက္ခာကျအောင်မလုပ်ပါနဲ့ ”

ဟု ပြောလေရာ ကျွန်ုပ်တို့ လူစုကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

“ ဒါနဲ့နေပါဦး နံမည်ကျော် ဆားပုလင်းမင်းအောင်ဘယ်ကိုရောက်နေသလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်ကို မနာလိုစိတ်ဖြင့် ချောက်တွန်းလိုသော ကိုစိန်မြင့်က

“ ဆားပုလင်းမင်းအောင်က ကျွန်တော်မျိုးတို့လို အလုပ်ချိန်လေးစားတဲ့သူ မဟုတ်ပါဘူး မင်းကြီး၊ သူဟာ ဒီအချိန်မျိုးဆိုရင် အပျော်အပါး လောင်းကစားဝိုင်းတွေကို ရောက်နေတာဖြစ်ပါလိမ့်မယ် ”

ဟု ချောက်တွန်းလေ၏။ စုံထောက်ကိုတင်လှကလည်း





ဝင်ရောက်၍

“ ဟုတ်ပါတယ် မင်းကြီး၊ ဆားပုလင်းမင်းအောင်က အသောက်အစားလဲ မကင်းပါဘူး၊ သူဟာခုံးချိန်မှာ အရက်ဆိုင်ရောက်နေတာ ဖြစ်နိုင်ပါတယ် ”

ဟု မိန်းမဆန်ဆန် ချောက်တွန်းလေ၏။ ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည် ၎င်းတို့၏ ယုတ်မာသောစိတ်ဓာတ်ကို မကျေမချမ်း ဖြစ်ကြသော်လည်း မင်းကြီးရှေ့၌ရှိနေခြင်းဖြစ်၍ ငြိမ်သက်ပြီးနေရလေ၏။ စုံထောက်မင်းကြီးက လက်ကာပြ၍

“ တော်ပြီ၊ မောင်မင်းတို့ဆီက ဆားပုလင်းမင်းအောင်မကောင်းကြောင်းတွေ ကျွန်ုပ်မကြားချင်တော့ဘူး၊ ဆားပုလင်းမင်းအောင်ဟာ လူဆိုးဖြစ်တယ်ဆိုပေမဲ့ တရားခံကိုတော့ အမြဲတမ်းဖမ်းပေးနိုင်တယ်၊ အင်းစိန်စီအိုင်ဒီမှာ သူ့လောက်တော်တဲ့ စုံထောက်မရှိဘူးဆိုတာ တို့အင်းစိန်စီအိုင်ဒီမှာတင်မကဘူး အင်္ဂလန်မှာ တောင်သူ့လိုတော်တဲ့စုံထောက်ဆိုလို့ ရှားလော့ဟုမ်းပဲရှိတယ် ”

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်ကို ချောက်တွန်းလို



www.burmeseclassic.com

www.burmeseclassic.com



သော ကိုစိန်မြင့်တို့လူစုသည် မျက်စိမျက်နှာပျက်သွားကြလေ၏။

စုံထောက်မင်းကြီးသည် ကျွန်ုပ်တို့စုံထောက်ကျော်များကို ရုံးခန်းထဲမှမောင်းထုတ်၍ လူသတ်မှုဖြစ်ပွားရာနေရာသို့ အမြန်ဆုံး သွားရောက်ရန် စေခိုင်းလိုက်လေ၏။

ထိုအခါ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ရုံးခန်းထဲမှ အားရဝမ်းသာ ထွက်ခဲ့လေ၏။ စုံထောက် ကိုစိန်မြင့်တို့လူစုသည် စီအိုင်ဒီရှိကားစုတ်ကြီးကို တွန်းနှိုးပြီးမောင်းထွက်သွားလေ၏။

ထိုအချိန်ထိ ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကို မတွေ့ရသေးချေ။ စုံထောက်ဦးပေါ်ဦးက စီအိုင်ဒီရုံးဝင်းအတွင်း မျက်လုံးဝေ့ကြည့်၍

" ကိုမင်းအောင် ဘယ်ရောက်သွားသလဲ မသိဘူးဗျာ၊ ကိုစိန်မြင့်တို့လူစုက မနာလိုဝန်တိုစိတ်နဲ့ မင်းကြီးဆီမှာ အတို့ အထောင် လုပ်သွားတာ ရစရာမရှိဘူး "

ဟု ပြောလေရာ ကျွန်ုပ်က

" ကိုမင်းအောင်ဟာ ကျုပ်တို့ထက်အမြဲတမ်း ခြေတစ်





လှမ်းသာတဲ့သူဗျ၊ ကိုစိန်မြင့်တို့လူစု မင်းကြီးရှေ့မှာ အတို့ အထောင်လုပ်လဲ ဂရုစိုက်မဲ့သူမဟုတ်ဘူး။ သူဟာ မင်းကြီးကိုလည်း မဖားဘူး…အိုဗျာ ဘုရင်ခံကိုတောင် ဖားမဲ့သူ မဟုတ်ဘူးဗျ "

ဟု ပြောလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက

" ကိုမင်းအောင်က ဘုရင်ခံတင်မကဘူးဗျ၊ ဘုရင်ကြီး လာရင်တောင်ဖားမှာမဟုတ်ဘူး၊ သူဟာသိပ်ပြီးရဲဝံ့တယ်၊ မဟုတ်ရင် မခံဘူး၊ သူ့ရှေ့မှာ မဟုတ်တာလုပ်နေရင်တော့ ဘုရင်မကြီးကိုတောင် မျက်နှာသာပေးမဲ့သူမျိုးမဟုတ်ဘူး၊ သူ့လိုလူမျိုးကတော့ဗျာ ကျုပ်တို့ဆယ်သက်တွေ့မယ်မထင်ဘူး၊ သူ့ရသတ္တိအရာမှာလည်း ပြိုင်စံရှားပဲဗျ "

ဟု ပြောလေရာ ကျွန်ုပ်က အားတက်သရောဝင်ရောက်၍

" အထိုးအကြိတ်နဲ့ ဉာဏ်ရည်ဉာဏ်သွေးမှာလည်း သူ့လိုလူမျိုးမတွေ့သေးဘူးဗျာ "

ဟု ချီးမွမ်းလေတော့၏။

ဤသို့ဖြင့် ကျွန်ုပ်တို့ စုံထောက်ကျော်နှစ်ဦးသည်



www.burmeseclassic.com

www.burmeseclassic.com



ကားစုတ်ကလေးကို မောင်းနှင်၍ သဃ်န်းကျွန်းဘက်သို့ မောင်းနှင်ခဲ့လေ၏။ လူသတ်မှု ဖြစ်ပွားရာလမ်းထိပ်ရှိ အကြော်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ ရှေ့မှရပ်၍ ကားတားနေသော ကျွန်ုပ်တို့မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကို တွေ့ရ၏။ ဦးပေါ်ဦးကြီးက ကိုမင်းအောင်ကိုကြည့်၍ လက်မထောင်၍

" ကျုပ်မပြောဘူးလား ဆားပုလင်းမင်းအောင်က ကျုပ်တို့ထက် ခြေတစ်လှမ်းသာတယ်ဆိုတာလေ အခုတော့ လူသတ်မှုဖြစ်တဲ့အိမ်ကို အရင်ရောက်သွားပြီးသဲလွန်စတွေ ရှာပြီးလောက်ပြီ "

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က ကားပေါ်သို့တက်၍

" ကျုပ်မိတ်ဆွေ သတင်းထောက် ကိုလှမိုးကြီးရဲ့ဆိုင်ကယ်နဲ့ လိုက်သွားလို့ အိုင်ပီတို့ထက် အရင်ရောက်သွားတာဗျ။ လူသတ်မှုဖြစ်တဲ့အိမ်ကို စစ်ဆေးပြီးလို့ ပတ်ဝန်းကျင်မှာ သဲလွန်စရမလားလို့ စုံစမ်းနေတာ "

ဟု ပြောလေရာ ကျွန်ုပ်ကရယ်လာ၍





" ကိုမင်းအောင် သဲလွန်စ ရှာပြီးပြီဆိုရင် ကျုပ်တို့လိုက်ရှာစရာမလိုတော့ဘူး "

ဟု ပြောလေ၏။ ထိုအခါ ဦးပေါ်ဦးကြီးက

" ဟဲ…ဟဲ ရှာလို့လည်း ဘာသဲလွန်စ တွေမှာလဲဗျ ကျုပ်ကတော့ရှင်းရှင်းပဲ၊ ကိုစိန်မြင့်တို့လူစုလို စုံထောက်တော်ကြီးတွေဆိုပြီး ဟန်မဆောင်ချင်ဘူး "

ဟု ပြောလေ၏။ ကျွန်ုပ်က သက်ပြင်းချ၍

" ဘာပဲဖြစ်ဖြစ် ကျုပ်တို့က စီအိုင်ဒီက စုံထောက်ရာကြီးတွေဆိုတော့ ဟန်ဆောင်ပန်ဆောင် မှုခင်းဖြစ်တဲ့နေရာတို့ မိတ်မပါလည်း သွားရဦးမှာဘဲဗျာ "

ဟု ပြောလိုက်၏။

လူသတ်မှုဖြစ်ပွားရာအိမ်ရှေ့၌ သဃ်န်းကျွန်းဆတ်မှ ရဲအမှတ်နှစ်ယောက်ကို အစောင့်ချထားသော်လည်း လာရောက်ကြည့်ရှုသော ပရိသတ်များနှင့် ပွဲကဲ့သို့စည်ကားနေ၏။

အိမ်ကြီး၏ရှေ့၌ ဂျစ်ကားတစ်စီး ရပ်ထားကြောင်း တွေ့ရ၏



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ လူစုဝင်ရောက်သွားသောအခါ ညည့်ခန်းထဲ၌ ပေကြိုးဘူးများ မှန်ဘီလူးများဖြင့် အလုပ်ရှုပ်နေသော စုံထောက် ကိုစိန်မြင့်တို့ လူစုကို တွေ့ရ၏။ ကိုတင်လှသည် ညည့်ခန်းတစ်နေရာ၌ လဲကျသေဆုံးနေသော လူတစ်ဦး၏ ပါးစပ်ကို မှန်ဘီလူးနှင့် အသေအချာကြည့်ရှုနေ၏။

ဦးပေါ်ဦးကြီးက ကိုတင်လှ၏ ပခုံးကို အနောက်မှပုတ်၍

" ဟေ့လူ... သေသူရဲ့ ရွှေသွားတွေကို ဖြုတ်ရောင်းစားမလို့ ဒါဆိုရင်တော့ ကျုပ်ကိုလည်း ဝေစုပေးရမယ် "

ဟု နောက်ပြောင်လေရာ ကိုတင်လှသည် ဦးပေါ်ဦးကြီးကို မကျေမချမ်းကြည့်လေ၏။

စုံထောက်ကိုစိန်မြင့်သည် လဲကျသေဆုံးနေသော မိန်းမလှ အနီး၌ ထိုင်၍ ထိုမိန်းမ၏ ခြေနှင့်လက်များကို ပေကြိုးဖြင့်တိုင်းတာနေလေ၏။

ထိုအခါ ကျွန်ုပ်ကလည်း အားကျမခံ ကိုစိန်မြင့်အနီးသို့ သွား၍

—— စေတနာစာပေ ——



" ဟေ့လူ... ဒီမိန်းမရဲ့ လက်နဲ့ခြေတွေကို ပေကြိုးနဲ့ တိုင်းပြီးဘာလုပ်မလို့လဲဗျ၊ လူအထင်ကြီးအောင် မလိုတာတွေ လုပ်ပြမနေပါနဲ့ဗျာ၊ ကျုပ်တို့သင်ရိုးထဲမှာ သေသူရဲ့ လက်နဲ့ခြေကို ပေကြိုးနဲ့ တိုင်းတာမပါ ပါဘူး "

ဟု လှောင်ပြောင်လိုက်ရာ ကိုစိန်မြင့်သည် ကျွန်ုပ်ကို ရှုတည်တည်ကြည့်၍

" ဟေ့လူ တာဝန်ချိန်မှာ မနောက်နဲ့ဗျာ၊ ခင်ဗျားတို့ဟာ စုံထောက်အလုပ်ကို ကြိုးကြိုးစားစားမလုပ်ဘဲ ဘာမဟုတ်တဲ့ ဆားပုလင်းတစ်ယောက်ရဲ့ နောက်လိုက်လုပ်နေကြတယ် "

ဟု ပြောလေရာ ကျွန်ုပ်၏ အနီးသို့ ဦးပေါ်ဦးကြီး ရောက်လာပြီး

" ဘာမဟုတ်တဲ့ ဆားပုလင်းဟုတ်လား၊ ဘာမဟုတ်တဲ့ ဆားပုလင်းက ခင်ဗျားတို့ကို စုံထောက်အိပ်စပက်တော်ကြီးတွေထက် အစစအရာရာသာတယ် ခင်ဗျားတို့ဟာ အလကားသက်သက် သူတစ်ပါးကို မနာလိုဝန်တိုစိတ်များနေကြတယ် စောစောက

—— စေတနာစာပေ ——

www.burmeseclassic.com



စီအိုင်ဒီရုံးခန်းထဲမှာလည်း မင်းကြီးရှေ့မှာ ကိုမင်းအောင်ကို အတို့အထောင်လုပ်တာ ရစရာမရှိဘူး၊ ဒီအမှုကို ခင်ဗျားတို့ ဖော်နိုင်ရင် ကျုပ်တို့လည်ပင်းကို လာဖြတ်ပါ ”

ဟု ပြောဆိုလိုက်ရာ စုံထောက်ကိုစိန်မြင့်သည် ဦးပေါ်ဦးကြီးနှင့် စကားပြိုင်မပြောဝံ့တော့ဘဲ အိမ်ကြီး၏အောက်သို့ဆင်းသွားလေ၏။

ဆားပုလင်းမင်းအောင်ကမူ ပြတင်းပေါက်အနီး၌ရပ်၍ အဝေးဆီသို့ ငေးကြည့်နေ၏။ ပြီးနောက် ကျွန်ုပ်တို့ဘက်သို့ လှည့်၍

“ တရားခံဟာ တိုက်ခိုက်ရေး ပညာကို အလွန်ကျွမ်းကျင်တယ်၊ ဒီအမှုဟာ ကြီးမားတဲ့ ရန်ငြိုးရန်စကြောင့် ဖြစ်တာဗျ၊ နောက်ပြီးတော့ အံ့ဩစရာအကောင်းဆုံးက တရားခံဟာ မိန်းမတစ်ယောက်ဖြစ်နေတယ် ဆိုတာပဲ ”

ဟု ပြောလေရာ ကျွန်ုပ်နှင့်ဦးပေါ်ဦးသည် လူသတ်မှုများကို ရက်ရက်စက်စက် ကျူးလွန်သူမှာ မိန်းမလှတစ်ယောက်ဆို၍ အံ့ဩသွားလေ၏။

———— ဝေဝေဓနာဓာဝေ ————



ထိုအခိုက်မှာပင် သတင်းထောက်များရောက်ရှိလာပြီး အင်းစိန်စီအိုင်ဒီမှ စုံထောက်ကျော်ကြီးများဖြစ်သော ကိုစိန်မြင့်တို့လူစုကို အထင်တကြီးမေးမြန်းကြလေ၏။

ကိုစိန်မြင့်တို့သည် ဝိုက်ကာမျိုးမျိုးပေး၍ တရားခံကို မည်သို့မည်ပုံ ဖမ်းပေးမည်ဖြစ်ကြောင်း၊ ဝံ့ကြွားပြောဆိုကြလေ၏။

သတင်းထောက်များသည် ဆားပုလင်းမင်းအောင်ကို မြင်သောအခါ အမှုနှင့်ပက်သက်၍ လာရောက်မေးမြန်းကြပြန်၏။ ဆားပုလင်းမင်းအောင်က အဝေးဆီသို့ ငေးကြည့်၍

“ ကျုပ်ပြောနိုင်တာ တစ်ခွန်းပဲရှိတယ်၊ အဲဒါကတော့ တရားခံဟာ မိန်းမတစ်ယောက်ဆိုတာပဲ ”

ဟု ပြောလေ၏။ သတင်းထောက်များသည် ဆားပုလင်းမင်းအောင်၏ စကားကို အလေးထား၍ မှတ်သားကြလေ၏။

ကျွန်ုပ်သည်ညွှေ့ခန်းထဲ၌ လဲကျသေဆုံးနေသော မိန်းမလှကို ကြည့်၍ ဤမျှ ချောမောလှပသော မိန်းမကို မည်သူက များ ရက်ရက်စက်စက်သတ်ဖြတ်လေသနည်း ဟုတွေးတောနေမိ၏။

———— ဝေဝေဓနာဓာဝေ ————

www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှ၏ အနီးဍ္ဍသေဆုံးနေသူမှာ လူလတ်ပိုင်းအရွယ်လူတစ်ဦးဖြစ်ပြီး တန်ဖိုးကြီးအဝတ်အစားများကို ဝတ်ဆင်ထားသဖြင့် ငွေကြေးချမ်းသာသူဟု ယူဆရလေ၏။

ကျွန်ုပ်တို့စုံထောက်ကျော်များ လူသတ်မှုဖြစ်ရာအိမ်မှ ပြန်လာသောအခါ ဆားပုလင်းမင်းအောင်က

"သေသူနှစ်ယောက်စလုံးဟာ ရန်ငြိုးရန်စကြောင့် အသတ်ခံရတာဗျ၊ သူတို့ကိုသတ်သွားတာ မိန်းမတစ်ယောက်ပဲဗျ၊ ကျုပ်အထင်တော့ အဲဒီမိန်းမက ချောမောလှပတဲ့မိန်းမတစ်ယောက်ပဲ၊ တိတိကျကျပြောရရင်တရားခံဟာ သေသူခင်မေရှီဆိုတဲ့မိန်းမဆီမှာ အိမ်စေလုပ်ရင်း သတ်သွားတာပဲ၊ အိမ်စေမိန်းမဟာ သူတို့နှစ်ယောက်ကို သတ်ပြီး ညဘက်မှာ အိမ်ကထွက်သွားခဲ့တယ်၊ ဒီနေ့နံနက်နွားနို့ပို့တဲ့ကုလား အိမ်ကိုရောက်တော့မှ လူသတ်မှု ဖြစ်ကြောင်းသိရတာဗျ၊ သေသူခင်မေရှီဆိုတဲ့မိန်းမဟာ လွန်ခဲ့တဲ့တစ်ပတ်လောက်က အိမ်စေမရှိတဲ့အတွက် အိမ်စေအလိုရှိသည် ဆိုတဲ့ဆိုင်းဘုတ်ကိုခြံရှေ့မှာရေးထားခဲ့တယ်၊ လူသတ်သမားမိန်းမဟာ





ဒီအခွင့်အရေးကို အရယူပြီး ဒီအိမ်မှာအိမ်စေ လုပ်တယ်၊ အခွင့်အရေးရတဲ့နေ့ကိုရောက်တော့ သူ့ရဲ့ရန်သူနှစ်ယောက်စလုံးကို သတ်ပစ်လိုက်တာပဲဗျ "

ဟု ပြောလေရာ ကျွန်ုပ်ကဝင်ရောက်၍

" နှစ်ဦးစလုံးရဲ့ကိုယ်မှာဒဏ်ရာမရှိဘူးနော် ကိုမင်းအောင် "

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က

" နှစ်ယောက်စလုံးမှာ ကွဲရှတဲ့ဒဏ်ရာ မတွေ့ရဘူး၊ တရားခံဟာ ကိုယ်ခံ့ပညာကိုအဆင့်အတန်းမြင့်မြင့် တတ်ကျွမ်းထားတယ်ဗျ၊ အိပ်ခန်းထဲက ခုတင်မှာ မိန်းမတစ်ယောက်ရဲ့ ဆံပင်တွေတွေ့ရတယ်၊ ကျုပ်အထင်တော့ သေသူယောက်ျားဟာ တရားခံမိန်းမကို အိပ်ခန်းထဲခေါ်ပြီး မတော်မတရား ကျင့်ဖို့ကြိုးစားပုံရတယ်၊ ဒီလူဟာသူ့သေတွင်းသူတူးသွားတာဗျ၊ တရားခံဟာ ယောက်ျားဖြစ်သူကိုအရင်သတ်ပြီးတော့မှ ဧည့်ခန်းထဲမှာ ခင်မေရှီဆိုတဲ့မိန်းမကို သတ်ခဲ့တာပဲ၊ ခင်မေရှီဆိုတာ အိမ်မှာရှိပုံမရဘူး၊ ခြံထဲမှာတွေ့တဲ့ဂျစ်ကားကိုစုံစမ်းပြီးရင် သေသူယောက်ျားဘယ်သူလဲဆိုတာ သိရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



သေသူယောက်ျားဟာ ဒီဂျစ်ကားရဲ့ပိုင်ရှင်ပဲ ”

ဟု ပြောလေ၏။ထိုအခါ ကျွန်ုပ်ကဝင်ရောက်၍

“ ရန့်ငြိုးရန်စကြောင့်သတ်တာဆိုတာ ကိုမင်းအောင် ဘာ့ကြောင့်ပြောနိုင်တာလဲ ”

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က သူ၏ အိတ်ထဲရှိ စက္ကူဖြင့်ပြုလုပ်ထားသော အထုပ်ကလေးကိုပြ၍

“ ဒီအထဲမှာ စက္ကူတစ်ရွက်ကို မီးရှို့ပြီး ပြာချထားတာ တွေ့ရတယ်၊ ကံကောင်းချင်တော့ စက္ကူတစ်ရွက်လုံးမီးမကျွမ်းဘူးဗျ၊ မီးကျွမ်းဖို့နည်းနည်းကျန်သွားတယ်၊ ကျန်တဲ့အပိုင်းလေးကိုကြည့်တော့ မင်နဲ့ရေးဆွဲထားတဲ့အရုပ်ကလေးတစ်ရုပ်တွေ့တယ်၊ အဲဒါ ငှက်ရုပ် ကလေးပဲ သေသူမိန်းမဟာ သူမသေမီမှာ စက္ကူစကို မီးရှို့ ဖျက်ဆီးခဲ့ ပုံရတယ်၊ တရားခံဟာ သေသူခင်မေရီကို ကလဲ့စား မချေမီမှာ ဟိုးအရင် အတိတ်ကိုသတိရစေချင်လို့ ငှက်ရုပ်ကလေးဆွဲပြီး ခင်မေရီကိုပြခဲ့တယ်၊ပြီးတော့ အဲဒီ ငှက်ရုပ်ကလေးတွေကို အိမ် အနောက်က အိမ်စေမိန်းကလေးရဲ့အိပ်ခန်းနံရံမှာ မင်နဲ့ရေးခြစ်





ထားတာတွေ့ရတယ်၊ ဒီလူသတ်မှုရဲ့အဓိက အရေးပါ နေတဲ့အချက် ထူးဆန်းတဲ့ ငှက်ရုပ်ကလေးတွေပဲဗျ ”

ဟု ရှင်းလင်းပြလေ၏။ ထိုအခါ စုံထောက်ဦးပေါ်ဦးက

“ တော်တော်ရှုပ်မဲ့အမှုမျိုးပဲဗျို့၊ ကျုပ်တို့တော့ ဉာဏ်မမီ တော့ဘူး၊ မဂိုလမ်းကိုသွားပြီး တစ်ခုခုစားရအောင် ”

ဟု ဆိုကာ စကားဝိုင်းကို အဆုံးသတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သယံ်နှင်းကျွန်းနှစ်လောင်း ပြိုင်လူသတ်မှုကြီးနှင့်ပက်သက်၍ သတင်းစာများက နေ့စဉ်ရေးသားကြသဖြင့် တစ်တိုင်းပြည်လုံး စိတ်ဝင်စားသောအမှုကြီးဖြစ်နေလေ၏။ ထိုသို့တိုင်းပြည်က စိတ်ဝင်စားသည်နှင့်အမျှ ကျွန်ုပ်တို့စုံထောက်ကျော်များသည် စုံထောက်မင်းကြီး၏ ဆူပူကြိမ်းမောင်းမှုဒဏ်ကို နေ့စဉ်ခံရလေ၏။

ဆားပုလင်းမင်းအောင်ကမူ စီအိုင်ဒီရုံးသို့မလာဘဲ ၄င်း၏ နေအိမ်ရှိရာ အမှတ်(၇) အသောကလမ်း၊ ကျောက်မြောင်း နေအိမ်၌ ရှိနေလေ၏။





ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးကြီးသည် မင်းကြီးအား ကြိမ်းမောင်းနေသဖြင့် စီအိုင်ဒီရုံးသို့မသွားဘဲ တရုတ်တန်းရှိ ကျွန်ုပ်၏ အနှိပ်ခန်းများ၌ အချိန်ဖြုန်း နေလေ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်၏ အနိုင်ရသဖြင့် ခေါင်းမြီးခြုံကုလားမလေးများ နှိပ်ပေးသော အနှိပ်ခန်း၌ စိမ်ယူပြီးနောက် ဆားပုလင်းမင်းအောင် နေထိုင်ရာကျောက်မြောင်း နေအိမ်သို့ ရောက်ခဲ့လေ၏။

ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့ကိုမြင်သောအခါ

“ အနှိပ်ခန်းမှာ အတော်စိမ်တွေ့နေပုံရတယ် ”

ဟု ပြောလေရာကျွန်ုပ်သည် ဆားပုလင်းမင်းအောင်ကို အံ့သြဟန်ကြည့်၍

“ ကျုပ်တို့အနှိပ်ခန်းသွားတယ်ဆိုတာ ဘယ်လိုလုပ် သိတာလဲ ”

ဟု မေးမြန်းလေ၏။

ဆားပုလင်းမင်းအောင်ကရယ်လာ၍

“ အိုင်ပီတို့နှိပ်တဲ့ အနှိပ်ခန်းကို တိတိကျကျပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



လတ္တာလမ်းထိပ်က မဂိုကုလားမလေးတွေနှိပ်တဲ့ အနှိပ်ခန်းကို သွားတယ်မဟုတ်လား ”

ဟု မေးမြန်းလေရာ ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည် ပါးစပ်အဟောင်းသားဖြစ်နေရ၏။ ဆားပုလင်းမင်းအောင်က ရယ်မော၍

“ ဒီလောက်လဲ မအံ့ဩပါနဲ့ဗျာ၊ အိုင်ဗီတို့မဂိုကုလားမလေးတွေရဲ့ အနှိပ်ခန်းကလာတယ်ဆိုတာ ကျုပ်မပြောနဲ့ တော်တန်ရုံဘယ်သူမဆို ပြောနိုင်ပါတယ်ဗျာ၊ ဘာကြောင့်လဲဆိုတော့ အိုင်ဗီတို့ကိုယ်က ကုလားမလေးတွေနှိပ်ရင်းလိမ်းပေးတဲ့ ပန်းဆီနံ့က သင်းနေတာပဲ၊ ကျုပ်အထင်တော့ အိုင်ဗီတို့ မိုင်းကြီးဆူမှာစိုးလို့ ရုံးပြေးပြီး ဂျင်ဝိုင်းမှာကစားရင်း အနိုင်ရတော့ အနှိပ်ခန်းသွားပြီး မိမ်ကျနေတာ မဟုတ်လား ”

ဟု ပြောလေရာ ကျွန်ုပ်တို့သည် ဆားပုလင်းမင်းအောင်၏စကားမှန်ကန်လှသဖြင့် ပါးစပ်အဟောင်းသားဖြစ်ရလေ၏။ ကျွန်ုပ်က





“ ဒါတွေထားလိုက်ပါတော့ဗျာ၊ သယ်န်းကျွန်းက နှစ်လောင်းပြိုင်လူသတ်မှုကြီးရဲ့ တရားခံမိန်းမကို ကိုမင်းအောင် ဘယ်တော့ ဖမ်းပေးမှာလဲ ”

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က အိမ်နံရံ၌ချိတ်ဆွဲထားသော ကျောက်သင်ပုန်း၌ ရေးဆွဲထားသော ငှက်ရုပ်လေးကို လက်ညှိုးညွှန်ပြ၍

“ သဲလွန်စလေးနည်းနည်း ကျန်နေသေးတယ်ဗျာ၊ ဒီလူသတ်မှုမှာ ငှက်ရုပ်လေးတွေက တရားခံရှိရာကို လမ်းညွှန်ပြပေးမှာပါဗျ၊ ခက်တာက ငှက်ရုပ်လေးတွေရဲ့ အဓိပ္ပာယ်ကို ဖော်လို့မရသေးဘူး ”

ဟု ပြောလေရာ ဦးပေါ်ဦးကြီးက

“ ခင်မေရီ ဘယ်လိုမိန်းမမျိုးလဲ ”

ဟု မေးမြန်းလေရာ ကိုမင်းအောင်က

“ ခင်မေရီဟာ အထက်တန်းစား ပိုင်း လုံးမတစ်ယောက်ရှုသူဟာ မျက်နှာဖြူတွေနဲ့လဲ မကင်းဘူးဗျ၊ ခင်မေရီနဲ့ အတူနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူက ဘားလမ်းမှာနေတဲ့ အေးသိန်းဆိုတဲ့လူရှုပ်ဗျ၊ အေးသိန်းဟာ မိန်းမရှုပ်ဖို့သက်သက် ရန်ကုန်မြို့မှာလာနေတဲ့ တောသူဌေး တစ်ယောက်ပဲဗျ ”

ဟု ပြောလေ၏။ ထိုအခါ ဦးပေါ်ဦးကြီးက

“ သူတို့နှစ်ယောက်လုံး လူရှုပ်လူပွေတွေဆိုတော့ သူတို့ကို သေဒဏ်ပေးသွားတဲ့ မိန်းမလှလေးဟာ ကျုပ်တို့ထင်သလိုလူဆိုးမကြီး မဟုတ်ဘူးပေါ့ ”

ဟု မေးမြန်းလေ၏။ ဆရာပုလင်းမင်းအောင်က သက်ပြင်းချ၍

“ တရားခံဟာ ဂုဏ်သရေရှိမိန်းမတစ်ယောက်ဖြစ်မယ်လို့ ကျုပ်ခံစားရတယ်၊ လက်တွေ့တော့မဖြစ်နိုင်သေးဘူး၊ တရားခံဟာ သူတို့နှစ်ယောက်ကိုသတ်ဖို့ အိမ်ဖော်အနေနဲ့ အိမ်မှာ ဝင်လုပ်ပြီးတော့ အခွင့်အရေးရတဲ့နေ့မှာ လုပ်ကြံသတ်ဖြတ်သွားတာပဲ၊ ဒီအမှုဟာ လွယ်မယောင်နဲ့ သဲလွန်စလေးနည်းနည်းလိုနေတယ်၊ တရားခံမိန်းမဟာ သူ့ရဲ့ ရန်သူခင်းမေရီကို လက်စားချေကာနီးမှာ ငှက်ရုပ်ကလေး





တွေ ရေးဆွဲထားတဲ့ စာရွက်ပိုင်းလေးတစ်ရွက်ကို လုပ်ခဲ့ပြီး အတိတ်က နာကြည်းမှုတွေကို ပြန်သတိရစေတယ်၊ ခင်မေရီဟာ ငှက်ရုပ်ကလေးကို မြင်တော့ အတိတ်ကို သတိရပြီး ထိတ်လန့်တုန်လှုပ်သွားတယ်၊ ဒါကြောင့် လက်ထဲမှာရှိတဲ့ မီးခြစ်နဲ့ မီးရှို့ပြီး ငှက်ရုပ်လေးကို ဖြာချလိုက်တယ်၊ အဲ့ဒီငှက်ရုပ်ကလေးတွေကို တရားခံမိန်းကလေး အိပ်တဲ့ အခန်းထဲမှာတွေ့ရတယ်၊ ဒီငှက်ရုပ်လေးတွေဟာ လူသတ်မှုနဲ့ဘယ်လိုပတ်သက်တာလဲဆိုတဲ့ အကြောင်းကို သိချင်တာပဲ ”

ဟု ပြောကာသူ၏ စကားဝိုင်းကို ရပ်တန့်လိုက်လေ၏။ ထို့နောက်တွင် ကျွန်ုပ်တို့သည် ဆရာပုလင်းမင်းအောင်နှင့်အတူ ညစာစားရန် ရန်ကုန်မြို့ထဲသို့ ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဗ္ဗန်တောင်ဘက်သို့ ရောက်သောအခါ စုံထောက်ဦးပေါ်ဦး ကြီးက

" ကျုပ်တို့ အိမ်ဘက် ခဏမောင်းပေးဗျာ "

ဟု ပြောလေရာ ကျုပ်က

" ဟေ့လူကြီး ခင်ဗျားမိန်းမကြီးကို ညစာစားတဲ့နေရာကို ခေါ်မလာပါနဲ့ဗျာ နားညည်းလွန်းလို့ "

ဟု ပြောလေရာ ဦးပေါ်ဦးကြီးက မျက်နှာရှုံ့မဲ့၍

—— စေတနာတာပေ ——



" မခေါ်ပါဘူးဗျာ ကျုပ်ယောက္ခမကြီးနေမကောင်းတာ သက်သာလားဆိုပြီးတော့ ဝင်မေးတာဗျ "

ဟု ပြောလေ၏။ ကျွန်ုပ်က ရယ်မော၍

" သေရင် ယောက္ခမကြီးဆီက အမွေရမဲ့ သမက်ဆိုတော့ ယောက္ခမကြီး ရောဂါအခြေအနေ ဆိုးမဆိုး အမြဲသုံးသိချင်နေပြီပေါ့ "

ဟု နောက်ပြောင်လေ၏။ ဦးပေါ်ဦးက မျက်နှာရှုံ့မဲ့၍

" ဟေ့လူ ကျုပ်က ဒီလောက်စိတ်သဘောထား မယုတ်ဘူးဗျ ယောက္ခမကိုလည်း အမေလိုပဲသဘောထားတဲ့လူ "

ဟု ပြောလေ၏။

ကျွန်ုပ်၏ ဖိုဒ့်ကားစုတ်ကလေးသည် ဦးပေါ်ဦးကြီး၏ အိမ်ရှေ့သို့ရောက်သောအခါ ဦးပေါ်ဦးကြီး၏ မိန်းမကို မျက်နှာ ပြုံးရွှင်စွာဖြင့် တွေ့ရပြီး

" အမေ့ရောဂါအခြေအနေ သက်သာလာတယ်တိုတို ဒီနေ့နံနက် ထမင်းပြန်စားနေပြီ၊ သူ့ပစ္စည်းလေးတွေကိုတောင် ရှင်းလင်းပြီး နေပူထုတ်လှန်းနိုင်းတယ် "

—— စေတနာတာပေ ——

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ကျွန်ပ်က ဦးပေါ်ဦးအား လက်ဖြင့်တို့၍

" ဟော့လူကြီး ခင်ဗျား အမွေရဖို့နီးနေပြီ "

ဟု နောက်လိုက်ပြန်၏။

ထိုအခိုက်မှာပင် ချောမောလှပသော ဦးပေါ်ဦး၏ ခယ်မလေးသည် တစ်ပေပတ်လည်ခန့်ရှိသော ထင်းရှူးသေတ္တာလေးကို မနိုင်တစ်နိုင် သယ်မ၍ အိမ်အပြင်သို့ထွက်လာလေ၏။

ဦးပေါ်ဦးမိန်းမ ခင်ခင်က

" ဟိုမှာ အမွေထင်းရှူးသေတ္တာလေးကို နေပူလှန်းဖို့ တင်တင် ထုတ်လာပြီ "

ဟု ပြောလေ၏။ ဦးပေါ်ဦးသည် ကားပေါ်မှဆင်း၍ တင်တင်၏ လက်ထဲရှိ ထင်းရှူးသေတ္တာကို သွားမပေးလေ၏။

ကျွန်ပ်က ဆားပုလင်းမင်းအောင်ကို လက်တို့၍

" ဦးပေါ်ဦးက ခယ်မချောချောလေးတွေဆိုရင် ဖင်ကိုပေါ့နေတာပဲ "

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်သည် ကျွန်ပ်၏





စကားကိုမတုံ့ပြန်ဘဲ ထင်းရှူးသေတ္တာကို မျက်မှောင်ကြုတ်ကြည့်၍ ကားပေါ်မှဆင်းလိုက်လေ၏။

ဆားပုလင်းမင်းအောင်သည် ဦးပေါ်ဦး၏ လက်ထဲရှိ ထင်းရှူးသေတ္တာကို လှမ်းယူ၍

" ဒီသေတ္တာက ငှက်ရုပ်ကလေးကို ကျုပ်ကြည့်ချင်တာဗျာ အမှုနဲ့ပတ်သက်တဲ့ သဲလွန်စကိုရပြီဗျာ "

ဟု ပြောလိုက်လေ၏။ ကျုပ်နှင့် ဦးပေါ်ဦးက ထင်းရှူး သေတ္တာလေးကို လှမ်းကြည့်လိုက်ရာ သေတ္တာ၏ ထောင့်၌ အနက် ရောင်မင်ဖြင့် ရေးဆွဲထားသော ငှက်ရုပ်လေးကို တွေ့ရလေ၏။

ဆားပုလင်းမင်းအောင်က ငှက်ရုပ်ကလေးကို ကိုင်ကြည့်ပြီး

" တရားခံမိန်းမရေးဆွဲထားတဲ့ ငှက်ရုပ်နဲ့ တထပ်တည်းတူ နေတယ် ဦးပေါ်ဦး မရှိမသေဗျာ ခင်ဗျားရဲ့ ယောက္ခမနဲ့ တောင်း ပြောပါရစေ "

ဟု တောင်းပန်လိုက်တယ်။

ထိုအခိုက်မှာပင် အိမ်တွင်းမှ တောင်ဇော့တစ်ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားသော ဦးပေါ်ဦး၏ ယောက္ခမထွက်လာပြီး

" ထင်းရှူးသေတ္တာလေးနဲ့ ပတ်သက်ပြီးဘာသိချင်လို့လဲကွယ်၊ ဒီသေတ္တာလေးဟာ ထင်းရှူးသေတ္တာလုပ်ရာမှာ အင်မတန်လက်ရာ ကောင်းပြီး သေသပ်ကျနတဲ့ ကိုဖိုးမောင်ဆိုတဲ့ လူရဲ့လက်ရာကွယ့်၊ အမေတို့ မြို့မှာတင်မကဘဲ အဓမတို့နယ်တစ်ဝိုက်မှာ ကိုဖိုးမောင်ရဲ့ ထင်းရှူးသေတ္တာတွေကို လူတိုင်းဝယ်ကြတယ်၊ ကိုဖိုးမောင်ဟာ လက်ရာကောင်းရုံမကဘူး၊ သုံးတဲ့သူတွေအတွက် စေတနာသိပ်ထားတယ်၊ ထင်းရှူးသေတ္တာမှာ တပ်ထားသော ပတ္တာလေးတွေကိုကြည့် ကြေးအစစ်နဲ့လုပ်ထားတဲ့ သေတ္တာလေးတွေကို ရိုးကုမ္ပဏီက ဝယ်ပြီး လုပ်တာကွယ့် "

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းမင်းအောင်က ဆက်လက်၍

" အဘွားဆီက ကြားရတဲ့ စကားတွေကအတော်အဖိုးတန်ပါတယ်။ ထင်းရှူးသေတ္တာလုပ်တဲ့ ကိုဖိုးမောင်တို့ မိသားစုနဲ့ပတ်သက်ပြီး အဘွားဘယ်လောက်သိသလဲ သိသလောက်ပြောပြပါဦး"

——— စေတနာတာပေ ———



ဟု မေးပြန်လေ၏။

ထိုအခါ အဘွားကြီးကအနီးရှိ ကုလားထိုင်၌ ခဏထိုင်လိုက်ပြီး

" သူတို့မိသားစုအကြောင်းပြောရတာ စိတ်မကောင်းစရာတွေချည်းပဲ၊ သူတို့မိသားစုအကြောင်းကို အဘွားတို့တစ်မြို့လုံးသိကြတယ်။ သူတို့လင်မယားဟာ မိန်းကလေးတစ်ယောက်ကို ကယ်တင်ပြီး အိမ်မှာခေါ်ထားတယ်။ ဒါပေမဲ့ ကျေးဇူးရှိလို့ ကျေးစွတ်တယ်ဆိုတဲ့ စကားရှိတဲ့အတိုင်း အဲဒီမိန်းကလေးဟာ ကိုဖိုးမောင်ရဲ့မိန်းမကိုသတ်ပြီး ပစ္စည်းတွေယူပြီး မြို့ကထွက်ပြေးသွားတယ်။ ကိုဖိုးမောင်ဟာ မိန်းမရဲ့စိတ်နဲ့ပဲ အလွန်လက်ရာကောင်းတဲ့ ထင်းရှူးသေတ္တာလေးတွေကို မလုပ်နိုင်တော့ဘဲ စိတ်ထိခိုက်ပြီးသေ ဆုံးခဲ့ရတယ်။ သူတို့မိသားစုမှာ တစ်ဦးတည်းသော သမီးလေး တစ်ယောက်ကျန်ရစ်ခဲ့တယ် "

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က စိတ်လှုပ်ရှားသော အမူအရာဖြင့်

——— စေတနာတာပေ ———

www.burmeseclassic.com

www.burmeseclassic.com



" အဲဒီ သမီးလေးက ဘယ်ရောက်သွားလဲ အဘွား "

ဟု မေးမြန်းလေ၏။

ထိုအခါ အဘွားအိုက သက်ပြင်းချ၍

" စိတ်ကောင်းရှိတဲ့ ပင်စင်စား ကျောင်းဆရာမကြီးက မွေးစားခဲ့တယ်။ ဒါပေမဲ့ အဲ့ဒီ သမီးလေးဟာလည်း ကျောင်းဆရာမကြီးသေဆုံးတဲ့ ညမှာထူးထူးဆန်းဆန်းပျောက်ကွယ်သွားတယ် "

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်ကမျက်မှောင်ကြုတ်၍

" ဘယ်လိုပျောက်သွားတာလဲအဘွား "

ဟု မေးမြန်းလေ၏။ ထိုအခါ အဘွားအိုက

" သူရဲ့မွေးစားမိခင်ကြီး အသည်းအသန်ဖြစ်နေချိန်မှာ ဆရာဝန် ပင့်မယ်လို့ဆိုပြီး ထွက်သွားရာက ပျောက်ကွယ်သွားတာပဲ မိန်းကလေး ပျောက်ကွယ်သွားတာနဲ့ပတ်သက်ပြီး တစ်မြို့လုံး ပဟေဠိ တစ်ပုဒ်လိုဖြစ်နေခဲ့တယ် မိန်းကလေးဟာ အပျိုဖော်ဝင်စ အရွယ် အလှဆုံးအချိန်ဆိုတော့ မသမာသူတွေက ဖမ်းသွားသလား





ဆိုပြီး ပုလိပ်အဖွဲ့က စုံစမ်းပါသေးတယ်။ ဒါပေမဲ့ ဘယ်လိုမှ အကြောင်းမထူးဘူး "

ဟု ရှင်းလင်းပြလေ၏။

ဆားပုလင်းမင်းအောင်သည် အဘွားအို၏ စကားအဆုံး၌ အသက်ကြီးသူကို ဂါရဝရှိသူပီပီ အဘွားအိုကို ထိုင်၍ကန်တော့လိုက်ပြီး

" ဒီနေ့အဘွားဆီက ကြားရတဲ့စကားတွေဟာ ကျွန်တော် လိုက်နေတဲ့အမှုနဲ့ ပတ်သက်ပြီး အလွန်ပဲအဖိုးတန်ပါတယ် "

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့ လူစုဦးပေါ်ဦးအိမ်မှ ပြန်လာသောအခါ ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်အား

" ဒီနေ့ ညစာမစားတော့ဘူးဗျာ၊ ကျွန်ုပ်ကိုကမ်းနားလမ်းကို သာမောင်းပို့ပါ။ ဒီနေ့ညထွက်မယ့် ကုန်ကားတစ်စီးနဲ့ ဦးပေါ်ဦးတို့ မြို့ကိုလိုက်သွားရမယ်။ မကြာမီ တရားခံကို ဖမ်းမိတော့မှာ ထင်တယ်ဗျာ "



www.burmeseclassic.com

www.burmeseclassic.com



ဟု အားတက်သရောပြောလေ၏။ ထိုအခါ ဦးပေါ်ဦးကြီးက

“ ကိုမင်းအောင်ကတော့ တော်ပါပေတယ်ဗျာ၊ ကျုပ်က ယောက္ခမကြီးရဲ့ ထင်းရှူးသေတ္တာထဲမှာ အဖိုးတန်းအမွေတွေရှိမယ်ဆို ပြီးမကြာခဏ ချောင်းနေမိတယ်၊ ဒါပေမဲ့ ထင်းရှူးသေတ္တာပေါ်မှာ အနက်ရောင်မင်နဲ့ရေးဆွဲထားတဲ့ ငှက်ရုပ်ကလေးကို တွေ့နေတာ ကြာပြီ၊ ဒါပေမဲ့ အမှုနဲ့ပတ်သက်တဲ့ သဲလွန်စဆိုတာ မရိပ်မိခဲ့ဘူး ”

ဟု ပြောလေရာ ကျွန်ုပ်က ဝင်ရောက်၍

“ ဒါကတော့ဗျာ ခင်ဗျားနဲ့ ဆားပုလင်းမင်းအောင်လိုလူက အရည်အချင်းတူလို့လားဗျ၊ ဆားပုလင်းမင်းအောင်က စုံထောက်လုပ်ဖို့ ဘုရားသခင်ကပေးသနားလိုက်တဲ့လူဗျ၊ ခင်ဗျားက စုံထောက်အရောရှိ ကြီးအမည်ခံပြီး ဘာအရည်ချင်းမှ ရှိတဲ့လူမဟုတ်ဘူး၊ မင်းကြီးကို ဖားပြီး ရာထူးတွေ တစ်ခုပြီးတစ်ခု တက်လာတာမဟုတ်လား ”

ဟု ပြောလေ၏။ ကျွန်ုပ်၏ စကားကြောင့် ဦးပေါ်ဦးသည် မျက်နှာရှုံ့မဲ့၍

“ ဟေ့လူ ခင်ဗျားကျုပ်ကို နှိပ်ကွပ်လှချင်လား၊ ဒီနေ့ညစာ





ကျွေးရမယ့်လူက ကျုပ်ဆိုတာမမေ့နဲ့ဦး ”

ဟု ပြောလေတော့၏။ ထိုနောက်တွင်မူ ကျွန်ုပ်တို့သည် ကိုမင်းအောင်အား ကမ်းနားလမ်းရှိ အဝေးပြေးကားများရပ်ရာ နေရာသို့ချပေးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းမင်းအောင်သည် နှစ်ရက်ခန့်အကြာ၌ ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာ၏။ ကျွန်ုပ်က ခါးကြားမှ ခြောက်လုံးပြူးကို လက်ဖြင့်ပုတ်၍

" တရားခံဖမ်းရမှာလား ကိုမင်းအောင် "

ဟု မေးမြန်းလေရာ ဆားပုလင်းမင်းအောင်က

" နည်းနည်းလိုနေသေးတယ် အိုင်ပီ၊ တရားခံမိန်းကလေးဟာဘယ်သူလဲဆိုတာ ကျုပ်ရိပ်စားမိပြီ၊ ဒါပေမဲ့ သဲလွန်စနည်းနည်းလိုနေသေးတယ် "

ဇေတနာတာပေ



ဟု ပြောလေ၏။ ထိုအခိုက်မှာပင် ကျွန်ုပ်တို့အိမ်ရှေ့သို့ အငှားကားတစ်စီး ထိုးဆိုက်လာပြီး၊ အငှားကားမောင်းသူသည် ဆားပုလင်းမင်းအောင်နှင့် တွေ့လိုကြောင်းပြောလေ၏။ ကားဆရာ သည် မိမိကိုယ်မိမိ ကိုလှမိုးဟူ၍ မိတ်ဆက်ပြီး စုံထောက်ပညာ ဝါသနာထုံကြောင်း တစ်နာရီမျှ ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောလေ၏။

ကျွန်ုပ်သည် ကားဆရာ၏ စကားကိုသည်းမခံနိုင်တော့

" ဒီမှာဟေ့လူ ကျုပ်တို့မှာအလွန်အရေးကြီးတဲ့ အမှုကို တစ်ခုလိုက်နေတယ်၊ ခင်ဗျားရဲ့စုံထောက်ဝါသနာတွေကို သည်းမခံ နိုင်တော့ဘူး၊ ဝါသနာပါရင် ဘာလို့ကားမောင်းနေသလဲ စီအိုင်ဒီ မှာဝင်လုပ်ပါလား "

ဟု ခပ်ငေါ့ငေါ့ပြောလိုက်ရာ ကားဆရာလှမိုးဆိုသူက ကျွန်ုပ်ကို မကျေမချမ်းကြည့်၍

" ဒီမှာ ဟေ့လူ ကျုပ်ကဆားပုလင်းမင်းအောင်မို့လို့ အချိန်ကုန်ခံပြီး ပြောနေတာဗျ၊ မြန်မာပြည်မှာ ဆားပုလင်းမင်းအောင် ကလွဲရင် ဘယ်လိုလူကိုမှ ကျုပ်ကစုံထောက် ထင်တာမဟုတ်ဘူး "

ဇေတနာတာပေ

www.burmeseclassic.com



ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က လက်ကာပြ၍

" မိတ်ဆွေမှာ ပြောစရာတစ်ခုရှိတယ်ထင်တယ် "

ဟု မေးမြန်းလေ၏။ ကားဆရာစုံထောက်ရှူးက

" ရှိပါတယ် ကိုမင်းအောင် ဒါပေမဲ့ ဒီအကြောင်းကို ကိုမင်းအောင်တစ်ယောက်တည်းပြောချင်တယ် "

ဟု ပြောလေရာ ကျွန်ုပ်လည်း အောင့်သက်သက်ဖြင့် အိမ်ထဲမှထွက်၍ ကားထဲ၌ထိုင်ရလေ၏။

ထိုသူသည် ဆားပုလင်းမင်းအောင်နှင့် အတန်ကြာအောင် စကားနှုတ်ဆက်ပြီး ဆော်နှင့်ကြွားကြွားအမူအရာဖြင့် အငှားကားကိုပြန်မောင်းသွားလေ၏။ ကိုမင်းအောင်သည် အရေးကြီးသောအမူအရာဖြင့် ကားဆီသို့လျှောက်လှမ်းလာလေ၏။ ကျွန်ုပ်က

" စုံထောက်ရှူး ဘာတွေပြောသွားလဲ "

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က

" လွန်ခဲ့တဲ့ရက်အနည်းငယ်က တရားခံမိန်းကလေးဟာ ဘုတ်ကလပ်ရှေ့ကနေ ကားဆရာရဲ့ကားကို ငှားပြီး သေသူခင်မေရီ





ဆိုတဲ့မိန်းမကို နောက်ယောင်ခံလိုက်ခဲ့တယ်ဆိုပဲ၊ ကားဆရာဆိုတော့ ခင်မေရီဟာ သူ့ယောက်ျားနဲ့ဖောက်ပြန်လို့ လိုက်ချောင်းတယ်လို့ လိမ်ပြောခဲ့တယ်၊ တရားခံဟာ ခင်မေရီရဲ့အိမ်ကိုသိပြီးတော့ အဲဒီညက ခင်မေရီနဲ့အတူ တွဲလာတဲ့ လူတစ်ယောက်ရဲ့အိမ်ကိုလည်း နောက်ယောင်ခံလိုက်ခဲ့တယ်တဲ့၊ အဲဒီလူကတော့ အေးသိန်းဆိုတဲ့သူပဲ၊ ကားဆရာက စုံထောက်ဝါသနာပါသူဆိုတော့ သတင်းစာတွေဖတ်ပြီး သယ်န်းကျွန်းနှစ်လောင်းပြိုင်လူသတ်မှုမှာ သူ့ကားကို ငှားစီးတဲ့မိန်းမနဲ့ ပတ်သက်နေမယ်လို့ သံသယရှိတယ်၊ ဒါကြောင့် ကျုပ်တို့ကို လာပြီးသတင်းပေးရတာပဲ "

ဟု ပြောလေရာ

" ဒီလူဟာစုံထောက်ရူးရူးနေတဲ့လူပဲ၊ သတင်းကိုစောစော ပေးဖို့ကောင်းတယ် "

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က

" သူ့အစောကြီးမပေးခဲ့တာက သူ့မိန်းမတားထားလို့ဆိုပဲ၊ ဒါ ကိုလှမိုးဟာ မိန်းမကြောက်ပုံရတယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

" ဒါဆိုရင် ကျုပ်တို့ ဘယ်ကိုသွားမှာလဲ "

ဟု ဆားပုလင်းမင်းအောင်ကို မေးမြန်းလေရာ ၄င်းက

" ဘုတ်ကလပ်ကိုသွားဗျာ "

ဟု ပြောလေ၏။ ဘုတ်ကလပ်သို့ရောက်သောအခါ ကျွန်ုပ်သည်အပူကို စိတ်ဝင်စားခြင်းမရှိသည်နှင့် ကန်တော်ကြီးရေပြင်၌ ရေကူးနေသော အဖြူမလေးများကို သွားရောက်ငေးမောနေခဲ့၏။ ထိုခေတ်က ဘုတ်ကလပ်ကဲ့သို့နေရာမျိုးကို မြန်မာလူမျိုးများ ဝင်ရောက်ရန် မလွယ်လှသဖြင့် ရောက်တုန်းရောက်ခိုက် မျက်စိအရသာခံနေခြင်းဖြစ်၏၊ ခဏကြာလျှင် ဆားပုလင်းမင်းအောင် ရောက်လာပြီး

" တရားခံဘယ်သူလဲဆိုတာ ကျုပ်သိနေပြီ၊ ဒါပေမဲ့ တိတိကျကျမဖြစ်သေးဘူး "

ဟု ပြောလေရာ ကျွန်ုပ်ကစိတ်ဝင်စားဟန်ဖြင့်

" တရားခံက ဘယ်သူလဲဗျ ကျုပ်ကို ပြောပါဦး "



BURMESE CLASSIC .com



ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က အဝေးဆီသို့ငေးကြည့်၍

" တရားခံဟာ အလွန်ချောမောလှပပြီး အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တဲ့ မိန်းမလှတစ်ယောက်ဗျာ၊ သူ့နံမည်က မသူဇာလို့ခေါ်တယ်၊ မသူဇာဟာ ဇဟန်းကြားတောရလမ်းမှာ မြန်မာ့အနုပညာလက်ရာပစ္စည်းတွေ ရောင်းတဲ့ဆိုင်ဖွင့်ထားတယ်၊ သူ့ရဲ့ဆိုင်ကို မြန်မာတွေထက် နိုင်ငံခြားသားတွေ အဝင်အထွက်များတယ် "

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်သည် ကျောက်မြောင်းနေအိမ်သို့ ရောက်သောအခါ ဗိုင်တွဲတစ်ခုထဲမှ သတင်းစာဖြတ်ပိုင်းတစ်ခုကိုထုတ်၍ လွှန်ခဲ့သောလသို့ လှန်လေ၏။ သတင်းစာဖြတ်ပိုင်း၌ မိန်းမလှလေးတစ်ဦး၏ ဓာတ်ပုံကို မြင်ရ၏။

ထိုမိန်းမ၏ အနီး၌ နိုင်ငံခြားသားများ စုဝေးထိုင်နေလေ၏။ ဆားပုလင်းမင်းအောင်က

" သူ့အကြောင်းကို သတင်းစာထဲမှာပါတုန်းက ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားလို့ သိမ်းထားတာဗျ၊ မြန်မာမိန်းကလေးတွေထဲမှာ သူလိုမိန်းမမျိုးရှားတယ်၊ မြန်မာ့ယဉ်ကျေးမှု အနုလက်ရာတွေနဲ့ ပတ်သက်လို့ နိုင်ငံခြားသားတွေက မသူဇာကိုပဲ အားကိုးကြတယ် ”

ဟု ပြောလေ၏။

ထိုနောက် ဆားပုလင်းမင်းအောင်သည် သဃ်ိန်းကျွန်းလူသတ်မှုဖြစ်ရာ လမ်းသို့သွား၍ အကြော်သည်အဘွားကြီးက သတင်းစာထဲ၌ပါသော မသူဇာ၏ ဓာတ်ပုံကိုကြည့်၍

“ယောဒီဓာတ်ပုံထဲက မိန်းမဟာ အဘွားဆီမှာ အကြော်စားတဲ့ မိန်းမလား ”

ဟု မေးမြန်းလေရာ အဘွားကြီးက မှုန်ဝေသောမျက်လုံးများဖြင့်ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

“ အဘွားမျက်စိမကောင်းတော့လို့ သူပါပဲလို့ တိတိကျကျ မပြောနိုင်ဘူးကွယ်၊ အဘွားရဲ့စကားမှားယွင်းသွားရင် အပြစ်မရှိတဲ့ လူတစ်ယောက်ဒုက္ခရောက်သွားမှာ စိုးလို့ပါ ”

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်သည် အကြော်သည်





အဘွားအိုကို နှုတ်ဆက်၍ပြန်လာခဲ့၏။ ကျွန်ုပ်က ဝင်ရောက်၍

“ စုံထောက်ရှူး လှမိုးကို မသူဇာရဲ့ဓာတ်ပုံသွားပြရင်မကောင်းဘူးလား ”

ဟု ပြောနေလေ၏။

ဆားပုလင်းမင်းအောင်ကခေါင်းခါယမ်းပြီး

“ အဲဒီညက မသူဇာဟာ သူ့ရဲ့မျက်နှာကို ပဝါစည်းထားတဲ့ အတွက် ကိုလှမိုးဟာ မျက်နှာကိုမမြင်ခဲ့ရဘူး၊ ဒါကြောင့်သွားပြလဲ သူသိမှာ မဟုတ်ဘူး ”

ဟု ပြောလေ၏။

“ အတော်လည်တဲ့မိန်းမဗျာ ”

ဟု စိတ်ပျက်လက်ပျက်သက်ပြင်းချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ခန့်ကြာသောအခါ ကျွန်ုပ်ထံသို့ ဆားပုလင်းမင်းအောင် ရောက်လာပြီ

" အိုင်ဗီရေ၊ ဒီတခါတော့တရားခံမသူဇာကို ဖမ်းလို့ရပြီ ထင်တယ် "

ဟု ပြောလေရာ၊ ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည် တရားခံကို ဖမ်းမိတော့မည်ဆို၍ ရင်ထဲရှိ အလုံးကြီးကျသွားလေ၏။

ဆားပုလင်းမင်းအောင်သည် ရန်ကုန်မြို့ထဲ၌ စုံထောက်ရှုးလှမိုးဆိုသူကို ဝင်ရောက်ခေါ်ဆောင်လေ၏။





ထိုနောက် ဖိုဒ်ကားစုတ်လေးကို ဂျူမင်ခါနာကလပ်သို့ ဦးတည်မောင်းနှင်လေ၏။ ဂျူမင်ခါနာကလပ်၏ အဝင်အဝ၌ မသူဇာ၏ ဓါတ်ပုံကြီးတစ်ပုံကိုကပ်ထားပြီး မြန်မာအနုပညာဟော ပြောပွဲဟု အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်ရေးသားထားလေ၏။

ယနေ့ည မသူဇာကိုယ်တိုင် ဟောပြောမည်ဟုသိရ၏။ ဆားပုလင်းမင်းအောင်နှင့် ကျွန်ုပ်တို့စုံထောက်ကျော်များသည် မျက်နှာဖြူများနှင့်ဝေးရာနေရာ၌ ထိုင်ကြလေ၏။ ခဏကြာလျှင် မသူဇာ ရောက်ရှိလာပြီး၊ ဟောပြောပွဲစတင်လေ၏။ မသူဇာသည် အလွန်ချောမောလှပကြောင်းတွေ့ရလေ၏။ မျက်နှာဖြူများလူကြီးများ တက်ရောက်သောဟောပြောပွဲဖြစ်၍ သတင်းစာများမှ သတင်း ထောက်များလည်းတက်ရောက်ကြ၏။ မသူဇာ၏ဟောပြောပွဲစတင် သောအခါ စုံထောက်ရှုးလှမိုးသည် မျက်စိမှိတ်၍သေချာစွာနား ထောင်လေ၏။

မသူဇာသည် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာညှပ်၍ ဟော ပြောနေလေ၏။ စုံထောက်ရှုးလှမိုးသည်အတန်ကြာသော



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ပြီးနောက် လက်ဖျစ်တီး၍

" သေချာတယ် ကျုပ်နဲ့တွေ့တာ ဒီမိန်းမပဲ သူ့အသံကို ကျုပ်ကောင်းကောင်းသိတယ်၊ သူ့အသံဟာနည်းနည်းဩတယ် မိန်းမထဲမှာ ရှားမှရှားတဲ့အသံဗျ "

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်သည်ကိုလှမိုး၏ လက်ကိုဆွဲ၍

" ဒီအမှုကြီးမှာ ခင်ဗျားရဲ့စွမ်းဆောင်မှုက အလွန်အရေးပါ ပါတယ်။ ဒီကျေးဇူးကို တစ်သက်လုံးမမေ့ပါဘူးဗျာ "

ဟု ပြောလိုက်လေ၏။ ထိုနောက်တွင်မှ မသူဇာ၏ ဟောပြောပွဲပြီးဆုံးသွားသောအခါ ဆားပုလင်းမင်းအောင်သည် ထိုင်ရာမှထ၍ မသူဇာဆီသွားတော့မယ်ဟု ဆိုကာထိုင်ရာမှထ၍ သွားလေ၏။

ကျွန်ုပ်နှင့်စုံထောက်ဦးပေါ်ဦးသည် ကိုမင်းအောင်နှင့်မလှမ်း မ်းမှလိုက်သွားလေ၏။ ဆားပုလင်းမင်းအောင်သည် ဟောပြောပွဲ လှ ပ်ရာ စင်အောက်မှ စောင့်နေပြီး မသူဇာရောက်ရှိလာသောအခါ





" မသူဇာကို သဃ်္ဘန်းကျွန်းအိမ်ကြီးက နှစ်လောင်း လူသတ်မှုနှင့်ပတ်သက်ပြီး ဖမ်းလိုက်ပါပြီ၊ ကျွန်တော့်နာမည် ဆားပုလင်းမင်းအောင်ပါ "

ဟု ပြောလိုက်ရာ မသူဇာသည် ဆားပုလင်းမင်းအောင် အလွန်အံ့ဩဟန်ဖြင့်ကြည့်လိုက်ပြီး

" ရှင်ကျွန်မကို ဖမ်းလို့မမိဘူးလို့ ထင်နေတာရှင် "

ဟု ပြောလိုက်ရာ ဆားပုလင်းမင်းအောင်က

" သဲလွန်စမပေါ်တဲ့အမှုဆိုတာမရှိပါဘူး "

ဟု ပြောလိုက်လေ၏။ မသူဇာက သက်ပြင်းချ၍

" ဖမ်းမယ်ဖမ်းတော့လည်း ရှင့်လိုမြန်မာပြည်စုံထောက် ရဲ့အတော်ဆုံးလူတစ်ယောက်ဆီမှာ အဖမ်းခံရတာ ကျွန်မဂုဏ်ယူ တယ်ရှင် "

ဟု ဆိုကာအေးအေးဆေးဆေးပင် အဖမ်းခံလေ၏။ ထိုသတင်း သတင်းစာများမှ သတင်းထောက်များသည် အလုအယက် များရိုက်ကူးလေ၏။ ဆားပုလင်းမင်းအောင်ထံသို့လာ၍

www.burmeseclassic.com

www.burmeseclassic.com



သက်၍ သဲလွန်စကောက်ပုံများကို မေးမြန်းလေ၏။ ဆားပုလင်း မင်းအောင်က

" ဒါတွေပြောဖို့တော့ပါသေးတယ်ဗျာ "

ဟု ဆိုကာငြင်းဆိုလေ၏။

ထိုနေ့က မသူဇာထံသို့ အောက်စဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခကြီးကိုယ်တိုင် လက်ဆွဲနှုတ်ဆက်၍ ချီးကျူးစကားပြောခဲ့ကြောင်းတွေ့ရ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့စုံထောက်ကျော်များသည် မသူဇာကို ဖမ်းဆီးခေါ်ဆောင်ခဲ့လေတော့၏။

အရာအားလုံးပြီးဆုံးသွားချေပြီ။

(ဘာမှမသိသော)
မင်းမြတ်သူရ



www.burmeseclassic.com